# လုံခြုံဘေးကင်းပြီး ကလေးပျော် စံပြစာသင်ကျောင်း ဆောက်လုပ်ရေး လမ်းညွှန်စာအုပ်



အခြေခံပညာဦးစီးဌာန၊
ပညာရေးဝန်ကြီးဌာန၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊
စာသင်ကျောင်း တည်ဆောက်ရေးဆိုင်ရာ
လုပ်ငန်းအဖွဲ့ခွဲနှင့် ပူးပေါင်းဆောင်ရွက်သည်။

ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့်
၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

**Swiss Agency for Development
and Cooperation SDC**

# ကျေးဇူးတင်လွှာ

ယခု လမ်းညွှန်စာအုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စာသင်ကျောင်း တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ၊ စာသင်ကျောင်း ဆောက်လုပ်ရေး ဆိုင်ရာအင်အားစုများ နှင့် စာသင်ကျောင်းဆောက်လုပ်ရေး နည်းပညာပိုင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့တို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။

ဤ လမ်းညွှန်စာအုပ်ဖြစ်မြောက်စေရန် အစကနဦး လမ်းညွှန်မှုကြမ်းများအား လေ့လာသုံးသပ်ပြီး ပံ့ပိုးကူညီပေးခဲ့ကြသော အသိပညာရှင်၊ အတတ် ပညာရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် မြန်မာပြည် အတွက် အလိုအပ်ဆုံး ဤလမ်းညွှန်စာအုပ်တွင် ထည့်သွင်းဖော်ပြနိုင်ရန် လိုအပ်သည့် စာရွက်စာတမ်းများနှင့် အချက်အလက်များအား ပေးအပ်ကူညီ ခဲ့ကြသော အဖွဲ့အစည်းများ၊ အတတ်ပညာရှင်များအား ကျေးဇူးအထူးတင်ရှိ ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဘေးကင်းလုံခြုံသော စာသင်ကျောင်းတည်ဆောက်ရေးဆိုင်ရာ ပညာရေးကဏ္ဍအလိုက် လုပ်ငန်း အဖွဲ့နှင့်တကွ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော World Vision, UNESCO, UN-Habitat, UNICEF, UNOPS, Plan International, Handicap International, Save the Children, ARC, ADB, IOM, ADPC, MRCS, ADRS, JICA, ဂျပန်သံရုံး နှင့် အခြားသော ပုဂ္ဂလိကအဖွဲ့အစည်းများအားလည်း အထူးပင်ကျေးဇူး တင်ရှိပါသည်။

# အမှာစာ

**မြန်မာနိုင်ငံသည် ဘက်စုံလွှမ်းခြုံသော အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) နှင့်အညီ ပညာရေးစနစ်အား ပြုပြင်ပြောင်းလဲလျက် ရှိပါသည်။** မြန်မာနိုင်ငံအတွင်း စာသင်ကျောင်းအသစ် ဆောက်လုပ်ခြင်း အတွက် ဤ "လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြ စာသင်ကျောင်း ဆောက်လုပ်ရေး လမ်းညွှန်စာအုပ်" သည် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ဤလမ်းညွှန်ချက်များ သည် ကျွန်ုပ်တို့၏ လူမှုစီးပွားရေးနှင့် ပညာရေးစနစ်တို့အား တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်နေသည့် အရေးကြီးသော အချိန်တွင် ထွက်ရှိ လာခြင်း ဖြစ်ပါသည်။ လုံခြုံဘေးကင်းပြီး အရည်အသွေး ကောင်းမွန်သည့် မူလတန်း စာသင်ကျောင်းများသာလျှင် ကျွန်ုပ်တို့၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို နောင်တစ်ချိန်တွင် ဦးဆောင်လာမည့် မျိုးဆက်သစ်တို့အတွက် ပညာရေးစတင်သည့် တစ်ခုတည်းသော နေရာ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မတူကွဲပြား၊ ထူးခြားသည့် မြေမျက်နှာသွင်ပြင်၊ လူမျိုးများ၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကားများ၊ ယုံကြည် ကိုးကွယ်မှုများ၊ အရင်း အမြစ်များ၊ ဘေးအန္တရာယ်များနှင့် ဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထို့အတူ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင်လည်း ကျေးရွာ လူထုအခြေပြု စာသင်ကျောင်းများ၊ အစိုးရ စာသင်ကျောင်းများနှင့် သဘာဝ ဘေးအန္တရာယ်(သို့မဟုတ်)ပဋိပက္ခများဖြစ်ပွားပြီးနောက် ပြန်လည်ဆောက် လုပ်သည့် စာသင်ကျောင်းများ စသည်ဖြင့် မတူကွဲပြားသည့် အလေ့အထ များဖြင့် ဆောက်လုပ်လျက် ရှိသည်။

# အမှာစာ

သို့ဖြစ်ပါ၍ မတူကွဲပြား လိုအပ်ချက်များအား ဖော်ဆောင်ပေးမည့် လမ်းညွှန်စာအုပ်တစ်အုပ် ထုတ်ဝေရန် အရေးကြီးလျက်ရှိပါသည်။ ယခု လမ်းညွှန်ချက်များသည် ကျွန်ုပ်တို့ ရည်မှန်းထားသည့် ကောင်းမွန်သော ပညာရေးစနစ်အား ဦးတည်သည့် ရှောင်လွှဲမရသော ပထမဦးဆုံးအဆင့်များ ဖြစ်ပါသည်။

ယခင်အချိန်က စာသင်ကျောင်းများ ဆောက်လုပ်ခြင်းဆိုင်ရာ စံနှုန်းများ သတ်မှတ်ရာတွင် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူလုပ်ဆောင်ခဲ့ရပါသည်။ ယခုအချိန်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ နိုင်ငံတစ်ဝန်း လုံခြုံဘေးကင်းပြီး ကလေးပျော် စံပြကျောင်းများ ဆောက်လုပ်ခြင်းအတွက် ပူးတွဲတာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်ုပ်အနေဖြင့် ဤလမ်းညွှန်ချက်များသည် မြန်မာနိုင်ငံအတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရာတွင် လမ်းညွှန်ပေးမည့်စည်းမျဉ်းများ ဖြစ်လာမည်ဟု ယုံကြည်ပါသည်။



**ဒေါက်တာမျိုးသိမ်းကြီး**

ပြည်ထောင်စုဝန်ကြီး

ပညာရေးဝန်ကြီးဌာန

# အမှာစာ

မြန်မာနိုင်ငံတွင် ကလေးပျော်စံပြ စာသင်ကျောင်းများအား သဘာဝ ဘေး အန္တရာယ် ကင်းရှင်းရေးကို ထည့်သွင်းစဉ်းစားလျက် ဒီဇိုင်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ခြင်း လိုအပ်ချက်အား ကောင်းစွာသတိပြုမိပေသည်။ ၂၀၀၈ ခုနှစ်က တိုက်ခိုက်ခဲ့သည့် ဆိုင်ကလုံးနာဂစ်ကြောင့် ပညာရေးကဏ္ဍတွင် ဆိုးဝါးသော ထိခိုက်နစ်နာမှုများ ရှိခဲ့ပါသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသတွင် စာသင်ကျောင်းများ ၅၀% ခန့် ပျက်စီးခြင်း၊ ထိခိုက်ခြင်းများ ရှိခဲ့ပါသည်။ ဆိုင်ကလုံးနာဂစ်အပြီး (၂)နှစ် အကြာတွင် ဆိုင်ကလုံးဂီရိ ထပ်မံ တိုက်ခတ်ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းပေါင်း (၃၅၀) ကျော် ထိခိုက်ပျက်စီးခဲ့ပြန်ပါသည်။

တစ်ချိန်တည်းမှာပင် ရှေ့လာမည့်နှစ်များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး စာသင် ကျောင်းပေါင်း ထောင်ချီ၍တည်ဆောက်ရန် လိုအပ်ပါသည်။ ပညာရေးကဏ္ဍ အား ဦးစားပေးပြုပြင်ပြောင်းလဲခြင်း အနေဖြင့် ရှေ့လာမည့် ဆယ်စုနှစ်အတွင်း စာသင်ကျောင်း အသစ် (၃၀,၀၀၀) ကျော် ဆောက်လုပ်ရန်လိုအပ်သည်ဟု ပညာရေးဝန်ကြီးဌာနမှ ခန့်မှန်းထားပါသည်။ ဆွစ်ဇာလန်နိုင်ငံ အနေဖြင့် ဆိုင်ကလုံးနာဂစ်အပြီး မြစ်ဝကျွန်းပေါ်ဒေသအတွင်း စာသင်ကျောင်းများ / ဆိုင်ကလုံးဒဏ်ခံ အဆောက်အအုံများ (၄၂ကျောင်း) နှင့် မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းတွင် အရည်အသွေးမီ လူထုအခြေပြု အခြေခံအဆောက် အအုံများ (စာသင်ကျောင်း ၅၀ ကျော် အပါအဝင်) စသည့် ဆောက်လုပ်ရေး အတွေ့ အကြုံများပေါ်တွင် မူတည်၍ မြန်မာနိုင်ငံအတွက် ဤ "လုံခြုံ ဘေးကင်းပြီး ကလေးပျော် စံပြစာသင်ကျောင်း ဆောက်လုပ်ရေး လမ်းညွှန်စာအုပ်" ဖြစ်မြောက်ရေးတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

# အမှာစာ

၂၀၁၅ခုနှစ်တွင် “လုံခြုံဘေးကင်းပြီး ကလေးပျော် စံပြစာသင်ကျောင်း ဆောက်လုပ်ရေးလမ်းညွှန်စာအုပ်” ဖြစ်မြောက်နိုင်စေရန် စာသင်ကျောင်း တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲအား ပြန်လည်ထူထောင်ကာ SDC နှင့် World Vision တို့မှ ဥက္ကဌများအဖြစ် တွဲဖက်တာဝန်ယူပြီး ပညာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတကာ အခြေခံစံနှုန်း များကို အခြေခံ၍ ကျောင်းအဆောက်အအုံသစ်များ ဆောက်လုပ်ရန် အစီ အစဉ် ရေးဆွဲသည့်အခါ လိုအပ်သော အခြေခံဒီဇိုင်း စည်းမျဉ်းများနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များအား ဤလမ်းညွှန်ချက်တွင် အသားပေး ဖော်ပြထားပါသည်။ အဓိကရည်ရွယ်ချက် အနေဖြင့် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ အတွက် မြို့နယ်၊ ခရိုင်၊ တိုင်း နှင့် ပြည်နယ်များမှ ဆုံးဖြတ်ချက်ချမှတ်မည့်၊ စီမံကိန်းရေးဆွဲမည့် တာဝန် ရှိသူများ၊ နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေး ကုမ္ပဏီများ၊ အင်ဂျင်နီယာ များ၊ NGOများ၊ UN အဖွဲ့အစည်းများအား အထောက်အကူ ဖြစ်စေရန် ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် ဤလမ်းညွှန်စာအုပ် ဖြစ်မြောက်စေရန် အတူတကွ ပူးပေါင်း ပါဝင်ခဲ့ကြသော ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းနှင့် စာသင်ကျောင်းတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲမှ မိတ်ဖက်အဖွဲ့ဝင် များအား ကျေးဇူးအထူး တင်ရှိပါသည်။ ထိုပူးပေါင်းပါဝင်မှုကြောင့်သာ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ကျောင်းနေကလေးငယ်များအား များစွာအကျိုးဖြစ်စေမည့် ယခုစီမံကိန်းအား အောင်မြင်စွာအကောင်အထည် ဖော် ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်သည်။

# အမှာစာ

ကျောင်းနေကလေးသူငယ်များနှင့် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား ဘေးကင်းလုံခြုံသော စာသင်ကျောင်းများတွင် တက်ရောက်သင်ကြားရင်း မိမိတို့၏ လုပ်ငန်းတာဝန်များ၊ ပညာရေးပန်းတိုင်များအား အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆွစ်ဇာလန်အစိုး၊ ဆွစ်ဇာလန် ပြည်သူများနှင့် စီမံကိန်းအဖွဲ့ဝင်များကိုယ်စား ဆုမွန်ကောင်း တောင်းလိုက်ပါသည်။



**သံအမတ်ကြီး ပေါလ်စီဂါ**

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး

# မာတိကာ


**ကျေးဇူးတင်လွှာ** ........ ၂

**အမှာစာ** ........ ၃

**မာတိကာ** ........ ၈

**အသုံးအနှုန်းအခေါ်အဝေါ်** ........ ၁၁

**အတိုကောက်စာလုံးအညွှန်း** ........ ၁၃

**မိတ်ဆက်** ........ ၁၅

- ယခုလမ်းညွှန်စာအုပ်၏ ရည်ရွယ်ချက် ........ ၁၆
- မည်သူများ ဖတ်သင့်သနည်း။ ........ ၁၇
- ဤလမ်းညွှန်စာအုပ်အား အသုံးချပုံ။ ........ ၁၇

**အခန်း (၁) လုံခြုံဘေးကင်းသောကျောင်း၊ ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ** ........ ၁၉

- မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်များ ........ ၂၀
- ရာသီဥတု ပြောင်းလဲမှုကိုစဉ်းစားခြင်း- ရေလွှမ်းမိုးမှု၊ လေပြင်း၊ အပူချိန် ........ ၂၁
- မည်သည့်အတွက်ကြောင့် ဘေးကင်းလုံခြုံပြီး ကလေးပျော်စံပြကျောင်း ဖြစ်သင့်သနည်း။ ........ ၂၁
- ဘေးအန္တရာယ်ကင်းရှင်းပြီး ကလေးပျော်စံပြကျောင်းဖြစ်လာစေရန် လုပ်ဆောင်ရမည့် အဆင့် (၅) ဆင့် ........ ၂၃
- အဓိကကျသည့် အချက်များ ........ ၂၃

**အခန်း (၂) ကြိုတင်စီစဉ် ပြင်ဆင်ရေးဆွဲခြင်း** ........ ၂၅

- အဆင့် (၁) လိုအပ်ချက်များ စိစစ်ခြင်း ........ ၂၆
- အဆင့် (၂) ဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်သည့် အကြောင်းအရာများ စိစစ်ခြင်း ........ ၂၇
- အဆင့် (၃) အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာရွေးချယ်ရာတွင် အဓိကကျသည့်အချက်များ ........ ၂၉
- အဆင့် (၄) လုပ်ငန်းခွင်နေရာပုံစံအား ရေးဆွဲခြင်း ........ ၃၁
- အဆင့် (၅) ဆောက်လုပ်ရန် လျှောက်ထားခြင်း ........ ၃၂
- အဆင့် (၆) ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရန် အဆင့်ဆင့် ........ ၃၂
- အဓိကကျသည့် အချက်များ ........ ၃၃

**အခန်း (၃) ဒီဇိုင်းပုံစံ** ........ ၃၅

- စာသင်ကျောင်းဝင်း ဒီဇိုင်းပုံစံ ........ ၃၆
  - သွားလာရ လွယ်ကူအဆင်ပြေသည့် စာသင်ကျောင်းဖြစ်စေရန် ဆောင်ရွက်ပုံ ........ ၃၈
  - ကျောင်းဝင်းအရွယ်အစားနှင့် ဖွဲ့စည်းပုံအပြင်အဆင် ........ ၃၉
- စာသင်ခန်း ဒီဇိုင်းပုံစံ ........ ၄၀
  - အစုအဖွဲ့များနှင့် စာသင်ခန်းများ ........ ၄၀
  - စာသင်ခန်းတွင်း အပြုသဘောဆောင်သည့် သင်ကြားရေးဝန်းကျင်ဖန်တီးခြင်း ........ ၄၁
  - အလင်းရောင်ရရှိရေးနှင့် လေဝင်လေထွက်အတွက် ညွှန်ကြားချက် ........ ၄၂

အခြားသောပညာရေး အဆောက်အအုံများ ဒီဇိုင်းပုံစံနှင့် အဝင်အထွက်လမ်း ... ၄၃
ဆုံးရှုံးနိုင်ခြေ လျော့ချရေး ဒီဇိုင်းဆုံးဖြတ်ချက်များအပေါ် လမ်းညွှန်ချက် ... ၄၄
အဆောက်အအုံကိုယ်ထည် - တည်ဆောက်ရေးပစ္စည်းများ ရွေးချယ်မှု ... ၄၆
အဆောက်အအုံ ဒီဇိုင်းပုံစံ ... ၄၇
လုံခြုံဘေးကင်းပြီး ကလေးပျော် အဆောက်အအုံများအတွက် စည်းမျဉ်းများ ... ၄၇
အဆောက်အအုံ အစိတ်အပိုင်းများ ဒီဇိုင်းရေးဆွဲခြင်း ... ၄၉
ထောက်မထားသည့် ကိုယ်ထည်များ ... ၄၉
အခြေခံအုတ်မြစ်များ ... ၅၀
ကြမ်းခင်းများ ... ၅၁
နံရံများ ... ၅၂
တံခါးနှင့် ပြတင်းပေါက်များ - လေဝင်လေထွက်နှင့် နေ့အလင်းရောင် ရရှိရေး ... ၅၃
အမိုး ... ၅၄
အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းတွင် အသုံးပြုမည့် ပစ္စည်းများ လမ်းညွှန်ချက် ... ၅၆
ကလေးများအတွက် သင့်လျော်သည့် ကျောင်းပရိဘောဂ ... ၅၇
လျှပ်စစ်မီးအလင်းနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် (ဆိုလာ) ... ၅၇
အားဖြည့်ပြင်ဆင်ခြင်း ... ၅၇
အားဖြည့်ပြင်ဆင်ခြင်း အဆင့်များ ... ၅၈
အားဖြည့်ပြင်ဆင်ခြင်း နည်းစနစ်များ ... ၆၀
အကူအားဖြည့်ခြင်းဆိုင်ရာ နည်းစနစ်များ ... ၆၁
အဓိကကျသည့် အချက်များ ... ၆၃
ရေ၊ မိလ္လာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (WASH) ... ၆၄
မြန်မာနိုင်ငံရှိ ကျောင်းများတွင် ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး(WASH) အနည်းဆုံးအဆင့် လိုအပ်ချက်များ ... ၆၄
အမှိုက်စွန့်ပစ်ရေး စီမံခန့်ခွဲခြင်း ... ၇၀

**အခန်း (၄) တင်ဒါခေါ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် ကြီးကြပ်ခြင်း** ... ၇၁

တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ် ... ၇၂
ရပ်ရွာလူထုမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်သည့် စာသင်ကျောင်းများ ... ၇၂
အခြေခံပညာဦးစီးဌာန တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ် ... ၇၂
အဆင့် (၁) တင်ဒါခေါ်ယူရန် ပြင်ဆင်ခြင်း ... ၇၂
အဆင့် (၂) တင်ဒါခေါ်ယူ ဖိတ်ကြားခြင်း ... ၇၃
အဆင့် (၃) တင်ဒါတင်သွင်းခြင်း ... ၇၃
အဆင့် (၄) တင်သွင်းလာသည့် တင်ဒါများ အကဲဖြတ် သုံးသပ်ခြင်း ... ၇၃
အဆင့် (၅) စာချုပ်ချုပ်ဆိုခွင့်ပြုခြင်း ... ၇၄
ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲခြင်း ... ၇၄
ရာထူးနှင့် လုပ်ငန်းတာဝန်များ ... ၇၄
ကန်ထရိုက်တာများကို ငွေပေးချေခြင်း ... ၇၅
ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ... ၇၆
ဆောက်လုပ်ရေးသုံး ပစ္စည်းများအတွက် စဉ်းစားရမည့် အချက်များ ... ၇၆
လုပ်ငန်းခွင် အခြေခံလိုအပ်ချက်များ စစ်ဆေးခြင်း ... ၇၇
လွှဲပြောင်းပေးအပ်ခြင်း ... ၈၂
အဓိကကျသည့် အချက်များ ... ၈၂

**အခန်း (၅) စာသင်ကျောင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်း**........ ၈၃

စာသင်ကျောင်းများ ထိန်းသိမ်းပြုပြင်ခြင်းအတွက် တာဝန်ယူခြင်း........ ၈၄

စာသင်ကျောင်းများ ထိန်းသိမ်းပြုပြင်ရေးအစီအစဉ်တွင် ပါဝင်ရမည့် အချက်များ........ ၈၅

စာသင်ကျောင်းများ ထိန်းသိမ်းပြုပြင်ရေးအစီအစဉ်နှင့် လုပ်ငန်းများ........ ၈၅

အသုံးစရိတ် ပြင်ဆင်ခြင်း ........ ၈၅

အရေးပေါ် ပြုပြင်ထိန်းသိမ်းခြင်း........ ၈၆

ပြုပြင်ထိန်းသိမ်းရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အကြံပြုချက်များ........ ၈၇

အဓိကကျသည့် အချက်များ........ ၈၈

**ကျမ်းကိုးစာရင်း**........ ၈၉

**နောက်ဆက်တွဲများ**........ ၉၄

နောက်ဆက်တွဲ (၁) မြေပုံများ........ ၉၅

နောက်ဆက်တွဲ (၂) အခြေခံပညာဦးစီးဌာန - ကျောင်းဆောက်လုပ်ရေး လျှောက်လွှာစံပြပုံစံ(၁)........ ၉၇

နောက်ဆက်တွဲ (၃) လုပ်ငန်းခွင်နေရာ စိစစ်ရမည့် အချက်အလက်စာရင်း နှင့်
အဓိကထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များ........ ၁၀၁

နောက်ဆက်တွဲ (၄) ယာယီခိုလှုံရာအဆောက်အအုံ/ စာသင်ကျောင်း ဒီဇိုင်းပုံစံများ ........ ၁၀၇

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ လမ်းညွှန်ထားသည့် ကျောင်းဆောင် အနေအထားပြပုံစံ ၁၀၉

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ လမ်းညွှန်ထားသည့် ကျောင်းပရိဘောဂ ပုံစံများ ........ ၁၁၀

နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် စနစ်(ဆိုလာ) ........ ၁၁၄

နောက်ဆက်တွဲ (၅) ကျောင်းဆောင်များ၏ ကြံ့ခိုင်မှုအခြေအနေအား ဆန်းစစ်သည့်ပုံစံ
အမြင်အားဖြင့် ........ ၁၁၆

နောက်ဆက်တွဲ (၆) ဆောက်လုပ်ရေးလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲခြင်း - ယေဘုယျ စစ်ဆေးရမည့်
စာရင်း........ ၁၁၉

နောက်ဆက်တွဲ (၇) ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်တွင် ပါဝင်ရမည့် အချက်အလက်
ဥပမာများ ........ ၁၂၈

# အသုံးအနှုန်းအခေါ်အဝေါ်

**ကလေးသူငယ်များ** - ဤလမ်းညွှန်စာအုပ်တွင်ရေးသားသည့် ကလေးသူငယ်များဆိုသည်မှာ မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ် ကလေးများ (လက်ရှိတွင် ၁၆ နှစ် အရွယ်အထိ၊ ၅ နှစ် အထိ သူငယ်တန်း၊ ၅ နှစ် မှ ၉ နှစ်အထိ မူလတန်း၊ ၁၀နှစ် မှ ၁၃နှစ်အထိ အလယ်တန်း၊ ၁၄နှစ် မှ ၁၆နှစ်အထိ အထက်တန်း ဟူ၍ သတ်မှတ်ထားသည်။)

**ရပ်ရွာအခြေပြု ဆောက်လုပ်ရေး** - ဆိုသည်မှာ အဆောက်အအုံ ဆောက်လုပ်ရာတွင် ရပ်ရွာလူထု၏ ပါဝင်မှုဖြင့် အစီစဉ်တကျ စီစဉ်ပြင်ဆင်ခြင်း နှင့် ဒီဇိုင်းပုံစံ ဆုံးဖြတ်ခြင်းများ အထိ အကျုံးဝင်သည်။ ရပ်ရွာလူထု အနေဖြင့် အစိုးရအဖွဲ့အစည်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့အစည်းများမှ ရံပုံငွေ၊ နည်းပညာ အကူအညီနှင့် အခြား ပံ့ပိုးမှုများ ရရှိနိုင်ပါသည်။

**ကလေးပျော်စံပြကျောင်း** ဟူသည် ပတ်ဝန်းကျင်တစ်ခုရှိ ကလေးသူငယ်တိုင်းအတွက် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ဘေးကင်းပြီး စိတ်ပိုင်းဆိုင်ရာအားဖြင့် လုံခြုံစိတ်ချရမှုတို့ကို ဖန်တီးထားနိုင်သည့် စာသင်ကျောင်းကို ဆိုလိုပါသည်။ ယခုလမ်းညွှန်ချက်သည် UNICEF မှ ကလေးပျော်စံပြကျောင်း ပုံစံကို အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

**ဘေးအန္တရာယ်** ဆိုသည်မှာ လူမှုဝန်းကျင်တစ်ခုတွင် ပြင်းထန်သော ထိခိုက်မှု ဖြစ်ပွားစေသည့် အနှောင့်အယှက်မျိုးကို ဆိုလိုပြီး၊ လူသားမျိုးနွယ်၊ ပစ္စည်းအသုံးအဆောင်၊ စီးပွားရေးအခြေအနေ၊ သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေ ဆုံးရှုံးမှု နှင့် ထိခိုက်နစ်နာ မှုဖြစ်ပွားစေခဲ့ပြီး ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်းကျင်အနေဖြင့် ၎င်းတို့ရှိ အရင်းအမြစ်များဖြင့် ကိုယ်ထူကိုယ်ထ ပြန်လည်ထူထောင်နိုင်ခြင်း မရှိတော့သည့် အခြေအနေမျိုးများ ပါဝင်သည်။

**ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေ** ဆိုသည်မှာ ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ် ကျရောက်မှုကြောင့် သေကျေပျက်စီးမှုများ၊ ကျန်းမာရေးအရ ထိခိုက်မှုများ၊ စားဝတ်နေရေးများ၊ ဝတ္ထုပစ္စည်းများနှင့် ဝန်ဆောင်မှုများ စသည့် ဆုံးရှုံးမှုများသည် ရပ်ရွာလူထုများနှင့် လူ့ဘောင်အဖွဲ့အစည်းတွင် နောင်အနာဂတ် အချိန်ကာလ တစ်ခုအထိ သက်ရောက်မှုရှိသည့် အနေအထားကို ဆိုလိုသည်။

**အင်ဂျင်နီယာများ** ဆိုသည်မှာ နည်းပညာဆိုင်ရာပြဿနာများကို သိပ္ပံပညာအားဖြင့်၊ သင်္ချာပညာအားဖြင့် တီထွင် စဉ်းစားဉာဏ်ဖြင့် အဖြေထုတ် ဖြေရှင်းသူများကို ဆိုလိုသည်။ အဆောက်အအုံ အင်ဂျင်နီယာအများစုသည် ဘေးအန္တရာယ် ဒဏ်ခံနိုင်သည့် တည်ဆောက်ပုံ ဒီဇိုင်းများအတွက် သီးသန့်သင်တန်းများ တက်ရောက်ထားခြင်း မရှိသော်လည်း အဆောက်အအုံ ဒီဇိုင်းပုံစံ ရေးဆွဲပေးခြင်း၊ လုံခြုံဘေးကင်းမှုရှိကြောင်း အာမခံ အသိအမှတ် ပြုပေးခြင်း တို့အတွက် အရည်အသွေး ပြည့်မီကြသည်။

**ဘေးအန္တရာယ်ကြုံတွေ့နိုင်မှု** ဆိုသည်မှာ လူအများ၊ ပစ္စည်းဥစ္စာများ၊ နည်းစနစ်များ (သို့မဟုတ်) ဘေးအန္တရာယ် ကျရောက်မည့် ဒေသပတ်ဝန်းကျင်တွင်ရှိသည့် အရာဝတ္ထုများ စသည့် ဖြစ်နိုင်ချေရှိသည့် ဆုံးရှုံးမှုများ ဖြစ်သည်။

**ဘေးအန္တရာယ်လျော့ပေါ့စေခြင်း** ဆိုသည်မှာ ဘေးအန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးမှုများ၏ အကျိုးသက်ရောက်မှု များကို လျော့ချခြင်း နှင့် ကန့်သတ်ထိန်းချုပ်ခြင်းကို ဆိုလိုသည်။

**သဘာဝဘေးအန္တရာယ်များ ဆိုသည်မှာ** အသက်ဆုံးရှုံးမှု၊ ထိခိုက်မှု၊ အခြားသောကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ၊ ပိုင်ဆိုင်မှုများထိခိုက်ပျက်စီးခြင်း၊ ဝန်ဆောင်မှုများနှင့် အသက်ရှင်နေထိုင်ရေးအတွက် အခြေအနေများ ဆုံးရှုံးခြင်း၊ လူမှုရေးနှင့် စီးပွားရေး ပြိုလဲခြင်း (သို့မဟုတ်) သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကိုဖြစ်စေသော သဘာဝအလျောက် ပေါ်ပေါက်လာသည့် အဖြစ်အပျက်/ဖြစ်စဉ်ကို ဆိုလိုပါသည်။

**ပြန်လည်ထူထောင်ခြင်း** ဆိုသည်မှာ ဘေးအန္တရာယ် တစ်ခုကြောင့် ထိခိုက်ဆုံးရှုံးခံရသည့် ရပ်ရွာလူထု (သို့မဟုတ်) လူဘောင်အဖွဲ့အစည်းတို့၏ လည်ပတ်နေသည့် လုပ်ငန်းများအား မူလဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများရရှိအောင် ပြန်လည်လုပ်ဆောင် ပေးခြင်းကို ဆိုသည်။

**ပြုပြင်ခြင်း** ဆိုသည်မှာ ဆွေးမြေ့နေသော၊ ပျက်စီးနေသော၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေသော အစိတ်အပိုင်းများကို ပြန်လည်ပြင်ဆင်မွမ်းမံခြင်းကို ဆိုသည်။

**ကြံ့ကြံ့ခိုင်နိုင်မှု** ဆိုသည်မှာ ဘေးအန္တရာယ် ကျရောက်မှုကို ခုခံနိုင်မှု၊ လက်ခံနိုင်မှု၊ အလိုက်သင့်ဝင်ဆံ့နိုင်အောင် ကြိုးပမ်းမှုနှင့် အချိန်ကာလတစ်ခုအတွင်း လုံလောက်သည့် လုပ်ဆောင်မှုတို့ဖြင့် ပြန်လည်ထူထောင်နိုင်စေသော စွမ်းရည်ရှိသည့် စနစ်၊ ရပ်ရွာလူထုနှင့် လူ့ဘောင်အဖွဲ့အစည်းကို ဆိုလိုသည်။ ယင်းတို့တွင် မရှိမဖြစ်လိုအပ်သည့် အခြေခံဖွဲ့စည်းမှုများနှင့် လည်ပတ်နေမည့် လုပ်ငန်းများအား ထိန်သိမ်းထားရှိမှုနှင့် ပြန်လည်ပြင်ဆင်မွမ်းမံခြင်းတို့ ပါဝင်သည်။

**အားဖြည့်ပြင်ဆင်ခြင်း** ဆိုသည်မှာ ရှိပြီးသား အဆောက်အအုံများကို ပိုမို၍ခံနိုင်ရန်နှင့် ဘေးအန္တရာယ် များကြောင့် ဖြစ်လာသည့် ထိခိုက်ဆုံးရှုံးမှုများကို ကြံ့ကြံ့ခံနိုင်ရန် အလို့ငှာ အဆင့်မြှင့်ပေးခြင်း (သို့မဟုတ်) အကူအားဖြည့် ပေးခြင်းကို ဆိုလိုသည်။

**ဆုံးရှုံးနိုင်ခြေ** - အဖြစ်အပျက်တစ်ခု၏ ဖြစ်နိုင်ချေနှင့် ၎င်း၏ နောက်ဆက်တွဲ မကောင်းသည့် အကျိုးသက်ရောက်မှု များအား ပေါင်းစုထားခြင်းကို ဆိုလိုသည်။

**ပိုမိုဘေးကင်းလုံခြုံသော စာသင်ကျောင်း** ဆိုသည်မှာ သဘောလက္ခဏာ (၃) ရပ် ပေါင်းစည်း ထားသည်။[1]:

*ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးမှုများ* - စာသင်ကျောင်းအသစ် ဆောက်လုပ်ရေးတွင် လုံခြုံစိတ်ချရသော အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်မှုအား ပေါင်းစည်းပါဝင်စေခြင်းနှင့် လက်ရှိပျက်စီးလွယ်သည့် အဆောက်အအုံ များအား ကြံ့ခိုင်အောင် ပြင်ဆင်မွမ်းမံခြင်းတို့ဖြင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျောင်းသားကျောင်းသူ များနှင့် အခြားသော ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်နိုင်ပေမည်။

*ကျောင်းတွင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု* - ကျောင်းတွင်း ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ချက်များ၊ ဘေးကင်းရာရွှေ့ပြောင်းသည့် လေ့ကျင့်မှုများ လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

*ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာနှင့် ဘေးအန္တရာယ်မှ ကြံ့ခိုင်နိုင်မှုဆိုင်ရာ ပညာပေးခြင်း* - ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် တွေးတောချင့်ချိန်နိုင်စွမ်း ရှိစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ကြိုတင်ကာကွယ်မှု ဓလေ့တစ်ခု အနေဖြင့် ဘဝတစ်သက်တာ ကာကွယ်နိုင်စွမ်း ရှိစေရေးတို့အတွက် သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ သင်ခန်းစာများ ပါဝင်စေပြီး ဆရာ/ဆရာမများ သင်တန်းကျောင်းများတွင်လည်း ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာနှင့် ဘေးအန္တရာယ်မှ ကြံ့ခိုင်နိုင်မှုဆိုင်ရာ ပညာပေးခြင်းများအား အားဖြည့်ပေးခြင်းကို ဆိုလိုသည်။

**စာသင်ကျောင်းဆောက်လုပ်ရေး**တွင် စာသင်ခန်းအသစ်များ၊ ကျောင်းဆောင်များ၊ ကျောင်းဆောင်ကူးလမ်းများ၊ အိမ်သာများ၊ စားဖိုဆောင်များ၊ မြေပြန့်ကွင်းများ၊ လက်တွေ့ခန်းများနှင့် တံတိုင်းအကာများ အစရှိသည်တို့ ဆောက်လုပ်ခြင်းများပါဝင်ပါသည်။ ရှိပြီးသားစာသင်ကျောင်းများကို ပြန်လည်တောင့်တင်း ခိုင်မာအောင် (ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ ခေတ်မီ တောင့်တင်းခိုင်မာအောင် ပြန်လည်တည်ဆောက်ခြင်း) အစရှိသည့် စီမံချက်လုပ်ငန်းများ ပါဝင်သည်။

**ခုခံနိုင်မှု အားနည်းခြင်း** ဆိုသည်မှာ လူမှုဝန်းကျင်တစ်ခု၊ စနစ်တစ်ခု သို့မဟုတ် စာသင်ကျောင်း တစ်ကျောင်းသည် ဘေးအန္တရာယ် တစ်ခုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးရလဒ်များကို ကြံ့ကြံ့ခံနိုင်ခြင်းမရှိဘဲ ထိခိုက်လွယ်သည့် အခြေအနေမျိုးကို ဆိုလိုသည်။

---

[1] Adapted from: http://www.wcdrr.org/uploads/Developing-a-Worldwide-Initiative-for-Safe-Schools-Two-pager.pdf

# အတိုကောက်စာလုံးအညွှန်း

| | |
|---|---|
| AADMER | ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် အာဆီယံ သဘောတူညီချက် |
| ASEAN | အရှေ့တောင်အာရှ နိုင်ငံများ အဖွဲ့ (အာဆီယံ) |
| ASSI | အာဆီယံ ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများလုပ်ငန်း |
| BOT | ကျောင်းအကျိုးတော်ဆောင် အဖွဲ့ |
| CESR | ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်း |
| DBE | အခြေခံပညာဦးစီးဌာန |
| DEO | ခရိုင်ပညာရေးမှူး |
| DRR | ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး |
| MAPDRR | မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက် |
| MoE | ပညာရေးဝန်ကြီးဌာန |
| MNBC | မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ |
| NESP | အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း |
| OPC | သာမန်ပို့တလဲန်ဘိလပ်မြေ |
| PTA | မိဘဆရာ အသင်း |
| RC | သံကူကွန်ကရစ် |
| SCSWG | စာသင်ကျောင်း တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ |
| SDC | ဆွစ်ဖွံ့ဖြိုးရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| SDGs | စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များ |
| SMC | ကျောင်းပြုပြင်ထိန်းသိမ်းရေးကော်မတီ |
| TEO | မြို့နယ်ပညာရေးမှူး |
| UXO | မပေါက်ကွဲသေးသော စစ်လက်ကျန် ဖောက်ခွဲရေး ပစ္စည်းများ |
| WASH | ရေ၊ မိလ္လာနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး |



# မိတ်ဆက်

ဤအခန်းတွင် လမ်းညွှန်စာအုပ်၏ ရည်ရွယ်ချက်များ၊ မည်သူများက စိတ်ပါဝင်စားမှုရှိသနည်းနှင့် မည်ကဲ့သို့ သုံးစွဲရမည်တို့အား ဖော်ပြထားရှိပါသည်။

# ယခုလမ်းညွှန်စာအုပ်၏ ရည်ရွယ်ချက်

**ပညာရေး တိုးတက်အောင်ဆောင်ရွက်ခြင်း**သည် မြန်မာနိုင်ငံရှိ လူလတ်တန်းစား ဝင်ငွေများ ၂၀၃၀ ခုနှစ် အတွင်း တိုးတက်ရေးဟူသည့် နိုင်ငံရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အဓိကတွန်းအား ဖြစ်သည်ဟု မြန်မာနိုင်ငံတော်အစိုးရမှ သတ်မှတ်ထားပါသည်။[2]. ထိုရည်ရွယ်ချက် အောင်မြင်စေရန်အတွက် မြန်မာ့ပညာရေး အဆင့်အတန်းကို နိုင်ငံတကာ အဆင့်အထိ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတစ်ဝှမ်းတွင် အခြေခံပညာ သင်ကြားခွင့် ရရှိစေရန် မြန်မာနိုင်ငံတော်အစိုးရမှ ရည်ရွယ်ဆောင်ရွက်လျက် ရှိပါသည်။

ပညာရေးအဆင့်အတန်းများ မြှင့်တင်ခြင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ(SDGs)သို့ ရှေ့ရှူးတည် သွားနေသည့် မြန်မာနိုင်ငံ၏ တိုးတက်မှုများကို ကူညီထောက်ပံ့ပေးရာ ရောက်ပါသည်။[3] ပညာရေး လက်လှမ်းမီခြင်းမှသည် ဘေးကင်းလုံခြုံသည့် ကလေးပျော်စံပြကျောင်းများ အပါအဝင် အရည်အသွေးပြည့်မီသော ပညာရေးသို့ ဟူသည့် အရွေ့ကို တောင်းဆိုခြင်း ဖြစ်ပါသည်။

ကောင်းမွန်စွာစီစဉ်ပြီး ဒီဇိုင်းပုံစံ ရေးဆွဲထားသည့် စာသင်ကျောင်းများကို ဆောက်လုပ်ရေးစံနှုန်း မြင့်မားစွာနှင့် ကျွမ်းကျင်သော အရည်အသွေး စစ်ဆေးမှုဖြင့် နေရာမှန် တည်ဆောက်ပေးခြင်းအားဖြင့် ဘေးကင်းလုံခြုံပြီး ကလေးပျော်စံပြ စာသင်ကျောင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ယခုလမ်းညွှန်စာအုပ်အား စာသင်ကျောင်းဆောက်လုပ်ရေး စီမံချက်အတွက် ပြင်ဆင်ရာမှအစ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းများအဆုံး လက်တွေ့ကျသည့် အကြံပေးချက်များကို လိုအပ်ချက်ပြည့်မီစေရန် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ(MNBC) - ယာယီပြဋ္ဌာန်းချက် ၂၀၁၂ နှင့်အညီ ရေးဆွဲပေးထားခြင်း ဖြစ်ပါသည်။

အခြေခံပညာဦးစီးဌာနနှင့် အခြားသော သက်ဆိုင်ရာများမှ ယခုလမ်းညွှန်စာအုပ်ကို အသုံးပြုခြင်းဖြင့် အနာဂတ်စာသင်ကျောင်းများသည် အောက်ပါ အရည်အသွေးများ ရရှိစေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

- ကလေးငယ်များအားလုံးအတွက် ဘေးကင်းလုံခြုံပြီး အားလုံးပါဝင်နိုင်သော နွေးထွေးကြိုဆိုသည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးနိုင်ခြင်း၊
- သဘာဝဘေးအန္တရာယ်သက်ရောက်မှုအား ခုခံကာကွယ်နိုင်ခြင်း (ကာကွယ်စောင့်ရှောက်မှုများဖြင့် ပြည့်စုံသည့်ဘဝ)၊
- ကျောင်းသားများအား စာသင်ကျောင်းသို့ လာရောက်ပညာသင်ကြားလိုစေရန် အဖက်ဖက်မှ ဆွဲဆောင်မှု ရှိခြင်း (ကျောင်းလာရန် လွယ်ကူအဆင်ပြေစေခြင်း)၊
- ကျောင်းတက်ရောက်သည့် ကျောင်းသားဦးရေနှုန်း တိုးတက်လာစေခြင်း၊
- ကျောင်းနေစွဲမြဲပြီး အတန်းပြီးဆုံးအောင် ပညာသင်ယူသည့်နှုန်း တိုးတက်လာစေခြင်း၊
- ပညာသင်ယူရေး အောင်မြင်မှုများ တိုးတက်လာစေခြင်း၊
- ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ မသန်စွမ်း သည့် ကလေးငယ်များ အတွက်လည်း ပညာသင်ယူနိုင်စေရန် လိုအပ်ချက် ဖြည့်ဆည်းပေးထားသည့် သင်ကြားရေးပတ်ဝန်းကျင် ဖန်တီးပေးနိုင်ခြင်း၊
- စာသင်ကျောင်း နှင့် ရပ်ရွာလူထုအကြား လိုက်လျောညီထွေမှု ရှိအောင် ဖန်တီးပေးနိုင်ခြင်း၊
- အရည်အသွေး စံနှုန်းမမီသော စာသင်ကျောင်းများတွင် ကုန်ကျစရိတ် ကြီးမားသည့် ပြင်ဆင်မှုများ၊ ပြန်လည်ဆောက်လုပ်မှုများ စသည့် လိုအပ်ချက်များကို လျှော့ချနိုင်ခြင်း။

[2] Draft National Education Strategic Plan, 2016-2021.

[3] For further information, refer to : http://www.mm.undp.org/content/myanmar/en/home/post-2015/sdg-overview.html

## မည်သူများ ဖတ်သင့်သနည်း။

ယခုလမ်းညွှန်စာအုပ်သည် ဘေးကင်းလုံခြုံပြီး ကလေးပျော် စံပြစာသင်ကျောင်း ဆောက်လုပ်ရန် ရည်မှန်းသည့် လက်တွေ့ လုပ်ဆောင်သူများအတွက် ရည်ရွယ်ပါသည်။ **အဓိက** အနေဖြင့် အောက်ဖော်ပြပါ သူများအတွက် အသုံးဝင်မည် ဖြစ်ပါသည်။

- ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ စီမံကိန်းရေးဆွဲသူများနှင့် ဆောက်လုပ်ရေး စီမံခန့်ခွဲသူ မန်နေဂျာများ၊
- ပုဂ္ဂလိက လုပ်ငန်းရှင်များ၊
- မူဝါဒချမှတ်ဆောင်ရွက်သူများ နှင့် စီမံကိန်းရေးဆွဲသူများ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများမှ တာဝန်ရှိ လူကြီးများ၊ ရပ်ရွာလူထုများ၊
- ကျောင်းဆောက်လုပ်ရေးတွင် ပါဝင်ဆောင်ရွက်မည့် ကန်ထရိုက်တာများ၊ ကြီးကြပ်သူများနှင့် အလုပ်သမားများ၊
- ကျောင်းအုပ်ကြီးများ နှင့် ကျောင်းစီမံခန့်ခွဲရေးတွင် ပါဝင်သူများ၊
- အလှူရှင် အဖွဲ့အစည်းများ၊

## ဤလမ်းညွှန်စာအုပ်အား အသုံးချပုံ

ယခုလမ်းညွှန်စာအုပ်ကို အခန်း (၅) ခန်း ခွဲ၍ တင်ပြထားသည်။ လမ်းညွှန်စာအုပ် အပြည့်အစုံကို လိုအပ်သလို ဖတ်ရှု အသုံးပြုနိုင်သကဲ့သို့ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် သီးခြားခွဲ၍ ဖတ်ရှုပြီး လက်တွေ့အသုံးပြုနိုင်ပါသည်။ ယခုလမ်းညွှန် စာအုပ်သည် လွယ်ကူရိုးရှင်းသည့် ပြုပြင်ထိန်းသိမ်းမှုမှစ၍ စာသင်ကျောင်းသစ်တစ်ခုလုံး တည်ဆောက်ရေး အထိ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းပေါင်းစုံအတွက် ကိုးကား အသုံးချရန် သင့်တော်ပါသည်။

- **အခန်း - ၁၊ လုံခြုံဘေးကင်းသောကျောင်း၊ ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ** မြန်မာနိုင်ငံတွင် အဓိက အဖြစ်များသော ဘေးအန္တရာယ်များအကြောင်းနှင့် ဘေးကင်းလုံခြုံပြီး ကလေးပျော် စံပြစာသင်ကျောင်းများ တည်ဆောက်ရာတွင် အဓိကကျသည့် အဆင့်များအကြောင်း အကျဉ်းချုပ် ဖော်ပြပေးထားသည်။

- **အခန်း - ၂၊ ကြိုတင်စီစဉ်ပြင်ဆင်ရေးဆွဲခြင်း** အခြေခံပညာဦးစီးဌာန၏ အသစ်တည်ဆောက်ရေး လုပ်ငန်းစဉ် ပြင်ဆင်မှု အဆင့်ဆင့်ကို ဖော်ပြထားသည်။ လုပ်ငန်းခွင်နေရာ စိစစ်စစ်ဆေးခြင်းနှင့် ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များ ဖော်ထုတ်ခြင်းတို့အတွက် လမ်းညွှန်ချက်များကို ဖော်ပြပေးထားသည်။

- **အခန်း - ၃၊ ဒီဇိုင်းပုံစံ** စာသင်ကျောင်း အဆောက်အအုံ ဒီဇိုင်းရေးဆွဲခြင်းအတွက် လမ်းညွှန်ချက် ပေးထားသည်။ ပြန်လည်တောင့်တင်းခိုင်မာလာအောင် အားဖြည့်ပြင်ဆင်ခြင်းနှင့် ရေ၊ မိလ္လာနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးတို့ အပါအဝင် ခံနိုင်ရည်ရှိသော အဆောက်အအုံ ဒီဇိုင်းပုံစံ တည်ဆောက်ရာတွင် လိုအပ်သည့် စည်းမျဉ်းများအကြောင်း ထည့်သွင်း ဖော်ပြထားသည်။

- **အခန်း - ၄၊ တင်ဒါခေါ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် ကြီးကြပ်ခြင်း** တွင် အခြေခံပညာဦးစီးဌာနမှ တင်ဒါခေါ်ယူခြင်း အတွက် ညွှန်ကြားချက်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင် ကြီးကြပ်ကွပ်ကဲခြင်းအတွက် အခြေခံ လမ်းညွှန်ချက် များကို ဖော်ပြပေးထားသည်။

- **အခန်း - ၅၊ စာသင်ကျောင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်း** တွင် စာသင်ကျောင်း အခြေခံ အဆောက်အအုံများကို ကောင်းမွန်စွာ အသုံးပြုနိုင်သည့် အခြေအနေရှိရန် ထိန်းသိမ်းစောင့်ရှောက်နည်း လမ်းညွှန်ချက်များကို ဖော်ပြပေးထားသည်။

- **နောက်ဆက်တွဲ**

  - ဘေးအန္တရာယ်ရှိသည့်ဇုံများ၊ မြေနေရာဒေသများနှင့် ဒေသအလိုက် သင့်လျော်သည့် ဆောက်လုပ်ရေးသုံးပစ္စည်း အမျိုးအစားများကို အခြေခံလျက် ရေးဆွဲထားသည့် ယာယီနိုလုံရာ အဆောက်အအုံ၊ စာသင်ကျောင်း ဒီဇိုင်းပုံစံ၊
  - အရည်အသွေးသတ်မှတ်ချက်များနှင့် စစ်ဆေးရမည့် အထောက်အကူပြုစာရင်းများ အပါအဝင် ထပ်မံဖြည့်စွက် လမ်းညွှန်ချက်၊

ယခု လမ်းညွှန်ချက်ကို နိုင်ငံတကာ စာသင်ကျောင်း လုံခြုံဘေးကင်းရေး မူဘောင်၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုအတွက် အာဆီယံ သဘောတူညီချက် (AADMER)၊ အာဆီယံ ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများ လုပ်ငန်း (ASSI)၊ မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေး လုပ်ငန်းစီမံချက် (MAPDRR)၊ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (NESP)၊ မြန်မာနိုင်ငံ အဆောက်အအုံ ဆိုင်ရာ စည်းမျဉ်းများ (MNBC) တို့ဖြင့် ပူးတွဲကိုးကား၍ ဖတ်ရှု အသုံးပြုသင့်ပါသည်။

▶ **အရေးကြီး :** ဤလမ်းညွှန်ချက်အား ဗိသုကာပညာရှင်နှင့် အင်ဂျင်နီယာကဲ့သို့သော ပညာရှင်များနှင့် ဆက်သွယ်လုပ်ကိုင်ရမည့် လိုအပ်ချက်အား အစားထိုး၍ သုံးစွဲရန် မဟုတ်ချေ။

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ၊ လမ်းညွှန်ပြဌာန်းချက်များ သို့မဟုတ် လက်တွေ့အသုံးချမှုဆိုင်ရာ ပြဌာန်းချက်များအား သင့်လျော်သလို လိုက်နာအသုံးပြုရမည်။

ဤလမ်းညွှန်ချက်အား "လုပ်ဆောင်ဆဲ လမ်းညွှန်ချက်" အနေဖြင့် သတ်မှတ်ရမည်။ သတ်မှတ်ထားသည့် အချိန်ကာလတစ်ခု အတွင်း ပုံမှန် စိစစ်ပြီး မြန်မာနိုင်ငံ၏ ပြဌာန်းချက်ဥပဒေများ အပြောင်းအလဲနှင့် အညီ ပြင်ဆင်မွမ်းမံရမည်။



# အခန်း (၁) လုံခြုံဘေးကင်းသောကျောင်း၊ ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ။

ဤအခန်းတွင် အဓိကအဖြစ်များသည့် ဘေးအန္တရာယ်များအကြောင်းနှင့် ဘေးကင်းလုံခြုံပြီး ကလေးပျော်စံပြ စာသင်ကျောင်းများတည်ဆောက်ရာတွင် အဓိကကျသည့် အဆင့်များအား အကျဉ်းချုပ်ဖော်ပြထားသည်။

# မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်များ

မြန်မာနိုင်ငံတွင် ငလျင်ဘေး၊ ရေဘေးနှင့် ဆိုင်ကလုံးဘေးဒဏ်များ ကြုံတွေ့ရလေ့ရှိပြီး၊ ထိုဘေးဒဏ်များကြောင့် ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများနှင့် စာသင်ကျောင်းများတွင် ထိခိုက်ဆုံးရှုံးမှုများ ရှိပါသည်။ စာသင်ကျောင်း တစ်ကျောင်းအား ဒီဇိုင်းပုံစံ အစီအစဉ် ရေးဆွဲရာတွင် အဆိုပါဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး ကလေးငယ်များ အားလုံးအတွက် ဘေးကင်းလုံခြုံရေး၊ အားလုံးပါဝင်နိုင်သည့် နွေးထွေးကြိုဆိုသော ပတ်ဝန်းကျင် ရှိသည့် စာသင်ကျောင်းမျိုး ဖန်တီးပေးရမည် ဖြစ်သည်။ ပိုမိုဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများသည် အသက် အန္တရာယ်များကို ကယ်တင်နိုင်သည့်အပြင် တာရှည်ခိုင်ခံ့ပြီး ပြင်ဆင်ထိန်းသိမ်းစရိတ်အားလည်း သက်သာစေပါသည်။

ဘေးအန္တရာယ်ဟူသည် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေနိုင်သည့် ခြိမ်းခြောက်မှု တစ်ခုဖြစ်သည်။ ဆုံးရှုံးနိုင်ခြေ ဆိုသည်မှာ ဘေးအန္တရာယ်ကြောင့် စာသင်ကျောင်းများအား (ကြီးမားစွာ သို့မဟုတ် အနည်းအကျဉ်း) ထိခိုက်ပျက်စီး စေနိုင်သော အခွင့်အလမ်းကို ဆိုလိုပါသည်။ ပြည်နယ်နှင့် တိုင်းတစ်ခုစီတွင် မတူကွဲပြားသည့် ဘေးအန္တရာယ်များ ကြုံတွေ့ရနိုင်ပါသည်။ အောက်ဖော်ပြပါဇယားသည် ဒေသအသီးသီးတွင် ဖြစ်နိုင်ချေရှိသော အဓိကဘေးအန္တရာယ်များ နှင့် ဖြစ်ပေါ်နိုင်သည့် အချိန်ကာလတို့ကို ဖော်ပြထားပါသည်။ အရောင်ရင့်ဖြင့် ဖော်ပြထားသည်များသည် ဖြစ်နိုင်ချေ အမြင့်ဆုံးများ ဖြစ်သည်။ (၁ - အနည်းဆုံး၊ ၂ - အသင့်အတင့် နှင့် ၃ - အမြင့်ဆုံး)

▶ **အရေးကြီး:** ထိုဇယားမှာ လမ်းညွှန်ချက်တစ်ခုသာ ဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေအား အဆင့် (၁) သို့မဟုတ် အဆင့် (၁) အောက် ဟု ဖော်ပြထားသော်လည်း *ဒေသအားလုံးတွင် ဆုံးရှုံးနိုင်ခြေ* ရှိနိုင်သည်။

ဖတ်ရှုသူအနေဖြင့် မြေပြင်အနေအထားနှင့်တကွ ဘေးအန္တရာယ်နှင့် ဆုံးရှုံးနိုင်ခြေများကို အတိအကျ စိစစ် သုံးသပ်နိုင်သည်။

## ဒေသအလိုက် ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များနှင့် ဖြစ်ပေါ်နိုင်သည့် ရာသီများ [4]

| Hazards | Impact Factor | Likelihood by States and Regions | | | | | | | | | | | | | | | Likelihood by Season | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | Ayeyarwady | Bago | Chin State | Kachin State | Kayah State | Kayin State | Magway | Mandalay | Mon State | Naypyidaw | Rakhine State | Shan State | Sagaing | Tanintharyi | Yangon | January | February | March | April | May | June | July | August | September | October | November | December |
| City Fire | 1 | 2 | 3 | | | | | 1 | 3 | | 2 | | | 1 | | 3 | 1 | 2 | 3 | 3 | 2 | 1 | 1 | 1 | 1 | 1 | 1 | 1 |
| Conflict, Unrest | 2 | | | 1 | 3 | 2 | 2 | | | 2 | | 3 | 2 | 1 | 1 | | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 |
| Drought, Heat | 1 | | 1 | | | | | 3 | 3 | | | | | 2 | | 1 | | 2 | 3 | 3 | 2 | | | | | | | |
| Earthquake | 3 | 2 | 3 | 3 | 3 | 1 | 1 | 2 | 3 | 1 | 2 | 2 | 2 | 3 | 1 | 2 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 |
| Flood | 2 | 3 | 3 | 2 | 2 | | 2 | 1 | 1 | 1 | | 3 | | 2 | 1 | 1 | | | | | 2 | 3 | 3 | 3 | 2 | | | |
| Forest Fire | 1 | | 2 | 3 | 2 | 1 | 1 | 2 | 2 | 1 | | 1 | 1 | 2 | | | | 2 | 3 | 3 | 2 | | | | | | | |
| Hail Storm | 1 | | | | 3 | | | 2 | 2 | | 1 | | 3 | 3 | | | | | | 3 | 3 | | | 2 | 2 | | | |
| Landslides | 2 | | | 3 | 1 | | | | | | | 2 | | 2 | | | | | | | 2 | 3 | 3 | 3 | 2 | | | |
| Storm, Cyclone | 2 | 3 | 2 | | | | | 1 | 1 | | 1 | 3 | 1 | 1 | | 2 | | | | | 3 | 3 | 3 | 3 | 3 | | | |
| Thunder | 1 | 3 | 2 | | | | | | | | | 2 | | | | 2 | | | | 2 | 3 | 3 | 2 | 2 | | | | |
| Tsunamis | 3 | 2 | | | | | | | | | | 3 | | | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 |
| Overall Score | | 2 | 2 | 2 | 2 | 1 | 1 | 1 | 2 | 1 | 1 | 3 | 1 | 2 | 1 | 2 | 1 | 1 | 2 | 2 | 3 | 3 | 3 | 3 | 2 | 1 | 1 | 1 |

1 Low    2 Moderate    3 High

[4] Source: Based on Myanmar: Inter-agency Emergency Response Plan, 2015

▶ **အရေးကြီး - ထပ်မံလမ်းညွှန်ချက်များအတွက်**

မြန်မာ့သတင်းအချက်အလက်စီမံခန့်ခွဲမှုဌာန (MIMU) တွင် ကြည့်ပါ။ http://www.themimu.info တွင် မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ၊ ရာသီဥတု အခြေအနေ၊ မြေမျက်နှာသွင်ပြင်၊ ဘေးအန္တရာယ်များ နှင့် အခြားသောအကြောင်းအရာများကို သိရှိရန်အတွက် ကောင်းမွန်သည့် သတင်းအချက်အလက် အရင်းအမြစ်များ ရှိသည်။

▶ **ကလေးပျော်စံပြကျောင်း ပုံစံ (CFS)**

ယခုလမ်းညွှန်စာအုပ်သည် UNICEF ၏ ကလေးပျော်စံပြကျောင်း ပုံစံကို အခြေခံ ရေးဆွဲထားခြင်း ဖြစ်သည်။ စာသင်ကျောင်းများသည် ကလေးငယ်များ အတွက် အကောင်းဆုံး ဖြစ်စေမည့် အနေအထားဖြင့် ဆောင်ရွက်သင့်သည်။ ပညာရေးပတ်ဝန်းကျင်သည် လုံခြုံဘေးကင်း၊ ကျန်းမာကြံ့ခိုင်ပြီး၊ အကာအကွယ်ပေးနိုင်သည့်နေရာ ဖြစ်ပြီး လေ့ကျင့်သင်ကြားထားသည့် ဆရာ/မများ လုံလောက်သည့် အရင်းအမြစ်များ၊ ပညာသင်ယူရန် သင့်လျော်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးအခြေအနေများ ဖန်တီးထားရပါမည်။ ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝ ဖြည့်ဆည်းကာကွယ်ထားပြီး ၎င်းတို့၏ အသံများကို နားထောင်ပေးရပါမည်။ အသေးစိတ်ကို website: https://www.unicef.org/cfs/ တွင် လေ့လာပါ။

# ရာသီဥတု ပြောင်းလဲမှုကို စဉ်းစားခြင်း - ရေလွှမ်းမိုးမှု၊ လေပြင်း၊ အပူချိန်

အစိုးအစဉ်ရေးဆွဲသူများ (စီမံကိန်းရေးဆွဲသူများ) နှင့် ဒီဇိုင်း ရေးဆွဲသူများ အနေဖြင့် ရာသီဥတု အပြောင်းအလဲများသည် မြန်မာနိုင်ငံရှိ မိုးလေဝသ အရွေ့အပြောင်းများ အပေါ်တွင် မည်သို့သက်ရောက်မှု ရှိနိုင်သည်ကို ထည့်သွင်း စဉ်းစားထားရမည်။ ထိုအပြောင်းအလဲများသည် စာသင်ကျောင်းများ ထိခိုက် ဆုံးရှုံးနိုင်ခြေအား မြင့်တက်လာစေနိုင်သည်။ ဥပမာအားဖြင့် - ရေကြီးရေလျှံသည့် အမြင့်တိုးမြင့်လာခြင်း၊ လေတိုက်နှုန်းမြင့်လာခြင်း၊ စာသင်ခန်းများ အတွင်း ပိုမိုပူပြင်းလာခြင်း စသည်တို့ဖြစ်သည်။ ခန့်မှန်းထားသည့် သက်ရောက်မှုများမှာ -

- **စစ်ကိုင်း၊ မန္တလေး နှင့် မကွေးဒေသရှိ အလယ်ပိုင်း ပူပြင်းခြောက်သွေ့ဇုံ** - များသည် မိုးခေါင်ခြင်း၊ အပူချိန် အလွန်အကျွံမြင့်တက်ခြင်း စသည့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်။
- **ပင်လယ်ကမ်းရိုးတန်းဒေသများအားလုံး** - တွင် ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မိုးကြိုးမုန်တိုင်း၊ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်း စသည့် ဘေးအန္တရာယ်များ ပိုမိုမြင့်မားသည်။
- **တနင်္သာရီ၊ ရန်ကုန်၊ ရခိုင်၊ ဧရာဝတီ နှင့် မွန်ဒေသများ** တွင် အနောက်တောင် မုတ်သုန်လေ ပိုမို ရှည်ကြာစွာ ဝင်ရောက်ခြင်း ရှိသည့် အတွက် ရေကြီးရေလျှံခြင်း ဘေးအန္တရာယ် ပိုမိုမြင့်မားသည်။

# မည်သည့်အတွက်ကြောင့် ဘေးကင်း လုံခြုံပြီး ကလေးပျော်စံပြကျောင်း ဖြစ်သင့်သနည်း။

သဘာဝ ဘေးအန္တရာယ်များမှာ အချိန်မရွေး ဖြစ်ပေါ်နိုင်ပြီး လူမှုဝန်းကျင်နှင့် စာသင်ကျောင်းအဆောက်အအုံများကို အကြီးအကျယ် ထိခိုက်ပျက်စီး ဆုံးရှုံးစေနိုင်သည်။ ဘေးကင်းလုံခြုံပြီး ကလေးပျော်စံပြ စာသင်ကျောင်းများသည် ကလေးသူငယ်များအား ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဆက်လက် ပညာသင်ယူနိုင်ရေး အခွင့်အလမ်းများ ရရှိအောင် ပံ့ပိုးထောက်ပံ့ပေးပါသည်။ သင်ကြားရေး ပတ်ဝန်းကျင်သည် ကလေးသူငယ်များ၏ ထပ်တူကျမှုများ၊ သီးသန့်လက္ခဏာများနှင့် ကွဲပြားသော လိုအပ်ချက်များအား အလေးထားပြီး သင်ယူလေ့လာ ကြီးပြင်းရန်အတွက် ခိုလှုံရာနေရာ ဖြစ်သင့်သည်။ ကလေးပျော် စံပြ ချဉ်းကပ်မှုစနစ်သည် အားလုံး အကျုံးဝင် ပါဝင်နိုင်မှု၊ ကျား/မ ကွဲပြားမှုကို လက်သင့်ခံနိုင်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားလာစေရေး အစရှိသည့် လိုအပ်ချက်တို့ကို မြှင့်တင်ပေးသည်။

ကလေးပျော်စံပြကျောင်းတစ်ကျောင်း ဖန်တီးတည်ဆောက်ရန် နည်းလမ်းတစ်ခုတည်း ရှိသည် မဟုတ်ပါ၊ သို့ရာတွင် ကလေးသူငယ် ဗဟိုပြု ပညာရေးအား လုံခြုံဘေးကင်းမှု၊ ကျန်းမာရွှင်လန်းမှု၊ အလုံးစုံပါဝင်သည့် ပတ်ဝန်းကျင်ရှိမှု

စသည်တို့အား အလေးထား ဆောင်ရွက်ရမည် ဖြစ်သည်။

လုံခြုံဘေးကင်းသည့် ကလေးပျော်စံပြ စာသင်ကျောင်းများသည် အသက်အန္တရာယ်များ ကယ်တင်နိုင်ခြင်း၊ စီးပွားရေး အခြေအနေအား ထိန်းထားနိုင်ခြင်းနှင့် ကျောင်းသူ၊ ကျောင်းသားများနှင့် ဆရာများအား ထိခိုက်မှု နည်းနိုင်သမျှ နည်းအောင် ကာကွယ်ပေးနိုင်ရမည်။ ထို့အပြင် -

- ပညာရေးလုပ်ငန်းများ အနှောင့်အယှက် ဖြစ်မှုအား လျှော့ချရေး၊ ကလေးသူငယ်များ ပညာသင်ယူရေးနှင့် ကျန်းမာစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရာဖန်တီးပေးရေး၊
- ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ လုံခြုံစိတ်ချစေရေး၊
- ရပ်ရွာလူမှု လှုပ်ရှားမှုများအတွက် စုဝေးရာ နေရာအဖြစ်လည်းကောင်း၊ ဆင်းရဲမှု၊ ပညာမတတ်မှုနှင့် ကျန်းမာရေး ပြဿနာများ လျှော့ချရေး အကူအညီပေးရေးအတွက် အရေးပါသော နေရာတစ်ခုအဖြစ် လည်းကောင်း၊
- ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သင်ကြားရေးစင်တာတစ်ခု ဖြစ်လာစေရေး

▶ ဘက်စုံလွှမ်းခြုံသော စာသင်ကျောင်း ဘေးကင်းလုံခြုံရေး မူဘောင်ကို မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ သဘောတူလက်ခံ အသုံးချပြီး စာသင်ကျောင်း ဆောက်လုပ်ရေးနှင့် ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် တာဝန်ရှိသူများအား ဘေးကင်းလုံခြုံသော စာသင်ကျောင်း တည်ဆောက်နိုင်စေရန် တာဝန်ပေးထားပါသည်။ ၎င်းတာဝန်ဝတ္တရားများမှာ ကလေးသူငယ်များ၏ မူလအခြေခံ အခွင့်အရေးများ ၂ ခုမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

**ကလေးသူငယ်တိုင်းသည် ဘေးကင်းလုံခြုံစွာ အသက်ရှင်နေထိုင်နိုင်ခွင့် ရှိသည်။**

- စာသင်ကျောင်း အဆောက်အအုံတိုင်းအား အစီအစဉ်တကျ ပြင်ဆင်၊ ဒီဇိုင်းပုံစံ ရေးဆွဲပြီး အသက်အန္တရာယ် လုံခြုံဘေးကင်းရေးအတွက် အနည်းဆုံး စံနှုန်းများနှင့်အညီ ဆောက်လုပ်ထားသင့်သည်။
- ဆောက်လုပ်ပြီးသား ကျောင်းများကိုလည်း အသက်အန္တရာယ် လုံခြုံဘေးကင်းစေရေး စံနှုန်းများဖြင့် (ပြင်ဆင်ခြင်း၊ မွမ်းမံခြင်းနှင့် အားဖြည့်ပြင်ဆင်ခြင်း) ပြုလုပ်သင့်သည်။
- အရေးပေါ် အခြေအနေနှင့် ဘေးအန္တရာယ်များအတွက် အရေးပေါ် ယာယီခိုလှုံရာ ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုရန် ရည်ရွယ်ထားသော စာသင်ကျောင်းတိုင်းကို စဉ်ဆက်မပြတ် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြင့်မားသည့် စံချိန်စံနှုန်းများနှင့်အညီ တည်ဆောက်ထားသင့်သည်။

**ကလေးသူငယ်တိုင်း ပညာသင်ကြားခွင့် ရှိရမည်။**

- စာသင်ကျောင်းတိုင်းအား ကလေးများ ပညာသင်ကြားမှု အခွင့်အလမ်းကို ဘေးအန္တရာယ်များမှ အကာအကွယ် ပေးနိုင်ရန် တည်ဆောက်ထားသင့်သည်။
- ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို ဘေးအန္တရာယ်များဒဏ်မှ အကာအကွယ်ပေးနိုင်ရန် စာသင်ကျောင်းတိုင်းကို ပြုပြင်ထိန်းသိမ်းထားသင့်သည်။

အသေးစိတ်ကို ကမ္ဘာလုံးဆိုင်ရာမဟာမိတ်အဖွဲ့၏ ပညာရေးကဏ္ဍတွင် ဘေးအန္တရာယ် လျှော့ချရေးနှင့် ဘေးအန္တရာယ် ကာကွယ်ကြံ့ခိုင်ရေးတွင် လေ့လာနိုင်ပါသည်။

http://gadrrres.net/resources/comprehensive-school-safety-framework

# ဘေးအန္တရာယ်ကင်းရှင်းပြီး ကလေးပျော်စံပြကျောင်း ဖြစ်လာစေရန် လုပ်ဆောင်ရမည့် အဆင့် (၅) ဆင့်

အောက်ဖော်ပြပါ အဆင့်များအား စီမံကိန်းသံသရာ စီမံခန့်ခွဲမှုဆိုင်ရာ ချဉ်းကပ်မှုအရ စီမံကိန်းတစ်ခုကို အစီအစဉ်ရေးဆွဲခြင်း၊ ဖွဲ့စည်းခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ထိန်းသိမ်းခြင်း စသည့် အဆင့်များအလိုက် အကျိုးသက်ရောက်မှုရှိစွာ အသုံးချသင့်ပါသည်။

| | | |
|---|---|---|
| **အဆင့် (၁)**<br>ဘေးအန္တရာယ်နှင့် ဖြစ်ပွားနိုင်သည့် အနေအထားများကို သိရှိနားလည်ခြင်း | • စာသင်ကျောင်း အဆောက်အအုံများ ဆောက်လုပ်မည့်နေရာအား ရွေးချယ်ရာတွင် ဒေသရှိ ဘေးအန္တရာယ်များနှင့် ၎င်းတို့ ဖြစ်ပွားနိုင်သည့် အနေအထားများကို လေ့လာထားပါ။ အန္တရာယ်များသော နေရာများတွင် အဆောက်အအုံ ဆောက်လုပ်ခြင်းမှ ရှောင်ကြဉ်ပါ။ | **အခန်း (၁)**<br>လုံခြုံ ဘေးကင်းသော ကျောင်း ဘေးအန္တရာယ် အကြောင်း သိကောင်းစရာ |
| **အဆင့် (၂)**<br>ကောင်းမွန်သော ဆောက်လုပ်မည့်နေရာအား ကြိုတင် ပြင်ဆင်ခြင်း | • ဆောက်လုပ်မည့်နေရာအား ဘေးအန္တရာယ်များ ရှိ/မရှိ ဆောက်လုပ်ရန် သင့်လျော်မှု ရှိ/မရှိ စစ်ဆေးပါ | **အခန်း (၂)**<br>ကြိုတင်စီစဉ် ပြင်ဆင်ရေးဆွဲခြင်း |
| **အဆင့် (၃)**<br>ကောင်းမွန်သော အစဉ်အလာ/ အလေ့အထဖြင့် ဒီဇိုင်း ပြုလုပ်ခြင်း | • စာသင်ကျောင်း ဖွဲ့စည်းပုံနှင့်အဆောက်အအုံ ဒီဇိုင်းပြုလုပ်ရာတွင် ဘေးအန္တရာယ် များနှင့် ၎င်းတို့ ဖြစ်ပွားနိုင်သည့်အနေအထား၊ ကလေးများကို ပျော်ရွှင်စေမည့် အရာများအား ထည့်သွင်းစဉ်းစားပါ။<br>• ကောင်းမွန်သည့် စံနှုန်းများဖြင့် ဒီဇိုင်းပုံစံ ရေးဆွဲထားသည့် စာသင်ကျောင်းသည် ဘေးအန္တရာယ်များနှင့် ၎င်းတို့ ဖြစ်ပွားနိုင်သည့် အနေအထားများကို ခံနိုင်ရည်ရှိစေပြီး၊ ကလေးများ ပျော်ရွှင်စေမည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | **အခန်း (၃)**<br>ဒီဇိုင်းပုံစံ |
| **အဆင့် (၄)**<br>ကောင်းမွန်သော အရည်အသွေးရရှိရန် ဆောက်လုပ်ခြင်း | • စာသင်ကျောင်းများအား ကောင်းမွန်သော အရည်အသွေးရှိ ပစ္စည်းများ၊ ကျွမ်းကျင်သော အရည်အသွေး ထိန်းချုပ်မှု၊ ကောင်းမွန်သော ဆောက်လုပ်ရေး စံနှုန်းများဖြင့် တည်ဆောက်စေရမည်။ | **အခန်း (၄)**<br>တင်ဒါခေါ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် ကြီးကြပ်ခြင်း |
| **အခန်း (၅)**<br>ကောင်းမွန်သော ပြုပြင် ထိန်းသိမ်းမှု ရှိစေရေး | • စာသင်ကျောင်းများအား ကောင်းမွန်စွာ ပြုပြင် ထိန်းသိမ်းမှု ရှိစေရမည်။ | **အခန်း (၅)**<br>စာသင်ကျောင်းများ ထိန်းသိမ်း စောင့်ရှောက်ခြင်း |

## အဓိကကျသည့် အချက်များ

- ပိုမိုလုံခြုံဘေးကင်းသည့် စာသင်ကျောင်းများသည် အသက်အန္တရာယ်များကို ကယ်တင်ပေးနိုင်သည့်အပြင် တာရှည်ခံပြီး ပြင်ဆင်စရိတ်အားလည်း သက်သာစေပါသည်။
- **ဘေးအန္တရာယ်ဖြစ်လာနိုင်သည့် နေရာများတွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ပါ။** ရှောင်ကြဉ်ရန် မဖြစ်နိုင်သည့် နေရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ အကြောင်း ကောင်းစွာနားလည်သိရှိအောင် ပြင်ဆင်ပြီး ဒီဇိုင်းပုံစံရေးဆွဲကာ အသေးစိတ် ကြိုတင်ပြင်ဆင်စီစဉ် ထားရန်လိုအပ်သည်။
- **ရာသီဥတု ပြောင်းလဲခြင်းသည် စာသင်ကျောင်းများ ထိခိုက်ဆုံးရှုံးနိုင်ခြေအား မြင့်တက်လာစေသည်။** ဥပမာအားဖြင့် - နောင်တစ်ချိန်တွင် ရေကြီးရေလျှံသည့် ရေအမြင့် မြင့်တက်လာခြင်း၊ လေတိုက်နှုန်း မြင့်မားလာခြင်း။



# အခန်း (၂) ကြိုတင်စီစဉ် ပြင်ဆင်ရေးဆွဲခြင်း

အခြေခံပညာဦးစီးဌာန၏ အသစ်တည်ဆောက်ရေး လုပ်ငန်းစဉ်အတွက် ပြင်ဆင်မှု အဆင့်ဆင့်ကို ဖော်ပြထားသည်။ လုပ်ငန်းခွင် နေရာအား စိစစ်စစ်ဆေးခြင်းနှင့် ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များ ဖော်ထုတ်ခြင်း လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားသည်။ ဘေးအန္တရာယ် ရှိ/မရှိ ဆောက်လုပ်ရန် သင့်လျော်မှု ရှိ/မရှိ စစ်ဆေးရမည်။

# အကျိုးသက်ရောက်မှုရှိသည့် ကြိုတင်စီစဉ် ပြင်ဆင်ရေးဆွဲခြင်း

ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်စီစဉ်ထားခြင်းသည် ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားထားပြီး အလိုအပ်ဆုံးသော စာသင်ကျောင်းများတွင် အသုံးစရိတ်များကို ထိရောက်စွာ အသုံးချနိုင်စေသည်။ ဥပမာ - ကျောင်းဆောက်လုပ်ရမည့် နေရာရွေးချယ်မှု မှားယွင်းခြင်းသည် ဆောက်လုပ်ရေး ကုန်ကျစရိတ်များကို ပိုမိုကုန်ကျစေသည်။ စာသင်ကျောင်းဆောက်လုပ်ရန် ပြင်ဆင်ရာတွင် အခြားသော ပါဝင်ပတ်သက်သူများနှင့်လည်းကောင်း ကျန်းမာရေး၊ ရေနှင့် မိလ္လာ၊ ဘေးအန္တရာယ် စီမံခန့်ခွဲခြင်းနှင့် သင်ရိုးညွှန်းတမ်း အစရှိသည့် အခြားသော ပညာရေးဆိုင်ရာ ရှေ့ဆောင်လုပ်ငန်း များနှင့်လည်းကောင်း တွဲဖက်ဆောင်ရွက်ရန် လိုအပ်သည်။

အောက်ဖော်ပြပါ အဆင့် (၆) ဆင့် (လိုအပ်ချက်များကို စိစစ်ခြင်း၊ ဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်သည့် အကြောင်းအရာများ စိစစ်ခြင်း၊ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ ရွေးချယ်ရာတွင် အဓိကကျသည့် အချက်များ၊ လုပ်ငန်းခွင်နေရာပုံစံအား ရေးဆွဲခြင်း၊ ဆောက်လုပ်ရန် လျှောက်ထားခြင်း၊ စိစစ်ခြင်း၊ အသုံးစရိတ် သတ်မှတ်ရေးဆွဲခြင်းနှင့် ထောက်ခံအတည်ပြုခြင်း) တို့သည် စာသင်ကျောင်း အဆောက်အအုံများ ဆောက်လုပ်ရေး ဖြစ်စဉ်များကို မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။

# အဆင့် ၁ - လိုအပ်ချက်များ စိစစ်ခြင်း

လိုအပ်ချက်များနှင့် ဘေးအန္တရာယ်ကျရောက်လျှင် ရှိလာမည့် ဆုံးရှုံးနိုင်ခြေတို့အား အခြေခံသော စိစစ်ချက်များအရ (အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသည့်) အသင့်လျော်ဆုံးသော တည်ဆောက်ရေး နည်းလမ်းအား ရွေးချယ်ဆုံးဖြတ်ရာတွင် ကျောင်းအုပ်ကြီးက ဦးဆောင်လုပ်ဆောင်သွားရမည်။

| **တည်ဆောက်ရေး နည်းလမ်း** | **စဉ်းစားရမည့် အကြောင်းအရာ** | **နောက်ဆက်တွဲ လမ်းညွှန်ချက်** |
|---|---|---|
| **ပြင်ဆင်ခြင်း သို့မဟုတ် မွမ်းမံခြင်း** | ဆောက်လုပ်ပြီးသား ကျောင်းအဆောက်အအုံများ၏ ပျက်ဆီးမှုများကို ပြင်ဆင်ရန် သို့မဟုတ် အခြေအနေ တိုးတက် ကောင်းမွန်အောင် မွမ်းမံရန်။ | အခန်း ၅ |
| **အားဖြည့်ပြင်ဆင်ခြင်း** | အဆောက်အအုံတစ်ခု၏ ခံနိုင်ရည်ရှိမှု တိုးတက်လာစေရန် အဆောက်အအုံ အစိတ်အပိုင်းများအား ခိုင်ခံ့အောင် ဆောင်ရွက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းဖြင့် အရည်အသွေးညံ့သော ဆောက်လုပ်ရေး ပစ္စည်းများ၊ လုပ်သားများဖြင့် အင်ဂျင်နီယာ ကြီးကြပ်မှု မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများအား ပိုမိုဘေးကင်းလုံခြုံစေနိုင်သည်။<br>အဆောက်အအုံကို အားဖြည့်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ဆောက်လုပ်ရန်ဟူသည့် ဆုံးဖြတ်ချက်အား အင်ဂျင်နီယာအမြင်နှင့် စီးပွားရေး အမြင်အရ ပူးပေါင်းသုံးသပ် အကဲဖြတ်ပြီးမှသာ ချမှတ်သင့်သည်။<br>မှတ်ချက်။ ။ ပြင်ဆင်မွမ်းမံစရိတ်သည် ပြန်လည် ဆောက်လုပ်သည့် ကုန်ကျစရိတ်၏ ၅၀% အောက် လျော့နည်းလျှင် ပြင်ဆင်မွမ်းမံရန် စဉ်းစားသင့်သည့်အချက် ဖြစ်သည်။ (မြန်မာနိုင်ငံ အဆောက်အအုံ ဆိုင်ရာ စည်းမျဉ်းများ) | အခန်း ၃၊ ၄၊ ၅ |
| **အစားထိုးခြင်း** | အဆောက်အအုံ သို့မဟုတ် အထောက်အပံ့ပစ္စည်းကို အစားထိုးရန် စဉ်းစားရမည့် အချိန်မှာ<br>(၁) ရှိပြီးသား အဆောက်အအုံများမှာ လုံခြုံဘေးကင်းမှု | အခန်း ၃၊ ၄၊ ၅ |

| | | |
|---|---|---|
| | မရှိတော့သည့်အခါ<br>(၂) နေရာ အကျယ်အဝန်း အကန့်အသတ်ရှိပြီး ရှိပြီး အဆောက်အအုံများမှာ လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင် တော့သည့် အခါ ယင်းတို့ကိုဖြိုချပြီး အစားထိုးဆောက်လုပ်ရန် လိုအပ်သည်။ ဥပမာ - တစ်ထပ် အဆောက်အအုံကို အထပ်မြင့် အဆောက် အအုံဖြင့် အစားထိုး ဆောက်လုပ်ခြင်း။ | |
| အဆောက်အအုံ အသစ် (သို့မဟုတ်) ကျောင်းဆောင်သစ် (သို့မဟုတ်) တိုးချဲ့ဆောင် | ကျောင်းဆောင်သစ်တစ်ကျောင်း (သို့မဟုတ်) ရှိပြီးကျောင်းတွင်းတွင် ကျောင်းဆောင်သစ်နှင့် အထောက်အပံ့ ပစ္စည်းအသစ်များ ဖြစ်နိုင်သည်။ | အခန်း ၂၊ ၃၊ ၄၊ ၅ |

▶ **အရေးကြီး** - အခြားသော အကြံပေးချက်များကို ကျောင်းအုပ်များအတွက် ထုတ်ဝေထားသည့် အခြေခံပညာကျောင်းများကို စီမံခန့်ခွဲခြင်း လက်စွဲတွင် ကြည့်ပါ။

## အဆင့် ၂ - ဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်သည့် အကြောင်းအရာများ စိစစ်ခြင်း

အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ ရွေးချယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတွင် ဒေသအဆင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များနှင့် ၎င်းတို့၏ ဆိုးကျိုးများ ထိခိုက်ဆုံးရှုံးမှုများကို နားလည်ထားရန် လိုအပ်သည်။ ဥပမာ - တူညီသောကျေးရွာ သို့မဟုတ် မြို့နယ်ရှိ ရေကြီးရေလျှံသည့် ရေအမြင့်သည် တစ်နေရာနှင့် တစ်နေရာ အလွန်ကွာခြားနိုင်သည်။ မတ်စောက်သည့် ဆင်ခြေလျောအနီး တည်ဆောက်ထားသည့် စာသင်ကျောင်းတစ်ကျောင်းသည် ကျောက်လွှာ၊ မြေပြိုကျမှု အန္တရာယ်ရှိနေနိုင်သော်လည်း အနီးအနားရှိ မြေပြန့်တွင် ဆောက်လုပ်သည့် စာသင်ကျောင်းသည် ယင်းအန္တရာယ် ရှိနိုင်မှု ပိုမို နည်းပါးသည်။ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျော့ပါးသက်သာအောင် ဆောင်ရွက်နိုင်ခြင်း မရှိလျှင် ကျောင်းနေရာအား ပြောင်းရွှေ့ခြင်းသာ အကောင်းဆုံးနည်းလမ်း ဖြစ်သည်။

**စာသင်ကျောင်းများတွင် ဘေးအန္တရာယ်များကြောင့် ကြုံတွေ့နိုင်သည့်ထိခိုက်မှုများ**

| ဘေးအန္တရာယ် | စာသင်ကျောင်းများတွင် ကြုံတွေ့နိုင်သည့် ထိခိုက်မှုများ |
|---|---|
| **မြို့ရွာ မီးလောင်ခြင်း နှင့် တောမီးလောင်ခြင်း** | သေဆုံးနိုင်သည်၊ ဒဏ်ရာ ရနိုင်သည်။ ကျောင်းအဆောက်အအုံ နှင့် အထောက်အကူ ပစ္စည်းများဖြစ်သည့် ကျောင်းပရိဘောဂများ နှင့် အခြားသော သင်ထောက်ကူပစ္စည်းများ ပျက်စီးနိုင်သည်။ |
| **ဆိုင်ကလုံး လေပြင်း** | အသက်အန္တရာယ်ရှိခြင်း၊ လေပြင်းဒဏ်၊ ရေကြီးရေလျှံ နှင့် ပင်လယ်လှိုင်းကြီးမှုကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ ကြံ့ခိုင်မှုအားနည်းသော စာသင်ကျောင်း အဆောက်အအုံများ ပြိုကျပျက်စီးနိုင်ခြင်း၊ အမိုးများ ကွာထွက်ခြင်း၊ လွင့်ထွက်ခြင်း တို့ကြောင့် နောက်ထပ် ထိခိုက်မှုအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းများမှာ မိုးနဲ့အတူ ပါလာတတ်ပြီး အဆောက်အအုံ အရည်အသွေး ညံ့ဖျင်းမှုကြောင့် ဖြစ်ပေါ်သော ယိုစိမ့်မှုများကြောင့် စာအုပ်များ ပျက်ဆီးခြင်း၊ ပစ္စည်းကိရိယာများနှင့် အခြားအဆောက်အအုံ အသုံးအဆောင်များ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြေပြိုမှု၊ ရေကြီးမှု ကဲ့သို့သော နောက်ဆက်တွဲ ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ပိုမို မြင့်တက်လာနိုင်သည်။ |

| | |
|---|---|
| **မိုးခေါင်ခြင်း** | မြေပြင်ခြောက်သွေ့ ပက်ကြားအက်ပြီး အုတ်မြစ်တိမ်သော အဆောက်အအုံများအား ပျက်စီးစေနိုင်သည် ။ အပူချိန်မြင့်မားလာခြင်းကြောင့် နောက်ဆက်တွဲ ဘေးအန္တရာယ်များ ဖြစ်သည့် မီးဘေး နှင့် ကျန်းမာရေး ပြဿနာများ ရှိလာနိုင်သည်။ |
| **လေပြင်းလှုပ်ခြင်း** | အသက်အန္တရာယ် ရှိနိုင်သည်။ ကြံ့ခိုင်မှုအားနည်းသည့် အဆောက်အအုံများ ပြိုကျ ပျက်စီးနိုင်သည်။ အဓိက အဆောက်အအုံ အစိတ်အပိုင်း မဟုတ်သော နံရံအက်ကြောင်းများ သရွတ် ကွာကျခြင်း၊ ပရိဘောဂအကြီးစားများ လဲပြိုခြင်း၊ မှန်ပြတင်းပေါက်များ ကွဲ၍ လွင့်ထွက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ဆူနာမီ (သို့မဟုတ်) မြေပြိုခြင်း ကဲ့သို့သော ဘေးအန္တရာယ်များကြောင့် နောက်ဆက်တွဲ ထိခိုက်မှုများ ရှိသည်။ |
| **ရေလွှမ်းမိုးခြင်း** | အသက်အန္တရာယ် ရှိသည်။ မြေဆီလွှာပြုန်းတီးခြင်း၊ အဆောက်အအုံနှင့် အသုံးအဆောင်များ ပျက်စီးခြင်း ၊ အထူးသဖြင့် မြေညီထပ်အလွှာများ ပျက်စီးဆုံးရှုံးမှု ဖြစ်နိုင်သည်။ ရေပြန်ကျသွားသည့်အခါ အကျိုးအပဲ့ အပျက်အစီးနှင့် အညစ်အကြေးများ ကျန်ရစ်ခဲ့မည်။ ကျောင်းအထောက်အပံ့ပစ္စည်းများ ၊ စာအုပ်များ ပရိဘောဂများ ပျက်စီးဆုံးရှုံးမည်။ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် မိလ္လာ သန့်ရှင်းရေး မရှိသောကြောင့် ရောဂါများ ရရှိနိုင်ပြီး ကျန်းမာရေး အန္တရာယ်များ ရှိသည်။ |
| **မိုးသီးကြွေခြင်း** | ကြီးမားသော မိုးသီးများ(ရေခဲလုံး)ကြောင့် အသက်အန္တရာယ်အား ထိခိုက်နိုင်သည်။ အထူးသဖြင့် စာသင်ကျောင်း အမိုးများနှင့် အခြား အသုံးအဆောင်များအား ထိခိုက်ပျက်စီး စေနိုင်သည်။ |
| **မြေပြိုခြင်း** | အသက်အန္တရာယ် ရှိနိုင်သည်။ ကျောက်ခဲများပြိုကျခြင်း၊ ရွှံ့မြေများပြိုခြင်း သို့မဟုတ် မြေလွှာရွေ့လျားခြင်း တို့ကြောင့် ကျောင်းအဆောက်အအုံနှင့် အသုံးအဆောင် ပစ္စည်းများ ပျက်စီးနိုင်သည်။ |
| **လျှပ်စီး(မိုးကြိုး)** | အသက်အန္တရာယ် ရှိနိုင်သည်။ တိုက်ရိုက် လျှပ်စီးလက်မိုးကြိုးပစ်ခြင်းဖြင့် စာသင်ကျောင်းနှင့် အခြား အသုံးအဆောင်ပစ္စည်းများအား ထိခိုက်ပျက်စီးစေနိုင်သည်။ ဒုတိယဆိုးကျိုးအနေဖြင့် မီးလောင်မှု ဖြစ်ပွားစေနိုင်သည်။ |
| **ဆူနာမီ** | အသက်အန္တရာယ် ရှိနိုင်သည်။ အဆောက်အအုံများကို လုံးဝဖျက်ဆီးပစ်နိုင်သည်။ အဆိပ်ရှိသည့် အရာများ အန္တရာယ်ရှိသည့် အကျိုးအပဲ့ပစ္စည်းများသည် ကျောင်းတွင်းနှင့် ပတ်ဝန်းကျင်တွင် တင်ကျန်နေနိုင်သည်။ (ရေတွင်း ရေကန်၊ မြေအောက်ရေ၊ ပိုက်မှ တစ်ဆင့်ပေးဝေသော ရေ) ရေများ ညစ်ညမ်းနေနိုင်သည်။ |

- **အရေးကြီး** - စာသင်ကျောင်းနှစ်ကျောင်းသည် နီးကပ်စွာ တည်ရှိနေသော်လည်း ၎င်းတို့တွင် ရှိနိုင်သည့် အန္တရာယ်များသည် မတူညီနိုင်ပါ။

အထက်ဖော်ပြပါ ဇယားတွင် စာသင်ကျောင်းများတွင် ဘေးအန္တရာယ်များကြောင့် ကြုံတွေ့နိုင်သည့် ထိခိုက်မှုများကို ပြသထားသည်။ အားလုံးသော အန္တရာယ်များသည် လူ့အသက်အန္တရာယ်နှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးမှု စသည့် အချို့သော ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ စာသင်ကျောင်းတစ်ကျောင်းတွင် တစ်ကြိမ်လျှင် ဘေးအန္တရာယ်တစ်မျိုးမက ကြုံတွေ့နိုင်သည်။ ၎င်းကို ကပ်ဘေးအမျိုးမျိုး အခြေအနေဟုဆိုသည်။

# အဆင့် ၃ - အဆောက်အအုံဆောက်လုပ်မည့်မြေနေရာ ရွေးချယ်ရာတွင် အဓိကကျသည့် အချက်များ

စာသင်ကျောင်းအတွက် မြေနေရာ ရွေးချယ်စိစစ်ရာတွင်၊ ကျောင်း၊ ရပ်ရွာလူထုနှင့် အခြေခံပညာ ဦးစီးဌာနတို့သည် ၎င်းတို့ ရွေးချယ်ထားသည့် မြေနေရာနှင့်ပတ်သက်သော ဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို သေချာစွာ သိရှိနားလည်ရန် လိုအပ်သည်။ လမ်းညွှန်ချက်ကို အောက်တွင် ဖော်ပြထားသည်။[5] မြေနေရာ ရွေးချယ်ရာတွင် စိစစ်ရမည့် စာရင်းဥပမာကို နောက်ဆက်တွဲ (၃) တွင် ဖော်ပြထားသည်။

| | |
|---|---|
|  | မတ်စောက်သည့် မြေနေရာပေါ် သို့မဟုတ် အနီးအနားတွင် အဆောက်အအုံ ဆောက်လုပ်ခြင်း ရှောင်ကြဉ်ပါ။ မြေပြိုခြင်း၊ ကျောက်ခဲပြိုခြင်း၊ ရေခဲများ လျှောကျခြင်း အစရှိသည့် ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပြီး လူအများ ဒဏ်ရာရခြင်း၊ သေဆုံးခြင်း ဖြစ်ပေါ်နိုင်ပြီး၊ ကျောင်းအဆောက်အအုံလည်း ပျက်စီးနိုင်သည် - အထူးအားဖြင့် ငလျင်လှုပ်သည့်အခါ မတ်စောက်သည့် မြေနေရာမှ ကျောက်ခဲများ၊ မြေကြီးများ ပြိုကျလာခြင်းတို့ ဖြစ်နိုင်သည်။ |
|  | ရေကြီးနိုင်သည့် ရေနားနီးစပ် အရပ်များတွင် အဆောက်အအုံ ဆောက်လုပ်ခြင်း ရှောင်ကြဉ်ပါ။ ရေကြီးနိုင်သည့် အန္တရာယ်ရှိပါက ခန့်မှန်းရေအမြင့်ထက် ပိုမြင့်သော မြေနေရာတွင် ကျောင်းအဆောက်အအုံကို ဆောက်လုပ်သင့်သည်။ မြင့်မားသည့် မြေနေရာ မရပါက၊ အဆောက်အအုံ၏ ကြမ်းပြင်အား မြှင့်ပြီး ဆောက်လုပ်ရမည် ဖြစ်ပြီး၊ ရေကြီးရေလျှံသည့်ဒဏ် ခံနိုင်ရည်ရှိသော ဒီဇိုင်း ရွေးချယ်စဉ်းစားသင့်ပါသည်။<br><br>ဆူနာမီဖြစ်လေ့ရှိသော ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပွားရန် အလားအလာရှိသော ဆူနာမီ ရေလှိုင်း လွှမ်းမိုးနိုင်သည့် ဇုံအပြင်ဘက်တွင် အဆောက်အအုံကို ဆောက်နိုင်က ဆောက်ပါ။ မဖြစ်နိုင်ပါက စာသင်ကျောင်းကို ကုန်းမြေမြင့်နှင့် နီးနိုင်သမျှ နီးကပ်အောင် ဆောက်လုပ်ပြီး ဘေးအန္တရာယ် ကျရောက်ချိန်တွင် ကျောင်းသားများနှင့် ဝန်ထမ်းများအား ဘေးကင်းစွာ နေရာပြောင်းရွှေ့ပေးနိုင်ရန် သို့မဟုတ် ကျောင်းဆောင် အပေါ်ထပ်များအား ဆူနာမီကြောင့် မြင့်တက်လာနိုင်သည့် ရေအမြင့်ထက် ပိုမြင့်အောင် ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားသင့်သည်။ |
|  | လေပြင်းတိုက်လေ့ရှိသည့် ဒေသများတွင် - အထူးသဖြင့် ဆိုင်ကလုန်းတိုက်လေ့ရှိသည့် နေရာများတွင် - ကျောင်း အဆောက်အအုံ အနီးအနားတွင် အခြားပစ္စည်းများ မရှိစေဘဲ ရှင်းလင်းနေအောင် စီစဉ်ထားရမည်။ လေဒဏ်မခံနိုင်သည့် မခိုင်ခံ့သည့် ဆိုင်းဘုတ်များ၊ ပစ္စည်းများ၊ အဆောက်အအုံ အစိတ်အပိုင်းများ၊ အမိုးအကာများနှင့် သစ်ပင်များကြောင့် ထိခိုက်နိုင်သဖြင့် စာသင်ကျောင်း သို့မဟုတ် လူများအား ၎င်းတို့နှင့် ကင်းဝေးအောင် ထားရမည်။ |
|  | ကျောင်းသို့လာသော ကလေးများသည် ကားရှုပ်သော ကားလမ်းမကြီး ရှိရာနေရာ တစ်လျှောက် သို့မဟုတ် အန္တရာယ်ရှိသည့် ရေလမ်းခရီးကို ဖြတ်သန်းလာရခြင်းကို ရှောင်ရှားနိုင်ရန် ထိုသို့သော နေရာမျိုးတွင် စာသင်ကျောင်း ဆောက်လုပ်ခြင်းကို ရှောင်ရှားရမည်။ ရပ်ရွာလူထု အနီးအနားတွင်သာ စာသင်ကျောင်းများ တည်ဆောက် ထားရှိသင့်သည်။ အောက်ပါတို့မှာ ကျောင်းသားများ၏ အသက်အရွယ်အလိုက် စာသင်ကျောင်းအထိ အများဆုံး လမ်းလျှောက်နိုင်သည့် အကွာအဝေးကို အကြံပြုထားသည့် လမ်းညွှန်ချက် ဖြစ်သည်။[6] |

[5] Adapted from: Towards Safer School Construction: A Community-based approach, GADRRRES

[6] From: Myanmar National Building Code (MNBC Provisional 2012)

| | |
|---|---|
| | • သူငယ်တန်း - ၀.၂၅ မိုင် (၀.၄ ကီလိုမီတာ)<br>• မူလတန်း - ၀.၅ မိုင် (၀.၈ ကီလိုမီတာ)<br>• အလယ်တန်း - ၁.၅ မိုင် (၂.၄ ကီလိုမီတာ)<br>• အထက်တန်း - ၂ မိုင် (၃.၂ ကီလိုမီတာ) |
|  | ဒေသခံ နှင့် အနီးအနား ရပ်ရွာလူထုမှ ကျောင်းတည်ဆောက်မည့် မြေနေရာကို သဘောတူညီခြင်း ရှိ/မရှိ စစ်ဆေးပါ။ မြေပိုင်ဆိုင်မှု အထောက်အထားကို စစ်ဆေးထားပါ။<br>📖: အခြေခံပညာဦးစီးဌာနစံနှုန်း ပုံစံ (၁) - နောက်ဆက်တွဲ (၂) တွင် ကြည့်ပါ။ |
|  | သွားလာရမည့် လမ်းမများ၊ ရေလမ်းကြောင်းများ၊ ရေ၊ မိလ္လာနှင့်လျှပ်စစ်မီး သွယ်တန်းရရှိနိုင်မှု နှင့် အခြား အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များ မြေထိန်းနံရံ၊ မြေကြီးလုပ်ငန်း သို့မဟုတ် မြေပြုပြင်ခြင်း လိုအပ်ချက်ကို ထည့်သွင်း စဉ်းစားပါ။ အကုန်အကျများမည့် မြေရှင်းလင်းခြင်း၊ မြေညှိခြင်း၊ မြေသိပ်သည်းခြင်းတို့ လိုအပ်သော မြေနေရာများကို ရွေးချယ်ခြင်းမှ ရှောင်ကြဉ်ပါ။ ရွေးချယ်ထားသည့် မြေနေရာ အနီးအနားရှိ သစ်ပင်များ ခြုံအုပ်များကို ရှင်းလင်းခုတ်ဖြတ်ခြင်းမှ ရှောင်ပါ။ (သို့မဟုတ်) ပိုမိုအေးချမ်းသည့် ရာသီဥတု အရိပ်အာဝါသ ဖန်တီးရန်၊ မြေဆီလွှာ တည်တံ့မှု ရှိစေရန် သစ်ပင်များ ပြန်လည်စိုက်ပျိုးပါ။ |
|  | ကျောင်းမြေနေရာသည် လေထုညစ်ညမ်းခြင်း၊ အဆိပ်အတောက် သို့မဟုတ် အန္တရာယ်ရှိသည့် ပစ္စည်းများ နှင့် ဝေးသည့် နေရာတွင် တည်ရှိသင့်သည်။ လေယာဉ်၊ ကားများ၊ မီးရထားများ၊ အချက်ပေးအသံများ နှင် စက်မှုလုပ်ငန်းများ စသော အလွန်အကျွံ ဆူညံသောနေရာများ နှင့် ကင်းဝေးသည့် နေရာတွင် စာသင်ကျောင်းများ တည်ရှိရမည် ဖြစ်ပြီး ၎င်းဆူညံသံများသည် ကျောင်းသား လူငယ်များအား ထိခိုက်မှု မဖြစ်စေရပါ။ |

**▶အရေးပေါ် အခြေအနေတွင် အသုံးပြုမည့် စာသင်ကျောင်းများ- ကြိုတင်ပြင်ဆင်ဆောင်ရွက်သူများ ထည့်သွင်းစဉ်းစားရမည့်အချက်များ**

ဆိုင်ကလုံး၊ ရေလွှမ်းမိုးခြင်း၊ မြေငလျင် လှုပ်ခြင်းတို့ ဖြစ်ပေါ်ချိန်တွင် ကာကွယ်ပေးနိုင်ရန်အတွက် စာသင်ကျောင်းများကို အရေးပေါ် ကယ်ဆယ်ရေး ယာယီခိုလှုံရာ နေရာ အဖြစ် အသုံးပြုနိုင်ရန် ဒီဇိုင်းပုံစံ ရေးဆွဲနိုင်သည်။

အရေးပေါ် အခြေအနေ ပြီးနောက် စာသင်ကျောင်း ပုံမှန်လည်ပတ်နိုင်ရန် အချိန်ယူသောကြောင့် ကျောင်းသားများအား နစ်နာစေနိုင်သည်။ ဖြစ်နိုင်လျှင် ထိုကဲ့သို့ ကျောင်းပညာရေးအား အနှောင့်အယှက် ဖြစ်စေခြင်းမှ ရှောင်ကြဉ်ရမည်။ ပညာရေး အသုံးအဆောင် ပစ္စည်းများကို အရေးပေါ် အကာအကွယ် နေရာ အဖြစ် အသုံးပြုသည့်အခါ ကြုံရလေ့ရှိသည့် ဆိုးကျိုး အကျိုးဆက်များကို တတ်နိုင်သမျှ အနည်းဆုံးလျှော့ချနိုင်စေရန် ကယ်ဆယ်ရေး၊ ကာကွယ်ရေး ကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက် သွားရမည်။

**▶ ရပ်ရွာလူထု မြေပုံအား အသုံးချခြင်း -**

ကျောင်းနှင့် ရပ်ရွာလူထု ရေးဆွဲထားသော မြေပုံသည် လုပ်ငန်းခွင် အစီအစဉ် ချမှတ်ရာတွင် အချက်အလက်များ ပိုမိုထည့်သွင်းနိုင်ပါသည်။ ကျောင်းနေရာ တည်ရှိမှုနှင့် ဆက်စပ်နေသော ဘေးအန္တရာယ်၊ ရပ်ရွာလူထုရှိ အရင်းအမြစ်များ၊ မြေနေရာ အသုံးပြုပုံ၊ အဆောက်အအုံ၊ ပတ်သက်ဆက်နွယ်မှုများနှင့် ရပ်ရွာလူထုအကြား အပြန်အလှန် ပြောဆိုဆွေးနွေးမှုများကို ထည့်သွင်း ဖော်ပြထားနိုင်သည်။

# အဆင့် ၄ - လုပ်ငန်းခွင်နေရာ ပုံစံအား ရေးဆွဲခြင်း

သင့်လျော်သည့် အဆောက်အအုံ မြေနေရာ ရွေးချယ်ပြီးသည့်နောက် စာသင်ကျောင်းသည် လုပ်ငန်းခွင်နေရာ ပုံစံအား ရေးဆွဲထားရမည်။ ထိုပုံစံတွင် စာသင်ကျောင်းနှင့် ပတ်သက်သမျှ အသေးစိတ် ပြင်ဆင်ထားရှိမှုကို ဖော်ပြထားရမည်ဖြစ်ပြီး အခြား အသုံးဝင်သော အချက်အလက်များ ဖြစ်သည့် လမ်းများ၊ သဘာဝပေါက်ပင်များ၊ အဆောက်အအုံသို့ ဝင်ထွက်နိုင်သည့် နေရာများ စသည် တို့ကိုလည်း ဖော်ပြပေးထားရမည်။ စကေးအချိုး (၁ း ၅၀၀) သို့မဟုတ် ၎င်းနှင့်တူညီသည့် အချိုးဖြင့် ရေးဆွဲထားရန် သင့်လျော်သည်။ သို့မှသာ စာမျက်နှာ တစ်ရွက်တည်းတွင် အသေးစိတ်ကို ထည့်သွင်းပြနိုင်မည် ဖြစ်သည်။




ပါဝင်သင့်သည့် အရာများမှာ-

- ကျောင်းဝင်းနယ်နိမိတ်
- ရှိပြီးသား အဆောက်အအုံများ တည်နေရာ
- အသစ်တည်ဆောက်မည့် အဆောက်အအုံ တည်နေရာ
- ရေအရင်းအမြစ်နှင့် ပြင်ပတွင် ထားမည့် အိမ်သာ တည်နေရာ
- လမ်းပေါ်မှ ဝင်ထွက်နိုင်သည့် နေရာနှင့် လွတ်လမ်းများ
- ကစားကွင်း နေရာ
- အနီးအနားရှိ အရာများနှင့် ဘေးအန္တရာယ်များ ဖော်ပြထားချက်
- အလံတိုင်နှင့် ကျောင်းဆိုင်းဘုတ်နေရာ
- အမှိုက်စွန့်ပစ်ရန် နေရာ
- လျှပ်စစ်မီး သွယ်တန်းရရှိနိုင်မှု

## ဆောက်လုပ်ရန် မြေနေရာ ပြင်ဆင်ရာတွင် စိစစ်ရမည့် အချက်အလက် စာရင်း

- အန္တရာယ်ရှိနိုင်ခြေ များသော နေရာများတွင် ကျောင်း ဆောက်လုပ်ခြင်း ရှောင်ကြဉ်ပါ။

- လုပ်ငန်းခွင်နေရာ အသေးစိတ် စိစစ်ခြင်းကို အလေးထား ဆောင်ရွက်ပါ။
- ဆောက်လုပ်မည့်နေရာတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ဖော်ထုတ်ပါ။(ဘေးအန္တရာယ်ပြ မြေပုံ)
- လိုအပ်သော တည်ဆောက်ရေး လုပ်ငန်းကို ရှင်းလင်းစွာ ဖော်ပြထားသော လုပ်ငန်းခွင်နေရာပုံစံအား ပြင်ဆင်ထားရှိပါ။
- ပြင်ဆင်ထားသည့် နေရာပြပုံစံအား သက်ဆိုင်ရာ ရပ်ရွာလူထု ပတ်သက်ပါဝင်သူများနှင့် ဆွေးနွေးတိုင်ပင်ပါ။
- သင့်လျော်သည့် စာသင်ကျောင်း ဒီဇိုင်းပုံစံသည် ဘေးအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိရမည် ဖြစ်ပြီး တည်နေရာပြ ပုံစံနှင့် ဘေးအန္တရာယ်များအရ ကိုက်ညီမှု ရှိရမည်။

**ထည့်သွင်းစဉ်းစားရန်မှာ -**

- မြေနေရာ ကိုးကားသုံးသပ်ချက် အသေးစိတ်စစ်တမ်းအား ကြိုတင်ပြင်ဆင်ခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် ကျောင်းများအားလုံးတွင် ပြုစုထားရမည်။
- အရည်အသွေးနိမ့် အဆောက်အအုံများနှင့် အသုံးပြု၍ မရနိုင်တော့သည့် အစုအပုံများကို စိစစ်နိုင်ရန် အလုံးစုံ ပါဝင်သော စီမံကိန်း တစ်ခု ပြင်ဆင်ထားရမည်။

## အဆင့် ၅ - ဆောက်လုပ်ရန် လျှောက်ထားခြင်း

အသစ်ထပ်မံဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောက်ရွက်နိုင်ရန် အခြေခံပညာဦးစီးဌာနမှ လျှောက်လွှာပုံစံ(၁) (နောက်ဆက်တွဲ ၂ တွင် ကြည့်ပါ) ကို အသုံးပြုပါ။ ၎င်းလျှောက်လွှာကို ကျောင်းမှ ဖြည့်စွက်ပြီး အခြေခံပညာဦးစီးဌာနသို့ တင်ပြပေးရမည်။
လျှောက်ထားသည့် ကျောင်းအနေဖြင့် အခြေခံပညာဦးစီးဌာန၏ လျှောက်လွှာပုံစံ (၁) အပြင် အောက်ဖော်ပြပါ စာရွက်စာတမ်းနှင့် အချက်အလက်များအားလည်း ပူးတွဲတင်ပြရန် လိုအပ်သည်။

- လက်ရှိ စာသင်ကျောင်းအဆောက်အအုံ၏ အခြေအနေ
- စာသင်ကျောင်းမြေနေရာ၏ ပိုင်ဆိုင်မှုအထောက်အထား (ပုံစံ ၁၀၅ သို့မဟုတ် လန ၃၉)
- သက်ဆိုင်ရာဌာန၏ ထောက်ခံချက် (အုပ်ချုပ်ရေးမှူးရုံး)

## အဆင့် ၆ - ခွင့်ပြုချက် ရရှိရေး

## ဆောင်ရွက်ရန် အဆင့်ဆင့်

မြို့နယ်ပညာရေးမှူးသည် တင်သွင်းလာသော လျှောက်လွှာအား ပြန်လည် သုံးသပ်ပြီး သဘောတူ ထောက်ခံပေးသည်။ မြို့နယ်ပညာရေးမှူးသည် လျှောက်လွှာများကို စစ်ဆေးပြီး ဦးစားပေးအဆင့်များကို ခွဲခြားသတ်မှတ်ပေးသည်။ ဦးစားပေးအဆင့် သတ်မှတ်နည်းမှာ -

▶ **ကျောင်းအဆောက်အအုံ မှတ်တမ်းများ ပြုစုခြင်း -**
ကျောင်းတိုင်းတွင် အဆောက်အအုံများ အခြေအနေ အသေးစိတ်အား မှတ်တမ်းပြုစုထားခြင်း သို့မဟုတ် ပိုင်ဆိုင်မှု စီမံခန့်ခွဲသည့် စနစ်ထားရှိခြင်းသည် ထိရောက်သည့် ကြိုတင်ပြင်ဆင်နည်းဖြစ်သည်။
ဆောက်လုပ်ရေး လုပ်ငန်းအား ဦးစားပေးပြီး ပြင်ဆင်ထားနိုင်ရန် ကျောင်း၏ လိုအပ်ချက်၊ တည်နေရာများနှင့် အခြေခံအဆောက်အအုံအခြေအနေများ၊ စစ်တမ်းကောက်ထားမှုအား ဘေးအန္တရာယ် အချက်အလက်များနှင့် ချိတ်ဆက်နိုင်သည်။
အရင်းအမြစ်များသည် လိုအပ်ချက် အများဆုံးသော ဧရိယာကို ဦးတည်၍ ဖြည့်ဆည်းပေးရမည်။ ဒေသတွင်း၊ ခရိုင်တွင်းနှင့် ကျောင်းများအကြား ဦးစားပေးမှုနှင့် ရွေးချယ်မှုလုပ်ငန်းစဉ်ကို မြင်သာထင်သာ ရှိအောင် ဆောင်ရွက်ရမည်။

- ဦးစားပေးအဆင့် (၁) - ရှိပြီးစာသင်ကျောင်းသည် အန္တရာယ်ရှိသည့် အနေအထား ဖြစ်နေခြင်း။
- ဦးစားပေးအဆင့် (၂) - ရှိပြီး စာသင်ကျောင်းအခြေအနေသည် ဆိုးရွားနေခြင်း (ဥပမာ - စံသတ်မှတ်ထားသည့် စာသင်ခန်းပုံစံမဟုတ်ခြင်း၊ ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသည့် ပတ်ဝန်းကျင် အနေအထား၊ လုံခြုံဘေးကင်းမှု မရှိသည့် အခြေအနေ)။
- ဦးစားပေးအဆင့် (၃) - ရှိပြီးစာသင်ကျောင်းသည် တိုးပွားလာသော ကျောင်းသားဦးရေအား လက်ခံနိုင်သော အနေအထား မရှိခြင်း။

ခရိုင်ပညာရေးမှူးအား မတင်ပြမီ မြို့နယ်ပညာရေးမှူးသည် စာသင်ကျောင်းများမှ တင်သွင်းလာသော လျှောက်လွှာများ အားလုံးကို စစ်ဆေး ပေါင်းစည်းပေးရမည်။ ၎င်းနောက် ထိုလျှောက်လွှာများကို ပြည်နယ်/တိုင်း ပညာရေးရုံးမှ ပြန်လည် စီစစ်ပြီး အတည်ပြုပေးသည်။ အခြေခံပညာဦးစီးဌာန အင်ဂျင်နီယာအဖွဲ့မှ တင်ပြလွှာများကို စစ်ဆေးပြီး ဦးစားပေးများ သတ်မှတ်သည်။ အတည်ပြုလိုက်သည့် လျှောက်လွှာများအတွက် ရံပုံငွေများ ခွဲဝေချထားပေးသည်။

## အဓိကကျသည့် အချက်များ

- စာသင်ကျောင်း အဆောက်အအုံအား ကြိုတင်ပြင်ဆင် စီစဉ်ရာတွင် လိုအပ်သည့် အသေးစိတ်စိစစ်မှု များကို ဆောင်ရွက်ပါ။ သို့မှသာ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် ဆိုးကျိုးသက်ရောက်မှုများအား စောစီးစွာ ဖော်ထုတ်နိုင်ပြီး အသုံးစရိတ်အား လျှာထားသတ်မှတ်နိုင်မည်။ ထိခိုက်ဆုံးရှုံးနိုင်ခြေ ကြီးမား ပါက ဘေးအန္တရာယ် အနည်းဆုံးသော နေရာကို ရွေးချယ်ပါ။
- ကြိုတင်ပြင်ဆင်စဉ်အတွင်း ရပ်ရွာလူထု၊ ပါဝင်ပတ်သက်သူများနှင့် အမြဲတမ်း ဆွေးနွေးတိုင်ပင်ပါ။
- စာသင်ကျောင်း တစ်ကျောင်းချင်းစီအတွက် အဆောက်အအုံများ အခြေအနေ အချက်အလက်များ ပါဝင်သော ပိုင်ဆိုင်မှုမှတ်တမ်း ထားရှိခြင်းသည် အရေးကြီးပြီး ထိရောက်သောကြိုတင်ပြင်ဆင်နည်း ဖြစ်သည်။ ၎င်းအချက်အလက်များအား ဘေးအန္တရာယ် အချက်အလက်များနှင့် ချိတ်ဆက်ကာ ဦးစားပေးများ သတ်မှတ်ပြီး ဆောက်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်စီစဉ် နိုင်သည်။



# အခန်း (၃) ဒီဇိုင်းပုံစံ

စာသင်ကျောင်းများအား မြေငလျင်၊ ဆိုင်ကလုံးနှင့် ရေလွှမ်းမိုးမှုစသည့် သဘာဝဘေးအန္တရာယ် ခံနိုင်သည့် ကလေးပျော်နေရာ တစ်ခုအနေဖြင့် ဒီဇိုင်းရေးဆွဲရမည်။ ယခုအခန်းသည် ဘေးအန္တရာယ်ခံနိုင်သည့် ဒီဇိုင်း လိုအပ်ချက်များ၊ ကျောင်းဖွဲ့စည်းပုံအပြင်အဆင်နှင့် ဒီဇိုင်းများသည် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မည်သို့ တိုးတက်ကောင်းမွန်စေသည်တို့ကို ဖော်ပြထားပါသည်။ ကျောင်းအဆောက်အအုံနှင့် အခြားသော အခြေခံအဆောက်အအုံတို့ ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် ရေ၊ သန့်ရှင်းမှုနှင့် အမှိုက်စွန့်ပစ်ခြင်း ဆိုင်ရာများကို ထည့်သွင်းပြီး ဆုံးဖြတ်ချက်ချနိုင်စေမည့် အချက်များကိုလည်း ဖော်ပြထားရှိပါသည်။

▶ အရေးကြီး - ယခုလမ်းညွှန်စာအုပ်သည် ဘေးအန္တရာယ်အားလုံး နှင့် ဒီဇိုင်းပုံစံ ဖြစ်နိုင်ချေ အညွှန်း အားလုံးအတွက် ခြုံငုံညွှန်ပြထားခြင်း မရှိပါ။ ဤလမ်းညွှန်စာအုပ်နှင့်အတူ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာကျင့်သုံးရမည်။ ဒီဇိုင်းရေးဆွဲရန်အတွက် ကျွမ်းကျင်သူ ဒီဇိုင်းပညာရှင်ဖြင့်သာ ဆောင်ရွက်သင့်ပါသည်။

လမ်းညွှန်စာအုပ်နောက်ဆက်တွဲ (၄) တွင် ယာယီခိုလှုံရာ အဆောက်အအုံ/ စာသင်ကျောင်း ဒီဇိုင်းပုံစံအား ဥပမာ ပြထားသည်။

# စာသင်ကျောင်းဝင်း ဒီဇိုင်းပုံစံ

| | |
|---|---|
| **ဒီဇိုင်းပုံစံ စဉ်းစားခြင်း** | ဒီဇိုင်းရေးဆွဲမှု မစတင်မီ လုပ်ငန်းခွင်အတွင်း သို့မဟုတ် ကျောင်းဝင်းအတွင်း ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များကို ဖော်ထုတ်ပေးရမည်။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းခွင်အတွက် ဒီဇိုင်းပုံစံနှင့် ပတ်သက်သော ဆုံးဖြတ်ချက် မချမီ ဖြစ်နိုင်ချေရှိသည့် အန္တရာယ်ဆိုးကျိုးများ ကို ဒီဇိုင်းရေးဆွဲသူမှ နားလည် သဘောပေါက်ရန် လိုအပ်သည်။ |
| **စွမ်းဆောင်ရည် ရည်မှန်းချက်များ သတ်မှတ်ခြင်း** | ကျောင်းတစ်ကျောင်း၏ ဒီဇိုင်းကို ရေးဆွဲရာတွင် ပထမဆုံး အဆင့်မှာ ဘေးအန္တရာယ် ဖြစ်နေစဉ်အတွင်း အဆောက်အအုံအား မည်သို့ဖြစ်ရန် မျှော်မှန်းထားသည်ကို သတ်မှတ် ပြဌာန်းရန် ဖြစ်ပါသည်။ အနည်းဆုံးအဆင့်အားဖြင့် ကျောင်းတစ်ကျောင်းအား အသက်အန္တရာယ်ကိုကယ်တင်နိုင်ရန်အလို့ငှာ ဒီဇိုင်းရေးဆွဲထားသင့်ပါသည်။ ဥပမာ - ဆိုင်ကလုံးဒဏ်၊ လျှပ်ဒဏ်ကို အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံ တစ်ခုဖြစ်အောင် ဒီဇိုင်းဆွဲထားခြင်း ဖြစ်သည်။ အသက်ကယ်နိုင်သည့် ဒီဇိုင်းပုံစံများဖြစ်လျှင် ဘေးအန္တရာယ်ကြုံလာပါက ပြိုကျမည် မဟုတ်သော်လည်း အဆောက်အအုံများသည် အထိုက်အလျောက် အပျက်အစီး ရှိပေမည်။<br>အသက်ကယ်နိုင်လောက်သည့် စွမ်းဆောင်ရည်ရှိရုံဖြင့် လုံလောက်မှု မရှိသေးပေ။ ပိုမိုကောင်းမွန်သည့် ရည်ရွယ်ချက်များဖြစ်သည့် ဆိုင်ကလုံးဒဏ် ယာယီခိုလှုံရာနေရာ (သို့မဟုတ်) ဘေးအန္တရာယ် ဖြစ်ပြီးပြီးချင်း ချက်ချင်း ခိုလှုံရာနေရာ အဖြစ် ဆောင်ရွက်နိုင်လျှင် ပိုမိုသင့်တော်မည် ဖြစ်ပြီး ရေရှည်အားဖြင့် ပို၍ ထိရောက် အကျိုးရှိမည် ဖြစ်သည်။ ဥပမာ - ရေကြီးတတ်သည့် ဒေသများတွင် စာသင်ကျောင်းများအား ခြေတံရှည်အမြင့် ဆောက်လုပ်ထားခြင်းဖြင့် ရေလွှမ်းမိုးသော်လည်း အဆောက်အအုံ အစိတ်အပိုင်းများ မထိခိုက်ဘဲ ရှိနေနိုင်သည်။ ပိုမိုမြင့်မားသည့်စံနှုန်းဖြင့် ဆောက်လုပ်ထားခြင်း ဖြင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် ဘေးအန္တရာယ် ကြုံတွေ့ပြီးနောက်ပိုင်း ကျောင်းသားများ ကျောင်းသို့ ချက်ချင်း ပြန်လည် တက်ရောက်နိုင်မည်။ |
| **သင့်လျော်သည့် ဖွဲ့စည်းပုံ အပြင်အဆင်** | ကျောင်းဖွဲ့စည်းပုံအပြင်အဆင်နှင့် အဆောက်အအုံများသည် ကျောင်းသားများ ပညာသင်ယူမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အကျယ်အဝန်းနှင့် နေရာအပြင်အဆင် ရှိသင့်သည်။ အနာဂတ်တွင် ကျောင်းတိုးချဲ့ လာနိုင်ခြင်း နှင့် စာသင်ခန်းသစ်များ မည်သည့်နေရာတွင် တိုးချဲ့နိုင်သည်ကို ကြိုတင်စဉ်းစား တွေးတော ထားရမည်။ မည်သည့်အတန်းမဆို သင်ကြားနိုင်သော၊ အချိန်နှင့်ခွဲ၍ သင်ကြားနိုင်သော၊ သင်ရိုးညွှန်းတန်းများ အလိုက် သင်ကြားနိုင်သော စာသင်ခန်းအရွယ်အစားအား စဉ်းစားသင့်သည်။ |
| **အန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ** | အန္တရာယ်ဖြစ်နိုင်ချေများသည့် နေရာများတွင် တည်ဆောက်ခြင်းကို ရှောင်ကြဉ်ပါ။ တည်ဆောက်ထားသည့် ဒီဇိုင်းသည် ဘေးအန္တရာယ်နှင့် ၎င်းတို့၏ ဆိုးကျိုးများကို ခံနိုင်ရည် ရှိစေခြင်း၊ ကျောင်းဝင်း အတွင်းအပြင်တွင် မီးဘေးအန္တရာယ် ဖြစ်နိုင်ချေ၊ အရေးပေါ်ဝန်ဆောင်မှုများ ဝင်ရောက်ရန် လမ်းကြောင်းအဆင်ပြေစေရေး အစရှိသည် တို့အတွက်လည်း စဉ်းစားပေးထားရမည် ဖြစ်သည်။ |
| **တည်နေရာ** | သာမန်စည်းမျဉ်းအနေဖြင့် အဆောက်အအုံအား အရိပ်ရ အေးချမ်းစေရန် အရှေ့အနောက် တန်းလျက် တည်ဆောက်သင့်သည်။ |

| | |
|---|---|
| | အဆောက်အအုံ တည်နေရာလမ်းညွှန်ချက် အသေးစိတ်ကို နောက်ဆက်တွဲတွင်အသေးစိတ် လေ့လာနိုင်ပါသည်။<br><br><br>အရှေ့ - အနောက်တန်း ကျောင်းဆောင်များသည် နေရောင်ထိ ဧရိယာနည်းပါးသည်။<br><br><br>တောင် - မြောက်တန်း ကျောင်းဆောင်များသည် နေရောင်ထိ ဧရိယာများပါသည်။ |
| **ကျား-မ ကွဲပြားမှုကို လက်သင့်ခံနိုင်မှု** | ကလေးပျော်စံပြ စာသင်ကျောင်းများတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် သီးခြား အသုံးအဆောင်များကို ပံ့ပိုးထားသင့်သည်။ ဥပမာ - ကစားကွင်းများ၊ အိမ်သာများ နှင့် လက်ဆေးရန် အသုံးအဆောင်များ တို့ ဖြစ်သည်။ |
| **အားလုံး ဝင်ထွက် သွားလာနိုင်ခြင်း** | စာသင်ကျောင်းတစ်ခုလုံးအား သန်စွမ်းသည့်ကလေး သာမက မသန်စွမ်းသည့် ကျောင်းသား၊ ဆရာများ နှင့် ဧည့်သည်များပါ လွယ်ကူစွာ သွားလာ အသုံးပြုနိုင်ရပါမည်။ |
| **ဒေသတွင်း သင့်လျော်မှု ရှိခြင်း** | ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းစဉ်များတွင် ရပ်ရွာလူထု ပါဝင်ဆောင်ရွက်နိုင်ရမည်။ ဖွဲ့စည်းပုံအပြင်အဆင်သည် ဓလေ့ထုံးတမ်းစဉ်လာအရ သင့်လျော်မှန်ကန်ရမည်။ |
| **ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု** | ဖွဲ့စည်းပုံ အပြင်အဆင်များသည် ဒေသတွင်း ပတ်ဝန်းကျင်များကို ထိခိုက်ပျက်စီးမှု မရှိစေရပါ။ သစ်ပင်များနှင့် ရေရနိုင်သည့် အရင်းအမြစ်များကို အကာအကွယ်ပေးရမည်။ |
| **လုံခြုံဘေးကင်းသည့် ပတ်ဝန်းကျင်** | လုံခြုံသည့် ဝန်းထရံအကာများ၊ နံရံများ ကာရံပြီး ကျောင်းဝန်းအတွင်း ကျောင်းချိန်အတွင်း သာမက ကျောင်းချိန် ပြင်ပတွင် ဧည့်သည်များ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမှ ထိန်းသိမ်းနိုင်ရမည်။ အဆောက်အအုံများသည် လုံခြုံဘေးကင်းရမည်။ |
| **ရှုခင်းများ** | ဒေသရှိ သစ်ပင်များ၊ ချုံပုတ်များ နှင့် ပန်းများ ကို ကျောင်းဝင်းအတွင်း နေရောင်ကာကွယ်ရန်၊ ဖုန်များ အသံများ လျော့ချရန်၊ အရိပ်ရစေရန် စိုက်ပျိုးထားသင့်သည်။ အစာထုတ်လုပ်ပုံ၊ သစ်ပင်ထိန်းသိမ်းပုံ အကြောင်းကို ကလေးသူငယ်များအား သင်ကြားရာတွင် ယင်းတို့အား အသုံးချ၍ ရပါသည်။ |

# သွားလာရ လွယ်ကူအဆင်ပြေသည့် စာသင်ကျောင်း ဖြစ်စေရန် ဆောင်ရွက်ပုံ

## နမူနာဒီဇိုင်း ထည့်သွင်းစဉ်းစားချက်များ

| | |
|---|---|
| **မြေညီထပ်ရှိ စာသင်ခန်းများသို့ ဝင်ထွက်သွားလာနိုင်ခြင်း** | ဘီးတပ်ကုလားထိုင်သုံး မသန်စွမ်းသူများ၊ မျက်စိမမြင်သူများနှင့် အမြင်အာရုံ အားနည်းသူများလည်း ကျောင်းဝင်းအတွင်း ဝင်ထွက်သွားလာနိုင်ရမည်။<br>▶ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဌာန်းချက် ၂၀၁၂) ကို ကိုးကားပါ။<br>သင်ကြားရေး၊ အုပ်ချုပ်ရေး နှင့် ဘုံအသုံးပြု သည့် နေရာများကို ဘီးတပ်ကုလားထိုင် သုံးစွဲရသည့် မသန်စွမ်းများဝင်ထွက်သွားလာနိုင်ရမည်။ မြေညီထပ်တွင် ဆင်ခြေလျှောများ ပြုလုပ်ပေးထားရမည်။ စာသင်ခန်းများဆီသို့ တစ်ပြေးညီ ဝင်ထွက်လမ်းများ ပြုလုပ်ပေးရမည်။ တံခါးများသည် ဘီးတပ်ကုလားထိုင်အသုံးပြုနိုင်ရန် အနည်းဆုံး ၃ ပေ (၀.၉ မီတာ) ကျယ်ရမည်။ |
| **အိမ်သာနှင့် အိမ်သာသုံးရေ** | မသန်စွမ်းသူများ အသုံးပြုရ လွယ်ကူစေမည့် အသုံးအဆောင်များပါသော အိမ်သာအား အသစ်ဆောက်လုပ်ခြင်း သို့မဟုတ် ရှိပြီးသားနေရာတွင် ယင်းအချက်များ အား ဖြည့်စွက်ဆောက်လုပ်ပေးရမည်။ အိမ်သာသို့ သွားရလာရ လွယ်ကူသော လမ်းများလည်း ဆောက်လုပ်ရမည်။ |
| **လျှောက်လမ်း နှင့် ဘေးလျှောက်လမ်း** | မြေပြင်ညီ သို့မဟုတ် ဆင်ခြေလျှော လျှောက်လမ်းများ (အများဆုံး လျှောစောက် ၁၀% ထက်မပိုရ) နှင့် ဘေးလျှောက်လမ်းများကို မြေညီထပ်တွင် ထားပေးရမည်။ လျှောက်လမ်းအနီး / လျှောက်လမ်းကို ဖြတ်၍ စီးဆင်းနေသော ရေဆင်းမြောင်းအား ဖုံးအုပ်ပေးထားရမည်။ လျှောက်လမ်းများတွင် အကျိုးအပဲ့များ ရှိမနေစေရပါ။ |
| **လှေကားအုံ** | လှေကားအုံနှစ်ဖက်စလုံးတွင် လက်ကိုင်တန်းများ ထားပေးရမည်။ ကျိုးပျက်နေသည့် လှေကားထစ်များကို ပြုပြင်ပေးရမည်။ လုံလောက်သည့် အလင်းရောင် ရရှိရန် စီမံထားပေးရမည်။ |
| **လမ်းညွှန်အမှတ်အသား နှင့် အရောင်** | လမ်းညွှန်အမှတ်အသားများကို ဖတ်ရှုရလွယ်ကူအောင် ထားရမည်။ အရောင်၊ အလင်းအမှောင်နှင့် ဖြစ်နိုင်လျှင် မျက်မမြင်စာ အသုံးပြုပါ။ |

**▶ အရေးကြီး - ထပ်မံလမ်းညွှန်ချက်များ**

- ACCESSIBILITY DESIGN GUIDE (AUSAID)
- မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဌာန်းချက် ၂၀၁၂)

# ကျောင်းဝင်း အရွယ်အစားနှင့် ဖွဲ့စည်းပုံအပြင်အဆင်

ကျောင်းပတ်ဝန်းကျင်သည် ကလေးပျော်စံပြနေရာတစ်ခု ဖြစ်ရသည့်အလျောက်၊ ကလေးသူငယ်များကို စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ်ချက်များကိုပံ့ပိုးပေးထားရမည်။ ဆိုလိုသည်မှာ - အသုံးအဆောင် ပစ္စည်းများသည် သမရိုးကျ ပညာသင်ကြားမှု ပတ်ဝန်းကျင် နှင့် ကလေးသူငယ်များအပြန်အလှန် သဟဇာတရှိမှုအား အထောက်အကူဖြစ်စေမည့် လူမှုရေးဆိုင်ရာ ချမှတ်ထားခြင်းဖြစ်သည်။ ဒီဇိုင်းရေးဆွဲသူက ကျောင်း၏ လိုအပ်ချက်၊ နေရာအရွယ်အစားနှင့် အကန့်အသတ်ရှိမှုတို့ကို နားလည်ပြီးအဓိက စည်းမျဉ်းများကို အသုံးချလျက် ကျောင်းအတွက် အကောင်းဆုံးဖြစ်မည့် ဖွဲ့စည်းပုံ အပြင်အဆင်များအား ဆုံးဖြတ်ရေးဆွဲပေးရမည်။ စာသင်ကျောင်းများတွင် ယေဘု ယျ နေရာဖွဲ့စည်းပုံအား မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ နှင့်အညီ အောက်တွင် နမူနာ ဖော်ပြထားသည်။ ထို U ပုံသဏ္ဌာန် နေရာချထားမှုမှာ နေရာကိုထိရောက်စွာ အသုံးပြုနိုင်ပြီး ဟင်းလင်းပြင်နေရာ (နေရာလွတ်) ကိုလည်း ဖန်တီးပေးနိုင်သည်။ ၎င်းတို့အား ကျောင်းဝင်းဖွဲ့စည်းပုံအပြင်အဆင် ဒီဇိုင်းပြုလုပ်ရာတွင် အခြေခံအဖြစ် အသုံးပြု နိုင်သည်။

**ကျောင်း အဆောက်အအုံဖွဲ့စည်းပုံအပြင်အဆင် နမူနာများ**

<table>
<tr><td>မူလတန်းကျောင်း<br><br>စာသင်ခန်းများ<br><br>အိမ်သာများ</td><td></td><td rowspan="3">စာသင်ခန်းများ<br><br>အိမ်သာများ<br><br>ကစားကွင်း<br><br>ကျောင်းဝင်း<br><br>အခြေခံသဘောတရား - စာသင်ဆောင်၏ အလျားသည် အနံ၏ ၃ ဆ ထက် ပို၍ မရှည်ရ။ အဆောင်တစ်ခု၏ စုစုပေါင်း အရွယ်အစားသည် အခြားအဆောင်နှစ်ခု၏ အရွယ်အစားထက် သေးလွန်းခြင်း (သို့မဟုတ်) ကြီးလွန်းခြင်းဖြစ်လျှင် လျှင်ဒဏ်ကို ကောင်းစွာခံနိုင်မည် မဟုတ်ချေ။<br><br>ကြံ့ခိုင်သော ဒီဇိုင်း နေရာဖွဲ့စည်းပုံအတွက် အဆောက်အအုံဆိုင်ရာ အင်ဂျင်နီယာများ၏ အကြံဉာဏ်အား ရယူပါ။</td></tr>
<tr><td>အလယ်တန်းကျောင်း<br><br>စာသင်ခန်းများ<br><br>အိမ်သာများ</td><td></td></tr>
<tr><td>အထက်တန်းကျောင်း<br><br>စာသင်ခန်းများ<br><br>အိမ်သာများ</td><td></td></tr>
</table>

### နေရာအပြင်အဆင် အရွယ်အစား လမ်းညွှန်

| | |
|---|---|
| **ကစားကွင်း** | ကျောင်းသား၅၀၀ အထက် ရှိသည့် ကျောင်းများ အားလုံးတွင် ၂၀,၀၀၀ စတုရန်းပေ (၁,၈၅၈ စတုရန်းမီတာ) |
| **ရေ မိလ္လာသန့်ရှင်းရေး အသုံးအဆောင်များဖြင့် အိမ်သာများ** | ကျောင်းသား ၄၀ လျှင် အိမ်သာတစ်လုံးနှုန်း |
| **မုန့်ဈေးတန်း** | ကျောင်းသားတစ်ယောက်လျှင် ၁၂ စတုရန်းပေ (၁.၁ စတုရန်းမီတာ) အကျယ်နှုန်းအားဖြင့် ၂၅% သော ကျောင်းသားများ ဝင်ဆံ့နိုင်ရန် လုံလောက်သည့် အကျယ်အဝန်း ရှိရမည်။ |

**▶ အရေးကြီး - ထပ်မံ လမ်းညွှန်ချက်များ ကို ကိုးကားရန်**

- မြန်မာနိုင်ငံ ကျေးလက်ဒေသများအတွက် သဘာဝဘေးလျော့ချရေးကိုပညာရေးကဏ္ဍတွင် ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်ရေး လမ်းညွှန်။
- အာဆီယံဒေသတွင်း စာသင်ကျောင်းများ အလုံးစုံ လုံခြုံဘေးကင်းရေးဆိုင်ရာ ဘုံ မူဘောင်။
- မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဋ္ဌာန်းချက် ၂၀၁၂)။

# စာသင်ခန်း ဒီဇိုင်းပုံစံ

### အစုအဖွဲ့များနှင့် စာသင်ခန်းများ

စာသင်ခန်းများသည် ကျောင်းသားဦးရေ အများဆုံးလုံလောက်သည့် နေရာအကျယ်အဝန်း ရှိရန်လိုအပ်သည် (အောက်ဖော်ပြပါ ဇယားကြည့်ရန်)။ ကျေးရွာငယ်များတွင် စာသင်ခန်းများသည် အတန်းပေါင်းစုံ သင်ကြားနိုင်ရန် သင့်တော်လုံလောက်သောနေရာရှိရမည်။ စာသင်ခန်းတစ်ခန်းသည် သူ့သက်တမ်းအတွင်း ကျောင်းသားများအတွက် သင်ကြားရေး နည်းစနစ်များ ပြောင်းလဲသင်ကြားနိုင်ရန် လုံလောက်သည့် နေရာအကျယ်အဝန်း ရှိရမည်။
ကျောင်းသားများ၏ အသက်အရွယ်အလိုက် အဆင့်အလိုက် အနည်းဆုံး လိုအပ်သည့် ကြမ်းခင်းအကျယ်အဝန်းသည် သက်ဆိုင်ရာပညာရေးအာဏာပိုင်များမှ သီးခြားသတ်မှတ်ထားခြင်း မရှိလျှင် အောက်ပါ သတ်မှတ်ချက်များအတိုင်း ဖြစ်ရမည်။

### စာသင်ခန်းအတွင်း လိုအပ်သည့် ကြမ်းခင်းဧရိယာ (MNBC ယာယီပြဋ္ဌာန်းချက် ၂၀၁၂ အရ)

| အတန်း | ကျောင်းသားအရေအတွက် (တစ်ခန်းလျှင်) | အနည်းဆုံး စာသင်ခန်းဧရိယာ | အနိမ့်ဆုံး စာသင်ခန်းအမြင့် |
|---|---|---|---|
| မူကြို | ၁၅ | ၄၅၀ စတုရန်းပေ (၄၂ စတုရန်းမီတာ)<br>(ကစားစရာနေရာနှင့် နားနေရန်နေရာ အပါအဝင်)<br>တစ်ယောက်လျှင် ၃၀ စတုရန်းပေ (၂.၈ စတုရန်းမီတာ) | ၉.၅ ပေ (၂.၉ မီတာ) |

| | | | |
|---|---|---|---|
| မူလတန်း | ၂၅ | ၂၀ ပေ x ၂၄ ပေ (၆.၁ မီတာ x ၇.၃ မီတာ)<br>တစ်ယောက်လျှင် ၂၅ စတုရန်းပေ<br>(၂.၃ စတုရန်းမီတာ) | ၉.၅ ပေ (၂.၉ မီတာ) |
| အလယ်တန်း | ၄၀ | ၃၀ ပေ x ၂၄ ပေ (၉.၁ မီတာ x ၇.၃ မီတာ)<br>တစ်ယောက်လျှင် ၂၀ စတုရန်းပေ<br>(၁.၉ စတုရန်းမီတာ) | ၁၀.၅ ပေ (၃.၂ မီတာ) |
| အထက်တန်း | ၄၀ | ၃၀ ပေ x၂၄ ပေ (၉.၁ မီတာ x ၇.၃ မီတာ)<br>တစ်ယောက်လျှင် ၂၀ စတုရန်းပေ<br>(၁.၉ စတုရန်းမီတာ) | ၁၀.၅ ပေ (၃.၂ မီတာ) |

## စာသင်ခန်းတွင်း အပြုသဘောဆောင်သည့် သင်ကြားရေး ဝန်းကျင်ဖန်တီးခြင်း

စာသင်ခန်း ဒီဇိုင်းများနှင့် အခန်းဖွဲ့အပြင်အဆင်များသည် ဆရာများ သင်ကြားရေးနည်းမျိုးစုံ (အားလုံးပါဝင်သည့် သင်ကြားရေး၊ အုပ်စုဖွဲ့သင်ကြားခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းများနှင့် တစ်ခန်းလုံးပါဝင်သည့် လှုပ်ရှားမှုများ) အထောက်အကူပြုစေရန် ကျောင်းပရိဘောဂများကို ပြောင်းလဲနေရာချထားနိုင်ခွင့်ရှိရမည်။ အခန်းဖွဲ့အပြင်အဆင်များတွင်

- ပရိဘောဂများအား ကောင်းမွန်စွာ နေရာချထားခြင်း၊ မသန်စွမ်း ကျောင်းသားများ အတွက် လိုအပ်ချက်များအား ထည့်သွင်းစဉ်းစားခြင်း၊ ဆရာများအတွက် နေရာ ထည့်သွင်းစဉ်းစားခြင်း၊
- ဆရာနှင့် ကျောက်သင်ပုန်းဆီသို့ ကောင်းမွန်သော မြင်ကွင်း လမ်းကြောင်းရှိရမည်။ သင်ပုန်း (၂) ချပ် နှင့် စာအုပ်များ ထည့်ထားရန် ဗီဒိုတစ်လုံး ကို စာသင်ခန်းတိုင်းတွင် ထားသင့်သည်။
- ပြုပြင်ပြောင်းလဲလွယ်သည့် စာသင်ခန်းအပြင်အဆင် - ဘီးတပ်ကုလားထိုင်သုံးသူများ လည်း ကျောက်သင်ပုန်း အနီးသို့ လာရောက်နိုင်ရမည် (သင်ကြားရေးစင်မြင့် ထားရှိမည့်အစား)။

ဆောက်လုပ်ရေးလုပ်ငန်းအတွင်း အပိုကုန်ကျငွေ မရှိဘဲ (သို့မဟုတ်) အနည်းငယ်မျှဖြင့် အောက်ပါတို့ကို ပါဝင်အောင် ဒီဇိုင်းရေးဆွဲထားနိုင်သည်။

- စာဖတ်ရန် နေရာ - ခုံတန်းလျားများနှင့် တွဲပြီးဆောက်လုပ်ထားသော ထောင့်ချိုး နေရာ များနှင့် ခင်းကျင်းပြသသည့် နေရာများ (၎င်းတို့သည် စာကြည့်တိုက် ဖွင့်ပေးထားခြင်းထက် ပို၍ကုန်ကျစရိတ် သက်သာပြီး စာဖတ်ခြင်း အကျိုးရလာဒ်များ တိုးတက်လာစေသည်။)
- စာအုပ်များနှင့် သင်ကြားရေးပစ္စည်းများ သိမ်းဆည်းရန် နေရာများ
- ချိတ်ဆွဲ၍ ပြသထားနိုင်ရန်အတွက် စာသင်ခန်း နံရံများတွင် တပ်ဆင်ထားသော အပ်စိုက်ဘုတ်ပြား၊ အသေတွဲထားသည့် ချိတ်၊ သစ်သားတန်း များ
- ဒေသခံအနုပညာဖန်တီးသူများမှ မြေပုံများ (သို့မဟုတ်) အက္ခရာများအား ခင်းခြင်း/ကပ်ခြင်းဖြင့် ဖော်ပြထားသော ပိုစတာများ

▶ ဆန်းသစ်တီထွင်မှုနှင့် အလုံးစုံ သင်ကြားရေး ဆိုင်ရာ ချဉ်းကပ်မှုများကို မြှင့်တင်ပေးသော မြန်မာနိုင်ငံ ပညာရေး ပြုပြင်ပြောင်းလဲမှုအား မှီငြမ်းပါ။

## အလင်းရောင်ရရှိရေးနှင့် လေဝင်လေထွက် အတွက် ညွှန်ကြားချက်

| | |
|---|---|
| **သဘာဝအလင်းရောင် နှင့် ပြတင်းပေါက်** | သဘာဝအလင်းရောင် ကို စာသင်ခန်းအတွင်း အများဆုံး အသုံးချပါ။ ပြတင်းပေါက် ဧရိယာသည် ကြမ်းခင်းဧရိယာ၏ ၃၀% အနည်းဆုံး ရှိသင့်သည်။ ပြတင်းပေါက်များလွန်းလျှင်လည်း အဆောက်အအုံ ၏ ကြံ့ခိုင်မှုကို အားနည်းစေသည်။ ကျောက်သင်ပုန်းအား ပြတင်းပေါက် နှင့် မျက်နှာချင်းဆိုင် ထားခြင်းမှ ရှောင်ကြဉ်ပါ။ ထိုသို့ထားရှိပါက အလင်းပြန်မှုကြောင့် ကျောက်သင်ပုန်းပေါ်မှ စာများ ဖတ်ရခက်ပေမည်။<br>**အရေးကြီး** - အပေါက်များသည် အဆောက်အအုံ၏ မြေငလျင်ဒဏ်ခံနိုင်စွမ်းကို လျော့နည်းစေသည်။<br>▶ တံခါးများနှင့် ပြတင်းများ လမ်းညွှန်ကို ဖတ်ရန်။ |
| **လေအဝင်အထွက် န ှင့် အပူချိန်**<br> | ပြတင်းပေါက်တည်နေရာ၊အဖွင့်အပိတ်၊ အရိပ်၊ အမိုးအကာ၊ ဝရံတာနှင့် အခြားသောနည်းစနစ်များမှာ မြင်ကွင်းဝါးခြင်းနှင့် အပူချိန်ကို လျှော့ချနိုင်မည် ဖြစ်သည်။ ပြတင်းပေါက်များအား မျက်နှာချင်းဆိုင်တွင် ထားရှိခြင်းဖြင့် လေအဝင်အထွက်ကို ပိုမိုရရှိစေသည်။ အနိမ့်မှအမြင့်သို့ ဖြတ်သန်းသည့် လေစီးကြောင်းသည် အမြဲတမ်း အကောင်းဆုံးဖြစ်သည်။<br>ရှည်လျားသည့် မျက်နှာစာကို မြောက်ဘက်တွင်ထားပြီး ပြတင်းပေါက်များကို တောင်ဘက်တွင် ထားသည့် တောင်-မြောက် မျက်နှာမူအနေအထားသည် အကောင်းဆုံးဖြစ်သည်။ အရှေ့-အနောက်တွင် ပြတင်းပေါက် ထားခြင်း ရှောင်ကြဉ်ပါ။ ထိုနစ်ဖက်တွင် အရိပ်ရအောင် ထားပါ။<br>စာသင်ခန်းများတွင် ဖွင့်၍ရသော ပြတင်းပေါက်များ လိုအပ်သည်။ အမိုးနှင့်နံရံ အပူစုပ် ပစ္စည်းများသည် ပူသည့် ရာသီဥတုတွင် စာသင်ခန်းအပူချိန်ကို လျှော့ချနိုင်ပြီး၊ အေးသည့် ရာသီတွင် စာသင်ခန်း အပူချိန်ကို ထိန်းညှိပေးနိုင်သည်။ အေးသည့် နေရာများတွင် ပြတင်းပေါက်များမှတဆင့် အလင်းရောင် ရရှိစေနိုင်ရမည်။ |
| **သစ်ပင်များ အသုံးချ ခြင်း**<br> | သစ်ပင်များ၊ သဘာဝပေါက်ပင်များအား အဆောက်အအုံ အရိပ်ရရန်နှင့် အအေးဓာတ် ထိန်းသိမ်းထားရန် ထားရှိရမည်။ သစ်ရွက်များသည် ပတ်ဝန်းကျင်အပူချိန်ကို တဖြည်းဖြည်း လျှော့ချပေးသည်။ သစ်ပင်များကို အဆောက်အအုံများနှင့် အလွန်နီးကပ်စွာ မရှိသင့်ချေ။ သစ်ပင်အမြစ်များသည် အဆောက်အအုံကို ဖျက်ဆီးနိုင်သည်။ လေပြင်းတိုက်သည့်အခါ သစ်ပင်ပြိုလဲကျနိုင်သည့် အန္တရာယ် ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ |

# အခြားသောပညာရေးအဆောက်အအုံများ ဒီဇိုင်းပုံစံနှင့် အဝင်အထွက်လမ်း

စာသင်ခန်းများအပြင် ကျောင်းရှိ အခြားသောအဆောက်အအုံနှင့် အခြေခံ အဆောက်အအုံတို့ကို ကောင်းမွန်သော ဆောင်ရွက်မှုရှိစေရန် ကျောင်းမှ စီမံထားသင့်သည်။ အသေးစိတ်ကို မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဌာန်းချက် ၂၀၁၂) တွင် ကိုးကားပါ။

**ကျောင်းအဆောက်အအုံနှင့် အဝင်အထွက် ဆိုင်ရာ ဒီဇိုင်းအချက်အလက်**

| ကျောင်း | ဒီဇိုင်းလိုအပ်ချက် |
|---|---|
| **အဆောက်အအုံများနှင့် အခန်းများ** | |
| **ကျောင်းအုပ်ကြီး ရုံးခန်း** | ကျောင်းအုပ်ကြီးရုံးခန်းတွင် စားပွဲ၊ ကုလားထိုင်နှင့် ဗီဒို ထားရှိရန် နေရာအကျယ်အဝန်း ရှိရမည်။ အနည်းဆုံး ရှိသင့်သည့် ကြမ်းခင်း အကျယ်အဝန်းမှာ ၁၄၀ စတုရန်းပေ ဖြစ်သည်။ (၁၃ စတုရန်းမီတာ) |
| **ဆရာ/ မ များ နားနေခန်း** | တစ်ခန်းလျှင် ဆရာ၊ဆရာမ အများဆုံး ၈ ယောက်၊ ဆရာမတစ်ဦးလျှင် ၈၀ စတုရန်းပေ (၇.၄ စတုရန်းမီတာ) ရှိရမည်။ အနည်းဆုံး ရှိသင့်သည့် ကြမ်းခင်း အကျယ်မှာ ၁၄၀ စတုရန်းပေ ဖြစ်သည်။ (၁၃ စတုရန်းမီတာ) |
| **ဆရာ/မ များ အဆောင်** | ဆရာ/မ တစ်ဦးလျှင် အနည်းဆုံး ၁၅၀ စတုရန်းပေ (၁၃.၉ စတုရန်းမီတာ) |
| **စုဝေးခန်းမ (အဆောက်အအုံ နှင့် သီးခြားခွဲထား)** | ပညာရေးအဆောက်အအုံ မှန်သမျှ စုဝေးရာနေရာ ရှိရမည်၊ ကျောင်းရှိ ကလေးငယ် ၅၀% အနည်းဆုံး ဆန့်သင့်ပြီး အနည်းဆုံး ရှိရမည့် ကြမ်းခင်း ဧရိယာမှာ ကလေးတစ်ဦးလျှင် ၇ စတုရန်း ပေ (၀.၆၅ စတုရန်းမီတာ) ဖြစ်သည်။ |
| **ကျောင်းသား/ သူ ဆောင်** | ကျောင်းသား/ သူ တစ်ဦးလျှင် ၄၀ စတုရန်းပေ (၃.၇ စတုရန်းမီတာ) အကျယ် ရှိရမည်။ |
| **အဝင်အထွက်လမ်း** | |
| **လှေကားမျက်နှာပြင်** | ခြေချော်မလဲနိုင်သည့် မျက်နှာပြင် ဖြစ်ရမည်။ |
| **လက်ရန်းအမြင့်** | လှေကား၊ ပြင်ပလျှောက်လမ်း၊ နှင့် အခြားသော ကျောင်းရှိ အဆောက်အအုံများ တွင် လက်ရန်း အမြင့် ၄ ပေ (၁.၂ မီတာ) အောက်မနိမ့်ရပေ (ကြမ်းခင်းမှ လက်ရန်းစွန်း အမြင့် အထိ အတိုင်းအတာ)။ ကျောင်းသားများ တက်နင်း၍ မဆော့စေရန် လက်ရန်း တွင် အလျားလိုက်အတန်းများ မရှိစေရပါ။ လှေကားထစ် ၆ ထစ် ထက်ပိုသော လှေကားတိုင်း တွင် လက်ရန်းများအား နှစ်ဖက်လုံးတွင် ထားရှိရမည်။ |
| **လက်ရန်း အပိုဆောင်း** | အကျယ် ၈ ပေထက်ပိုသော လှေကားအုံများတွင် အလယ်လက်ရန်းတန်းများ ပါရှိသင့်သည်။ လက်ရန်းများသည် တစ်ခုနှင့် တစ်ခု ၈ ပေ အကွာတွင် ရှိသင့်သည်။ |
| **အနည်းဆုံး လှေကားအကျယ်** | ၃.၅ ပေ (၁.၁ မီတာ) |
| **အနည်းဆုံး လျှောက်လမ်းအကျယ်** | စာသင်ခန်းအပြင် လျှောက်လမ်း ၅ ပေ (၁.၅ မီတာ)<br>အခြားလျှောက်လမ်း ၃.၅ ပေ (၁.၁ မီတာ) |
| **ဘီးတပ်ကုလားထိုင် အတွက် လျှောစောက်** | ၁၀% အောက်နိမ့်သော ဆင်ခြေလျှော (အမြင့် အလျား အချိုး - ၁ း ၁၀) |
| **ခြံစည်းရိုး** | ၅ ပေ (၁.၅ မီတာ) အမြင့် |
| **ဂိတ်တံခါး** | ထရပ်ကားဝင်ရန် ခွင့်ပြုနိုင်သည့် အရွယ်အစားဖြစ်ရမည် |

| ရေ မိလ္လာ   တစ်ကိုယ်ရေ ကျန်းမာရေး | |
|---|---|
| **အိမ်သာ များ** | ကျောင်းသား   ၄၀ လျင် အိမ်သာ ၁ လုံး<br>▶ ရေ မိလ္လာနှင့်   တစ်ကိုယ်ရေ ကျန်းမာရေး အခန်း  ၄  ကို ကိုးကားပါ။ |
| **ရေဆိုးစွန့်** | ▶ ရေ မိလ္လာနှင့်   တစ်ကိုယ်ရေ ကျန်းမာရေး အခန်း  ၄  ကို ကိုးကားပါ။ |
| **ရေလှောင်ကန်** | ကျောင်းသားတစ်ယောက်လျှင်   တစ်ရက်လျှင် သောက်သုံးရန် နှင့်  ဆေးကြောရန် ၅ လီတာ နှုန်း  ( အကာအကွယ်ထားရှိသည့် ရေအရင်းအမြစ် ၊ စမ်းချောင်း၊ အဝီစိတွင်း သို့မဟုတ် သန့်စင်ထားသော ရေအား အန္တရာယ်ကင်းအောင် ထားရှိရမည်။)<br>▶ ရေ မိလ္လာနှင့်   တစ်ကိုယ်ရေ ကျန်းမာရေး အခန်း  ၄  ကို ကိုးကားပါ။ |

# ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဒီဇိုင်းဆုံးဖြတ်ချက်များ အပေါ် လမ်းညွှန်ချက်

စာသင်ကျောင်းအဆောက်အအုံများသည်   ဖြစ်နိုင်ချေရှိသည့်   ဘေးအန္တရာယ်များကို   ကြံ့ကြံ့ခံ   ရင်ဆိုင်နိုင်ရမည်။ အန္တရာယ်ရှိသည့်နေရာမှ   ကျောင်းအား   ရွှေ့ပြောင်းခြင်း   မလုပ်နိုင်သည့်အခါ   ဒီဇိုင်းရေးဆွဲဆုံးဖြတ်ချက်ဖြင့်   အန္တရာယ် နည်းအောင်ဆောင်ရွက်ကြရပါသည်။  ဒီဇိုင်းရေးဆွဲသူသည်  စာသင်ကျောင်းများတွင်  တစ်ခုထက်ပိုသော  ဘေးအန္တရာယ် များ  ရင်ဆိုင်ရနိုင်သည့်  အခြေအနေမျိုး  ရှိမရှိ  ဆန်းစစ်ပြီး  မှန်ကန်သည့်  ဒီဇိုင်းအဖြေအား  ရွေးချယ်ရသည်။  ဥပမာ  - စာသင်ခန်းများကို  ခြေတံရှည်အမြင့်ပေါ်  ဆောက်လုပ်သည့်အခါ  ရေကြီးခြင်းဒဏ်မှ  အကောင်းဆုံး  ကာကွယ်နိုင်သော် လည်း ငလျင်ဒဏ်အား ပိုမိုခံရနိုင်ဖွယ်ရှိသည့်  အနေအထားမျိုးတို့ကို ဆိုလိုသည်။

အောက်ဖော်ပြပါဇယားတွင်   ဘေးအန္တရာယ်ကြောင့်   ဖြစ်လာသော   ဆုံးရှုံးနိုင်ခြေအားလျှော့ချနိုင်သော   ဒီဇိုင်း   အချက် အလက်များကို ပြသထားသည်။

မှတ်ချက် - ဒီဇိုင်းရေးဆွဲသူသည် စာသင်ကျောင်းဆောက်လုပ်ရေး လုပ်ငန်းအတွင်း  ဖြစ်နိုင်ချေရှိသည့်  ဘေးအန္တရာယ်များ နှင့်  ၎င်းတို့၏ ပြင်းအားများအား  အမြဲတမ်း  စစ်ဆေးရမည်။

**ဘေးအန္တရာယ်ဒဏ်ခံ ဒီဇိုင်းအင်္ဂါရပ်များအတွက် လမ်းညွှန်ချက်**

| အဆောက်အအုံ ဖွဲ့စည်းပုံ (သို့မဟုတ်) အဆောက်အအုံ အစိတ်အပိုင်းများ | မိုး | ပဋိပက္ခရှိသည့်နေရာများ | အပူလွန်ခြင်း၊ မိုးခေါင်ခြင်း | မြေငလျင် | ရေကြီးခြင်း | တောမီးလောင်ခြင်း | မိုးသီးကြွေခြင်း | မြေပြိုခြင်း | မုန်တိုင်း၊ ဆိုင်ကလုံး | မိုးကြိုးပစ်ခြင်း | ဆူနာမီ | အန္တရာယ်လျှော့ချရန် ဒီဇိုင်း ဆုံးဖြတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **ကျောင်းဝန်း** | | | | | ✓ | | | | ✓ | | ✓ | ကျောင်းဝင်းအား မြှင့်ပေးခြင်း သို့မဟုတ် ခြေတံရှည် ဆောက်ခြင်း |
| | ✓ | | ✓ | | | ✓ | | | ✓ | ✓ | ✓ | ကျောင်းဝင်းပတ်ဝန်းကျင်တွင် သစ်ပင်များ စိုက်ပျိုးခြင်း |
| **ဗိသုကာပိုင်းဆိုင်ရာ** | | | ✓ | | | | | | | | | ပြတင်းနှင့် အရိပ်ရနေရာ များစွာရှိခြင်း |
| | | | | ✓ | ✓ | | | | ✓ | | | ရိုးရှင်းသော အချိုးညီ အရွယ်အစား ဖွဲ့စည်းပုံ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **ဆောက်လုပ်ရေး ပစ္စည်း** | ✓ | | ✓ | | | ✓ | | | | | | မီးဒဏ်ခံနိုင်သည့် ပစ္စည်း |
| | | | | ✓ | | | | | | | | ပေ့ါပါးသည့် ပစ္စည်း |
| | ✓ | | ✓ | | | ✓ | | | | | | အပူဒဏ်ခံ ပေ့ါပါးသည့် ပစ္စည်း |
| | | ✓ | | ✓ | ✓ | | ✓ | ✓ | ✓ | | ✓ | ပိုမိုခိုင်ခန့်သည့် ပစ္စည်း |
| **အုတ်မြစ်** | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ပိုမိုခိုင်ခန့်ပြီး နက်သော အုတ်မြစ် |
| **ကွန်ကရစ် ဘောင်တန်းများ** | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ကွန်ကရစ်တိုင်များတွင် စတီးကွင်းများပိုမိုထည့်ပေးခြင်း |
| | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ပြတ်ရွေ့ထိန်းနံရံများထည့်ပေးခြင်း |
| **သစ်သားနှင့် ဝါး ဘောင်တန်းများ** | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ချုပ်တန်းများ ထည့်သွင်းပေးခြင်း |
| | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ပိုမိုခိုင်ခန့်သည့် အဆက်များသုံးခြင်း |
| **စတီးဘောင်တန်းများ** | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ချုပ်တန်းများ ထည့်သွင်းပေးခြင်း |
| **ကြမ်းခင်း** | | | | | ✓ | | | | ✓ | | ✓ | ကြမ်းခင်းမြှင့်ပေးခြင်း |
| **နံရံ** | | | | ✓ | ✓ | | | ✓ | ✓ | | ✓ | ပတ်လည်ရက်မကွင်းသုံး ခြင်း |
| | | | ✓ | ✓ | ✓ | | | ✓ | ✓ | | | ပိုမိုခိုင်ခန့်ပြီး ထုထဲသည့် နံရံများ သုံးခြင်း |
| | | | | | ✓ | | | | ✓ | | | နံရံများ၊ အောက်ခံခုံများအား ရေစိုခံနိုင်အောင် ပြုလုပ်ခြင်း၊ စိုထိုင်းမှု အကာအကွယ်များ စီမံထားရှိခြင်း |
| | | | | | ✓ | | | | ✓ | | | ရေစိမ့်ခံ ပစ္စည်းများဖြင့် ကာကွယ်ထားရှိခြင်း |
| **အမိုး နှင့် မျက်နှာကျက်** | | | | | | | | | ✓ | | | အုန်းလက်မိုး မိုးခြင်း၊ နေရာအကျယ် အစွန်းထွက် မိုးခြင်း ကို ရှောင်ခြင်း |
| | | | | | | | | | ✓ | | | လေဒဏ်ခံချုပ်တန်းများ၊ အမိုးချုပ်တန်းများ ထည့်သွင်းပေးခြင်း |
| | ✓ | | ✓ | ✓ | | | | | | | | ပေ့ါပါးသော အပူချိန်လျော့ အမိုးများ အသုံးပြုခြင်း |
| | | | | | | | | | | ✓ | | မိုးကြီးဒဏ်ကာကွယ်သည့် ပစ္စည်းများ/ မိုးကြိုးလွှဲ တပ်ဆင်ထားခြင်း |
| **တံခါးများ နှင့် ပြတင်းပေါက်များ** | | | | | | | | | ✓ | | | ပြတင်းကာများဖြင့် ကာကွယ်ထားခြင်း (သို့မဟုတ်) မှန်ပြတင်းပေါက်များအား အသုံးမပြုခြင်း |
| | | | ✓ | | | | | | | | | ပိုကြီးသည့် ပြတင်းပေါက်များ |

# အဆောက်အအုံ ကိုယ်ထည် - တည်ဆောက်ရေးပစ္စည်းများရွေးချယ်မှု

အောက်ဖော်ပြပါဇယားမှာ ကျောင်းဆောက်လုပ်ရာတွင် ပင်မ အဆောက်အအုံကိုယ်ထည်များနှင့် တည်ဆောက်ရေးပစ္စည်းများအသုံးပြုပုံ လမ်းညွှန်ချက်ကို ဖော်ပြပေးထားခြင်းဖြစ်သည်။ ရွေးချယ်မှုများသည် ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိရမည်။ရေရှည်ခံရမည်။စီးပွားရေးအရ တွက်ချေကိုက်ရမည့်အပြင် သဘာဝ ဘေးအန္တရာယ်များကိုလည်း ခံနိုင်ရည်ရှိရမည် ဖြစ်သည်။ အရည်အသွေးညံ့သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို ရှောင်ကြဉ်ရမည်။ ၎င်းတို့သည် အဆောက်အအုံ သက်တမ်းနှင့် ခံနိုင်ရည်ရှိမှု လျော့ကျစေနိုင်သည်။

**ကိုယ်ထည်နှင့် တည်ဆောက်ရေးသုံး ပစ္စည်းများလမ်းညွှန်**

| ကိုယ်ထည်နှင့် တည်ဆောက်ရေးသုံး ပစ္စည်းများ | မီး | ပဋိပက္ခရှိသည့်နေရာများ | အပူလွန်ခြင်း၊ မိုးခေါင်ခြင်း | မြေငလျင် | ရေကြီးခြင်း | တောမီးလောင်ခြင်း | မိုးသီးကြွေခြင်း | မြေပြိုခြင်း | မုန်တိုင်း၊ ဆိုင်ကလုံး | မိုးကြိုးပစ်ခြင်း | ဆူနာမီ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တောင့်တင်းသော ကွန်ကရစ်ကိုယ်ထည်  | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | ✓ | ✓ | | ✓ | ○ အထပ်များစွာ ဆောက်လုပ်နိုင်သည်။ ○ အရည်အချင်း ပြည့်မီသည့် ကြီးကြပ်မှု လိုအပ်သည်။ |
| သံမဏိ/ သံဘောင်ကိုယ်ထည်  | | | ✓ | | | | | ✓ | ✓ | | | ○ မြန်ဆန်စွာ ဆောက်လုပ်နိုင်သည်။ ○ အထပ်များစွာ ဆောက်လုပ်နိုင်သည်။ ○ အရည်အချင်း ပြည့်မီသည့် ကြီးကြပ်မှု လိုအပ်သည်။ ○ ကျေးရွာလူထု ချည်းပဲ ဆောက်လုပ်ရန် မသင့်လျော်ချေ။ ○ မီးဒဏ် ကာကွယ် နိုင်ရန် ထည့်သွင်း တွက်ချက်ရမည်။ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **သစ်သားကိုယ်ထည် အုတ်ခံ**<br> | | ✓ | ✓ | | ✓ | | | ✓ | ✓ | | ✓ | o မြန်ဆန်စွာ ဆောက်လုပ်နိုင်သည်။<br>o လွယ်ကူစွာ ဆောက်လုပ်နိုင်သည်။<br>o ကုန်ကျစရိတ် နည်းပါးသည်။ |
| **ဝါး**<br> | | | ✓ | ✓ | | | | | | | | o မြန်ဆန်စွာ ဆောက်လုပ်နိုင်သည်။<br>o လွယ်ကူစွာ ဆောက်လုပ်နိုင်သည်။<br>o ကုန်ကျစရိတ် နည်းပါးသည်။<br>o သက်တမ်းတိုသည် (ကြာရှည်ခံနစ် နည်း) |

## အဆောက်အအုံ ဒီဇိုင်းပုံစံ

### လုံခြုံဘေးကင်းပြီး ကလေးပျော် အဆောက်အအုံများ အတွက်  စည်းမျဉ်းများ

| ၁။ နည်းပညာပိုင်းဆိုင်ရာ | |
|---|---|
| **ခံနိုင်ရည် ရှိသည့် ဒီဇိုင်း** | ကျောင်းတည်နေရာသည် ဘေးအန္တရာယ် ဖြစ်နိုင်ခြေ အစဉ်အမြဲကင်းဝေးစေရမည်။ ဘေးကင်းလုံခြုံသည့် နေရာတွ င် ကျောင်းအား တည်ဆောက်ရန် မဖြစ်နိုင် ပါက ဘေးအန္တရာယ်အမျိုးမျိုး ကို ခံနိုင်ရည်ရှိ သော ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ထားရမည်။ |
| **အေဘီစီ စည်းမျဉ်း များ** | ဒီဇိုင်းရေးဆွဲသူအနေဖြင့် အခြေခံအဆောက်အအုံအား ဘေးအန္တရာယ်ဒဏ်ကို ခံနိုင်သော ခိုင်ခံ့မှုရှိအောင် ဆောက်လုပ်ရမည် ။ အဆောက်အအုံတိုင်းအတွက် အသုံးဝင်မည့်စည်းကမ်းများမှာ "အေ ဘီ စီ စည်းမျဉ်းများ" ဖြစ်သည်။<br><br>အေ - ခိုင်မြဲအောင် အထိုင်ချခြင်း/ ချည်နှောင်ခြင်း ။ အဆောက်အအုံ၏ အစိတ်အပိုင်းတိုင်းအား သက်ရောက်မှုအား အားလုံးကို ခံနိုင်ရည်ရှိအောင် ခိုင်ခံ့ သည့် နေရာများ နှင့် သေချာ ချည်နှောင်ထားရမည်။<br><br>ဘီ - ချုပ်ထားခြင်း ။ အဆောက်အအုံ၏ အစိတ်အပိုင်းတိုင်းအား စောင်းသွား ခြင်း ၊ လဲသွားခြင်း ၊ လျှောထွက် လည်ထွက်သွား ခြင်း မရှိအောင် မြဲမြံစွာ ချုပ်ထားရန် လိုအပ်သည်။<br><br>စီ - တစ်ခုနှင့်တစ်ခု ဆက်၍ ချိတ်ထားခြင်း ။အဆောက်အအုံ၏ အစိတ်အပိုင်းတိုင်းသည် အခြားသော အစိတ်အပိုင်းများ နှင့် ချိတ်ဆက် ထားခြင်း ရှိရမည်။ |

<table>
<tr><td>ရိုးရှင်းမှု နှင့် ဆောက်လုပ် ရ လွယ်ကူခြင်း</td><td>ရိုးရှင်းသော ဒီဇိုင်းပုံစံများမှာ ယေဘုယျအားဖြင့် ဈေးသက်သာပြီး တည်ဆောက်ရ လွယ်ကူသည်။</td></tr>
<tr><td>ပုံသဏ္ဍာန်</td><td>ကျောင်းအဆောက်အအုံများမှာ စာသင်ခန်းသုံးခန်းစာထက် ပို၍ ရှည်နေခြင်း မရှိသင့်ပါ။ ထောင့်မှန်စတုဂံသဏ္ဍာန် အဆောက်အအုံပုံအသုံးပြုသည့် အခါ အလျားသည် အနံ အတိုင်းအတာ သုံးဆနှင့် တူညီ (သို့မဟုတ်) အောက် လျော့နည်း သင့်ပါသည်။ ဒေါက်များ၊ ကျားများ၊ ကြားဖြတ်နံရံများ ထည့်သွင်းထားခြင်းမရှိပါက အဆောက်အအုံ အနံကို ၂၆ ပေ ဟု သတ်မှတ်ထားသင့်သည်။<br><br><br><br><br>ပုံမှန် ပုံသဏ္ဍာန်များသည် ပိုမို လုံခြုံဘေးကင်းသည်။ စတုရန်း (သို့မဟုတ်) ထောင့်မှန်စတုဂံပုံ တည်ဆောက်သင့်သ ည်။ ထောင့်ဖြတ်အချိုးညီသော သဏ္ဍာန် သည် အချိုးမညီသည် ထက် ပိုမိုကောင်းမွန်သည်။ L သဏ္ဍာန်၊ T သဏ္ဍာန်၊ C သဏ္ဍာန်၊ H သဏ္ဍာန် အဆောက်အအုံများ ဆောက်လုပ်ခြင်း ရှောင်ရှားပါ။ အဆောက်အအုံ ၂ ခု ကို သီးခြားခွဲ ဆောက်လုပ်ရန် လိုအပ်သည့် အခါ အနည်းဆုံး ၁၀ ပေ ခြားပြီးဆောက်ပါ။<br><br></td></tr>
<tr><td>ပြုပြင်ပြောင်း လဲ လွယ်ခြင်း</td><td>အဆင့်မြှင့်ရန်၊ တိုးချဲ့တည်ဆောက်ရန် လွယ်ကူသည့် အဆောက်အအုံ ဒီဇိုင်းမျိုး စဉ်းစားပါ ။ ရေရှည်တွင် သင်ရိုးညွှန်းတမ်းအရ စာသင်ခန်းအရွယ်အစားအား ပြောင်းလဲရန် လိုအပ်လာပါက ပြုပြင်ပြောင်းလဲ လွယ်ကူရမည်။</td></tr>
<tr><td>ဒေသတွင်း သင့်လျော် မှန်ကန်မှု ရှိခြင်း</td><td>ဒီဇိုင်းရေးဆွဲနေစဉ်တွင် ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အဆောက်အအုံ ဆောက်လုပ်စဉ်နှင့် ဒီဇိုင်းရေးဆွဲရာတွင် ရပ်ရွာလူထုမှ ပူးပေါင်းပါဝင် ပံ့ပိုးကူညီဖို့ လိုအပ်သည်။ ဒီဇိုင်းပုံစံသည် ဓလေ့ထုံးတမ်းစဉ်လာ အရ သင့်လျော်မှုရှိရမည်။</td></tr>
<tr><td colspan="2">၂။ လူမှုရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ</td></tr>
<tr><td>ကျား / မ ကွဲပြားမှုကို လက် သင့်ခံ နိုင်မှု</td><td>ယောကျ်ားလေး/ မိန်းကလေး တို့အတွက် သာတူညီမျှသည့် အသုံးအဆောင် ထားရှိပေးရန် လိုအပ်သည် ။ ကျောင်းတွင် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင် ပစ္စည်းများကို ယောကျ်ားလေး မိန်းကလေး ညီမျှစွာ အသုံးပြုနိုင်ခွင့် ရှိရမည်။ မိန်းကလေးများအတွက် တစ်သီးတစ်သန့် ထားရှိရန် အရေးကြီးသည်။</td></tr>
</table>

| | |
|---|---|
| **အားလုံး ဝင်ထွက် သွားလာနိုင်ရေး** | ကျောင်းအား (ကျောင်းသားလူငယ်၊ ဆရာ၊ ဧည့်သည်) သန်စွမ်းသူများ သာမက မသန်စွမ်းသူများပါ ဝင်ထွက် သွားလာ အသုံးပြုနိုင်ရမည်။<br>▶ ကိုးကားရန် - ကျောင်းတွင် အားလုံး ဝင်ထွက်သွားလာနိုင်ရေး |
| **ဒေသတွင်း သင့်လျော် မှန်ကန်မှု ရှိခြင်း** | ကြိုတင်ပြင်ဆင်နေသည့် လုပ်ငန်းစဉ်အတွင်း ဖြစ်နိုင်ချေရှိသည့် ဘေးအန္တရာယ်များအား ဖော်ထုတ်ရန် နှင့် အဆောက်အအုံ ဆောက်လုပ်စဉ်နှင့် ဒီဇိုင်းရေးဆွဲရာတွင် ရပ်ရွာလူထုမှ ပူးပေါင်းပါဝင် ပံ့ပိုးကူညီဖို့ လိုအပ်သည်။ နေရာဖွဲ့စည်းပုံ အပြင်အဆင်သည် ဓလေ့ထုံးတမ်းစဉ်လာအရ သင့်လျော်မှန်ကန်ရမည်။ |
| **ပတ်ဝန်းကျင် ဆိုင်ရာ ရေရှည် တည်တံ့မှု** | စွမ်းအင်များကို အသုံးပြုရာတွင် ဆိုလာ၊ မိုးရေခံ ပြန်သုံးခြင်း အစရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နည်းပညာကို အသုံးပြုရန် စဉ်းစားရမည်။ အဆောက်အအုံများတွင် ရေရှည်ခံသော ဆောက်လုပ်ရေးပစ္စည်းများကို အများဆုံး အသုံးပြု သင့်သည်။<br>▶ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဌာန်းချက် ၂၀၁၂) ကို ကိုးကားပါ။ |
| **အသံပျံ့နှံ့မှု အရည်အသွေး** | စာသင်ခန်းအတွင်း အသံပျံ့နှံ့မှု အရည်အသွေးသည် ကောင်းမွန်ပြီး သင့်လျော်သည့် ကြားနိုင်စွမ်း ရှိရမည်။ အခန်းတစ်ခုနှင့် တစ်ခုကြား အသံကူးပြောင်းရောနှောမှု ကို တတ်နိုင်သမျှ လျှော့ချနိုင်ရန် အခန်းများအား ကန့်လန့်ကာများဖြင့် ပိုင်းခြား ထားခြင်းထက် သေချာတည်ဆောက်ထားသည့် နံရံကို အသုံးပြုရန် ဒီဇိုင်းရေးဆွဲစဉ် ကတည်းက စဉ်းစားရမည်။ |

# အဆောက်အအုံ အစိတ်အပိုင်းများ ဒီဇိုင်းရေးဆွဲခြင်း

## ထောက်မထားသည့် ကိုယ်ထည်များ

<table>
<tr><td>ဝန်အား ကူးပြောင်း ပေးခြင်း</td><td>ဝန်အားသက်ရောက်မှုကို မြေပြင်သို့ တိုက်ရိုက် ကူးပြောင်းမှုရှိစေရန် အစိတ်အပိုင်းများအား ဒီဇိုင်းရေးဆွဲရမည်။<br><br></td></tr>
<tr><td>အဆက်များနှင့် ချုပ်တန်းများ</td><td><br><br>အထူးသဖြင့် မြေငလျင် ဖြစ်တတ်သည့် ဒေသများရှိ အဆောက်အအုံများရက်မတန်းများ၊ တိုင်များနှင့် အုတ်မြစ် အကြား ခိုင်မာစွာ တွဲဆက်ထားရန် လိုအပ်သည်။ အမိုးဒိုင်းများနှင့် အခြားသော ဝန်ထမ်းသော ထောက်တန်းများအား တိုင်များနှင့် ဆက်စပ်ပေးထားခြင်းဖြင့် ယင်းတို့၏ အလေးချိန်များအား တိုင်များမှတဆင့် လွှဲပြောင်းပေးနိုင်သည်။ ချုပ်တန်းများအား ဦးတည်ရာ နှစ်ဖက်စလုံးတွင် အသုံးပြုသင့်ပါသည်။<br></td></tr>
</table>

| | |
|---|---|
| **အကွပ်ဘောင်များကို ပိုမို တောင့်တင်း ခိုင်မာစေခြင်း** | တိုင်များနှင့် ရက်မတန်းများကို သေတ္တာသဏ္ဍာန် တည်ဆောက်ပုံမျိုးဖြင့် အဆောက်အအုံကို ခိုင်မာအောင် ပြုလုပ်သင့်သည်။ မြေငလျင်လှုပ်တတ်သော အရပ်များတွင် ကွန်ကရစ်ဘောင်များကို အသုံးပြုရန် တိုက်တွန်းပါသည်။ ရက်မကွင်းများကို မြေညီထပ်နှင့် အမိုးအောက်ခြေနားတွင် ထည့်သွင်းပေးခြင်းဖြင့် ခိုင်မာတောင့်တင်းသော ဘောင်များကို ရရှိနိုင်သည်။<br><br> |

## အခြေခံအုတ်မြစ်များ

| | |
|---|---|
| **မြေကြီး** | မြေအောက်ရေမျက်နှာပြင်၊ မြေအမျိုးအစားနှင့် ခံနိုင်ရည်ရှိမှုတို့ကို သိရှိအောင် ဆောင်ရွက်ထားခြင်းဖြင့် အုတ်မြစ်အမျိုးအစားကို ရွေးချယ်ရာတွင် အထောက်အကူ ဖြစ်ပါသည်။<br><br>ပျော့အိခြင်း - ရွှံ့စေးမြေနှင့် သိပ်သည်းမှု အလယ်အလတ်သာရှိသည့် သဲ အမျိုးအစားများသည် ငလျင်ဖြစ်ပွားသည့်အခါ ပျော့ပြီး အိကျသွားနိုင်သည်။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဋ္ဌာန်းချက် ၂၀၁၂) အတိုင်း မြေကြီး၏ ကြံ့ခိုင်အားကို စစ်ဆေးပါ။ |
| **အမျိုးအစား** | မြောင်းအုတ်မြစ်အမျိုးအစားကိုသုံးခြင်းဖြင့် ဝန်အားကို မျှဝေခံနိုင်စေသည်။ မြေပေါ်ရက်မ မပါဘဲ သီးခြား အုတ်ဖိနပ်တစ်ခုချင်းစီဖြင့် အုတ်မြစ်ချခြင်းမျိုးကို ရှောင်ကြဉ်ပါ။ ရေကြီးနိုင်သည့် ဒေသများတွင် အုတ်ဖိနပ်သီးသန့်ဖြင့် အုတ်မြစ်ချခြင်းမျိုး မလုပ်သင့်ပါ။<br><br><br><br> |
| **ဆောက်လုပ်ရေးသုံး ပစ္စည်းများ** | အုတ်ဖိနပ် သို့မဟုတ် မြောင်းအုတ်မြစ် အမျိုးအစားများအတွက် တောင့်တင်းခိုင်မာအောင် စီမံထားသော ကွန်ကရစ်အသုံးပြုရန် ထောက်ခံ တိုက်တွန်းပါသည်။<br><br>သစ်သား နှင့် ဝါး အဆောက်အအုံများတွင် အဆောက်အအုံတိုင် ကို ကွန်ကရစ်အုတ်မြစ်အတွင်း မြှုပ်ထားပြီး ထောင့်ဖြတ်ကျားကန်များဖြင့် ချုပ်ထားသင့်ပါသည်။ |
| **အဆောက်အအုံပိုင်းဆိုင်ရာ စဉ်းစားဆင်ခြင်စရာများ** | အုတ်မြစ်များသည် အဆောက်အအုံတစ်ခုလုံး၏ ဝန်အားကို မြေကြီးသို့ ဖြန့်ဝေပေးခြင်းဖြင့် ထောက်မပေးထားသည်။ ထို့ကြောင့် ကောင်းမွန်သော မြေကြီးအနေအထား ရရှိသည်အထိ အုတ်မြစ်ကို နက်နက်တူးပေးရမည်။ အကယ်၍ မာကျောကျစ်လစ်သော မြေအနေအထားသို့ရောက်ရှိအောင် မတူးနိုင်ပါက အထူးဒီဇိုင်းနှင့် ဆောက်လုပ်ရေး နည်းပညာများ လိုအပ်ပါလိမ့်မည်။<br><br>အုတ်မြစ်အား မာပြီးကျစ်လစ်နိုင်ခန့်သည့် မြေသား ရောက်သည်အထိ နက်နက်တူးပြီး ချရမည်။ အနည်းဆုံး ၃ ပေ - ၄ ပေ (၀.၈ - ၁.၂ မီတာ) တူးရမည်။ အေးသည့်ရာသီဥတု အခြေအနေတွင် အုတ်မြစ်အုတ်ဖိနပ်၏ အပေါ်မျက်နှာပြင်သည် ဆီးနှင်းလွှာလိုင်း၏ အောက်တွင် ရှိရမည်။ |

| | |
|---|---|
| | အုတ်မြစ်အား ဖြစ်နိုင်ချေရှိသည့် လေပြင်းမုန်တိုင်း ကြောင့် မြေလွှာတိုက်စားမှုဒဏ်ကို ခံနိုင်ရည် ရှိလောက်သည့် အနက်တွင် တည်ရှိအောင် ဒီဇိုင်းရေးဆွဲဆောက်ထားရမည်။<br><br>မြေငလျင်ဒဏ်ခံနိုင်သောအုတ်မြစ်ဒီဇိုင်း အတွက် မြေကြီး၏ကြံ့ခိုင်မှုအား စစ်ဆေး အကဲဖြတ်ထားရမည်။<br><br><br><br>ရွှံ့စေးမြေပျော့သည့်နေရာများ၊ သိပ်သည်းဆနည်းသည့် သဲနေရာများတွင် အုတ်မြစ်ချခြင်းကို ရှောင်ကြဉ်ရမည်။ မြေငလျင်ဖြစ်ပွားပါက ထိုမြေများသည် ပျော့အိ၍ ကျသွားနိုင်သည်။<br><br>တစ်ခါတရံတွင် အုတ်မြစ်လန်သွားခြင်း မဖြစ်စေရန် အဆောက်အအုံနှင့် အုတ်မြစ် ခိုင်မြဲအောင် တွဲထားရန် လိုအပ်သည်။<br><br>▶ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဋ္ဌာန်းချက် ၂၀၁၂) ကို ကိုးကားပါ။ |

## ကြမ်းခင်းများ

| | |
|---|---|
| **ဆောက်လုပ်ရေးသုံး ပစ္စည်းများအား** | စာသင်ခန်းများ၊ ရုံးများနှင့် စာကြည့်တိုက်များအတွက် သစ်သား သို့မဟုတ် ကွန်ကရစ် ကြမ်းခင်းအား အသုံးပြုသင့်သည်။<br><br>အိမ်သာများ၊ ဝရံတာများ၊ လျှောက်လမ်းများ နှင့် ဆင်ခြေလျှောများသည် ရာသီဥတုဒဏ် ခံနိုင်ရမည်။ ကွန်ကရစ်ကို အသုံးပြုရန် တိုက်တွန်းပါသည်။ ကြမ်းခင်းအဖြစ် အသုံးပြုထားသော ပစ္စည်းများမှာ ချော်လဲနိုင်သော ပစ္စည်းများ မဖြစ်ရပါ။ မလိုလားအပ်သော ရောင်ပြန်များ မှ ကာကွယ်နိုင်ရန် မတောက်ပသည့် ပစ္စည်း (အမှိန်) အား စာသင်ခန်း ကြမ်းပြင်များတွင် အသုံးပြုပါ။ မြေညီထပ်များနှင့် အုတ်နံရံတိုင်များအား အုတ်မြစ်နှင့် တွဲဆက်ထားရမည်။ |
| **အမျိုးအစား** | မြေညီထပ်အမျိုးအစားမှာ ယေဘူယျအားဖြင့် အမျိုးအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ မြေကြီးပေါ်တွင် တိုက်ရိုက်တင်၍ ခင်ထားသည့် ကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ နောက်တစ်မျိုးမှာ နံရံနှင့်တွဲပြီး မြေကြီး မှ လွတ်ကာ ခင်းထားသည့် အလွတ်ကြမ်းခင်းမျိုး ဖြစ်သည်။ ထိုကြမ်းခင်းမျိုးအား သစ်သားဖြင့် ပြုလုပ်သည်။ |
| **အဆောက်အအုံပိုင်းဆိုင်ရာ စဉ်းစားဆင်ခြင် စရာများ** | ကြမ်းခင်းကို မြှင့်ထားခြင်းဖြင့် အောက်တွင် လေဝင်လေထွက် ကောင်းစေပြီး၊ စိုစွတ်ထိုင်းမှိုင်း သည့် ပြဿနာများ ကင်းစေသည်။ မြေပြင်မှ အနည်းဆုံး ၃၀ စင်တီမီတာ (၁၂ လက်မခန့်) မျှ ခွာထားပါ။ (မြေကြီးမှ ကြမ်းခင်းထိ အကွာအဝေး သို့မဟုတ် ကြမ်းခင်းအောက်ရှိ ဆင့်တန်းများထိ အကွာအဝေး) |
| | မြှင့်ထားသောကြမ်းခင်းများသည် ရေကြီးခြင်းမှကာကွယ်နိုင် သော်လည်း အဆောက်အအုံ အနေဖြင့်ငလျင်ဒဏ်ကို ပိုမိုခံရနိုင်ဖွယ်ရှိသည်။<br><br><br><br>အဆောက်အအုံအား အခြေမြှင့်ပြီး ဆောက်လုပ်သည့် မည်သည့်နည်းစနစ်တွင်မဆို ရွှေ့လျားနေသည့်ရေနှင့် မျောပါလာသည့် အပျက်အစီးတို့မှ ခံနိုင်ရည်ရှိရန် ဒီဇိုင်းရေးဆွဲထားရမည် ဖြစ်သည်။ |

## နံရံများ

| | |
|---|---|
| **ဆောက်လုပ်ရေးသုံး ပစ္စည်းများ** | နံရံအများစုမှာ အုတ်ဖြင့် ဆောက်လုပ်ကြသည်။ အဆောက်အအုံ၏ ထောင့်စွန်းများကို ကွန်ကရစ်တိုင်များဖြင့် ဆောက်လုပ်ပြီး ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်း နှင့် အပူချိန် ဒဏ်ခံနိုင်ရန် နံရံများတွင် အဆက်များကို ထည့်ထားလေ့ရှိသည်။ လေပြင်းနှင့် ရေကြီးတတ်သည့် နေရာများတွင် အဆောက်အအုံ ကို ပိုမိုခိုင်ခံ့စေရန် ရက်မကွင်းများကို အသုံးပြုပါ။ |
| **အမျိုးအစား** | အပေါက်များ အများအပြား ရှိမနေစေရပါ။ လုံခြုံဘေးကင်းရေးအတွက် ၁၃ ပေ (၄ မီတာ) ထက် ပိုမြင့်သည့် နံရံများ မသုံးသင့်ပါ။ တံခါး ပြတင်းများ၏ ရှုထောင့် အသေးစိတ်ကို<br>▶ တံခါးများ နှင့် ပြတင်းပေါက်များ အခန်းတွင် ကိုးကားပါ။ |
| **အဆောက်အအုံပိုင်းဆိုင်ရာ စဉ်းစားဆင်ခြင်စရာများ** | အုတ်မြစ်နှင့် နံရံများကို တစ်ဆက်တည်းတွဲထားရမည်။ ရက်မကွင်းများအား နံရံ နှင့် တိုင်များရှိ သံများနှင့် ချိတ်ဆက်ထားရမည်။ လေပြင်ဖုံအတွင်းရှိ အဆောက်အအုံများတွင် သံကူကွန်ကရစ် လေပြင်ဒဏ်ခံတန်းများ နှင့် ရက်မများကို ထည့်သွင်းရမည်။<br><br>သစ်သားများ၊ သံဘောင်များ သို့မဟုတ် ဝါးနံရံများတွင် ထောင့်ဖြတ် ချုပ်တန်းများ အသုံးပြုထားရမည်။<br><br>နံရံများကို ကွန်ကရစ်ဘောင်များအတွင်း တင်းကျပ်စွာရှိနေအောင် လုပ်ထားမှသာ လေပြင်းနှင့် ရေဘေးများ ကြုံရသည့်အခါ ပြုတ်ထွက်သွားခြင်းမှ ရှောင်ကြဉ်နိုင်မည်။ နံရံများတွင် လေပြင်ဒဏ်ခံတန်းများ ထားရှိပါ။ |
| | ရာသီဥတုဒဏ်ကြောင့် ပျက်စီးခြင်း မရှိရအောင် အဆောက်အအုံ ပြင်ပနံရံအား မဆလာကိုင်ထားရန် လိုအပ်သည်။ သို့သော် ဆောက်လုပ်ရေး ပစ္စည်းများထက် ပို၍မာသည့် မဆလာမျိုး မသုံးရပါ။ နံရံများ၏ အောက်ခြေတွင် ရေဆင်းမျက်နှာပြင်များ (သို့မဟုတ်) ရေစိုခံနိုင်စေရန်ပြုလုပ်ပေးခြင်း နှင့် နံရံအပေါ်ဘက်တွင် တံစက်မြိတ်ကဲ့သို့သော အမိုးစွန်းအား အပြင်သို့ထွက်စေခြင်းတို့ ပြုလုပ်ပေးရမည်။ (ပန်းဆွဲများ) |

## တံခါးပေါက်များ နှင့် ပြတင်းပေါက်များ - လေဝင်လေထွက်နှင့် နေ့အလင်းရောင် ရရှိရေး

<table>
<tr><td>ပြတင်းပေါက်များ</td><td>ယေဘုယျလမ်းညွှန်ချက်အနေဖြင့် ပြတင်းပေါက်များ၏ အောက်ခြေသည် အမြင့် ၃ ပေ (၀.၉ မီတာ)တွင် ရှိရမည်။ အေးသော ဒေသများတွင် လုံလောက်သော သဘာဝအလင်းရောင် ရရှိရန် ပြတင်းပေါက်များတွင် ထွင်းဖောက်မြင်ရသည့် အကာများသုံးရမည်။ မိုးနှင့် နေရောင် တိုက်ရိုက် ထိတွေ့မှု အနည်းဆုံးဖြစ်စေရမည်။ လေဝင်လေထွက်ကောင်းစေရန် လေတိုက်သည့် မျက်နှာဘက်ကို မျက်နှာမူလျှက် ပြတင်းပေါက်များ ထားသင့်သည်။</td></tr>
<tr><td>တံခါးများ</td><td>အပြင်ဘက်တံခါးများ၏ တံခါးရွက်များကို အပြင်သို့ တွန်းဖွင့်ရသည့် တံခါးပုံစံများ ပြုလုပ်သင့်သည်။<br><br>မသန်စွမ်းများ၏ အိမ်သာတံခါးမှအပ ကျန် အိမ်သာတံခါးများအားလုံး အတွင်းသို့ တွန်းဖွင့်သင့်သည်။<br><br>တံခါးလက်ကိုင်ဘု နှင့် လက်ကိုင်တန်းများကို ကလေးများ လက်လှမ်းမီနိုင်သည့် အမြင့်နေရာတွင် ထားသင့်ပြီး ဆုပ်ကိုင်ရလွယ်၊ တွန်းရွှေ့ရလွယ်သည့် အမျိုးအစားမျိုး ဖြစ်သင့်သည်။<br>တံခါးပေါက်၏ အနည်းဆုံးရှိရမည့် အမြင့်နှင့်အကျယ် တို့မှာ ၆.၅ ပေ (၂ မီတာ) နှင့် ၂.၇၅ ပေ (၀.၈ မီတာ) တို့ ဖြစ်ကြသည်။</td></tr>
<tr><td>အဆောက်အအုံပိုင်း ဆိုင်ရာ တိုက်တွန်း အကြံပြု ချက်များ</td><td>တံခါးပေါက်များ နှင့် ပြတင်းပေါက်များအား ခိုင်ခံ့သည့် ပတ္တာများ နှင့် တံခါးချက်များဖြင့် ကျည်းဘောင်များနှင့် ချိတ်ဆက်ထားဖို့ လိုအပ်သည်။<br><br>တံခါးပြတင်းထုပ်တန်းများသည် ပြတင်းပေါက်များ၊ တံခါးများ အထက်တွင် အလျားလိုက် ချုပ်ထားပြီး အထက်နံရံကို ထောက်မထားရသည်။ ၎င်းထုပ်များမှာ သစ်သားဖြင့်ဖြစ်စေ၊ ကွန်ကရစ်ဖြင့်ဖြစ်စေ ပြုလုပ်ထားရမည်။ တံခါးများ နှင့် ပြတင်းတိုင်းတွင် ထုပ်တန်းများ ပါရှိရမည်။<br><br>၎င်းထုပ်တန်းများ အားလုံးသည် အမြင့်တူတူ ရှိရမည်။<br><br>ပြတင်းပေါက်အကျယ်သည် ၄ ပေ (၁.၂ မီတာ) ထက် မပိုစေရဘဲ၊ နံရံအကျယ်၏ သုံးပုံတစ်ပုံထက် မပိုစေရပါ။ နံရံအပေါက်ဖောက်ခြင်းသည် အဆောက်အအုံ ထောင့်စွန်းမှ ၂ ပေ (၀.၆ မီတာ) နှင့်အထက် အကွာတွင် ဖြစ်ရမည်။ ပြတင်းများနှင့် တံခါးများကို တစ်ခုနှင့်တစ်ခု အနည်းဆုံး ၃ ပေ (၀.၉ မီတာ) ခြားရမည်။


</td></tr>
</table>

# အမိုး

| | |
|---|---|
| **ဆောက်လုပ်ရေးသုံး ပစ္စည်းများ** | ဓနိအား အမိုးအဖြစ် သုံးလေ့ရှိပြီး သွပ်မိုးတို့ထက် ပို၍ မကြာခဏ ထိန်းသိမ်းလဲလှယ်ပေးရလေ့ရှိသည် ။ သွပ်မိုးအထူ မှာ ၀.၀၁၇ လက်မ (၀.၄၃ မီလီမီတာ) ရှိသင့်ကြောင်း တိုက်တွန်းပါသည်။<br>သဘာဝထွက် ပစ္စည်းများဖြင့် ပြုလုပ်သည့် သက်ကယ်မိုးများသည် မီးလောင်လွယ်သည်။<br>  <br>ဓနိမိုး သွပ်မိုး အမိုးပြား |
| **မိုးရေ နှင့် မိုးရေလျောင်ကန်များ** | ရေများသည် နံရံတစ်လျှောက် လျောဆင်းစေခြင်း သို့မဟုတ် နံရံအောက်ခြေတွင် စုပုံနေခြင်း မရှိသင့် ပါ။ ရေတံလျှောက်ဖြင့် မိုးရေခံပြီး ရေဆင်းပိုက်များဖြင့် လျှောဆင်းစေကာ မိုးရေအား အဆောက်အအုံမှ အဝေးသို့ စီးဆင်းသွားစေသည် (သို့မဟုတ်) မိုးရေလှောင်ကန်သို့ သွယ်တန်းပေးနိုင်သည်။ |
| **ဝန်အားများ** | ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုမှ လျှော့ချရန် ရေတိုင်ကီ ကို အမိုးပေါ်တွင် မထားဘဲ ၊ သီးခြား ထောက်တိုင်/ ရေစင်ပေါ် တင်ထားပါ။ မဖြစ်နိုင်ပါက အဆောက်အအုံ အလယ်ရှိ အမိုးပေါ်တွင် ထားရှိပြီး အမိုးဒီဇိုင်းအား ယင်းအလေးချိန်ကို ခံနိုင်ရည်ရှိအောင် ပြုလုပ်ထားရမည်။<br>▶ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဌာန်းချက် ၂၀၁၂) ကို ကိုးကားပါ။ |
| **အဆောက်အအုံပိုင်းဆိုင်ရာ စဉ်းစားဆင်ခြင်စရာများ** | မြေငလျင်လှုပ်နိုင်သည့်ဒေသများတွင် - အမိုးများသည် တတ်နိုင်သမျှ ပေ့ါပါးသင့်သည်။<br>ကျောင်းချိန်အတွင်းပြတင်းပေါက်မှ နေရောင်ထိုးခြင်း ကိုတတ်နိုင်သမျှ ကာကွယ်နိုင်ပြီး အရိပ်ရစေရန် အမိုးအား အစွန်းရှည်ရှည်ထွက်၍ မိုးထားရမည်။ အစွန်းထွက်ထားသည့် အမိုး အရွယ်အစားသည် အမိုးအမြင့်နှင့် ကျောင်း နေရာပေါ်တွင် မူတည်သည်။ လေပြင်းနှင့် ဆိုင်ကလုံးများ တိုက်ခတ်လေ့ရှိသည့် အရပ်ဒေသများတွင် အမိုးစွန်းအားကျယ်ကျယ်ထားရန်မသင့်ပေ။ အမိုးစွန်းအားသေချာချည်ထားခြင်း ဖြင့် အမိုးလွင့်ထွက်သွား ခြင်းမှ ကာကွယ်နိုင်မည်။<br><br><br>တစ်ထပ်ထက်ပိုသော အဆောက်အအုံများရှိပြတင်းပေါက်မှန်များတွင် အရိပ်ရစေရန် နေကာများ တပ်ဆင်ထားသင့်သည်။အမိုးအစိတ်အပိုင်းများအား ဒေါင်လိုက်ရော အလျားလိုက်ပါ ချုပ်ထားရန်လိုအပ်ပြီး၊တစ်ခုနှင့်တစ်ခုလည်း ချိတ်ဆက်ထားရန်လိုအပ်သည်။ မိုးကြီးသည့်ဒေသများတွင် အမိုးကို အပြားလိုက် ဆောက်ခြင်းကို ရှောင်ကြဉ်ပါ။ ဆိုင်ကလုံးဖြစ်တတ်သည့်ဒေသများတွင် အမိုးကို ၃၀ ဒီဂရီ စောင်းပြီး မိုးထားခြင်းဖြင့် လေစုပ်ယူအားကို လျှော့ချနိုင်မည် ဖြစ်သည်။<br>အမိုးတစ်လျှောက် အပူဒဏ်လျှော့ချရန် အပူစုပ်ပစ္စည်းများ အမိုးတွင် တပ်ဆင်ထားရန် စဉ်းစားသင့်သည်။ |

| | |
|---|---|
| | အောက်ဖက်သို့ ဆိုင်းချ၍ တပ်ဆင်ထားသော မျက်နှာကျက်များသည် အပူဒဏ်လျော့ကျခြင်းကို များစွာ အထောက်အကူဖြစ်စေသည်။   |

▶ **အရေးကြီး - စာသင်ကျောင်းများကို ယာယီခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်ရန် လိုအပ်ချက်များ**

- ခိုလှုံရန်နေရာ လိုအပ်သည့် လူများ၏ ယာယီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း။
- ကြံ့ခိုင်သည့် ဒီဇိုင်းနှင့် အရည်အသွေးကောင်းပြီး ခိုင်ခံ့သည့် ကွန်ကရစ် ဆောက်လုပ်ရန် လိုအပ်ခြင်း။
- ယာယီအထောက်အပံ့ပစ္စည်းများအား လုံခြုံဘေးကင်းစွာဖြင့် အပြည့်အဝ ပိတ်ပစ်နိုင်ခြင်း။
- အမြဲတမ်း အထောက်အပံ့ပစ္စည်းများအား ပြုပြင်၍ ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းခြင်း။
- ရွှေ့ပြောင်းသွားလာ ခိုလှုံသူဒုက္ခသည်များ ကျောင်းမှထွက်သွားသည်နှင့် အာဏာပိုင်များအား လွှဲပြောင်းမှုများ ပြုလုပ်ခြင်း။

# အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းတွင် အသုံးပြုမည့် ပစ္စည်းများ လမ်းညွှန်ချက်

## ဆောက်လုပ်ရေးပစ္စည်းများ ရွေးချယ်ရန် လမ်းညွှန်ချက်

| ပစ္စည်း | အားသာချက် | အားနည်းချက် |
|---|---|---|
| **ဝါး** | ကိုင်တွယ်ရလွယ်ကူ<br>အလေအလွင့်မရှိ<br>ပတ်ဝန်းကျင်နှင့် သင့်တော် (လျှင်မြန်စွာ ပြန်ပေါက်တတ်သောကြောင့်)<br>ကောင်းမွန်သော ဆန့်နိုင်အား ရှိ | အခြား ဆောက်လုပ်ရေးပစ္စည်းများနှင့် နှိုင်းယှဉ်လျှ င် ကြာရှည်ခံနိုင်မှု နည်းပါးသည်။<br>ပိုးမွှားများကြောင့် ထိခိုက်ပျက်စီးလွယ်သည်။<br>ဝါးများ ကွဲထွက်မသွားစေရန် လွန်ဖြင့် ဖောက်ပေး ရန် အရေးကြီးသည်။<br>မီးဒဏ် ခံနိုင်အား မရှိ<br>အချို့သောဒေသများတွင် ဈေးကြီး |
| **အုတ်** | အတိုင်းအတာနှင့် ဒီဇိုင်း အကန့်အသတ်မရှိ<br>တူညီသော အတိုင်းအတာများရရှိနိုင်<br>သယ်ယူပို့ဆောင်ရလွယ်ကူ<br>လျှင်မြန်စွာ ဆောက်လုပ်နိုင်၊<br>ဒေသထွက်<br>စက်ရုံထုတ်အုတ်များ အရည်အသွေးကောင်း | ကုန်ကျစရိတ်များ<br>ဒေသအတွင်း မရနိုင်ခြင်းမျိုး ဖြစ်နိုင်<br>ဒေသလုပ် အုတ်များသည် လိုအပ်သည့် အရည်အသွေး မရနိုင်ခြင်းမျိုး ဖြစ်နိုင်<br>ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ရှားပါး ကုန်ကြမ်းများ (သစ်သား သို့မဟုတ် လောင်စာ) အား အသုံးပြုခြင်း<br>ကျိုးပဲ့ပျက်စီးနှုန်းများသဖြင့် အလေအလွင့်ဖြစ်စေနိုင်သည် |
| **သစ်သား** | ကုန်ကျစရိတ်နှင့် ထိရောက်မှုရှိ<br>ကြာရှည်ခံ<br>သဘာဝ သွင်ပြင်ပုံစံရှိ<br>သဘာဝအားဖြင့် သံချေးမတက်နိုင်<br>လွယ်ကူစွာ ဆောင်ရွက်နိုင် | မြန်မာနိုင်ငံတွင် တွင်တွင်ကျယ်ကျယ် မရနိုင်တော့ပေ<br>ကြာရှည်ခံသည့် အရင်းအမြစ်မှ ဖြစ်ဖို့လိုအပ်သည်<br>ပိုးမွှား များမှ လွယ်လွယ်ကူကူ တိုက်ခိုက်နိုင်သည်<br>ရာသီဥတုနှင့် အချိန်ကာလ ကြာမြင့်မှု ပေါ် မူတည်၍ ကျုံ့သွားခြင်း၊ လိမ်သွားခြင်း၊ အက်သွားခြင်း၊ ကွေးသွားခြင်း ဖြစ်နိုင်သည်<br>ပိုးကိုက်၊ ခြကိုက်၊ မှိုတက် စသည်တို့ ဖြစ်တတ်သည်<br>ပြင်ပ အဆောက်အအုံ အစိတ်အပိုင်းများတွင် အသုံးပြုနိုင်ရန် ပြုပြင်မှုများ ပြုလုပ်ပေးရန် လိုအပ်သည်<br>ဆေးမသုတ်ဘဲ သဘာဝအတိုင်းထားပါ က ဖြူလျော်သွားခြင်း၊ အိုဟောင်းပုံရခြင်းတို့ ဖြစ်နိုင်သည်<br>အခြားဆောက်လုပ်ရေး သုံး ပစ္စည်းများထက် ပို၍ ပြုပြင် ထိန်းသိမ်းရန် လိုအပ်သည်<br>ပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှု ရှိသည် (သစ်တောပြုန်းတီးခြင်း) |
| **သံကူကွန်ကရစ်** | လိုအပ်သည့်ပစ္စည်းများ အလွယ်တကူ ရရှိနိုင်လျှင် တွက်ခြေကိုက်သည်။ ကွန်ကရစ်သည် ကြာရှည်ခံ၍ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်နည်းပါးသည့်အတွက် တွက်ခြေကိုက်သည်။ အခြားပစ္စည်းများနှင့် ယှဉ်လျှင် သံချေးတက် ပိုးစား ခြစား ပျက်စီးခြင်း နည်းသည်။<br>မီးလောင်မလွယ်သောကြောင့် မီးဘေး အန္တရာယ်နှင့် အပူချိန် မြင့်မားခြင်းကို ခံနိုင်ရည် ရှိခြင်း<br>လေဒဏ် ရေဒဏ် ကြွက်နှင့် ပိုးမွှား အန္တရာယ်ဒဏ် | အက်လွယ်သည်<br>ကြံ့ခိုင်မှုသည် အသုံးပြုထားသည့် ပစ္စည်းများ အရည်အသွေး နှင့်သင့်လျော်သည့်ဆောက်လုပ်ရေး လုပ်ငန်းစဉ်ပေါ် မူတည်သည် |

| | | |
|---|---|---|
| | ခံနိုင်ရည် ရှိခြင်း | |
| **သံမဏိ၊ သံဘောင်များ** | ခံနိုင်အား မြင့်မားသည်<br>တစ်သားတည်းဖြစ်ပြီး ပျော့ပျောင်းမှုအား ကောင်းသည်<br>နန်းဆွဲအား ကောင်းမွန်သောကြောင့် မြင့်မားသော ဆွဲဆန့်အားအောက်တွင် ပုံပျက် ပျက်စီးမှု မဖြစ်ပေ<br>ခိုင်ခန့်ပြီး ကွေးလွယ်ဆန့်လွယ်သဖြင့် ဆိုင်ကလုံး၊ ဟာရီကိန်းဒဏ်ခံ ဒေသများအတွက် အထူးကောင်းမွန်သည် | ရေ၊လေနှင့် စိုထိုင်းမှုတို့ကြောင့် သံချေးတက်လွယ်သည်<br>ကွန်ကရစ်နှင့် နှိုင်းယှဉ်လျှင် မီးလောင်ဒဏ်ခံနိုင်မှု လွန်စွာ နည်းပါးသည်<br>ကွေးကောက်နိုင်ခြင်း - ဖိအားဒဏ်ခံရသော တိုင်သည် အလျားရှည်ထွက်လာလေလေ ဘေးသို့ ကွေးကောက်လာနိုင်လေလေ ဖြစ်သည်။<br>အပူချိန်ပြောင်းလဲမှုများလျှင် ဆန့်နိုင် ကျုံ့နိုင်နှုန်း မြင့်မားလာနိုင်သည်။ |

# ကလေးများအတွက် သင့်လျော်သည့် ကျောင်းပရိဘောဂ

ဒီဇိုင်းရေးဆွဲသူအနေဖြင့် ကျောင်းသား ကလေးငယ်များ ထိုင်သည့်အခါ၊ စာဖတ်သည့်အခါ၊ စာရေးသည့်အခါ ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာ ရှိမှုကို ထည့်သွင်းစဉ်းစားထားရမည်။ ကောင်းမွန်သော ပရိဘောဂ အသုံးအဆောင်များသည် ကလေးသူငယ်များအား သက်တောင့်သက်သာစွာဖြင့် ကောင်းမွန်စွာ ပညာသင်ယူနိုင်ရေးအတွက် အရေးကြီးသည်။ ပရိဘောဂများအား အဆောက်အအုံများကဲ့သို့ ရှုမြင်ပေးရမည်။ ၎င်းတို့အား

- ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ထားရမည်။
- အရွယ်အစား မှန်ကန်ရမည်။
- အသုံးပြုမည့် ရည်ရွယ်ချက်နှင့် ကိုက်ညီမှု ရှိရမည်။
- ဒေသတွင်း ပြုလုပ်ရန် နှင့် ပြုပြင်ရန် လွယ်ကူစေနိုင်ရမည်။

ပရိဘောဂအသုံးအဆောင်များအား ပြန်လည်ပြုပြင်သုံး၍ မရတော့သည့်အခါ စာသင်ခန်းတွင်းတွင် အသုံးမပြုနိုင်တော့သည့် ပစ္စည်းများဖြင့် နေရာယူမှုရှိမနေစေရန် လွယ်ကူရိုးရှင်းစွာ စွန့်ပစ်နိုင်ရမည်။ အထူးလိုအပ်ချက်များရှိသော ကလေးများအတွက် ပြုလုပ်ပေးထားသော ပရိဘောဂ၊ စားပွဲ ကုလားထိုင်အား ကျောင်းမှ စီစဉ်ပေးရမည်။

▶ အခြေခံပညာဦးစီးဌာနမှ လမ်းညွှန်ထားသည့် ကျောင်းပရိဘောဂများ ပုံစံအား နောက်ဆက်တွဲ (၄) တွင် မှီငြမ်းနိုင်ပါသည်။

# လျှပ်စစ်မီး အလင်း နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် (ဆိုလာ)

အလင်းရောင်သည် စာသင်ခန်းတစ်ခန်းအား အသုံးပြုမည့် စာသင်ချိန်နာရီကို တိုးစေသည်။ မျက်နှာကျက် ပန်ကာများသည် ပညာသင်ကြားရာတွင် ပိုမို သက်သောင့်သက်သာရှိသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပြီး၊ လျှပ်စစ်မီးမှာ သင်ကြားရေးနှင့် ကျောင်းစီမံခန့်ခွဲရေး (ဥပမာ ကွန်ပျူတာ) အသုံးအဆောင်များ အသုံးပြုရန် ကူညီပေးသည်။ လျှပ်စစ်မီး ထောက်ပံ့ပေးလေလေ ကျောင်းတွင်း ဝင်ငွေရလုပ်ရှားမှုများ ဆောင်ရွက်နိုင်သည့်အခွင့်အရေး ပိုတိုးလာလေလေ ဖြစ်သည်။

လျှပ်စစ်မီး ထောက်ပံ့မှုအား နေ့အလင်းရောင်ကို အဓိကသုံးသော ကျေးလက် မူလတန်းကျောင်း အများစုအတွက် မရှိမဖြစ် မလိုအပ်ပေ။ လျှပ်စစ်မီး သွယ်တန်းရောက်ရှိသည့် နေရာများတွင် လျှပ်စစ်စွမ်းအင် သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် မည်သူကအကုန်အကျခံမည်နည်း ဆိုသည့်အပေါ် မူတည်၍ ကျောင်း သို့မဟုတ် အခြေခံပညာဦးစီးဌာနမှ ဆုံးဖြတ်ချက်ချမှတ်ရမည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ကို အသုံးပြုခြင်းသည် ရွေးချယ်စရာ နည်းလမ်းတစ်ခုဖြစ်သည်။ သို့ရာတွင် ထိန်းသိမ်းစရိတ်၊ သူခိုးဒဏ်မှ အကာအကွယ်၊ ရေရှည် အသုံးပြုနိုင်ရန် ပံ့ပိုးပေးခြင်း စသည့် ပြဿနာများ ရှိနေပေသေးသည်။ မီးစက် အသုံးပြုခြင်းမှာ ကုန်ကျစရိတ်၊ ထိန်းသိမ်းစရိတ်တို့မှာ များပြားသည့်အတွက် သုံးစွဲရန် မတိုက်တွန်းချေ။

# အားဖြည့်ပြင်ဆင်ခြင်း

မြန်မာနိုင်ငံရှိ စာသင်ကျောင်းအများစုမှာ ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး အင်ဂျင်နီယာမပါဘဲဆောက်လုပ်ထားသဖြင့် ဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီး လွယ်သည်။ထိုကျောင်းများအား ရိုးရှင်းပြီး ကုန်ကျစရိတ်မများသော အားဖြည့်ပြင်ဆင်နည်းဖြင့် ကြံ့ခိုင်စေပါသည်။

ရှိပြီးသား ကျောင်းအဆောက်အအုံများသည် ဒီဇိုင်းပိုင်းအရ သို့မဟုတ် ဆောက်လုပ်ရေး လိုအပ်ချက်အရ ပျက်စီးလွယ်နိုင်ခြေ ရှိသည်။ အချို့သော အဆောက်အအုံများသည် ကနဦးကတည်းက စာသင်ကျောင်း အဖြစ်အသုံးပြုရန် ဆောက်လုပ်ထားခြင်းမျိုး မဟုတ်ပါ၊ အခြားသော အဆောက်အအုံများသည် လက်ရှိဆောက်လုပ်ရေး စည်းမျဉ်းများနှင့် မကိုက်ညီသည်ကိုလည်း တွေ့ရပါသည်။ အားဖြည့်ပြင်ဆင်ရခြင်းမှာ ရှိပြီး အဆောက်အအုံအား သဘာဝဘေးအန္တရာယ်များ (ငလျင်၊ ဆိုင်ကလုံး၊ မြေပြို) ခံနိုင်ရည် ရှိလာစေရန် ပြန်လည်အားဖြည့် ပြုပြင်ခြင်း ဖြစ်သည်။

# အားဖြည့်ပြင်ဆင်ခြင်း အဆင့်များ

အဓိကအဆင့် လေးဆင့် ရှိပါသည်။

(၁) ဖြစ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များကို ဆုံးဖြတ်ခြင်း: - ကျောင်းအဆောက်အအုံများအတွက် မည်သည့် ဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေများရှိနိုင်သည်၊ မည်သည့်ဆိုးကျိုး သည် အကြီးဆုံး ဖြစ်သည် ကို ဆုံးဖြတ်ပါ။

(၂) အားနည်းချက်/ခုခံနိုင်စွမ်းမရှိမှုကို အကဲဖြတ်စိစစ်ခြင်း:- ဖြစ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်အဆင့်ကို ဆုံးဖြတ်နိုင်ရန်၊ အားဖြည့်ပြင်ဆင်ရေးအတွက် အကောင်းဆုံးသော နည်းလမ်းကို ရွေးချယ်ရန်နှင့် လိုအပ်မည့် ကုန်ကျစရိတ်များကို စိစစ်ရန်တို့မှာ မရှိမဖြစ် အရေးပါသည့် အချက်များ ဖြစ်သည်။ အောက်ပါအကြောင်းအရာတို့သည် အားနည်းချက်၊ ပျော့ကွက်များကို အကဲဖြတ်ချင့်တွက်ရာတွင် စဉ်းစားသင့်သည့် အချက်များ ဖြစ်သည်။

**▶အားဖြည့်ပြင်ဆင်ခြင်းနှင့် ပြုပြင်ခြင်း ကွာခြားချက်**

ပြုပြင်ခြင်း ဆိုသည်မှာ အဆောက်အအုံ တစ်ခုအား မူလအခြေအနေသို့ ပြန်ရောက်အောင် ပြုပြင်ခြင်း (ဥပမာ - အုတ်နံရံ အက်ကြောင်း ဖာခြင်း၊ အမိုးပေါက်နေသည့် နေရာ ဖာခြင်း) မျိုးကို ဆိုလိုသည်။

အားဖြည့်ပြင်ဆင်ခြင်း ဆိုရာတွင် အဆောက်အအုံအစိတ်အပိုင်းအား ဘေးအန္တရာယ် ဒဏ် ခံနိုင်ရည် ရှိသည့် အဆောက်အအုံမျိုး ဖြစ်အောင် ငလျင်ဒဏ်ခံရက်မများ ထည့်ပေးခြင်း၊ အချိတ်အဆက် နေရာများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက် ခြင်း၊ ချုပ်တန်းများ ထည့်ခြင်း၊ တိုင် ရက်မများတွင် သံအကူများ (ကာဗွန်အမျှင်များ) ထည့်ပေးခြင်း အစရှိသည့် ဖြည့်စွက်မွမ်းမံ ခြင်းမျိုးကို ဆိုလိုသည်။

▶ ကိုးကား -

- မြန်မာနိုင်ငံ အဆောက်အအုံ ဆိုင်ရာ စည်းမျဉ်းများ (ယာယီ ပြဋ္ဌာန်းချက် ၂၀၁၂)
- မြန်မာနိုင်ငံရှိ ကျေးလက်အိမ် များကို ပြန်လည်ပြုပြင်မွမ်းမံ ခြင်းဆိုင်ရာ UN-Habitat ၏ လမ်းညွှန် လက်စွဲ
- ပညာရေးဝန်ကြီးဌာန - ပြုပြင်ခြင်း ၊ အားဖြည့်ပြင်ဆင် ခြင်း ဆိုင်ရာ စံသတ်မှတ် လမ်းညွှန်ချက်

| | |
|---|---|
| **အမြင်အားဖြင့် စုံစမ်းစစ်ဆေးခြင်း** | လုပ်ငန်းခွင် အခြေအနေ၊ ပျက်စီးနေသည့် အစိတ်အပိုင်းများ အသေးစိတ်၊ ယိုင်နဲ့ချွတ်ချော်နေသည့် ဆောက်လုပ်ရေး အစိတ်အပိုင်းများ (နံရံ၊ အမိုး စသည်) ပျက်စီးနေသည့် ပစ္စည်းများ စသည် တို့ ဖြစ်သည်။<br>အက်ကြောင်း၊ ပျက်စီးနေသည့် အစိတ်အပိုင်းများ ကို ရှာဖွေပါ<br>ယိုရွဲ့ ယိုင်နဲ့နေသည့် အပိုင်းကို စစ်ဆေးပါ<br>ကျားကန်ထားသည့် အရာများ နှင့် အဆက်များတွင် ပျက်စီးမှုများ ကိုရှာပါ<br>ကိုးကား ▶ **အမြင်အားဖြင့် စစ်ဆေးခြင်းပုံစံအား နောက်ဆက်တွဲ (၅) တွင် ကိုးကားပါ။** |
| **အဆောက်အအုံပိုင်းဆိုင်ရာ စုံစမ်း စစ်ဆေးခြင်း** | အဆင့် နှစ်ခု:-<br>အပေါ်ပိုင်းအတွက် ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ စုံစမ်း စစ်ဆေးခြင်း<br>မြေအောက်ပိုင်းအတွက် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း<br>အသေးစိတ်ကိုးကား ▶ ရှိပြီး ကျောင်းအဆောက်အအုံ ပြန်လည်ပြုပြင်မွမ်းမံ ခြင်း အသေးစိတ် ဆိုင်ရာ လက်စွဲ |
| **အဆောက်အအုံပိုင်းဆိုင်ရာ အကဲဖြတ် သုံးသပ်ချက် အသေးစိတ်** | အရည်အချင်း ပြည့်ဝသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အင်ဂျင်နီယာ ၏ အကဲဖြတ်သုံးသပ်ချက် ရလာဒ်အရ အားဖြည့်ပြင်ဆင်ခြင်း နည်းဗျူဟာကို အကောင်အထည်ဖော်မည် |

(၃) အားဖြည့်ပြင်ဆင်ခြင်းဆိုင်ရာ ချဉ်းကပ်မှု ဒီဇိုင်း

- ထိုချဉ်းကပ်မှုကို အရည်အသွေးပြည့်ဝသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အင်ဂျင်နီယာမှ ဒီဇိုင်းရေးဆွဲရမည်။
- ရိုးရှင်း၍ အကုန်အကျမများဘဲ ပြုပြင်ထိန်းသိမ်းနိုင်ရမည်။
- စိစစ်ရေး၊ ဒီဇိုင်း နှင့် ဆောက်လုပ်ရေး / အားဖြည့်ပြင်ဆင်ခြင်းတို့အား ကြီးကြပ်ရာတွင် တိကျသော နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရမည်။
- မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ နှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်။
- အားဖြည့်ပြင်ဆင်ခြင်းအတွက် ကုန်ကျစရိတ်သည် အဆောက်အအုံသစ် ဆောက်လုပ်သော ကုန်ကျစရိတ်၏ ၅၀% အောက်သာ ရှိသင့်သည်။
- အားသာချက်

    (က) အားဖြည့်ပြင်ဆင်ခြင်းအား ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ခွဲခြား ဆောင်ရွက်နိုင်သည်။

    (ခ) အဆောက်အအုံသစ် ဆောက်လုပ်သော ကုန်ကျစရိတ်အောက် လျော့နည်းသည်။

    (ဂ) အဆောက်အအုံ၏ ပုံစံ နှင့် ဖွဲ့စည်းပုံစနစ် ပြောင်းလဲသွားမည် မဟုတ်ပေ။

(၄) ဆောက်လုပ်ရေး လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောက်လုပ်ချိန်ကာလကိုစဉ်းစားပြီး လုပ်ငန်းအရည်အသွေး ကောင်းမွန်စေရန် အနီးကပ် ကြီးကြပ်ကွပ်ကဲရမည်။

# အားဖြည့်ပြင်ဆင်ခြင်း နည်းစနစ်များ

အားဖြည့်ပြင်ဆင်ခြင်းဆိုင်ရာ နည်းစနစ်များသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အားနည်းချက်များအတွက် သင့်တော်သည့်နည်းဖြစ်သင့်သည်။ ဥပမာ - ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စိစစ်အကဲဖြတ်ချက်တွင် အဆောက်အအုံသည် တောင့်တင်းခိုင်မာမှုမရှိဟု ဖော်ပြထားပါက၊ အားဖြည့်ပြင်ဆင်ရေး နည်းစနစ်များသည် အဆောက်အအုံ အစိတ်အပိုင်းတို့အား ပိုမိုတောင့်တင်းခိုင်မာစေရန် အရွယ်အစားကြီးမားသော အစိတ်အပိုင်းများ (သို့မဟုတ်) အခြားသော အစိတ်အပိုင်းများ ထပ်မံထည့်သွင်းခြင်းမျိုး ဖြစ်သည်။

အောက်ဖော်ပြပါမှာ ကနဦး အားဖြည့်ပြင်ဆင်ရေး နည်းစနစ်များ ဖြစ်သည်။

**▶ ယခုအပိုင်းတွင် အားဖြည့်ပြင်ဆင်ရေး နည်းစနစ်ဥပမာများ ဖော်ပြပေးထားသည်။ အသေးစိတ်များကို အောက်ပါတွင် ကြည့်ပါ။**

- မြန်မာနိုင်ငံရှိ ကျေးလက်အိမ်များအား အားဖြည့်ပြင်ဆင်ခြင်းဆိုင်ရာ UN-Habitat လက်စွဲ
- ပညာရေးဝန်ကြီးဌာန၏ ပြုပြင်မွမ်းမံခြင်း နှင့် အားဖြည့်ပြင်ဆင်ခြင်း ဆိုင်ရာလက်စွဲ
- Save the Children လက်စွဲ - "ခိုင်ခံ့မှုမရှိသော လက်ရှိကျောင်းဆောင်များကို အားဖြည့်ပြင်ဆင်ခြင်း – စိစစ်ခြင်း"

<table>
<tr><th colspan="3">အဆောက်အအုံ အစိတ်အပိုင်းများဖြင့် တောင့်တင်းခိုင်မာစေမည့် ယေဘူယျနည်းလမ်းများ</th></tr>
<tr><td>အမိုး</td><td colspan="2">ဒိုင်းခွေချုပ်တန်းများ ထည့်ပါ။<br>အမိုးချုပ်တန်းများ ကို အလျားလိုက် နှင့် ဒေါင်လိုက်အစောင်း အတိုင်း ထည့်ပါ။<br>အမိုးတွင် ပါဝင်သည့်အပိုင်းများ အားလုံးကို တင်းတင်းကျပ်ကျပ် တွဲချည်ပါ။</td></tr>
<tr><td>နံရံ နှင့် ဘောင်</td><td>ပျက်စီးသည့် အစိတ်အပိုင်းများအား ပြင်ဆင်ပါ သို့မဟုတ် အစားထိုးပါ<br>ထောင့်မတ်ကျမကျ စစ်ပါ<br>နံရံတွင် ဒေါက်များ၊ တန်းများ ထည့်ပါ<br>သစ်သားဘောင်ခွေ နှင့် တွဲဆက်ရန် အုတ်နံရံတွင် ကျင်တွယ်များ ထည့်ပါ</td><td>အဆက်များအား တင်းကျပ်စွာ ချိတ်ဆက်ပါ<br>သစ်သားအစိတ်အပိုင်းများအား ကြာရှည်ခံအောင် ဆေးသုတ်ထားပါ</td></tr>
<tr><td>ကြမ်းခင်း နှင့် အုတ်ဖိနပ်</td><td>ပျက်စီးသည့် အစိတ်အပိုင်းများအား ပြင်ဆင်ပါ သို့မဟုတ် အစားထိုးပါ<br>လိုအပ်ပါက ပိုမိုခိုင်မာစေမည့် အထောက်အကန် များ ထည့်ပါ</td><td>အုတ်ဖိနပ်ပတ်လည်ရှိ မြေများအား မာကျစ်နေစေရန် ဖိသိပ်ပါ<br>တည့်မတ်ခြင်း ရှိမရှိ စစ်ဆေးပါ</td></tr>
</table>

# အကူအားဖြည့်ခြင်းဆိုင်ရာ နည်းစနစ်များ

| | |
|---|---|
| **အဆောက်အအုံ<br>အစိတ်အပိုင်းများ<br>ထည့်သွင်း ခြင်း** | အဆောက်အအုံအစိတ်အပိုင်းများ ထည့်သွင်းခြင်း သို့မဟုတ် အစိတ်အပိုင်းများကြားရှိ ခန်းဖွင့်အလျားအား လျှော့ချပေးခြင်းဖြင့် အစိတ်အပိုင်းတိုင်းတွင် ကျရောက်နေသည့် ဝန်အားကို လျှော့ချနိုင်သည်။ ဥပမာ - အင်္ဂတေနံရံတစ်ခုသည် ဒေါင်လိုက်ထောက်တိုင်မပါရှိဘဲ ဧရိယာမှာ ၉၅ စတုရန်း ပေ (၈.၈ စတုရန်းမီတာ) ထက် ပိုပါက တိုင်တစ်ချောင်း ထည့်သွင်းပေးခြင်း ဖြစ်သည်။<br><br><br>သံကူကွန်ကရစ်တိုင်<br>ထည့်သွင်းခြင်း<br><br>အုတ်/အင်္ဂတေ အဆောက်အအုံတွင်<br>ထောက်ကန်ပေးမည့် အောက်ခြေအုတ်<br>ထည့်သွင်းခြင်း |
| **အင်္ဂတေ အဆောက်အအုံ ရှိ ထိန်းကွင်း (ချုပ်တန်း)** | နံရံများအားတွဲချုပ်ထားသော ထိန်းကွင်း (ချုပ်တန်း) များသည် အဆောက်အအုံအား ငလျင်ဒဏ်ကြောင့် ဖြစ်လာမည့် အပျက်အစီးများကို ခံနိုင်ရည်ရှိစေသည်။ ထိုထိန်းကွင်းများအား ပြတင်းပေါက် နှင့် တံခါးပေါက် အပေါ်ထုပ်တန်းများတွင်လည်းကောင်း၊ ကြမ်းခင်း/အမိုးအောက်ခြေ ပတ်လည်တွင် လည်းကောင်းထည့်သွင်း ထားသင့်သည်။ ထိန်းကွင်း (ချုပ်တန်း)များအား သံကူကွန်ကရစ် သို့မဟုတ် သံကွင်းများဖြင့်ပြုလုပ်သင့်သည် ။<br><br>Seismic belt for slab roof building<br><br>seismic belts for pitched roof building |
| **ကွန်ကရစ် အစိတ်အပိုင်းများ (ရက်မတန်း နှင့် တိုင်) တွင် အခွံအုပ် တပ်ဆင်ခြင်း** | ကွန်ကရစ်အခွံအုပ် တပ်ဆင်ခြင်းသည် ရှိပြီးအစိတ်အပိုင်းများ ပတ်လည်တွင် အပိုလွှာတစ်ခုအနေဖြင့် အကူအားဖြည့်ပေးမည့် သံအား ထပ်မံအုပ်ပေးခြင်း (အများအားဖြင့် တိုင်များတွင်)ဖြစ်သည်။ အဆောက်အအုံ အစိတ်အပိုင်းများ၏ ကွေးဆန့်နိုင်မှု၊ ပြတ်ထွက်နိုင်မှုတို့ကို ကြံ့ခိုင်နိုင်ရန် ပိုမိုအားဖြည့်ခြင်း ဖြစ်သည်။ သံချောင်း သို့မဟုတ် ကာဗွန်အမျှင်များဖြင့် အားဖြည့်ခြင်းသည်လည်း အခြားသောနည်းလမ်းများလည်း ဖြစ်သည်။<br><br><br><br> |

| | |
|---|---|
| **အမိုးဒိုင်းခွေများ နှင့် အမိုးအုံများ အား ပိုမို ခိုင်မာစေခြင်း** | ထောင့်ဖြတ် ကျားကန်(ဒိုင်းခွေ) တစ်ကို ကျားကန်နှစ်ခုအကြား ချုပ်တန်းများအဖြစ် ထည့်သွင်းပေးခြင်းဖြင့် အမိုးအုံစနစ်ကို ပိုမိုခိုင်မာစေသည်။ ထိုအမိုးဒိုင်းခွေများသည် အမိုးမှဝန်အားကို အဆောက်အအုံသို့ အားပြောင်းပေးခြင်းဖြစ်သဖြင့် တောင့်တင်းခိုင်မာနေရမည်။ ကော်လာတန်းများ၊ ဒေါက်တန်းများအား ထည့်သွင်းခြင်းဖြင့် ပိုမိုခိုင်ခန့်စေမည် ဖြစ်သည်။<br><br><br><br>Strengthening truss by providing additional web members<br><br>Strengthening truss by providing additional collar ties |
| **အမိုးအစိတ်အပိုင်း များအား ချိတ်ဆက်ခြင်း** | အမိုးမျှားတန်းများအား ဒိုင်းများဖြင့် သင့်လျော်စွာ ချိတ်ဆက်ထားမှသာ လေပြင်းတိုက်ချိန်တွင် မျှားတန်းများသည် လွင့်ထွက်သွားမည်မဟုတ်ချေ။ အမိုးချပ်များအားလည်း မျှားတန်းများဖြင့် သေချာစွာ တွဲချည်ထားပါမှ ခေါင်မိုးလန်ထွက်ခြင်းမှ ရှောင်ရှားနိုင်မည် ဖြစ်သည်။<br><br><br><br>Tie roofing strips closely |
| **အုတ်နှင့် ကျောက်အင်္ဂတေ နံရံများ၏ အားနည်းချက်များ** | တံခါးပြတင်းထုပ်တန်းများအားအုတ်နံရံတွင်ရောစီထည့်ထားခြင်းဖြင့် နံရံ၏ ကြံ့ခိုင်မှုကို တိုးတက်စေပြီး အလျားလိုက်အက်ကြောင်းများ ဖြစ်ပေါ်ခြင်းမှ ထိန်းချုပ်ပေးသည်။ နံရံများ အပြင်သို့လန်ထွက်ခြင်း ၊ ပြိုကျခြင်းမှလည်း ကာကွယ်နိုင်သည်။ ၎င်းသည် အမိုးနှင့် နံရံအား တွဲဆက်စေခြင်း၊ နံရံအား ထောက်မပေးပြီး လျှောင်အတွင်း တုန်ခါမှုကြောင့် နံရံပြိုကျခြင်းမှ ကာကွယ်နိုင်သည် ။ နီးစပ်ရာအထပ်နှင့် တွဲဆက်ထားခြင်းဖြင့် နံရံ၏ ကြံ့ခိုင်အားကို ပိုမိုတိုးတက်စေသည်။ |
| **တိုင်အခြေအား အစား ထိုးခြင်း** | အဆောက်အအုံတစ်ခုလုံး၏ အလေးချိန်ကို တိုင်များမှ တွန်းကန် ထောက်မပေးထားရသည်။ တိုင်များသည် ကြံ့ခိုင်ပြီး မြေကြီးနှင့် တင်းကျပ်စွာ စိုက်ထူချိတ်တွဲထားရမည်။ |
| **အဆောက်အအုံ တစ်လျှောက် ခံထားသည့် မြေညီရက်မ** | အုတ်မြစ်တွင် အက်ကြောင်းများရှိသည့်အခါ အဆောက်အအုံတစ်လျှောက် ရက်မများ ထည့်ပေးခြင်းဖြင့် အုတ်မြစ်ကို ပိုမိုသန်မာစေပြီး အဆောက်အအုံအား ထောက်မပေးနိုင်သည်။ |

| | |
|---|---|
| **ချုပ်တန်းများ ထည့်သွင်းခြင်း** | အဆောက်အအုံ၏ ဘောင်တန်းများ အားနည်းလျှင် ကျားကန်ပေးမည့် ချုပ်တန်းများ ထည့်သွင်းထားခြင်းဖြင့် ပိုမိုကြံ့ခိုင်လာစေသည်။ ငလျင်၊ လေနှင့် ရေကြီးခြင်း စသည့် ဘေးတိုက် တွန်းအားများကိုလည်း ခံနိုင်ရည်ရှိစေသည်။<br><br><br><br>Bracing of a bamboo building |
| **အုတ်/ အင်္ဂတေနံရံများတွင် ချုပ်ရိုးကဲ့သို့ သံချောင်းသီတံ ထည့်သွင်းခြင်း** | ဘေးတိုက်တွန်းအားကြောင့် နံရံများပျက်စီးနေသည့်အခါ၊ အုတ်မြစ် အားနည်းသည့်အခါ ချုပ်ရိုးကဲ့သို့ သံချောင်းသီတံများ ထည့်သွင်းထားခြင်းဖြင့် ပိုမို ကြံ့ခိုင်လာစေသည်။<br><br><br><br> |

## အဓိကကျသည့် အချက်များ

- အားဖြည့်ပြင်ဆင်ခြင်းသည် လက်ရှိ လုံခြုံဘေးကင်းခြင်း မရှိသည့် ကျောင်းအဆောက်အအုံများအား ဘေးအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိမှုကို တိုးတက်စေသည်။
- အရင်းအမြစ်များအား ကန့်သတ်ထားသည့်အခါ အမြင်အားဖြင့် အလျင်အမြန် အကဲဖြတ် ဆန်းစစ်မှုသည် အားနည်းချက်အများဆုံးရှိသည့် ကျောင်းနှင့် ထိခိုက်လွယ်သော ကျောင်းသားများရှိသည့် ကျောင်းများအား အလျင်အမြန် ဖော်ထုတ်နိုင်မည်။
- ဒေသတွင်း/ပြည်တွင်းမှ အင်ဂျင်နီယာများသည် ဘေးအန္တရာယ်များကြောင့် လက်ရှိအဆောက်အအုံများအား ထိခိုက်လွယ်မှုရှိ/မရှိလေ့လာဆန်းစစ်မည့် နည်းလမ်းများနှင့်ဆိုင်သော သင်တန်းများ အနည်းငယ်သာ ရရှိနိုင်သည်။ စိစစ်ရေးကျွမ်းကျင်သူ ပညာရှင်များသည် ပြည်တွင်းတက္ကသိုလ်များနှင့် ပူးတွဲဆောင်ရွက်၍ အင်ဂျင်နီယာ ကျောင်းသားများ၊ ဌာနနှင့် အစိုးရ အရာရှိများကို အရည်အသွေးမြှင့် သင်တန်းများ ပို့ချပေးသင့်သည်။

# ရေ၊ မိလ္လာ နှင့် တစ်ကိုယ်ရေ သန့်ရှင်း ရေး (WASH)

**ကလေးသူငယ်တိုင်းသည် ဘေးကင်းလုံခြုံပြီးသန့်ရှင်း ကျန်းမာသော သင်ကြားရေး ပတ်ဝန်းကျင် လိုအပ်ပါသည်။ ကျောင်း (သို့မဟုတ်) ရပ်ရွာလူထုဝန်းကျင်အတွင်း ၎င်းအသုံးအဆောင်များ မရရှိနိုင်ခြင်းကြောင့် မိန်းကလေးများသည် ယောကျ်ားလေးများထက် ပို၍ ဆိုးကျိုးထိခိုက်မှုရှိ ပါသည်။ မသန်စွမ်းကျောင်းသားများအနေဖြင့်လည်း အဆိုပါ အသုံးအဆောင်ပစ္စည်းများအား အသုံးပြုခွင့်မရလျှင် ထိခိုက်မှုရှိပါသည်။ ကျောင်းတွင် သန့်ရှင်းသော၊ လုံခြုံသော၊ သီးခြား အိမ်သာထားပေးခြင်းဖြင့် မိန်းကလေးများအားကျောင်းအပ်နှံခြင်း၊ ကျောင်းဆက်လက်ထား ရှိခြင်းသည် ပိုမို တိုးတက်လာကြောင်း အထောက်အထားများ ရှိပါသည်။**

မြန်မာနိုင်ငံရှိ ကျောင်းများတွင် မိလ္လာနှင့်ပတ်သက်သော အသုံးအဆောင်၊ အထောက်အပံ့ပစ္စည်းပစ္စယ မလုံလောက်ခြင်း၊ မရှိခြင်း၊ ဘေးကင်းပြီး စိတ်ချရသော ရေထောက်ပံ့မှုမရှိခြင်းနှင့် လက်ဆေးစရာ အသုံးအဆောင်ပစ္စည်းများ မကောင်းမွန်ခြင်းများ တွေ့ကြုံနေရသည်။ ၎င်းအသုံးအဆောင်များအား မထိန်းသိမ်းနိုင်ခြင်းကြောင့်လည်း သန့်ရှင်းမှုမရှိခြင်းနှင့် အသုံးပြုသူ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည်ကို ကြုံတွေ့နေရသည်။

ကလေးပျော်စံပြကျောင်းတွင် ကျား-မ ခွဲခြားထားသောအိမ်သာများ၊ လက်ဆေးအသုံးအဆောင်ပစ္စည်းများ နှင့် သောက်သုံးနိုင်သော သောက်ရေ အစရှိသည်တို့အား ထားရှိရမည်။ ကျောင်းများမှလည်း ကလေးများအတွက် သင့်လျော်သော တစ်ကိုယ်ရေ ကျန်းမာရေး အလေ့အကျင့်များကို သင်ကြားပေးရမည်။

ကျောင်းဆောက်လုပ်ရေး သို့မဟုတ် အားဖြည့်ပြင်ဆင်ရေးတို့ ဆောင်ရွက်ရာတွင် သောက်သုံးနိုင်သော သောက်ရေနှင့် ကျား-မ ခွဲခြားထားသည့် မိလ္လာအသုံးအဆောင်များအား ထည့်သွင်း ပြုလုပ်ထားပေးသင့်သည်။

အောက်ပါဇယားတွင် မြန်မာနိုင်ငံရှိ ကျောင်းများတွင် အနည်းဆုံးရှိရမည့် ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး စံနှုန်းများကို အကျဉ်းချုပ် ဖော်ပြထားသည်။

▶ WASH အတွက် ထပ်မံလမ်းညွှန်ချက်များအား - သန့်ရှင်းစတား - ကျောင်းများတွင် အနည်းဆုံး ပြည့်မီရမည့် ရေ မိလ္လာနှင့် သန့်ရှင်းရေး လိုအပ်ချက်များကို ကိုးကားပါ။

# မြန်မာနိုင်ငံရှိ ကျောင်းများတွင် ရေ၊ မိလ္လာနှင့်သန့်ရှင်းရေး (WASH) အနည်းဆုံးအဆင့် လိုအပ်ချက်များ

| WASH တွင် ပါဝင်သည့်အရာများ | အနည်းဆုံး ပြည့်မီရန် လိုအပ်ချက်များ |
|---|---|
| **သောက်ရေ** | ကလေးတစ်ယောက်သည် တစ်နေ့လျှင် ဘေးကင်းစိတ်ချရသည့် သောက်ရေ အနည်းဆုံး ၅၀၀ မီလီလီတာ အား သောက်သုံးခွင့်ရှိရမည်။<br>ကလေးတစ်ယောက်စီသည် ဘေးကင်းသောရေ (ကျိုချက်၍၊ စစ်ယူ၍၊ ကယ်လိုရင်းထည့်၍ သို့မဟုတ် ရေသန့်ဘူး)အားအိမ်မှယူဆောင်လာ၍လည်းကောင်း၊ ဒေသခံအစိုးရမှ ဘေးကင်းကြောင်းကြေငြာထားသော ရေအရင်းအမြစ်မှ ရေအား ယူလာ၍လည်းကောင်း ထိုလိုအပ်ချက်မှာ ပြည့်မီပါသည်။<br>ကလေးများသည် ကိုယ်ပိုင်ခွက် သို့မဟုတ် ရေဘူး ယူလာရမည်။ ရေခွက် နှင့် ဘူးများ မျှဝေသုံးစွဲခြင်း မပြုလုပ်သင့်ပါ။<br>ကုန်ကျစရိတ်နည်းပါးသည့် ရေသန့်စင်ရေးအတွက် ▶ **သန့်ရှင်းစတား - ကျောင်းများတွင် အနည်းဆုံး ပြည့်မီရမည့် ရေ မိလ္လာ နှင့် သန့်ရှင်းရေး လိုအပ်ချက်များကို ကိုးကားပါ။** |

| | |
|---|---|
| **သန့်ရှင်းရေးပြုလုပ်ရန် လိုအပ်သောရေ** | ကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် သန့်ရှင်းရေးပြုလုပ်ရန် လိုအပ်သောရေအားလုံလောက်မှုရှိအောင် ဆောင်ရွက်ပေးရမည်။ ကလေးတစ်ယောက်အတွက် တစ်နေ့လျှင် ရေ ၃ လီတာ အောက် မနည်းစေရပါ။<br>ရေအရင်းအမြစ်အတွက် ▶ **သန့်ရှင်းစတား - ကျောင်းများတွင် အနည်းဆုံး ပြည့်မီရမည့် ရေ မိလ္လာနှင့် သန့်ရှင်းရေး လိုအပ်ချက်များ ကို ကိုးကားပါ။** |
| **အိမ်သာ** | ယောကျ်ားလေးများအတွက် အနည်းဆုံး အိမ်သာတစ်လုံး၊ မိန်းကလေးများအတွက် အနည်းဆုံး အိမ်သာတစ်လုံး သီးသန့် ထားရှိပေးရမည်။ ၎င်းအိမ်သာကို မသန်စွမ်း ကလေးများလည်း အသုံးပြုနိုင်ရမည်။<br>အိမ်သာများသည် သန့်ရှင်းပြီး ကျောင်းဖွင့်ချိန်အတွင်း အသုံးပြုနိုင်ရမည်။<br>အိမ်သာကျင်းများသည် သောက်သုံးရေအရင်းအမြစ်နှင့် အနည်းဆုံး ၅၀ ပေ (၁၅ မီတာ) အကွာတွင် ရှိရမည်။ အိမ်သာကျင်းများသည် မြေအနိမ့်ပိုင်းတွင် ရှိသင့်သည်။<br>အိမ်သာသည် ကျောင်းအဆောက်အအုံ၏ လေနိမ့်ရာအရပ် ၃၃ ပေ (၁၀ မီတာ) အကွာတွင် ရှိသင့်သည်။<br>ကျား-မ အိမ်သာအား ခွဲခြားထားပြီး တစ်ခုနှင့်တစ်ခု အနည်းဆုံး ၃၃ ပေ (၁၀ မီတာ) အကွာတွင် (အကာအရံဖြင့်) ထားရှိ ရမည်။<br>အိမ်သာသည် ရေတွင်း ရေကန် နှင့် အနည်းဆုံး ၉၈.၅ ပေ (၃၀ မီတာ) ကွာဝေးရမည်။<br>အိမ်သာများ လုံလောက်စွာ ထားရှိပေးရမည် - မိန်းကလေးနှင့် အမျိုးသမီး ဝန်ထမ်း (၄၀) ဦးလျှင် အိမ်သာတစ်လုံးနှုန်း၊ ယောကျ်ားလေးနှင့် အမျိုးသား ဝန်ထမ်း (၄၀) လျှင် အိမ်သာတစ်လုံး၊ ဆီးသွားခွက် တစ်ခုနှုန်း (ဆီးခွက်သည် နံရံမှ အနည်းဆုံး ၂၀ လက်မ (၅၀ စင်တီမီတာ) အကွာတွင် ထားရှိပေးရမည်။) |
| **လက်ဆေးခြင်း** | လက်ဆေးရန် အသုံးအဆောင်ပစ္စည်း တစ်ခု အနည်းဆုံး ရှိရမည်။<br>အိမ်သာအနီးတွင် သင့်တော်သောလက်ဆေးရန်နေရာ ထားရှိသင့်သည်။<br>လက်ဆေးရန် အသုံးအဆောင်ပစ္စည်းများ နှင့် ဆပ်ပြာ အား အသုံးပြုနိုင်အောင် တစ်နေ့လုံး ထားရှိပေးရမည်။ ကလေးငယ်များသည် ရေဖြင့် လက်ကို စင်ကြယ်အောင် ဆေးကြောနိုင်ရမည် ဥပမာ - လက်ကိုင်အရှည်ပါသော ခွက်၊ ရေပိုက်ခေါင်းတပ် ခွက် သို့မဟုတ် ပုံး ကို အသုံးပြုခြင်းဖြင့်။<br>အဖွဲ့လိုက် လက်ဆေးခြင်း ကို ဆရာ/ဆရာမများ နှင့် သန့်ရှင်းအဖွဲ့သားများက နေ့စဉ် အားပေးရမည်။ |
| **လုပ်ငန်း ဆောင်ရွက်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်း** | စာသင်ခန်းများကို နေ့စဉ် သန့်ရှင်းရမည်။<br>အိမ်သာများကို (အတွင်းနှင့် ဘေးပတ်ဝန်းကျင်) ညနေအတန်းပြီးချိန်တွင် အနည်းဆုံး တစ်ကြိမ် သန့်စင်ဆေးကြောရမည်။ ကျောင်းချိန်အတွင်း အိမ်သာအား အသုံးပြုနိုင်ရန် ဖွင့်ထားပေးရမည်။<br>လက်ဆေးအသုံးအဆောင်များအား လိုအပ်ပါက ပြုပြင်ရမည်၊ လဲလှယ်ပေးရမည်။<br>ကျောင်းတွင်ရေစုပ်စက် ရှိပါက ကောင်းမွန်စေရန်ထိန်းသိမ်းပြီးပြင်ဆင်စရိတ်နှင့်ဆီဖိုး အစရှိသည်တို့အတွက် ရံပုံငွေထားရှိပေးရမည်။ အများပြည်သူသုံး ရေပိုက်လိုင်း ဆက်သွယ်ထားရှိသည့် ကျောင်းများသည် လစဉ်ရေသုံးစရိတ်အား သက်ဆိုင်ရာ ဌာနများသို့ ပေးသွင်းရမည်။ |
| **တစ်ကိုယ်ရေ သန့်ရှင်းရေး ပညာပေး နှင့် အမူအကျင့်ပြောင်းလဲခြင်း** | ကျောင်းများတွင် မိလ္လာတိုက်ရိုက်စွန့်ပစ်သည့် အိမ်သာများ မရှိသင့်ချေ။<br>အဖွဲ့လိုက် လက်ဆေးခြင်း လှုပ်ရှားမှုအား ကျောင်းတွင် နေ့စဉ် လေ့ကျင့်ရမည်။<br>ကလေးသူငယ်များအားလုံးသည် ထမင်းစားချိန် မတိုင်မီ နှင့် အိမ်သာ အသုံးပြုပြီးနောက် ဆပ်ပြာဖြင့် လက်ဆေးရမည်။<br>တစ်ကိုယ်ရေ ကျန်းမာရေး ပညာပေးခြင်း ကို ပုံမှန်ဆောင် ရွက်ရမည်။ |
| **အညစ်အကြေး နှင့် ရေဆိုး စီမံခန့်ခွဲခြင်း** | ကျောင်းတွင် အမှိုက်ပုံးတစ်ခု အနည်းဆုံးထားရှိရမည်။<br>အမှိုက်ကျင်းသည် ကျောင်းအဆောက်အအုံများနှင့် အလွန်ဝေးကွာနေရမည်။<br>ရောဂါများ ကူးစက်ပြန့်ပွားမှုမှ ရှောင်ရှားနိုင်ရန် ကျောင်းဧရိယာအတွင်း ရေအိုင် ဗွက်အိုင်များ မရှိသင့်ပါ။ |

| | |
|---|---|
| **ကျောင်း မုန့်ဆိုင်၊ စားဖိုဆောင်နှင့် အစားအစာကိုင်တွယ်ခြင်း** | ကျောင်းများတွင် မုန့်ဆိုင်များ၊ စားဖိုဆောင်များ ကို အိမ်သာ၊ အမှိုက်ပုံး၊ စွန့်ပစ်နေရာ များနှင့် ညစ်ညမ်းသည့် အရင်းအမြစ်မှ ကင်းဝေးစေရမည်။ ချက်ပြုတ်ထားသည့်အစားအစာများအား ပိုးမွှားများ၊ ကြွက်များမှ ကင်းဝေးအောင် ဖုံးအုပ်ထားရမည်။ |

## မိလ္လာနှင့် ရေ အထောက်အပံ့

| | |
|---|---|
| **ရေ အထောက်အပံ့** | ကျောင်းတစ်ကျောင်းတွင် ဘေးကင်းသောသောက်သုံးရေ လုံလောက်စွာရရှိနိုင်ရမည်။ ဘေးကင်းသည့် သောက်သုံးရေသည် အနံ့မရှိ၊ နောက်ကျိမှုကင်းပြီး ၅ NTU (Nephelometric Turbidity Unit) ထက် မပိုစေရပါ။ ဆောက်လုပ်ရေးလုပ်ငန်းပြီးသည်နှင့် ရေစနစ်တိုင်းအား စစ်ဆေးရမည်။ တစ်နှစ်လျှင် တစ်ကြိမ် ပြန်လည် စစ်ဆေးပေးရမည်။ |
| **ဒီဇိုင်း စဉ်းစားသုံးသပ်ချက်** | အိမ်သာများ နှင့် မိလ္လာကျင်းသည် ရေစုန်ပိုင်းတွင် ရှိရမည်။ ရေအရင်းအမြစ်အား ညစ်ညမ်းစေခြင်းမှ ရှောင်ကြဉ်နိုင်ရန် အိမ်သာအား ရေတွင်းနှင့် ရေအရင်းအမြစ်များမှ ၆၆ - ၉၈ ပေ (၂၀ - ၃၀ မီတာ) အကွာတွင် အနည်းဆုံးရှိရမည်။ မိလ္လာကျင်းအား မြေအောက်ရေကြောထက် ပို၍နက်အောင် မတူးရပါ။ အိမ်သာဒီဇိုင်း ရေးဆွဲရာတွင် ရေပုံမှန်ရရှိနိုင်မှု၊ မြေအမျိုးအစားနှင့်အခြေအနေ (ရေဝပ် / ကျောက်ဆောင်ပေါ်သောဒေသ)၊ ဒီဇိုင်းပြုလုပ်ခြင်း တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ကျွမ်းကျင်သူရရှိနိုင်မှုနှင့် ကုန်ကျစရိတ်၊ ကျောင်းသားများ နှင့် ဆရာများ ဘေးကင်းလုံခြုံရေး၊ အိမ်သာ သန့်စင်သုံးပစ္စည်းများအား မည်သည့် အမျိုးအစားသုံးမည်၊ မည်သို့လွှင့်ပစ်မည် စသည့်အချက်များကို စဉ်းစားထားသင့်သည်။ |
| **လုံခြုံရေး နှင့် အဝင်အထွက်လမ်း** | ကလေးသူငယ်များ အိမ်သာသို့သွားသည့်အခါ လူနှင့်တိရိစ္ဆာန်များ(မြွေ) အန္တရာယ်ကို ကြောက်ရွံ့ခြင်း အလျှင်းမရှိစေဘဲ ဘေးကင်းလုံခြုံသည်ဟုခံစားစေရမည်။ အဝင်အထွက်လမ်းသည်ရှင်းလင်း ပွင့်လင်းနေရမည်။ လိုအပ်ပါက ကျောင်းအကူကြားနိုင်/မြင်နိုင်လောက်အောင် အကူအညီတောင်း လှမ်းအော်ခေါ်နိုင်လောက်သည့် အကွာအဝေးတွင် အိမ်သာအား ထားရှိရမည်။ မည်သည့်ရာသီဥတုမျိုးတွင်မဆို မိုးရွာသည်ဖြစ်စေ ရေကြီးသည်ဖြစ်စေ အိမ်သာအား သွားရောက်နိုင်ရမည်။ အိမ်သာအတွင်း လုံလောက်သည့် အလင်းရောင် ရှိရမည်။ |
| **သန့်ရှင်းမှု** | အိမ်သာများမှာ အချိန်တိုင်း သန့်ရှင်းနေရမည်၊ သို့မှသာ အနံ့အသက်ကင်းပြီး ယင်ကောင်နှင့် အခြားပိုးမွှားများ ကင်းဝေးကာ လူအများအနေဖြင့် အိမ်သာအား အသုံးပြုချင်မည်ဖြစ်သည်။ ဆရာများအတွက် သီးခြား အိမ်သာများ ထားပေးသင့်သည်။ အမျိုးသမီး၊ အမျိုးသား၊ ယောကျ်ားလေး၊ မိန်းကလေး အိမ်သာများ သီးသန့်ခွဲခြားထားပေးရမည်။ |
| **ကျား-မ လိုအပ်ချက် စဉ်းစားပေးရေး** | မိန်းကလေးများနှင့် အမျိုးသမီးများ ရာသီလာသည့်အခါ အမျိုးသမီးသုံး ပစ္စည်းများအား သက်တောင့်သက်သာစွာဖြင့် သီးသန့် လဲလှယ်ပြီး ဆေးကြောနိုင်သော ရေရှိသော အိမ်သာများ လိုအပ်ပါသည်။ |

## ပါဝင်သည့် အစိတ်အပိုင်းများ

| | |
|---|---|
| **အိမ်သာ ဖွဲ့စည်း တည်ဆောက်ပုံ**<br> | နံရံများ၊ တံခါး၊ အမိုး၊ လေဝင်လေထွက် နှင့် အလင်းရောင်အတွက် အပေါက်များ ပါရှိရမည်။ အသုံးပြုမည့်ပစ္စည်းများမှာ ဒေသတွင်း ရရှိနိုင်သည့် ပစ္စည်းများနှင့် ကျွမ်းကျင်မှုပေါ်တွင် မူတည်သည်။<br><br>အိမ်သာကိုယ်ထည်သည် အိမ်သာအသုံးပြုသူများအား သီးသန့်ရှိနေနိုင်ပြီး လေ၊ နေ၊ မိုးတို့မှ အကာအကွယ် ပေးနိုင်ရမည်။ အမိုးများမှာ သက်ကယ်မိုး၊ အရွက်များ၊ အုတ်ကြွပ်များ၊ သွပ်မိုး များ ဖြစ်နိုင်သည်။ နံရံများ နှင့် တံခါးများအား ဝါး၊ သစ်ရွက်များ၊ သစ်သား၊ အုတ်၊ သွပ်မိုး၊ သို့မဟုတ် အခြားပစ္စည်းများဖြင့်အသုံးပြုနိုင်သည်။<br><br>သဘာဝအလင်းရောင်၊ လေဝင်လေထွက်၊ သီးသန့်အသုံးပြုနိုင်မှု၊ လုံခြုံရေး နှင့် ဘေးကင်းရေး တို့သည် အဓိက စဉ်းစားရမည့် အချက်များဖြစ်သည်။ တံခါးများကို အတွင်းမှ ပိတ်ထားနိုင်ရမည်။ လေတိုက်လျှင် တံခါးပွင့်သွားပြီး ထိခိုက်မှုမရှိစေရန် အပြင်ဘက်မှလည်း ပိတ်ထားနိုင်ရမည်။ |
| **အိမ်သာကြမ်းခင်း**<br> | ကြမ်းခင်းသည် မဆွေးမြေ့နိုင်သော၊ ကြာရှည်ခံသော ပစ္စည်းများဖြင့် ပြုလုပ်နိုင်သည်။ အသုံးအများဆုံး ပစ္စည်းမှာ ကွန်ကရစ်ကြမ်းခင်း/ ကြွေပြားခင်း ဖြစ်သည်။ ၎င်းတို့သည် သန့်ရှင်းရေးလုပ်ရန် လွယ်ကူပြီး မဆွေးမြေ့နိုင်သော၊ ဈေးမကြီးသော ပစ္စည်းများ ဖြစ်သည်။<br><br>အိမ်သာခွက်များအား များသောအားဖြင့် ကွန်ကရစ် (သို့မဟုတ်) ကြွေခွက်ကို အသုံးပြု ကြသည်။ ယင်းတို့အား အိမ်သာကြမ်းပြင်နှင့် တစ်ပြေးညီ ပြုလုပ်လေ့ရှိသည်။ အိမ်သာကြမ်းခင်းအား သစ်သား (သို့မဟုတ်) ကွန်ကရစ် ဖြင့်ပြုလုပ်ထားရန် လိုအပ်ပြီး ဘေးကင်းစေရန် လူကြီးငါးယောက် အလေးချိန်ကြောင့် သိသိသာသာ ကွေးသွားခြင်း မရှိစေဘဲ ခံနိုင်ရည်ရှိအောင် ထောက်မပေးရမည်။ |
| **ရေဆိုးစွန့်ကန်**<br> | ရေဆိုးစွန့်ကန်သည် မြေအောက်ကျင်း/တွင်း ဖြစ်ပြီး ရေဆိုးများကိုစွန့်ပစ်သည့်နေရာ ဖြစ်သည်။ ကန်အနက်မှာ မိုးရာသီရှိ မြေကြီးအခြေအနေနှင့် မြေအောက်ရေအမြင့်ပေါ် မူတည်သည်။ မာကျစ်မှုမရှိသည့် မြေအမျိုးအစားများတွင် ကျင်းအား ဝါး၊ အုတ် သို့မဟုတ် ကွန်ကရစ်ကွင်းဖြင့် ဆောက်လုပ်ထားရမည်။ ကျင်းအား အိမ်သာကိုယ်ထည် အောက်တည့်တည့်တွင် ထားရှိနိုင်သော်လည်း တစ်မီတာ သို့မဟုတ် နှစ်မီတာမျှ အကွာတွင်ထားရှိရန် အကြံပြုပါသည်။<br><br>လေပြန်ပိုက်အား စွန့်ပစ်ကန်မှ မကောင်းသော အနံ့အသက်များ ထွက်သွားစေရန် အနည်းဆုံး အမိုးတံစက်မြိတ်အစွန်း အမြင့်ထိ တပ်ဆင်ပေးရမည်။ အိမ်သာ၏ လေဝင်ပေါက်များ၊ လေပြန်ပိုက်များမှ တစ်ဆင့် အိမ်သာအတွင်းသို့ ယင်ကောင်မဝင်နိုင်စေရန် လေဝင်ပေါက်များ၊ လေပြန်ပိုက်များတွင် ယင်လုံဇကာများ တပ်ဆင်ပေးရမည်။ |

## ရေနုတ်မြောင်းနှင့် သန့်စင်ဆေးကြောရေး ပစ္စည်းများ

| | |
|---|---|
| **သတ်မှတ်ချက်** | ကလေးပျော်စံပြ စာသင်ကျောင်းတိုင်းတွင် ဆေးကြောသန့်စင်သည့် အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးထားရမည်။ |
| **နေရာ** | အသုံးပြုရန် လွယ်ကူစေသည့်အနေဖြင့် လက်ဆေးရန်နေရာနှင့် ရေ ထားရှိပေးရမည်။ လက်ဆေးအသုံးအဆောင်ပစ္စည်းများအား ငယ်ရွယ်သည့်ကလေးများ၏ စာသင်ခန်းအနီး ထားရှိခြင်းသည် အိမ်သာထွက်ပေါက်တွင် ထားခြင်းထက်ပို၍ စောင့်ကြည့်ပေးနိုင်သည်။<br><br>အပြင်ဘက်တွင် လက်ဆေးအသုံးအဆောင်များအား အိမ်သာဘေးတစ်ချက်စီမှာထားရှိပေးပြီး ဆီးသွားခွက်သို့ ရေစွန့်ပစ်စေခြင်းဖြင့် အမျိုးသားအိမ်သာအား ရေဆွဲချရာတွင် အထောက်အကူဖြစ်စေသည်။ |
| **အသုံးပြုခွင့်ရခြင်း** | လက်ဆေး အသုံးအဆောင်များအား အထူးသဖြင့် ငယ်ရွယ်သည့် ကလေးငယ်များ နှင့် မသန်စွမ်း ကလေးငယ်များ အပါအဝင်၊ ကလေးငယ်တိုင်း အသုံးပြုခွင့်ရစေရမည်။ ကျောင်းများမှ ဆပ်ပြာများပံ့ပိုးပေးထားရမည်၊ မိဘများကိုလည်း လက်ဆေးဆပ်ပြာအား အလှည့်ကျပါဝင်လှူဒါန်းစေပြီး ကျောင်းသုံးဆပ်ပြာများအဖြစ် စုဆောင်းထားသင့်သည်။ |
| **စွန့်ပစ်ရေ** | လက်ဆေးပြီးစွန့်ပစ်လိုက်သော ရေအားကောင်းမွန်စွာ စီးဆင်းသွားစေရမည်။ သို့မှသာ ခြင်များ ပေါက်ဖွားလာနိုင်သော ရေအိုင်ဗွက်အိုင်များ ဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်မည်။ ရေရှားပါးသည့် အရပ်များတွင် လက်ဆေးပြီး ရေများကို စုဆောင်းထား၍ အိမ်သာရေဆွဲ သို့မဟုတ် ဆီးသွားခွက်များဆေးကြောခြင်းနှင့် ကျောင်းကြမ်းခင်းများ ဆေးကြောရာတွင် ပြန်လည် အသုံးပြုနိုင်သည်။ |
| **ရေနုတ်မြောင်း စနစ် နှင့် ရေသေ** | ကျောင်းများတွင် အဆောက်အအုံဥပစာရှိ ရေများအားသယ်ဆောင်သွားမည့် ကောင်းမွန်သော ရေနုတ်မြောင်းစနစ် ရှိသင့်သည်။ ပြင်ပရေနုတ်မြောင်းများနှင့် မုန်တိုင်းကြောင့် ကျန်ရှိနေသည့် ရေများကို ကျောင်းဝင်းပြင်ပသို့ ကောင်းစွာ စီးဆင်းသွားနိုင်ရစေရန် မြောင်းဖော်ထားသင့်သည်။ ရေသေကန်များရှိ ရေများသည် ကူးစက်ရောဂါများအား ပြန့်ပွားစေနိုင်ပြီး ကလေးငယ်များအတွက် အန္တရာယ်ရှိစေသည်။ |
| **တာဝန်များ** | မြို့နယ်ပညာရေးဌာနများ သို့မဟုတ် ကျောင်းအုပ်များသည် ကျောင်းများတွင်ဆပ်ပြာများအား ပုံမှန် ပေးဝေရေး အတွက် ကြိုတင်စီစဉ်ထားရမည်။ |

## ကုန်ကျစရိတ်သက်သာသည့်  လက်ဆေးအသုံးအဆောင်



## လက်ဆေးအသုံးအဆောင်ပစ္စည်းများ ရွေးချယ်မှု

| | |
|---|---|
| ကုန်ကျစရိတ်နည်း<br>(ခန့်မှန်းခြေ ၁,၈၀၀ ကျပ်/<br>၂ ဒေါ်လာ အောက်) |   |
| ကုန်ကျစရိတ်<br>အလယ်အလတ်<br>ရေ နှင့် ဆပ်ပြာ<br>(၄,၅၀၀-၂၀,၀၀၀ ကျပ်/<br>၇ - ၁၅ ဒေါ်လာ) |  |

## အမှိုက်စွန့်ပစ်ရေး စီမံခန့်ခွဲခြင်း

ကလေးပျော်စံပြကျောင်းတွင် အမှိုက်များကို နည်းမှန်လမ်းမှန်စွန့်ပစ်သည့် လုပ်ထုံးလုပ်နည်းများ ရှိရမည်။ ကျောင်းများရှိ အမှိုက်များမှာ ယေဘူယျအားဖြင့် စာရွက်၊ ပလပ်စတစ်၊ ဘူး၊ ခွက်၊ ပုလင်း နှင့် သဘာဝစွန့်ပစ် အမှိုက်များ ဖြစ်သည့် သစ်သီးများ၊ အသီးအရွက်များနှင့် အခြားသော မစားဖြစ်သည့် အစားအစာများ ဖြစ်သည်။

ကျောင်းမှအမှိုက်များအား နေ့စဉ်သိမ်းပြီး ဘုံအမှိုက်စွန့်ပစ်ရာနေရာသို့ စွန့်ပစ်ခြင်း (သို့မဟုတ်) ကျောင်းပြင်ပရှိ အမှိုက်ပုံတွင် စွန့်ပစ်နိုင်ရန် စုပုံထားခြင်းအား ကျောင်းအုပ်ချုပ်ရေးအနေနှင့်စီစဉ်ထားရမည်။ အမှိုက်အားလာရောက်သိမ်း ယူခြင်း မရှိပါက အဝင်အထွက်လမ်းနှင့် ဝေးကွာသည့်နေရာတွင် ကိုယ်ပိုင်အမှိုက်စွန့်ပစ်ရန် နေရာအား ကျောင်းအနေဖြင့် ဖန်တီးထားရမည်။

ရပ်ရွာလူထု (သို့) ပုဂ္ဂလိကမှဦးစီးသော အသုံးပြုပြီးပစ္စည်းများအား ပြန်လည်အသုံးပြု၍ ပစ္စည်းအသစ်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ကျောင်းအနေဖြင့် ချိတ်ဆက်ထားသင့်သည်။ ကျောင်းတိုင်းတွင် အမှိုက်များအား ပြန်လည် အသုံးပြုနိုင်သည့် အမှိုက် နှင့် ပြန်လည်အသုံးမပြုနိုင်သည့် အမှိုက်ဟူ၍ ခွဲခြားပြီး စွန့်ပစ်ထားသင့်သည်။ ကျောင်းပရဝုဏ်အတွင်း အမှိုက်ပုံမည့်နေရာအား ခြံစည်းရိုးခတ်ကာ ဖြစ်နိုင်လျှင်ဖုံးအုပ်ပေးထားရမည်။ စွန့်ပစ်အမှိုက်များအား ပြန်လည်အသုံးပြုပြီး ပစ္စည်းအသစ် ပိုမိုပြုလုပ်နိုင်လေလေ စွန့်ပစ်ရေးအပိုင်းတွင် သက်သာ အကျိုးရှိစေလေ ဖြစ်သည်။

> ▶ **အကြံပြုထောက်ခံချက် - ကျောင်းသန့်ရှင်းရေးနေ့**
>
> တစ်ပတ်လျှင်တစ်ကြိမ် ကျောင်းသန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ပြီး ကျောင်းသား/ သူ များအားလုံး ကျောင်းဝင်းနှင့် စာသင်ခန်းအား သန့် ရှင်းရေး ပြုလုပ်သင့်သည်။

### မြေဆွေးပြုလုပ်ခြင်း: ကျောင်းဝင်းအတွင်း စွန့်ပစ်အမှိုက်အား ပြန်လည်အသုံးချရေး အခွင့်အလမ်း

| | |
|---|---|
| **မြေဆွေးပြုလုပ်ခြင်း ဆိုသည်မှာ မည်သည့်အရာနည်း?** | အရိုးရှင်းဆုံး နည်းလမ်းအရ သဘာဝပစ္စည်းများအား စုပုံ၍ ဖုံးအုပ်ထားကာ ပုံမှန်လှည့်ပေးပြီး ဆွေးမြေ့အောင် ထားခြင်းဖြင့် ဥယျာဉ်ခြံမြေတွင် အသုံးပြုနိုင်သော မြေဆွေး (သစ်ရွက်ဆွေး မြေသြဇာ) အားပြုလုပ်နိုင်သည်။ မြေဆွေး ဖြစ်လာမည့်အချိန်မှာ ဒေသအနေအထားအပေါ် လွန်စွာ မူတည်နေသော်လည်း ယေဘူယျအားဖြင့် ၁၂ ပတ်မျှ အချိန်ယူလေ့ ရှိသည်။ |
| **မည်သည့်အရာကို မြေဆွေး ပြုလုပ် နိုင်သနည်း?** | သဘာဝအမှိုက်သရိုက်များမှာ - အသီးအရွက် အမှိုက်၊ အုန်းသီးခွံ ကြံပင် အစရှိသော စိုက်ပျိုးရေးခြံ အမှိုက်၊ ၎က်ပျောခွံ ပြောင်းဖူးရိုး ပြောင်းဖူးခွံ အစရှိသော ကောက်ပဲသီးနှံ အမှိုက်၊ သစ်ခေါက်၊ မြက်၊ သစ်ရွက်၊ လွှစာမှုန့် အစရှိသော ဥယျာဉ်ခြံ အမှိုက်နှင့် မီးဖိုချောင် အမှိုက်သရိုက်များ ဖြစ်သည်။ အသား၊ ငါးကြေးခွံ အစရှိသော တိရစ္ဆာန်မှ အမှိုက်များကိုလည်း သုံးနိုင်သည်။ သို့ရာတွင် ခွေး၊ ယင်နှင့် အခြားပိုးမွှားများ အမှိုက်ပုံသို့ လာစေနိုင်သည်။ |
| **မည်သည့်အရာကို မြေဆွေး မပြုလုပ် နိုင်သနည်း?** | ပလပ်စတစ်၊ သံဘူးခွံ၊ ကျောက်တုံး၊ ဖန်ပုလင်း၊ ဖန်ကွဲ၊ ဘတ္တရီနှင့် ဆေးဝါးပစ္စည်းများအား မြေဆွေး မပြုလုပ် သင့်ပါ။ သီးခြား ထားရှိပေးပါ။ |
| **စည်ပိုင်းကန်ဖြင့် မြေဆွေး ပြုလုပ်ခြင်း** | ကျောင်းများအတွက် လွယ်ကူသော နည်းလမ်းဖြစ်သည်။ အမြင့် ၄၇ လက်မ (၁၂၀ စင်တီမီတာ)၊ အချင်း ၂၈ လက်မ (၇၀ စင်တီမီတာ) ရှိသည့် ကွန်ကရစ် (သို့မဟုတ်) စတီးစည်ပိုင်းအား ကျောင်းမှ စီစဉ်ပေးနိုင်သည်။ ၎င်းစည်ထဲသို့ သဘာဝအမှိုက်များကိုထည့်ပြီး လေးလကြာလျှင် မြေဆွေး ရရှိမည် ဖြစ်သည်။ မြေဆွေးအား ဒေသခံ အဖွဲ့အစည်းသို့ ရောင်းချပြီး ကျောင်းအတွက် ဝင်ငွေ ရှာဖွေနိုင်သည်။ |



# အခန်း (၄) တင်ဒါခေါ်ယူခြင်း၊ တည်ဆောက်ခြင်း နှင့် ကြီးကြပ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်း မစတင်မီ လုပ်ဆောင်ရသည့် ဝယ်ယူခြင်း လုပ်ငန်းစဉ်သည် ကျောင်းများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းတို့တွင် စီမံကိန်း လုပ်ငန်းစဉ်တစ်ခုလုံး၏ ဘဏ္ဍာငွေအား အကျိုးရှိရှိ အသုံးချစေရေးအတွက် အရေးကြီးသော အပိုင်းဖြစ်သည်။ ဤအခန်းတွင် အခြေခံပညာဦးစီးဌာန၏ တင်ဒါခေါ်ယူခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စာသင်ကျောင်းများ သို့မဟုတ် ရပ်ရွာလူထုမှ ဆောက်လုပ်ရေးလုပ်ငန်းခွင် ကြီးကြပ်ခြင်း အတွက် အခြေခံလမ်းညွှန်ချက်များကို ဖော်ပြထားရှိပါသည်။

# တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်

ဆောက်လုပ်ရေးကန်ထရိုက်တာများကို အလုပ်အပ်ရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် လက်ရှိ အသုံးပြု နေသည့် ဆောက်လုပ်ရေးအတွက် ရံပုံငွေ ရရှိနိုင်သည့် အဓိကလမ်းကြောင်း နှစ်ကြောင်းမှာ - အခြေခံပညာ ဦးစီးဌာနမှ သတ်မှတ်ထားသည့် တင်ဒါလုပ်ငန်းစဉ်မှလည်းကောင်းနှင့် ရပ်ရွာလူထုမှ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများ အတွက် ရံပုံငွေ ထောက်ပံ့ပေးခြင်းမှလည်းကောင်း ရရှိနိုင်သည်။ စာသင်ကျောင်းအား အခြေခံပညာဦးစီးဌာန၏ မူဘောင် အတွင်းမှ ဆောက်လုပ်သင့်ပါသည်။ အစိုးရ၏ ဝယ်ယူရေးစည်းကမ်း သတ်မှတ်ချက်များကိုလည်း လိုက်နာသင့်ပါသည်။

တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်မှာ မတူညီသည့်ကုမ္ပဏီများမှ အပြိုင်အဆိုင်တင်သွင်းလာသော လုပ်ငန်း ကုန်ကျစရိတ် ဈေးနှုန်းများကို နှိုင်းယှဉ်အကဲဖြတ်၍ သင့်လျော်သည့် ကန်ထရိုက်တာအား ရွေးချယ်သတ်မှတ် ဆောက်လုပ်စေခြင်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရခြင်းမှာ အစိုးရ၊ အခြေခံပညာဦးစီးဌာနနှင့် ကျောင်းများအနေဖြင့် လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြကျောင်း (သို့မဟုတ် တိုးချဲ့ဆောင်) ဆောက်လုပ်ရာတွင် ပေးရသည့် ငွေကြေးနှင့် အထိုက်တန်ဆုံး အကောင်းဆုံး ကျောင်း တစ်ကျောင်းရရှိရေးအတွက် ဖြစ်ပါသည်။

## ရပ်ရွာလူထုမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်သည့် စာသင်ကျောင်းများ

ရပ်ရွာလူထုမှ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများ တည်ဆောက်ရာတွင်လည်း တင်ဒါခေါ်ယူခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကုန်ကျစရိတ် တွက်ချက်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်တို့သည် အစိုးရ၏ သတ်မှတ်လိုအပ်ချက်အတိုင်း ပြည့်မီရမည် ဖြစ်ပါသည်။ သို့ရာတွင် စာသင်ကျောင်း အရည်အသွေးနှင့် ခံနိုင်စွမ်းရှိမှု တို့အတွက် ၎င်းတို့၏ အရင်းအမြစ်များ၊ တင်ဒါ ခေါ်ယူရာတွင် သိသင့်သိထိုက်သည်များနှင့် ဆောက်လုပ်ရေး အလေ့အထများကို တင်းကျပ်စွာ သတ်မှတ်ထားနိုင်ပါသည်။

အရည်အသွေးပြည့်မီသည့် အင်ဂျင်နီယာမှ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကို ကြီးကြပ်ကွပ်ကဲခြင်းအားဖြင့် ရပ်ရွာလူထုအား လိုအပ်သည့် အထောက်အပံ့များ ပေးနိုင်မည် ဖြစ်သည်။

## အခြေခံပညာဦးစီးဌာန တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်

အခြေခံပညာဦးစီးဌာနမှ စာသင်ကျောင်းဆောက်လုပ်ရန် ရံပုံငွေ ရရှိမည့် ကျောင်းများအား အတည်ပြုပြီးသည့်နောက် တင်ဒါခေါ်ယူနိုင်ရန် ဆောက်လုပ်ရမည့် နီးစပ်ရာကျောင်းများကို ပေါင်းစုပြီး စာချုပ် (ကန်ထရိုက်) တစ်ခုထဲ စုစည်း ပေးရသည်။ ထိုသို့ ဆောင်ရွက်ခြင်းကို ကန်ထရိုက်အစုများ၊ ကန်ထရိုက်တွဲများဟု ခေါ်သည်။ အောက်ပါ အဆင့် (၅) ဆင့် သည် အခြေခံပညာ ဦးစီးဌာနမှ တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်ကို ဖော်ပြသည်။

▶ အခြေခံပညာဦးစီးဌာန တင်ဒါခေါ်ယူရေးတွင် အခြားသော သတင်းအချက်အလက်များ သိရှိနိုင်ရန်

- အခြေခံပညာဦးစီးဌာန တင်ဒါလျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်
- အခြေခံပညာဦးစီးဌာန တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်
- ဆောက်လုပ်ရေးလုပ်ငန်း အတွက် ဒေသတွင်း ဈေးနှုန်းဖြင့် ဆောက်လုပ်ရန် သဘောတူညီချက် စာချုပ် တို့ကို ကိုးကားပါ။

# အဆင့် ၁ - တင်ဒါခေါ်ယူရန် ပြင်ဆင်ခြင်း

ဆောက်လုပ်ရန် ကန်ထရိုက်အစုများကို အခြေခံပညာဦးစီးဌာနမှ ဆုံးဖြတ်သတ်မှတ်ပေးသည်။ ကျောင်းဆောက်လုပ်ရေး၊ ကျောင်းဆောင်တိုးချဲ့ရေးတို့တွင် ဒီဇိုင်းပုံစံ ရေးဆွဲဖူးသည့် အကြံပေးပုဂ္ဂိုလ်မှ လိုအပ်သည့် စာရွက်စာတမ်းများကို ပြင်ဆင်ပေးသည်။ (သို့မဟုတ်) လွယ်ကူရိုးရှင်းသည့် စာရွက်စာတမ်းများဖြစ်လျှင် ကျောင်းကော်မတီ၏ ပြောကြားချက် အတိုင်း အခြေခံပညာဦးစီးဌာနမှ ပြင်ဆင်ပေးသည်။ ၎င်းတွင် ကန်ထရိုက်တာ အနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် ကုန်ကျမည့် အခကြေးငွေ တင်ပြနိုင်ရန် လိုအပ်သည့် အချက်အလက်များ ထည့်သွင်းပေးထားသည်။ အစုလိုက် တင်ဒါခေါ်ယူသည့်အခါ ဖိတ်ကြားစာတွင် နည်းပညာဆိုင်ရာ သတ်မှတ်ချက် အသေးစိတ်ကို ထည့်သွင်းဖော်ပြပေး

ထားသည်။ (ဥပမာ - ဆောက်လုပ်ရန်ပုံများ၊ သတ်မှတ်ချက်များ၊ အရေအတွက် နှင့် အချိန်သတ်မှတ်ချက် စသည်တို့ ဖြစ်သည်)

# အဆင့် ၂ - တင်ဒါခေါ်ယူ ဖိတ်ကြားခြင်း

ပြည်နယ်နှင့် တိုင်းများတွင် ကန်ထရိုက်တွဲများကို အခြေခံပညာဦးစီးဌာနမှ အများပြည်သူ သတင်းစာများမှ တစ်ဆင့် ကြော်ငြာ၍ တင်ဒါခေါ်ယူသည်။ မည်သည့် ကန်ထရိုက်တာမဆို ဝင်ရောက် တင်သွင်းနိုင်သည်။ ၎င်းကို အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း ဟုခေါ်သည်။ လျှောက်ထားသည့် ကန်ထရိုက်တာများကို ကုန်ကျငွေကြေး ညှိနှိုင်းနိုင်ခြင်း ရှိမရှိနှင့် စာချုပ်အတိုင်း အချိန်မီပြီးအောင် စွမ်းဆောင်နိုင်ရည် ရှိ/မရှိကို ခေါ်ယူမေးမြန်း စုံစမ်းနိုင်သည်။ ၎င်းတို့၏ ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး မှတ်တမ်း၊ ဆောက်လုပ်မည့် နည်းလမ်း နှင့် ယခင် အလုပ် အတွေ့အကြုံများမှ ကိုးကားစရာ အချက်အလက်များကို တင်ပြရန် လိုအပ်သည်။ လက်ရှိဝယ်ယူရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အရ ကန်ထရိုက်တာ တစ်ဦးလျှင် ကန်ထရိုက်အစု (၄) ခု ထက် ပိုမို၍ တင်ဒါတင်သွင်းခြင်း မပြုချေ။

> **▶ ကန်ထရိုက်တာများကို စစ်ဆေးခြင်း -**
> လုပ်ငန်းဆောင်ရွက်ရာတွင် အရည်သွေးညံ့ဖျင်းသော ကန်ထရိုက်တာများကို မှတ်တမ်းတင်၍ အမည်ပျက်စာရင်းတွင် ထည့်သွင်းထားပြီး နောင် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်တွင် မပါဝင်နိုင်စေရန် ဆောင်ရွက်ရမည်။

# အဆင့် ၃ - တင်ဒါတင်သွင်းခြင်း

တင်ဒါဖိတ်ခေါ်ရာတွင် ဖော်ပြထားသည့် ပိတ်ရက် မတိုင်မီ တင်ဒါအဆိုကို တင်သွင်းရမည်။ အခြေခံပညာဦးစီးဌာန၏ တင်ဒါလက်ခံမှု လုပ်ငန်းစဉ်တွင် တင်ဒါတင်သွင်းသည့် ကုမ္ပဏီအမည်၊ တင်ဒါတင်သွင်းသည့် အချိန်နှင့်နေ့စွဲ တို့ကို မှတ်တမ်းတင်ရမည်။ ပိတ်ရက်မတိုင်မီ တင်သွင်းသည့် တင်ဒါများကိုသာ လက်ခံ စဉ်းစားသင့်သည်။

# အဆင့် ၄ - တင်သွင်းလာသည့် တင်ဒါများ အကဲဖြတ် သုံးသပ်ခြင်း

တင်ဒါအဆိုတစ်ခုကို အကဲဖြတ် သုံးသပ်ရာတွင် တစ်ဦးတစ်ယောက်တည်း ဖြစ်စေ၊ အကဲဖြတ်အဖွဲ့ ဖြစ်စေ ပြည်နယ်၊တိုင်း အစိုးရအဖွဲ့နှင့် အခြေခံပညာဦးစီးဌာန လက်တွဲဖက် (အကြံပေးပုဂ္ဂိုလ်) ဖြစ်စေ အကဲဖြတ် သုံးသပ်နိုင်သည်။ တင်ပြလာသည့် တင်ဒါအဆိုတွင် ကိန်းဂဏန်းတွက်ချက်မှု အမှားအယွင်းများ မရှိအောင် ဂရုစိုက်စစ်ဆေးပြီး တွက်ချက်မှုအမှားများ ရှိပါက တင်ဒါသွင်းသူ၏ ဈေးနှုန်းအားစာရွက်စာတမ်းများမှာ ဖော်ပြထားသည့်အတိုင်း ပြန်လည် ချိန်ညှိလိမ့်မည်။

တင်ဒါခေါ်ယူမှုသည် ဈေးနှုန်းပေါ်မူတည်၍ စဉ်းစားပါက အနည်းဆုံးဈေး တင်သွင်းသူများကို အကဲဖြတ်ပြီး တင်ဒါဘုတ်အဖွဲ့သို့ အကြံပြုတင်ပြသည်။ နည်းပညာအားဖြင့် အကဲဖြတ်သုံးသပ်သော အချို့သော ပုံစံစာရွက်များ အပါအဝင် တင်ဒါတင်သွင်းသည့် ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း ပါရှိပါက စနစ်တကျ အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို လိုက်နာရမည် ဖြစ်သည် (ယင်းတို့ကို တင်ဒါစာရွက်စာတမ်းများတွင် ပွင့်လင်းမြင်သာအောင် ရေးသားဖော်ပြထားရမည်)။

အကဲဖြတ်ခြင်းမှာ -

- တင်ဒါအဆိုများအား လိုက်လျော ဆောင်ရွက်နိုင်ခြင်း ရှိမရှိ စစ်ဆေးခြင်း
- ကိန်းဂဏန်းများ စစ်ဆေးခြင်း
- ကန်ထရိုက်တာ၏ အတွေ့အကြုံနှင့် အရည်အသွေး တို့ကို စစ်ဆေးခြင်း တို့ဖြစ်သည်။

# အဆင့် ၅ - စာချုပ်ချုပ်ဆိုခွင့်ပြုခြင်း

တင်ဒါရွေးချယ်ရေးအဖွဲ့မှ တင်ဒါအောင်မြင်သည့် ကန်ထရိုက်တာများကို ရွေးချယ်ပေးသည်။ တိုင်း/ပြည်နယ် အစိုးရမှ ကန်ထရိုက်အစုတွဲများကို ပေးအပ်ရန်တာဝန်ရှိသည်။ ကန်ထရိုက်ပေးအပ်၊ ချီးမြှင့်သည့်စာတွင် ဆောက်လုပ်ရေး လုပ်ငန်းစဉ်များ၊ အရည်အသွေးသတ်မှတ်ချက်များနှင့် ဆောက်လုပ်ရေး စည်းကမ်းစံနှုန်းများ၊ ဒီဇိုင်းပုံစံများ၊ ကန်ထရိုက် စာချုပ်များအား ဖော်ပြထားသည်။ ရွေးချယ်ခံရသည့် ကုမ္ပဏီမှ လက်ခံမှုရှိကြောင်း ပူးတွဲလက်မှတ်ရေးထိုးပြီး ကန်ထရိုက်စာချုပ်တွင် ဖော်ပြထားသည့် ရက်စွဲ အတိုင်း လုပ်ငန်းစတင်ရသည်။

# ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲခြင်း

## ရာထူးနှင့် လုပ်ငန်းတာဝန်များ

| | |
|---|---|
| **ကန်ထရိုက်တာ** | ကန်ထရိုက်တာများသည် ၎င်းတို့၏ လုပ်ငန်းအရည်အသွေးအတွက် အပြည့်အဝ တာဝန်ရှိသည်။ စာချုပ်တွင် ဖော်ပြထားသည့် ၎င်း၏ တာဝန်များမှာ -<br>• စာချုပ်ပါအတိုင်း (ပုံများ၊ သတ်မှတ်ချက်များနှင့် အချိန်ဇယားများ) ကိုက်ညီအောင် ဆောက်လုပ်ခြင်း<br>• ကျောင်းဆောက်လုပ်ရေး ကော်မတီနှင့် စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းခြင်း<br>• လုပ်ငန်းများ ချမှတ် စီစဉ်ရခြင်း<br>• ငွေပေးချေရန် တောင်းခံလွှာ တင်ပြခြင်း<br>• လုပ်ငန်းခွင်တိုးတက်မှု ဖြစ်စဉ်ကို စောင့်ကြည့်ကြီးကြပ်ခြင်း<br>• အသုံးပြုသည့် ပစ္စည်းများကို စစ်ဆေး စမ်းသပ်ခြင်း<br>• ထိရောက်သည့် လုပ်ငန်းခွင် ကြီးကြပ်မှု ရှိခြင်း<br>• လုပ်ငန်းခွင် အတွင်း ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး ရှိစေခြင်း |
| **အခြေခံပညာဦးစီးဌာနနှင့် ကျောင်းစစ်ဆေးရေး ကော်မတီ** | ကန်ထရိုက်တာ၏ လုပ်ငန်းများကို ကျောင်းစစ်ဆေးရေးကော်မတီမှ ကြီးကြပ်ကွပ်ကဲရသည်။ ကျောင်းစစ်ဆေးရေး ကော်မတီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ဗိသုကာ ပညာရှင်များ၊ အရာရှိများ၊ ကျောင်းအုပ်ကြီးများ၊ အခြေခံပညာမှ ဆရာ၊ဆရာမများ၊ အုပ်ချုပ်ရေး အရာရှိများနှင့် လွှတ်တော် ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။<br>ကျောင်းစစ်ဆေးရေး ကော်မတီ (သို့မဟုတ်) တာဝန်ပေးအပ်ထားသည့် အင်ဂျင်နီယာ (သို့မဟုတ်) ဗိသုကာ ပညာရှင် တို့မှ ကန်ထရိုက်တာများ၏ လုပ်ငန်းများကို ကြီးကြပ် စောင့်ကြည့်ပြီး အောင်မြင်စွာ ပြီးဆုံးသည့် လုပ်ငန်းများ အတွက်သာ ငွေပေးချေရမည်။ ကျောင်းစစ်ဆေးရေး ကော်မတီ၏ အဓိက တာဝန်များမှာ -<br>• ဆောက်လုပ်ရေး လုပ်ငန်းခွင် ကြီးကြပ်ခြင်း<br>• ဆောက်လုပ်ရေးအတွက် အသုံးပြုမည့် ပစ္စည်းများ အရည်အသွေး ပြည့်မီခြင်း ရှိမရှိ စစ်ဆေး ပေးခြင်း<br>• စစ်ဆေးပြီးစီးကြောင်း အသိအမှတ်ပြု လက်မှတ်ရေးထိုးပေးခြင်း<br>• လုပ်ငန်းခွင် လုံခြုံ ဘေးကင်းရေး ကို ကြီးကြပ်ပေးခြင်း<br>• ငွေပေးချေမှုများတွင် အသိအမှတ်ပြုပေးခြင်း<br>• ဓာတ်ပုံမှတ်တမ်းများ သိမ်းထားခြင်း<br>• လုပ်ငန်းခွင်တိုးတက်မှုများကို ပြန်လည်ဆန်းစစ်ပေးခြင်း<br>• ဓာတ်ခွဲခန်း စစ်ဆေးမှု ရလဒ်များကို ပြန်လည် စစ်ဆေးပေးခြင်း<br>ကန်ထရိုက်စာချုပ်တွင် အားလုံးပါဝင် လက်မှတ်ရေးထိုးစေရန် ကျောင်းမှ စိစစ်ရမည်။ ကန်ထရိုက်တာ ဆောက်လုပ်ရေး အစီအစဉ်တွင် လုပ်ငန်းစသည့် ရက်စွဲနှင့် ပြီးဆုံးသည့် ရက်စွဲပါဝင်ကြောင်း နားလည်သင့်သည်။ |

| | |
|---|---|
| | ကျောင်းများတွင် စီမံချက်နှင့် ပတ်သက်သော အချက်အလက်များကို အဆင်သင့်မှတ်တမ်းတင်နိုင်ရန် စာအုပ်များရေးမှတ်နိုင်ရန် လျှောက်လွှာပုံစံများကို ထားရှိသင့်သည်။ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းခွင် မှတ်တမ်းများ၊ အစည်းအဝေး မှတ်တမ်းစာအုပ်လည်း ထားရှိသင့်သည်။ ဆောက်လုပ်မည့် ပုံများနှင့် သတ်မှတ်ချက်များ မိတ္တူ ကို ကျောင်းတွင် ထားရှိရမည်။ |

## ကန်ထရိုက်တာများကို ငွေပေးချေခြင်း

ကန်ထရိုက်စာချုပ် ချုပ်ဆိုပြီးသည်နှင့် ကန်ထရိုက်တာများ အနေဖြင့် လုပ်ငန်းခွင်တွင် ဆောက်လုပ်ရေးလုပ်ငန်း စတင် ဆောင်ရွက်သည်။ အရေးကြီးသော အဆင့်များအား စစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေး ကျေနပ်မှု ရှိစွာ ပြီးမြောက်မှသာ ကန်ထရိုက်တာများကို ငွေပေးချေသင့်သည်။

အခြေခံပညာဦးစီးဌာန၏ ပုံမှန် ငွေပေးချေမှု အရစ်များမှာ -

- အဆောက်အအုံ အောက်ခြေအုတ်မြစ် နှင့် အုတ်ဖိနပ်ချ ပြီးသည့်အဆင့် တွင် ၂၅%
- အဆောက်အအုံ ဘောင်တန်းများ နှင့် အမိုးပြီးသည့် အဆင့်တွင် ၂၅%
- ကြမ်းခင်းနှင့် နံရံများ ဆောက်လုပ်ပြီးသည့် အဆင့်တွင် ၂၅%
- နောက်ဆုံး စစ်ဆေးခြင်းနှင့် အဆောက်အအုံ လက်ခံရယူခြင်း ပြီးသည့် အဆင့်တွင် ၂၅% *

*စာချုပ်ကန်ထရိုက်တန်ဖိုး၏ ၅% ကို အပျက်အစီး အာမခံသက်တမ်း ကုန်သည်အထိ လုပ်ငန်းအပ်နှံသူမှ ထိန်းသိမ်း ထားသည်။ ကန်ထရိုက်တာသည် ဆောက်လုပ်ပြီးစီးပြီးသည့်နောက် အာမခံသက်တမ်း (အများအားဖြင့် တစ်နှစ်ကာလ) အတွင်း ဖြစ်ပေါ်တတ်သည့် ပျက်စီးမှုများကို တာဝန်ယူပြန်လည် ပြုပြင်ပေးရသည်။ အာမခံသက်တမ်းပြီးနောက် ပျက်စီးမှု များအား ပြန်လည်ပြင်ဆင် ပေးပြီးမှသာ လုပ်ငန်းအပ်နှံသူမှ ကန်ထရိုက်တာအား ၅% အား ပြန်လည် ပေးအပ်သည်။

တစ်ခါတစ်ရံတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင် စတင်နိုင်ရန်နှင့် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူနိုင်ရန် ကန်ထရိုက်တာ အား ကြိုတင်ငွေထုတ်ပေးရသည်။ ကန်ထရိုက်တန်ဖိုး၏ ၂၀% အား ထုတ်ပေးလေ့ရှိပြီး ကန်ထရိုက်တာမှ ၎င်းငွေ တန်ဖိုးနှင့်ညီမျှသော အလုပ်ပြီးမြောက်မှသာ ပြန်လည်ပေးနိမ်ပေးရန် အာမခံထားရသည်။

**▶ တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပြီး တင်ဒါခေါ်ယူရေးနှင့် ဆောက်လုပ်ရေးတွင် အကျင့်ပျက် လာဘ်စားခြင်း လျှော့ချစေရေး**

- ပုံမှန် နှင့် စီစဉ်ထားသည့်အတိုင်းသာ ရံပုံငွေ ထုတ်ပေးစေခြင်း
    - လုပ်ငန်းခွင်တွင် အလုပ်အောင်မြင်စွာ ပြီးဆုံးမှု မရှိပါက မည်သည့်အခါမှ ငွေပေးချေခြင်း မပြုလုပ်ရ။ ဆောက်လုပ်ရေး အရည်အသွေးနှင့် တိုးတက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ၊ မှတ်စုများနှင့်အချက်အလက် စာရင်းများကို မှတ်တမ်း ပြုစုထားရမည်။
    - ဆောက်လုပ်ရေးလုပ်ငန်း စစ်ဆေးရာတွင် သတ်မှတ်ထားသည့် အချက်အလက်အတိုင်း စစ်ဆေးရမည်။ လုပ်ငန်း ပြီးစီးမှု၊ တိုးတက်မှုတို့အတွက် ကြီးကြပ်ကွပ်ကဲရမည့် စာရင်းအား ဆောက်လုပ်ရေးအချိန်ဇယားနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးရမည်။
- ငွေပေးချေသည့် အချိန်ဇယားကို ဒေသတွင်း သတင်းစာများ၊ ခရိုင်နှင့် ကျောင်း၊ ရပ်ရွာရှိ ကြော်ငြာ သင်ပုန်းပေါ်တွင် ဖော်ပြပြီး ပွင့်လင်းမြင်သာသော ငွေပေးချေမှု အဆင့်များအတိုင်း ဆောင်ရွက်ရမည်။
- လုပ်ငန်းခွင်ကို ကြီးကြပ်ရာတွင် ကျွမ်းကျင်သော ပညာရှင် ကြီးကြပ်မှုမျိုး ရှိစေရမည်။
- အစီရင်ခံတင်ပြခြင်း၊ စောင့်ကြည့်ခြင်းနှင့် မှန်ကန် အတည်ပြုခြင်း အဆင့်ဆင့်ကို ခိုင်မာမှန်ကန်စွာ ဆောင်ရွက် ရမည်။
- အကျင့်ပျက် လာဘ်စားခြင်း သံသယရှိပါက အစီရင်ခံတင်ပြနိုင်မည့် စနစ်အား စီမံကိန်း စီမံခန့်ခွဲမှုမှ သီခြား ထားရှိရမည်။ ဆောက်လုပ်ရေးလုပ်ငန်း စစ်ဆေးရန် အချက်အလက်စာရင်း အသုံးပြုခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းဇယားအရ လုပ်ငန်းပြီးစီးမှု အခြေအနေအား စစ်ဆေးသည့် ကြီးကြပ်ကွပ်ကဲရေး အချက်အလက်စာရင်းအား အသုံးပြုသင့်သည်။

## ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး

| လက်ရှိ ကျောင်းတွင် လုပ်ဆောင်ရမည့် လုပ်ငန်းကန်ထရိုက်မျိုး ဖြစ်လျှင် လုပ်ငန်းခွင် မစတင်မီ နှင့် ဆောင်ရွက်နေစဉ်အတွင်း အောက်ပါနေရာများကို စစ်ဆေးပြီး ကျောင်းတွင်း လူတိုင်း လုံခြုံဘေးကင်းစေရန် ထားရှိရမည်။ | |
|---|---|
| **ကျောင်းသား လူငယ်များကို ထိခိုက်အန္တရာယ်ရှိမှု အကြောင်း ရှင်းပြထားပါ** | ကျောင်းစစ်ဆေးရေးကော်မတီ အနေဖြင့် အကြီးတန်း ဆရာ/ဆရာမတစ်ဦးကို ကျောင်းတွင်း ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးအတွက် တာဝန်ပေးအပ်ထားရန် အကြံပြုပါသည်။ အဆိုပါ ဆရာ/ဆရာမသည် ကန်ထရိုက်တာနှင့် ပြောဆိုဆက်သွယ်ရသည်။ ကျောင်းသားလူငယ်များ လုံခြုံဘေးကင်းစေရန်အတွက် လုပ်ငန်းခွင်နှင့် ခပ်ဝေးဝေးနေရန် ရှင်းပြထားရမည်။ ကျောင်းမှလည်း အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ကန်ထရိုက်တာနှင့် ဆရာ/ဆရာမများအား ပေးထားရမည်။ |
| **ဆောက်လုပ်ရေး လုပ်ငန်းခွင် သို့မသွားရန် ကန့်သတ်ထားပါ** | ကျောင်းဝင်းအတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ကန်ထရိုက်တာမှ ခြံခတ်ထားရမည်။ ကျောင်းချိန်အတွင်း ဆောက်လုပ်ရေးအတွက် ယာဉ်များ ဝင်ထွက်ချိန်ကို ကြိုတင်ညှိနှိုင်း သဘောတူထားရမည်။ ကန်ထရိုက်တာမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်အား ရှင်းလင်းဆောင်ရွက်ရမည်။ သို့မှသာ ဆောက်လုပ်နေစဉ်အတွင်း ဆရာ/မများနှင့် တပည့်များပါ ဘေးကင်းလုံခြုံမည် ဖြစ်သည်။ |
| **သယ်/ပို့ယာဉ် အသွားအလာ** | ကလေးငယ်များ လုပ်ငန်းခွင်ရှိ ယာဉ်များနှင့် ဝေးကွာနေစေရမည်။ ကလေးများ မရှိသည့် အချိန်မှသာ ပစ္စည်းများ သယ်ပို့ဆောင်ရွက်လျှင် အကောင်းဆုံး ဖြစ်သည်။ ယာဉ်များ နောက်ဆုတ်ရာတွင် အလုပ်သမားတစ်ဦးမှ ယာဉ်နောက်ပိုင်းကို ကြည့်ပေးပြီး အန္တရာယ်ရှိက မောင်းသူကို လျင်မြန်စွာ သတိပေးရမည်။ |
| **လုံခြုံဘေးကင်း စေရန်စောင့်ကြည့်ခြင်း** | ကန်ထရိုက်တာမှ လုပ်ဆောင်ရသော အလုပ်များကို ကျောင်းမှစောင့်ကြည့်ပြီး အန္တရာယ်ရှိသည့် အလုပ်များဖြစ်ပါက ချက်ချင်းတားမြစ်ပြီး ရပ်ခိုင်းရမည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အတွင်း မတော်တဆထိခိုက်မှုဖြစ်ပွားပါက မည်မျှ သေးငယ်သည့် မတော်တဆမှုဖြစ်စေ ကျောင်းစစ်ဆေးရေးကော်မတီနှင့် ကန်ထရိုက်တာမှ မှတ်တမ်းပြုစုထားပြီး သင့်လျော်သော အရေးယူ ဆောင်ရွက်မှုရှိရမည်။ ဖြစ်စဉ်အားသင့်လျော်သည့် စောင့်ကြည့်အဖွဲ့အစည်းသို့ အစီရင်ခံတင်ပြပေးရမည်။ |

## ဆောက်လုပ်ရေးသုံး ပစ္စည်းများအတွက် စဉ်းစားရမည့် အချက်များ

အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများ အသုံးပြုခြင်းသည် ကျောင်းလုံခြုံဘေးကင်းရေးနှင့် ကြာရှည်ခိုင်ခံ့ရေး အတွက် အင်မတန် အရေးကြီးသည်။ ကန်ထရိုက်တာအား အရည်အသွေးညံ့ဖျင်းသည့် ပစ္စည်းများ သုံးစွဲခွင့်မပြုရပါ။ ကန်ထရိုက်တာမှ ပစ္စည်းများကို လုံခြုံစွာနှင့် ဘေးကင်းစွာ စုဆောင်း အသုံးပြုစေရန် ကျောင်းစစ်ဆေးရေးကော်မတီမှ တာဝန်ယူ စစ်ဆေးရမည်။ ကန်ထရိုက်တာများအနေဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေး ကောင်းမွန်စေရန် စာချုပ်ပါလိုအပ်ချက် ပြည့်မီစေရန် စစ်ဆေးဆန်းစစ် ခြင်းအား ပြုလုပ်သင့်သည်။ စစ်ဆေးဆန်းစစ်ချက်များကို သီးခြား ပြင်ပဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးရမည် ဖြစ်ပြီး စမ်းသပ်ချက် ရလဒ်များကို ကျောင်းသို့ မိတ္တူပေးထားရမည် ဖြစ်သည်။

# လုပ်ငန်းခွင် အခြေခံလိုအပ်ချက်များ စစ်ဆေးခြင်း

အောက်ပါအချက်အလက်များမှာ ရပ်ရွာလူထုမှ ဦးဆောင်သော ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သင့်လျော်ပါသည်။ အခြေခံပညာဦးစီးဌာနကျောင်းများ ဆောက်လုပ်ရေးအတွက် နောက်ဆက်တွဲ ၆ ကို ကိုးကားပါ။

<table>
<tr><td>လုပ်ငန်းခွင် စစ်ဆေးရေး အရေးကြီးပုံ</td><td>လုပ်ငန်းခွင်တွင် ဖြစ်ပျက်နေသည့်အရာများ အားလုံးမှန်ကန်သည်ဟု ယူဆ၍ မရပါ။ အမြဲတမ်း စစ်ဆေးရပါမည်။ ယေဘုယျ စည်းမျဉ်းမှာ "ဒီအဆောက်အအုံကို ကိုယ့်ကိုယ်ပိုင် ပိုက်ဆံဖြင့် တန်ဖိုးဖြတ် ပေးချေရမည်ဆိုလျှင် ကျေနပ်နိုင်ပါ့မလား၊ ပေးရတဲ့ပိုက်ဆံနဲ့ ရတာ မျှတထိုက်တန်ပါရဲ့လား" ဟူသည့် သာမန်အတွေးအခေါ်ဖြင့် စဉ်းစားကြည့်နိုင်ပါသည်။ အဖြေက "မတန်ဘူး" ဖြစ်ခဲ့ပါလျှင် သို့မဟုတ် မသေချာ မရေရာ ဖြစ်ပါက နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များကို ရယူသင့်ပါသည်။</td></tr>
<tr><td>မည်သည့်အချိန်တွင် စစ်ဆေးရေးကို ဆောင်ရွက်ရမည်နည်း</td><td>လုပ်ငန်းခွင်အား အနည်းဆုံး တစ်နေ့တစ်ကြိမ် လုပ်ငန်းခွင်သိမ်းချိန်တွင် မှန်မှန်စစ်ပေးရန် အကြံပြုပါသည်။ လုပ်ငန်းခွင် ကြီးကြပ်ကွပ်ကဲသည့်စာရင်းကို အသုံးပြု၍ အဓိကလုပ်ငန်းများအား မှတ်တမ်းတင်ထားသင့်သည်။ နေ့စဉ် အဓိက လုပ်ငန်းများ တိုးတက်မှု အခြေအနေများအား ဓာတ်ပုံမှတ်တမ်း ရယူထားသင့်ပါသည်။</td></tr>
<tr><td>ဆောက်လုပ်ရေး လုပ်ငန်းခွင် အဆင်အပြင်တွင် မည်သည်တို့ကို စစ်ဆေးရမည်နည်း</td><td>ဆောက်လုပ်ရေး လုပ်ငန်းခွင်သည် သဘာဝပေါက်ပင်များ ရှင်းလင်းနေသင့်ပါသည်။ ကန်ထရိုက်တာမှ ဒီဇိုင်းပုံစံအတိုင်း လိုက်နာပြီး အဆောက်အအုံ ဆောက်မည့်နေရာကို မြေပြင်တွင် အမှတ်အသား ပြုလုပ်ရမည်။ အဆောက်အအုံတစ်ခု၏ ထောင့်ဖြတ်မျဉ်းများသည် အရှည်တူရမည် ဖြစ်ပြီး ထောင့်စွန်းများသည် ၉၀ ဒီဂရီ ထောင်မတ်နေရမည် ဖြစ်သည်။ အုတ်မြစ်မြေ လိုင်းကျင်းများ တူးပြီးချိန်တွင် လည်းကောင်း၊ အုတ်မြစ်များ တည်ဆောက်ပြီးချိန်တွင် လည်းကောင်း (အုတ်မြစ်ပေါ်မှ နံရံများ စတင်မစီခင်)လုပ်ဆောင်သင့်သည်။<br><br><br>မျဉ်းကြောင်းအမှန်၊ အောက်ခြေအုတ်မြစ် အမြင့်များ စစ်ဆေးခြင်းအား တူးဖော်ပြီး ဆောက်လုပ်ပြီးသည့် အခါလည်း နောက်ထပ်တဖန် ထပ်မံစစ်ဆေးရမည် ဖြစ်သည်။ (အုတ်မြစ်ပေါ်မှ နံရံများ စတင်မစီခင် အချိန်တွင် ဖြစ်သည်။)</td></tr>
<tr><td>အုတ်မြစ်ချခြင်း</td><td>အောက်ပါတို့ကို စစ်ဆေးပါ။<br><br><br>• အဆောက်အအုံ တစ်ခုလုံး၏ အောက်ခြေမြေသည် ညီညာစွာ ဖိသိပ်ထားပြီး ဖြစ်ရမည်။<br>• အုတ်ဖိနပ်အနက်/အမြင့်သည် အနည်းဆုံး ၃၀ လက်မ (၇၆ စင်တီမီတာ) ရှိရမည်။<br>• အုတ်ဖိနပ်ပတ်လည်ရှိ အပေါက်များ၊ နေရာလွတ်များအား သဲ၊ ကျောက်စရစ်ခဲများဖြင့် ဖြည့်ပိတ်ထားမှုအား စစ်ဆေးပါ။<br>• အုတ်ဖိနပ်တိုင်တွင် ရေစီးဆင်းမှု ကောင်းရမည်။ သို့မှသာ ရေတင်ကျန်နေမှု မရှိစေပါ။<br>• တိုင်များတွင် မှိုကပ်နိုင်ခြင်း၊ ပိုးစားနိုင်ခြင်း မရှိအောင် ဆေးကတ္တရာသုတ်ပါ သို့မဟုတ် မီးကင်ထားသော ဝါးတိုင်အား အသုံးပြုပါ။<br>• ကွန်ကရစ် အုတ်ဖိနပ်ပေါ်ရှိ သစ်သားတိုင်များကို L ပုံသဏ္ဍာန် ကျင်တွယ်ဖြင့် မူလီ (၂) ချောင်းနှင့် ချုပ်ဆွဲပေးရမည်။</td></tr>
</table>

| | |
|---|---|
| | • သံမဏိ/သွပ်ရည်စိမ် သံဘောင်သံတိုင်များအား သံကူကွန်ကရစ်အုတ်မြစ်ဖြင့် တွဲလျက် တည်ဆောက်ပါ။ အုတ်မြစ်အတွင်း ထည့်မြှုပ်ထားသော L ပုံသဏ္ဍာန် ကျင်တွယ်(သို့မဟုတ်) အရစ်ဖော်ထားသော သံချောင်းဖြင့် မူလီ ၂ လုံး (အရှည်) နှင့် ချုပ်ဆွဲစေရမည်။<br><br><br>မြေကြီးသည် အုတ်ဖိနပ်နှင့် တိုင် စိုက်နိုင်လောက်အောင် မာကျော ဖိသိပ်မှု ရှိပါသလား၊ (၅) ကီလိုဂရမ် လေးသည့် တူရွင်းကို မြေပြင် ၃ပေ (၀.၉ မီတာ) အမြင့်မှနေ၍ မြေကျင်းပေါ်တည့်တည့်မှ တူရွင်းအချွန်အား အောက်ချထားလျက် ကိုင်ထားပါ။ ပြီးလျှင် မြေကျင်းထဲ လွှတ်ချလိုက်ပါ။ တူရွင်းက ထိုးဖောက် ဝင်ရောက်နိုင်သည့်အားမှာ ၆ လက်မ (၁၅ စင်တီမီတာ) ထက်နည်းပါက အုတ်ဖိနပ်တိုင် ထားနိုင်လောက်သည့် မြေမာသည့် အနေအထား ရှိသည်ဟု သတ်မှတ်နိုင်သည်။ ထိုသို့မဟုတ်ပါက မြေသားအား ထပ်မံဖိသိပ်၍ သော်လည်းကောင်း၊ ပိုနက်သော အုတ်မြစ်အား တူး၍သော် လည်းကောင်း ဆောင်ရွက်ရမည်။.<br>တိုင်အုတ်မြစ်အောက်ခြေ မြေကြီးအား စစ်ဆေးခြင်း စည်းမျဉ်း<br><br> |
| **နံရံ၊ တံခါး၊ ပြတင်းပေါက်များ** | တံခါးပတ္တာများ၊ သော့များ၊ စသည်တို့ကို လက်လှမ်းမီလောက်သည့် အမြင့်တွင်သာထား၍ ထိုအရာများ အလုပ် လုပ်မလုပ်၊ ဆီများ၊ ဘိလပ်မြေများ ကပ်၍ ပေကျံနေခြင်း မရှိအောင် ကန်ထရိုက်တာများ မထွက်ခွာခင် စစ်ဆေးလုပ်ခိုင်းရပါမည်။<br>• ပြတင်းပေါက်မှန်များသည်လည်း ဆေးပေကျံခြင်း ကပ်နေခြင်း မရှိဘဲ သန့်ရှင်းနေရမည်။ တံခါး - ပြတင်း - ထုပ် များသည် တံခါးတိုင်၊ ပြတင်းပေါက်တိုင်း အပေါ်တွင် ရှိနေရမည်။<br>• တံခါးပေါက်များ၊ ပြတင်းတံခါးများမှာ ပိတ်လိုက်လျှင် ကွာဟနေခြင်း အလျင်းမရှိဘဲ တင်းစေ့နေရမည်။ သော့ခတ်နိုင်ရမည်။<br>• နံရံများ ထောင့်မတ်ကျစေရန် ချိန်သီးကို အသုံးပြုရမည်။<br>အုတ်နှင့် သံကူကွန်ကရစ် အဆောက်အအုံများ စစ်ဆေးရန်မှာ -<br>• အုတ်နံရံများကို တစ်နေ့လျှင် ၄ ပေ (၁.၂ မီတာ) ထက် ပို၍ မမြင့်စေရဘဲ တစ်ဆက်တည်း စီရမည်။<br>• အုတ်အဆက်များမှာ အင်္ဂတေဖြင့် ကောင်းမွန်စွာ ဆက်နေရမည် ဖြစ်ပြီး၊ အင်္ဂတေအဆက် အထူမှာ အများဆုံး ၀.၆ လက်မ (၁၅.၂ မီလီမီတာ) သာ ရှိရမည်။<br>• အုတ်မြစ်များနှင့် တွဲဆက်ထားရမည်။ ဆိုင်ကလုံးနှင့် ငလျင်ရှိသော အရပ်ဒေသတွင် |

| | |
|---|---|
| | ခံနိုင်ရည်ရှိအောင် ခိုင်ခံ့ရမည်။ အုတ်နံရံများတွင် အင်္ဂတေများအား ရှင်းလင်းထားသော ညီညာချောမွေ့သော မျက်နှာပြင် ရှိရမည်။<br>• အုတ်များကို တစ်ဖြောင့်တည်း ဒေါင်လိုက်စီထားခြင်း မရှိစေရ။ ထိုသို့စီထားပါက ကြံ့ခိုင်မှုကို အားနည်းစေသည်။<br>• အထူးသဖြင့် ရေကြီးနိုင်ခြေရှိပြီး အင်္ဂတေ နံရံများသာရှိသော နေရာများတွင် အတွင်း၊ အပြင် အုတ်မြစ်အုတ်နံရံများအား ရေစိုခံနိုင်စေရန် အချောကိုင်ထားရမည်။<br>• အုတ်နံရံများ ခြောက်သွေ့နေမှသာလျှင် အချောကိုင်ရမည်။<br>ဝါး ကျောင်းအဆောက်အအုံ အတွက်<br>• ပြတင်းတံခါးပေါက် ကျယ်ကျယ်ဖောက်ခြင်း ရှောင်ပါ<br>• ချုပ်တန်းများကို အသုံးပြုရမည်<br>• ဝါးဖျာများ အစွန်းကို ဖြတ်တောက်ထားရမည်<br>• တံခါးများ နှင့် ပြတင်းများကို ဒေါင်လိုက်ဘောင်ခတ်ထားပြီး ပိတ်ရမည်<br>• အဆောက်အအုံ အဓိက အစိတ်အပိုင်းမဟုတ်သည့် နေရာများတွင် ပေါ့ပါးသည့် ပစ္စည်းများ ကို အသုံးပြုသင့်သည်။<br>• သစ်သားဘောင်နံရံများ၏ တိုင်များနှင့် ထောင့်စွန်းများကို ပိုမိုရှည်လျားသော အပိုင်းများကို အသုံးပြုသင့်သည်။ သို့မှသာ ဝန်များကို ပိုမိုကျယ်ပြန့်သည့် နေရာတစ်လျှောက် မျှ၍ တောင့်ခံထားနိုင်မည်။<br>• ခိုင်ခံ့စေရန် နံရံများအကြား ကြားခံတိုင်များကို ထားရှိသင့်သည်။ (အဆုံးတိုင်များထက် ပို၍ သေးနိုင်)<br><br>  |
| **အဆက်များ** | • သင့်လျော်သည့် ပစ္စည်းများအား ရွေးချယ်ပါ။ - တောင့်တင်းပြီး အရည်အသွေးကောင်းသော ပစ္စည်းများ၊ တစ်ဆက်တည်း ရရှိနိုင်သည့် ပစ္စည်းများ။<br>• အရည်အသွေး ကောင်းမွန်သော ပစ္စည်းများအား ရွေးချယ်ပါ - သစ်ကောင်း၊ ခိုင်ခံ့သောသစ်၊ ဓနိ၊ အသားသေအောင် ပြုလုပ်ထားသောဝါး။<br>• အရည်အသွေးညံ့သော ပစ္စည်းများအား ရှောင်ရှားပါ။ - ခြစား လောင်ကျွမ်းထားသော ဝါး၊ သစ်သားများ မသုံးရ။<br>• အသုံးပြုသည့် ပစ္စည်းများအား ကြာရှည်ခံအောင် ပြုလုပ်ပါ။ - ကတ္တရာစေးများ သုတ်လိမ်းပေးခြင်း၊ ဝါးများအား အသားသေအောင် ပြုလုပ်ခြင်း၊ မီးကင်ခြင်း၊ သံချေး မတက်သည့် သုတ်ဆေး သုတ်လိမ်းထားခြင်း။<br>• အဆက်များမှာ တောင့်တင်း ခိုင်ခံ့ရမည် - တိုင်လုံးများ၊ ထုပ်တန်းများနှင့် ပင်မ အမိုးဒိုင်း တန်း အဆက်နေရာများကို ဘောင်/တန်းဖြင့် ကျပ်ထုပ်ထားရမည်။ |

<table>
<tr>
<td></td>
<td>
<ul>
<li>အဆက်နေရာများအတွက် ပြင်ဆင်ခြင်း၊ ဥပမာ - သစ်သားတွင် အထစ်ပြုလုပ်ခြင်း၊ ဝါးတွင် နားရွက် သို့မဟုတ် ငါးပါးစပ် ပုံစံထွင်းခြင်း</li>
<li>ချိတ်ဆက်နေရာများကို မှန်ကန်သည့် ပစ္စည်းများဖြင့် ချည်တုပ်ထားခြင်း - ဝါးတွင် နိုင်လွန်ကြိုး အုန်းဆံကြိုး သို့မဟုတ် ဝါးယာကွင်းချုပ်တို့ကို အသုံးပြုပါ။ ကြိုးများကို မှန်ကန်စွာ ချည်တုပ်ထားရမည်။</li>
<li>ဂရုတစိုက် ဆောင်ရွက်ပါ - သံရိုက်သည့်အခါ ဝါးကွဲထွက်မသွားအောင်၊ သံချောင်း ဖြောင့်အောင် ရိုက်ထည့်ရမည်။ သစ်သားမျက်နှာပြင်ဆီသို့ အစောင်းအတိုင်း သံရိုက် ထည့်ခြင်းကို ရှောင်ရမည်။</li>
</ul>


<ul>
<li>မိုးရာသီ မတိုင်မီနှင့် မိုးရာသီပြီးနောက် အဆက်နေရာများကို စစ်ဆေးပါ။ မူလီ သို့မဟုတ် ကြိုးဖြင့် ပြန်လည်တင်းကျပ်ခြင်း၊ သံချေးတက်နေသော သံများအား အသစ် အစားထိုးပါ။</li>
<li>သံချောင်း၊ သံမူလီ၊ သံကျပ် စသည်တို့ကို အဟောင်းပြန်သုံးခြင်း၊ သံချေးတက်နေသော၊ ကွေးနေသော၊ စတီးရည်ဖြင့် သံချေးမတက်ရန် ကာကွယ်ထားခြင်း မရှိသော သံမဏိသည် ဆွေးမြေ့ပျက်စီးတတ်သဖြင့် ပြန်လည် မသုံးသင့်ပါ။</li>
<li>သံမဏိ/ သွပ်ရည်သုတ် သံဘောင်သံတိုင်များအား သံချေးတက်ခြင်းမှ ကာကွယ်သော သုတ်ဆေးများ သုတ်ပေးရမည်။ သံမဏိမျက်နှာပြင်တွင် သုတ်ထားသော ဆီဆေးနှင့် နောက်ဆုံးသုတ်ဆေး အလွှာသည် ထိုသံမဏိအား သံချေးတက်စေမည့် ပစ္စည်းများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်ပေးနိုင်သည်။</li>
</ul>

</td>
</tr>
<tr>
<td>အမိုး</td>
<td>
အမိုးကို လုံခြုံအောင် ဘောင်နှင့် ကပ်၍ မိုးထားပါက ရေယိုစိမ့်ခြင်း အမိုးလန်ထွက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။
<ul>
<li>အမိုးကို အနည်းဆုံး ၃၀ ဒီဂရီ (၃၀ မှ ၄၅ ဒီဂရီ အကြား) စောင်း၍ မိုးသင့်သည်။ မိုးသက်မုန်တိုင်း (သို့မဟုတ်) လေပြင်းတိုက်ခတ်မှု ဖြစ်ပွားတတ်သော အရပ်များတွင် လေးဘက်ချ အမိုး (အုန်းလက်မိုး) ကို မိုးထားခြင်းသည် နှစ်ဖက်ချအမိုး (မြင့်မိုရ်ပိတ်အမိုး) ထက် ပိုမိုခံနိုင်ရည် ရှိသည်။</li>
</ul>
</td>
</tr>
</table>

| | |
|---|---|
| | • အမိုးမျက်နှာပြင်သည် ကျယ်ဝန်းခြင်း မရှိသင့်ပေ။ ဝရံတာ အမိုးနှင့် အဓိကအမိုး(ပင်မအမိုး) ကို တစ်ဆက်တည်းမထားသင့်ပါ<br>• အနားအမိုးစွန်းသည် ၁၈ လက်မ (၄၅.၇ စင်တီမီတာ)ထက် ပို၍ အပြင်သို့ ထိုးထွက်နေခြင်း  မရှိသင့်ပေ။<br>• အမိုးဘောင်အား ကောင်းမွန်သည့် ပစ္စည်းများ အသုံးပြုပြီး အမိုးဘောင်နှင့် တိုင်လုံးများကို သေချာချိတ်ဆက်ထားခြင်းဖြင့် ပိုမိုတောင့်တင်းခိုင်မာစေသည်။<br>• ဓနိအမိုး သို့မဟုတ် သက်ကယ်မိုးကို ခေါင်ချုပ်မှ အနည်းဆုံး ၄ လက်မ (၁၀ စင်တီမီတာ) အကွာ ဝါးနီးကြိုးဖြင့် ခိုင်မာအောင် ချည်ပါ။ သက်ကယ်ရွက်/ ဓနိရွက်အား အမိုးတန်းမှ ၉ လက်မ (၂၂ စင်တီမီတာ) နှင့် ၁၂ လက်မ (၃၀ စင်တီမီတာ) ကြားတွင် ခိုင်မာစွာ တုပ်ချည်ထားသင့်သည်။<br>• ဓနိမိုး/သက်ကယ်မိုး အပေါ်တွင် ရာဇမတ်ကွက်ကို အမိုးဘောင်နှင့် ခိုင်အောင် ချည်ထားခြင်း အားဖြင့် ရာဇမတ်ကွက် လွင့်ထွက်ခြင်းမှ ကာကွယ်နိုင်မည်။<br>• စတီးမိုး/သွပ်မိုး များကို ဝက်အူများဖြင့် တပ်ဆင်ရမည် ဖြစ်ပြီး ၂(၇၅) ပုံသဏ္ဍာန် ချိတ်ဖြင့် ခေါင်ချုပ်အပေါ်မှ တွဲစုပ်ထားခြင်းဖြင့် လှုပ်နေခြင်း မရှိဘဲ ခိုင်မြဲနေပါမည်။<br>အစွန်းများကို သေချာခိုင်အောင် တွဲထားပြီး သွပ်မိုးများ တစ်ချပ်နှင့်တစ်ချပ်အား အလျားလိုက်တွင် အမြောင်းတစ်ကြောင်းခွဲအတိုင်း ထပ်ပြီး ဒေါင်လိုက်တွင် ၆ လက်မ (၁၅.၂ စင်တီမီတာ)စာ ထပ်ထားခြင်းဖြင့် ပိုမိုတောင့်တင်းခိုင်မာစေမည်။ (မိုးများပြီး လေပြင်းသည့် နေရာများတွင် ပို၍ ထပ်သင့်ပါသည်)<br>မြားတန်းနှင့်တွဲ၍ အမိုးချပ်ကို တွဲချုပ်သည့်အခါ အချိတ်အဆက်များမှာ မြားတန်းအောက်ထိသာ မဟုတ်ဘဲ ဒိုင်းအပေါ်တန်းများအထိ တွဲဆက်ထားသင့်သည်။ သို့မဟုတ်ပါက မိုးယိုနိုင်သည်။ |

**▶ အရေးကြီး -**

- ကန်ထရိုက်တာများသည် မည့်သည့်လုပ်ငန်းကိုမှ အထူးသဖြင့် အုတ်မြစ်ချခြင်းလုပ်ငန်းနှင့် တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း လုပ်ငန်းများကို စစ်ဆေးခြင်း မပြုရသေးမီ ဖုံးအုပ်ထားခြင်း၊ ဖုံးကွယ်ထားခြင်း မရှိစေရ။
- လုပ်ငန်းခွင် စစ်ဆေးခြင်း ထပ်မံလမ်းညွှန်ချက်အား နောက်ဆက်တွဲ ၆ တွင် ကိုးကားပါ။

## လွှဲပြောင်းပေးအပ်ခြင်း

လုပ်ငန်းများ ပြီးဆုံးသွားသည့်အခါ ကျောင်းဆောက်လုပ်ရေး ပြီးဆုံးခြင်း အစီရင်ခံစာကို တိုးတက်မှုမှတ်တမ်းဓာတ်ပုံများ၊ စစ်ဆေးခြင်းများ၊ ပြီးဆုံးခြင်း အသိအမှတ်ပြု စာများနှင့် ပူးတွဲ၍ ကန်ထရိုက်တာမှ ပြင်ဆင်ပေးရမည်။ ၎င်းအစီရင်ခံစာကို ကျောင်းနှင့် အခြေခံပညာဦးစီးဌာန သို့ တင်ပြပေးရမည်။

စီမံချက် ပြီးဆုံး၍ လွှဲပြောင်းပေးအပ်သောအခါ အပျက်အစီး အာမခံအား (၁) နှစ် အနည်းဆုံး ပေးရမည် ဖြစ်ပြီး ဆောက်လုပ်ရေးကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်ပျက်စီးမှုမျိုးကိုမဆို ကန်ထရိုက်တာမှ ပြုပြင်ပြင်ဆင်ပေးရမည် ဖြစ်သည်။ ၎င်း ပြင်ဆင်စရိတ်အား ကန်ထရိုက်တာမှ အကုန်ကျ ခံရမည်။ ထို့ကြောင့် ကျောင်းအနေဖြင့် မည်သည့် ပျက်စီး ဆုံးရှုံးမှုမျိုးကိုမဆို စောင့်ကြည့်၍ တွေ့ရှိပါက ကြီးကြပ်သည့် အဖွဲ့အစည်းထံသို့ ချက်ချင်းတင်ပြပေးရန် အလွန် အရေးကြီး ပါသည်။ ဆောက်လုပ်ရေးကြောင့်ဖြစ်သော ပျက်စီးမှုနှင့် သာမန် ပြုပြင်ထိန်းသိမ်းမှု မရှိသောကြောင့် ဖြစ်လာသော ပျက်စီးမှု နှစ်ခုအား ခွဲခြား နားလည်နိုင်ရန်လည်း အရေးကြီးပါသည်။

▶ **အရေးကြီး -**
အခြေခံပညာဦးစီးဌာနမှ ကန်ထရိုက်တာအား နောက်ဆုံး ငွေပေးချေမှု မပြုလုပ်မီ လုပ်ငန်းများ ကျေနပ်ဖွယ်ကောင်းအောင် ပြီးဆုံးခြင်း ရှိ/ မရှိ ကျောင်းမှ စစ်ဆေးထားသင့်သည်။

## အဓိကကျသည့် အချက်များ

- တင်ဒါခေါ်ယူစဉ်အတွင်း ပွင့်လင်းမြင်သာသည့် ချဉ်းကပ်မှုမျိုးဖြင့် အသင့်လျော်ဆုံးဖြစ်အောင် ဆောင်ရွက်ပြီး အကျင့်ပျက်လာဘ်စားနိုင်သည့် အရေးမှ လျော့ချပေးရန် လိုအပ်သည်။
- ကန်ထရိုက်တာ လုပ်ငန်းအား ကြီးကြပ်စစ်ဆေးပေးမည့် အရည်အသွေးပြည့် ကြီးကြပ်သူတစ်ဦး အမြဲတမ်း ထားရှိရမည်။
- အရည်အသွေးကောင်းသည့် ပစ္စည်းများ အသုံးပြုခြင်းသည် ဘေးကင်းလုံခြုံသော ကျောင်း၊ ကြာရှည်ခိုင်ခံ့သော ကျောင်းတစ်ကျောင်း ဖြစ်ရေးအတွက် အလွန် အရေးပါသည်။
- ပွင့်လင်းမြင်သာမှု ပိုမိုရှိလာစေရန်နှင့် အကျင့်ပျက် လာဘ်စားနိုင်သည့် အရေးမှ လျော့ချနိုင်ရန် အသင့်တော်ဆုံး နည်းလမ်းများ အသုံးချပါ။



# အခန်း (၅) စာသင်ကျောင်းများ ထိန်းသိမ်း စောင့်ရှောက်ခြင်း

ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းခြင်းသည် ကျောင်းအဆောက်အအုံများ၏ သက်တမ်းအား တိုးမြင့်နိုင်စေပြီး နောင်တွင် ကုန်ကျစရိတ် ပိုမိုများပြားသည့် ပြုပြင်မှုကိုလည်း လျော့ကျစေသည့်အပြင် ကျောင်းများအား ဘေးအန္တရာယ်ကင်းပြီး လုံခြုံမှုကို ပေးစွမ်းနိုင်စေသည်။ ထို့အပြင် အများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေရန် မြှင့်တင်ပေးနိုင်သည်။

# စာသင်ကျောင်းများ ထိန်းသိမ်းပြုပြင်ခြင်း အတွက် တာဝန်ယူခြင်း

| ပုဂ္ဂိုလ် | ရာထူး နှင့် တာဝန်ဝတ္တရားများ |
| --- | --- |
| မြို့နယ် ပညာရေးမှူး(TEO) | ကျောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး အသုံးစရိတ်ကို စီမံခန့်ခွဲသည်။<br>ကျောင်း ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေ တင်ပြတောင်းခံလာသော လျှောက်လွှာများကို ပြန်လည်ဆန်းစစ် ပေးသည်။<br>ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေ ရရှိမည့် ကျောင်းများအား ရွေးချယ်စိစစ်ပြီး ဦးစားပေးအလိုက် သတ်မှတ်ပေးသည်။ |
| ကျောင်းအုပ် | ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီ ဖွဲ့စည်းပြီးယောက်ပံ့ပေးသည်၊ မြို့နယ်ပညာရေးမှူးရုံးသို့ ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေရရန် လျှောက်လွှာရေးသား တင်သွင်းပေးသည်၊ |
| ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီ (SMC)၊ ဥက္ကဋ္ဌ၊ တွဲဖက်ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် (၂ - ၅ ဦး) | ပြုပြင်ထိန်းသိမ်းရေး အသုံးစရိတ်နှင့် လုပ်ငန်းများအား ကြိုတင်ပြင်ဆင် စီမံခန့်ခွဲခြင်း၊<br>ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ မြို့နယ်ပညာရေးမှူးရုံးတို့နှင့် ညှိနှိုင်းတိုင်ပင် အကြံရယူသည်၊<br>ပုံမှန်ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေ ရရှိအောင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်၊<br>ဝန်ထမ်းများ၊ ရပ်ရွာလူထု၊ ကျောင်းသားများနှင့်အတူ ပူးတွဲ၍ ကျောင်းဆောင်များကို ထိန်းသိမ်းစောင့်ရှောက်သည်။<br>ရပ်ရွာလူထု၊ ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ၊ မိဘများမှ တစ်ဆင့် နည်းပညာ အထောက်အပံ့၊ လုပ်အားနှင့် ပစ္စည်းကိရိယာများ ရရှိအောင် ကူညီဆောင်ရွက်ပေးသည်။ |
| ဆရာ/ဆရာမ များ | ရပ်ရွာလူထုနှင့် ကလေးသူငယ်များကို ကျောင်းပြုပြင်ထိန်းသိမ်းရေး၏ အရေးပါပုံအကြောင်း ပညာပေးသည်။<br>ပျက်စီးမှုများနှင့် ပြုပြင်ရန် လိုအပ်ချက်များကို ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီသို့ တင်ပြပေးသည်။ |
| ကျောင်းသူ/ကျောင်းသားများ | ကျောင်းကို ဂရုတစိုက် ရှိသေစွာ စောင့်ရှောက်ထိန်းသိမ်းသည်၊<br>အခြေခံ ပြုပြင်ထိန်းသိမ်းခြင်းများတွင် အကူအညီပေးသည်။ |
| မိဘဆရာအသင်း (PTA) / ကျောင်းအကျိုးတော်ဆောင် အဖွဲ့ (BOT) | ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီ နှင့် ပူးတွဲဆောင်ရွက်သည်။<br>ရံပုံငွေ ပြင်ဆင်မှု လုပ်ငန်းစဉ်တွင် ကူညီပေးသည်။<br>ရပ်ရွာလူထုအခြေပြု ကန်ထရိုက်တာများ နှင့် ပံ့ပိုးမှုများ ရရှိအောင် ကျောင်းပြုပြင် ထိန်းသိမ်းရေး ကော်မတီအား ကူညီဆောင်ရွက် အကြံပေးသည်။ |
| ကျောင်းသားမိဘများ အပါအဝင် ရပ်ရွာလူထု | ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက်ငွေအား၊ နည်းပညာအားများဖြင့် အကူအညီ ပေးသည်၊ |

## စာသင်ကျောင်းများ ထိန်းသိမ်းပြုပြင်ရေး အစီအစဉ်တွင် ပါဝင်ရမည့် အချက်များ

- ကျောင်းရှိ အဆောက်အအုံများ၊ အိမ်သာများနှင့် ပရိဘောဂများ အစရှိသည့် ပစ္စည်းများအား စာရင်းပြုစုခြင်း၊
- အခြေအနေကို ရေးမှတ်ထားခြင်း (P - ညံ့၊ S - သင့်/ကျေနပ်ဖွယ်၊ G - ကောင်း)
- ပုံမှန်ပြုလုပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ (နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ ရာသီအလိုက်၊ နှစ်စဉ် စသဖြင့်) ကို စာရင်းပြုစုထားခြင်း။
- စစ်ဆေးသည့်အချက်အလက်များစာရင်း (နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ သုံးလတစ်ကြိမ်၊ ရာသီအလိုက် နှစ်စဉ်)
- အရေးပေါ် ပြုပြင်ထိန်းသိမ်းရေး အချက်အလက်စာရင်း

  ▶ နမူနာ ပြထားသည့် စာရင်းကို နောက်ဆက်တွဲ (၇) တွင် ကြည့်ပါ။

## စာသင်ကျောင်းများ ထိန်းသိမ်းပြုပြင်ရေး အစီအစဉ်နှင့် လုပ်ငန်းများ

(၁) ကျောင်းပြုပြင်ထိန်းသိမ်းရေးကော်မတီသည် ပြုပြင်ထိန်းသိမ်းရေးအစီစဉ်များကို ပြင်ဆင်ရေးဆွဲပေးရသည်။ ပြုပြင်ထိန်းသိမ်းရေးအစီစဉ်အတွင် မပါမဖြစ်သည့် အချက်များကို အောက်တွင် ကြည့်ပါ။

(၂) ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီမှ ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်ကို အသုံးပြု၍ ကျောင်းပိုင်ဆိုင်မှုများနှင့် ယင်းတို့၏ အခြေအနေများကို စာရင်းပြုစုထားရမည်။

(၃) ရိုးရှင်းလွယ်ကူသော ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကျောင်းမှ ဆောင်ရွက်ရမည်။ အကယ်၍ အန္တရာယ်ရှိသော သို့မဟုတ် အလျင်စလို ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည်ကို တွေ့ရှိပါက တာဝန်ယူ ပြုပြင်ပေးမည့် ဆရာ၊ ဆရာမ တစ်ဦးဦး သို့မဟုတ် ကျောင်းအုပ်ကြီး၊ ကျောင်းပြုပြင်ထိန်းသိမ်းရေး ကော်မတီဝင် တစ်ဦးဦးကို ချက်ချင်းတင်ပြရမည်။ မှတ်ချက် - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများအတွက် ကျောင်းမှ လျှောက်လွှာကို ချက်ချင်းပြင်ဆင်၍ မူလတန်းကျောင်းဖြစ်လျှင် မြို့နယ်ပညာ ရေးမှူးသို့ ၊ အလယ်တန်းနှင့် အထက်တန်းဖြစ်လျှင် ပြည်နယ်/တိုင်း ပညာရေးမှူးသို့ သီတင်းပတ် ၂ ပတ်အတွင်း ချက်ချင်းတင်ပြပေးရမည်။

▶ လျှောက်လွှာပုံစံ (၁) ကို အသုံးပြုပါ။ နောက်ဆက်တွဲ (၂) တွင်ကြည့်ပါ။

(၄) စာသင်ကျောင်းများအနေဖြင့် အပတ်စဉ်၊ လစဉ်၊ သုံးလတစ်ကြိမ်၊ ရာသီအလိုက်၊ နှစ်စဉ် စစ်ဆေးခြင်းများကို ဆောင်ရွက်သင့်သည်။ ရလဒ်များကို မှတ်တမ်းတင်ထားရမည်။

(၅) ကျောင်းပြုပြင်ထိန်းသိမ်းရေးကော်မတီနှင့် ကျောင်းအုပ်ကြီးတို့သည် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်နှင့် စစ်ဆေးရေး ရလဒ်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်သင့်သည်။ ထိုသို့ပြန်လည်သုံးသပ်ပြီး ပြုပြင်ထိန်းသိမ်းရေး အသုံးစရိတ်များကို လိုအပ်သလို ထိန်းညှိအသုံးပြုမည် ဖြစ်သည်။

(၆) လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေး အသုံးစရိတ်များကို ကျောင်းရှိ ရံပုံငွေမှသော်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးထံမှ လျှောက်ထား တောင်းခံ၍လည်းကောင်း (▶ လျှောက်လွှာပုံစံ (၁) ကို အသုံးပြုပါ။ နောက်ဆက်တွဲ (၂) တွင် ကြည့်ပါ။) ရပ်ရွာလူထုမှ ဝိုင်းဝန်းလှူဒါန်း၍သော်လည်းကောင်း ရရှိနိုင်သည်။ ကျောင်းအုပ်ကြီးနှင့် ကျောင်းပြုပြင် ထိန်းသိမ်းရေး ကော်မတီမှ အသင့်တော်ဆုံးဖြစ်မည့် နည်းလမ်းအား ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

### အသုံးစရိတ် ပြင်ဆင်ခြင်း

ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေအတွက် အခြေခံပညာဦးစီးဌာနသို့ လျှောက်လွှာတင်ခြင်းနှင့် အတည်ပြုသည့် လုပ်ငန်းစဉ်များသည် လပေါင်းများစွာ ကြာမြင့်တတ်ပါသည်။ သို့ဖြစ်ပါ၍ နောက်ထပ်ပိုမိုပျက်စီးမှုများကို တားဆီးရန် ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေအား ကျောင်းအုပ်ကြီးမှ တတ်နိုင်သမျှမြန်မြန် လျှောက်ထားပါသည်။ အောက်ပါစာရင်းများသည် ကျောင်းပြုပြင်ထိန်းသိမ်းရေးကော်မတီ အနေဖြင့် ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သော အသုံးစရိတ်ငွေအား ခန့်မှန်းတွက်ချက်နိုင်ရန် အထောက်အကူပြုပါသည်။

- ပစ္စည်းများ ကိရိယာများ နှင့် လုပ်အားခ များ ခန့်မှန်းကုန်ကျစရိတ်၊
- ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရန် အချိန်ဇယား၊
- အရေအတွက် ပမာဏအလိုက် ကုန်ကျစရိတ်၊ နည်းပညာသတ်မှတ်ချက်များနှင့် ဖြစ်နိုင်လျှင် အဆောက်အအုံပုံများ၊
- အလားတူကိစ္စများအတွက် ကုန်ကျစရိတ်၊
- ကန်ထရိုက်တာများဆီမှ ဆောင်ရွက်မည့်လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေစာရင်း။

## အရေးပေါ် ပြုပြင်ထိန်းသိမ်းခြင်း

ရေကြီးခြင်း သို့မဟုတ် ဆိုင်ကလုံးမုန်တိုင်း စသည့် ဘေးအန္တရာယ်များကြောင့် စာသင်ကျောင်းပျက်စီးသွားသည့်အခါ အရေးပေါ် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းဆောင် တစ်ခုသည် တော်ရုံ ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသင့်ပါသည်။ အကယ်၍ ကျောင်းထိခိုက်ပျက်စီးခဲ့ပါက အရေးပေါ်ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပြီး သန့်ရှင်းရေး ပြုလုပ်ရန်လည်း လိုအပ်ပါသည်။

မှတ်ချက် - ဘေးအန္တရာယ် မကြုံခင်ကတည်းက ကျောင်းရှိပစ္စည်းများအား စာရင်းပြုစုထားခြင်းဖြင့် မည်သည့်ပစ္စည်းများ ပျောက်ရှိနေသည်၊ မည်သည်တို့ကို အရေးပေါ် ဂရုပြုရန် လိုအပ်သည် စသည်တို့ကို သိရှိနိုင်မည် ဖြစ်သည်။

▶အခြားသောလမ်းညွှန်ချက်များကို နောက်ဆက်တွဲ (၇) တွင်ကြည့်ပါ။

# ပြုပြင်ထိန်းသိမ်းရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အကြံပြုချက်များ

| **အချိန်** | **အလုပ်တာဝန်များ** |
|---|---|
| **နေ့စဉ်** | ဆရာများနားနေခန်း၊ စာကြည့်တိုက်၊ စာသင်ခန်းများနှင့် ဝရံတာများကို နေ့စဉ် တံမြက်စည်းလှည်းပါ။<br>အိမ်သာများ (အတွင်း နှင့် အပြင်ပတ်လည်) ကို နေ့စဉ် သန့်ရှင်းရေးလုပ်ပါ။<br>အိမ်သာများသည် ကျောင်းချိန်အတွင်း ကလေးသူငယ်များအတွက် သွားလာ အသုံးပြုရ လွယ်ကူအဆင်ပြေစေရမည်။<br>ကျောင်းချိန်ပြီးလျှင် (မိဘ ဆရာ အခမ်းအနားများ ညနေခင်းတွင် မရှိလျှင်) သော့ခတ်ထားပါ။<br>အိမ်သာကို ရေဖြင့် သန့်ရှင်းဆေးကြောပြီး အိမ်သာခွက်ကို ရေဆွဲချပါ။<br>ကျောင်းချိန်ပြီးလျှင် အခန်းများအားလုံး သော့ခတ်ပိတ်ထားခဲ့ပါ။<br>ကျောင်းဝင်းအတွင်း အမှိုက်များကောက်ပြီး အမှိုက်ပုံးကိုလည်း ပုံမှန် သွန်ပစ်ပါ။<br>အညစ်အကြေးအမှိုက်သရိုက်များကို အိမ်သာအတွင်း စွန့်ပစ်ခြင်း မပြုလုပ်ရ။ အိမ်သာ၊ လက်ဆေးစင်၊ ရေထွက်ပေါက်များတွင် ပိတ်ဆို့နိုင်သည့် အညစ်အကြေးများကို ဖယ်ရှားပေးပါ။ |
| **အပတ်စဉ်** | စာသင်ခန်း ပရိဘောဂများကို ဖယ်ရှားပြီး၊ ကြမ်းခင်းကို အပတ်စဉ် ဆေးကြောပါ။<br>နံရံများ၊ ပြတင်းပေါက်များ၊ တံခါးများကို ဆေးကြောပါ။<br>မြက်နုတ် ပေါင်းသင်ပါ။<br>အိမ်သာများ ကောင်းမွန်စွာ အလုပ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးပါ။<br>ရေလှောင်ကန်၊ ရေပိုက်ခေါင်းများအား စစ်ဆေးပါ၊<br>လက်ဆေးအသုံးအဆောင် ပစ္စည်းများအား ပြုပြင်ပါ၊ လိုအပ်ပါက လဲလှယ်ပါ။<br>ရေစိမ့်ကန်အား စစ်ဆေးပါ။<br>စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် မတိုင်မီ ရေစိမ့်ကန်မှ ရေဆိုးများအား စွန့်ထုတ်ပါ။ |
| **လစဉ်** | လက်ဆေးခွက်များ၊ ရေတံလျှောက်များအား သန့်ရှင်းပါ။<br>ဝင်းအတွင်းရှိ အပေါက်ဖွင့် မြောင်းများအား သန့်စင်ပါ။ |
| **သုံးလ တစ်ခါ** | အမိုး၊ အကာ၊ ကြမ်းခင်း၊ နံရံ၊ ပြတင်းပေါက်၊ တံခါးများကို စစ်ဆေးပါ၊ ပျက်စီးကျိုးပဲ့နေပါက ထိခိုက်အနာတရ မဖြစ်စေရန် ချက်ချင်းဖယ်ရှား အစားထိုးရမည်။<br>မိလ္လာကန်ရှိ ရေအမြင့်ကို စစ်ပါ၊ ပြည့်နေပါက စနစ်တကျ ဖယ်ရှားစွန့်ပစ်ပါ။<br>မိုးရေခံပိုက်များကို စစ်ဆေးပါ။<br>အဆောက်အအုံ၏ သစ်သား အစိတ်အပိုင်းများတွင် ကြွက်များ ခြများ ကိုက်ဖြတ်ထားခြင်း၊ ပိုးစားထားခြင်း ရှိ/မရှိ စစ်ဆေးပါ။<br>တံခါး ပတ္တာများအား စစ်ဆေးပါ။ ကျပ်မနေအောင် ဆီထည့်ပါ။<br>မျက်နှာကျက်အား စွတ်စိုနေခြင်းနှင့် အမိုးယိုပေါက်ခြင်း ရှိ/မရှိ စစ်ဆေးပါ။ |
| **နှစ်စဉ် နှင့် အခါအား လျော်စွာ ထိန်းသိမ်း ပြုပြင်ခြင်း** | ကြမ်းခင်းပျက်စီးမှု ရှိ မရှိ စစ်ဆေးပါ။<br>လက်ဆေးခွက် အစိတ်အပိုင်းများ ကြံ့ခိုင်မှု ရှိမရှိ စစ်ဆေးပြီး လိုအပ်လျှင် ပြန်တင်းကျပ်ပါ။<br>စာသင်ခန်းသုံး ပရိဘောဂများအား စစ်ဆေးပြီး လိုအပ်လျှင် ပြုပြင်ပါ။<br>ကစားကွင်း အသုံးအဆောင်များအား စစ်ဆေးပြီး လိုအပ်လျှင် ပြုပြင်ပါ၊ မူလီများအား ပြန်တင်းကျပ်ပါ။<br>သံချေးတက်သည့်အပိုင်းများ ရှိပါက ချေးချွတ်ပြီး ဆေးပြန်သုတ်ပါ။<br>ရေတံလျှောက် ဆက်စပ်ပစ္စည်းများအား စစ်ဆေးပြီး လိုအပ်လျှင် ပြုပြင်ပါ။<br>ရေမြောင်းများ၊ မြေထိန်းနံရံများအား စစ်ဆေးပါ။ ရှင်းလင်းပြီး လိုအပ်သလို ပြင်ဆင်ပါ။<br>ရေတိုင်ကီ၊ ရေပိုက်ခေါင်း၊ ရေပိုက်များကို စစ်ဆေးပြီး ပြုပြင်ရန်လိုအပ်ပါက ဆောင်ရွက်ထားပါ။<br>အမိုးယိုခြင်း ဖြစ်ပါက ချက်ချင်း အပေါက်ဖာပါ။<br><br>* ရာသီအလိုက် ပြုပြင်ထိန်းသိမ်းခြင်း (မုတ်သုန်ရာသီ မတိုင်မီနှင့် မိုးလွန်ကာလ) ဆိုင်ရာ အခြားသော လမ်းညွှန်ချက်အတွက် နောက်ဆက်တွဲ (၇) ကို ကိုးကားပါ။ ဥပမာအနေဖြင့် ကျောင်းပြုပြင်ထိန်းသိမ်းရေးအစီအစဉ်၊ အရေးပေါ် ပြုပြင်ထိန်းသိမ်းရေးအတွက် စစ်ဆေးရမည့် စာရင်း |

▶ ပြုပြင်ထိန်းသိမ်းနည်း အသေးစိတ်ကို မြန်မာနိုင်ငံရှိ ကလေးပျော်စံပြ စာသင်ကျောင်းများအတွက် UNICEF ၏ ပြုပြင်ထိန်းသိမ်းနည်းလက်စွဲ စာအုပ်ကို ကိုးကားပါ။

## အဓိကကျသည့် အချက်များ

- စာသင်ကျောင်းတစ်ကျောင်းသည် လုံခြုံပြီးဘေးကင်းနေစေရန် ပြုပြင်ထိန်းသိမ်းစောင့်ရှောက် ထားခြင်းသည် အလွန်အရေးကြီးပါသည်။ သို့မှသာ အဆောက်အအုံ သက်တမ်းလည်း ရှည်ကြာမည် ဖြစ်သည်။ အဆောက်အအုံကို ပြန်လည်ဆောက်လုပ်သည့် ကုန်ကျစရိတ်သည် ပြုပြင်ထိန်းသိမ်းသည့် စရိတ်ထက် ပိုမိုမြောက်များစွာ ကုန်ကျပါသည်။
- ကျောင်းပြုပြင်ထိန်းသိမ်းရေးကော်မတီကို ကျောင်းအုပ်ကြီးမှ ဖွဲ့စည်းပေးထားသင့်သည်။ ထိုကော်မတီမှ ကျောင်းပြုပြင်ထိန်းသိမ်းရေးကို စီမံခန့်ခွဲပေးနိုင်မည် ဖြစ်သည်။
- ပြုပြင်ထိန်းသိမ်းရေးအစီအစဉ် ထားရှိခြင်းသည် စာသင်ကျောင်းအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ စီစဉ်ရန်နှင့် ကုန်ကျစရိတ်အား လျှော့ထားရန် လွန်စွာ ထိရောက်သည့်နည်းလမ်း ဖြစ်သည်။

# ကျမ်းကိုးစာရင်း


The Association of Southeast Asian Nations (ASEAN) (2012) *ASEAN Common Framework for Comprehensive School Safety*, Jakarta: Plan International. Available at: http://reliefweb.int/sites/reliefweb.int/files/resources/publication_ASEANCommonFramework.pdf

ASEAN (2013), *ASEAN Safe School Initiative: Phase 1 Report. Progress of nine ASEAN member states and recommendations from stakeholders,* Jakarta: Plan International. Available at: http://www.rcrc-resilience-southeastasia.org/wp-content/uploads/2016/02/Low_Res-FinalASSI-Phase-1-report.pdf

ASEAN (2015), *ASEAN Safe Schools Initiative: A Compilation of Case Studies*, Available at: http://reliefweb.int/sites/reliefweb.int/files/resources/ASEAN%20Safe%20Schools%20Initiative%20Compilation%20of%20Case%20Studies.pdf

Global Alliance for Disaster Risk Reduction & Resilience in the Education Sector (GADRRRES) & UNISDR (2015), *Comprehensive School Safety: A global framework in support of The Global Alliance for Disaster Risk Reduction and Resilience in the Education Sector and The Worldwide Initiative for Safe Schools*, *in preparation for the 3rd U.N. World Conference on Disaster Risk Reduction, 2015*, Geneva: UNISDR. Available at: http://www.preventionweb.net/files/31059_31059comprehensiveschoolsafetyframe.pdf

ASEAN (2016), *School Disaster Risk Management Guidelines for Southeast Asia*, Jakarta. Available at: http://www.preventionweb.net/educational/view/51276

AusAID (2013) *Accessibility Design Guide: Universal design principles for Australia's aid program: A companion volume to Development for All: Towards a disability-inclusive Australian aid program 2009-2014*, Canberra. Available at: http://dfat.gov.au/about-us/publications/Pages/accessibility-design-guide-universal-design-principles-for-australia-s-aid-program.aspx

Coburn, A. et al (1995) *Technical Principles of Building Safely*, London: Intermediate Technology Publications.

Disaster Preparedness and Response Working Group (N. D.), *Promoting Disaster Preparedness and Response at School Level in Myanmar*, *Concept Note of Disaster Preparedness and Response Working Group*. Available at: http://themimu.info/sites/themimu.info/files/documents/Plan_Edu_DPRE_ConceptNote.pdf

The Global Alliance for Disaster Risk Reduction and Resilience in the Education Sector (GADRRRES) (2015), *Towards Safer School Construction: A community-based approach*. Available at: https://www.gfdrr.org/sites/default/files/publication/45179_towardssaferschoolconstruction2015_0.pdf

Global Facility for Disaster Reduction and Recovery (GFDRR) and the Inter-Agency Network for Education in Emergencies (INEE) (2009) *Guidance Notes on Safer School Construction,* Washington: World Bank. Available at: http://www.ineesite.org/en/materials/inee-guidance-notes-on-safer-school-construction.

Inter-Agency Network for Education in Emergencies (INEE) (2010), *Minimum Standards for Education: Preparedness, Response, Recovery, (2nd edition), New York*. Available at: https://www.unicef.org/eapro/Minimum_Standards_English_2010.pdf

FEMA (2015), *Rapid Visual Screening of Buildings for Potential Seismic Hazards: A Handbook*. Available at: https://www.fema.gov/media-library/assets/documents/15212

Global Facility for Disaster Reduction and Recovery (GFDRR)(2015) *Making Schools Resilient to Natural Disasters,* Washington. Available at: https://www.gfdrr.org/making-schools-resilient-natural-disasters

Global Facility for Disaster Reduction and Recovery (GFDRR) (2015), *What we do, Safer Schools.* Available at: www.gfdrr.org/areas/SafeSchools

Global Facility for Disaster Reduction and Recovery (GFDRR) (2016), *Safer Homes, Stronger Communities: A Handbook for Reconstructing after Natural Disasters*, Washington. Available at: http://www.preventionweb.net/files/12229_gfdrr.pdf

Global Facility for Disaster Reduction and Recovery (GFDRR) (2016), *Roadmap for Safer Schools: Guidance Note*, Washington. Available at: https://www.gfdrr.org/roadmap-for-safer-schools,

Ministry of Construction (MOC) (2012), *Myanmar National Building Code (MNBC) Provisional*, Naypyidaw.

Ministry of Education (MoE) (2016), *National Education Strategic Plan 2016-21,* Naypyidaw: MoE. Available at: https://firstrangoon.files.wordpress.com/2017/02/nesp-english.pdf

Ministry of Education (MoE) & Department of Basic Education (DBE) in collaboration with School Construction Sub Working Group of the Education Technical Working Group (ETWG) (2016) *Review study on "School Building Practices in Myanmar – Recommended improvements needed and initial draft action plan". Components 4 and 5 of MoE/SCSWG project on "Promoting Safe Schools in Myanmar",* Naypyidaw: MoE.

Ministry of Education (MoE) (2016) *Thant Shin Star: Guidebook for Head Teachers. Achieving the Minimum Requirements for WASH in Schools,* Naypyidaw: MoE.

Ministry of Education (MoE) (N.D.) *School Safety Toolkit for Myanmar*, Naypyidaw: MoE.

Ministry of Education (MoE), Lao People's Democratic Republic (Lao PDR) (2009) *School Construction Guidelines,* Vientiane: MoE. Available at: http://www.adpc.net/v2007/Programs/DMS/PROGRAMS/Mainstreaming%20DRR/MDRD-EDU%20II/Lao%20PDR/School%20Construction%20Guidelines_English_Lao%20PDR.pdf

Ministry of Education, Culture, Sports, Science and Technology (MEXT) (2006) *Seismic Retrofitting Quick Reference, School Facilities that Withstand Earthquakes, Examples of Seismic Retrofitting.* Tokyo: MEXT. Available at: http://www.nier.go.jp/shisetsu/pdf/e-taishinjirei.pdf

Ministry of Social Welfare, Relief and Resettlement and Ministry of Education (MoE) (N.D.) *Guidance on Mainstreaming Disaster Risk Reduction in the Education Sector, Myanmar – Rural Setting,* Naypyidaw: MoE. Available at:
http://www.adpc.net/2011/Category/Documents/DocumentDB/Guidance_MDRD_Edu_Myamar_EN.pdf

Paci-Green, R., Pandey, B.; Friedman, R. (2015), *Safer Schools, Resilient Communities: A Comparative Assessment of School Safety after the 2015 Nepal (Gorkha) Earthquakes, Risk Reduction Education For Disasters (RISK RED)*. Available at: http://www.preventionweb.net/publications/view/45421

Petal, M., Wisner, B., Kelman, I, et al. (2015) '*School Seismic Safety and Risk Mitigation*', in Khazai B.(ed.), (2014) *Encyclopedia of Earthquake Engineering*. Springer, pp 1-20. Available at:
http://www.researchgate.net/publication/277820958_Petal_M._et._al._School_Seismic_Safety_and_Risk_Mitigation_in_Khazai_B._et._al._Eds._Encyclopedia_of_Earthquake_Engineering_Section_Policies_and_Approaches_in_Earthquake_Resiliency_and_Risk_Mitigation_Springer_2014

Practical Action (N.D.), *Technical Brief: School Buildings in Developing Countries*, Rugby: Practical Action Publishing. Available at:
https://practicalaction.org/docs/technical_information_service/school_buildings_in_developing_countires.pdf

Save the Children (2009), *Manual on retrofitting of existing vulnerable school buildings - assessment to retrofitting - Parts I and II*. Available at: http://www.preventionweb.net/publications/view/17195

Shelter Centre (2012), *Transitional Shelter Guidelines*. Geneva: IOM. Available at:
https://www.iom.int/files/live/sites/iom/files/What-We-Do/docs/Transitional-Shelter-Guidelines.pdf

Swiss Agency for Development and Cooperation SDC (2011) *Maintenance Manual for School/Storm Shelters Reconstruction in the Nargis Affected Delta of Myanmar,* Yangon: SDC.

Swiss Agency for Development and Cooperation SDC (N.D.) *Maintenance Manual for Schools and Rural Health Sub-Centers Constructed in South Eastern Myanmar (sic),* Yangon: SDC.

Swiss Resource Centre and Consultancies for Development & International Federation of Red Cross and Red Crescent Societies (2012), *Sustainable Reconstruction in Urban Areas: A Handbook*. Available at:
http://www.ifrc.org/PageFiles/95526/publications/Urban%20reconstruction%20Handbook%20IFRC-SKAT.pdf

Risk RED (2015) Projects, Nepal. Project: Comparative Assessment of School Building Damage, Available at:
http://riskred.wix.com/riskrednepal#!nepal/c1flp

Twigg, J. (2015), *Disaster Risk Reduction*, Humanitarian Practice Network, Good Practice Review 9. Available at: http://goodpracticereview.org/wp-content/uploads/2015/10/GPR-9-web-string-1.pdf

UNESCO (2010) *School Manual on Emergency Preparedness and Response,* Namibia: UNESCO. Available at:
http://portal.unesco.org/en/files/47662/1274091954110-0384-A4_Manuals.pdf/10-0384-A4%2BManuals.pdf

UN-HABITAT and UNISDR (2012) *Tools for the Assessment of School and Hospital Safety for Multi-hazards in South Asia. School Safety Toolkit 1: New Design. Multi-Hazard Safety Compliance*. Fukuoka, Japan: UN-Habitat. Available at: http://www.unisdr.org/we/inform/publications/31889

UN-HABITAT and UNISDR (2012) *Tools for the Assessment of School and Hospital Safety for Multi-hazards in South Asia. School Safety Toolkit 2: Retro Maintenance. Multi-Hazard Safety Compliance*. Fukuoka, Japan: UN-Habitat. Available at: http://www.unisdr.org/we/inform/publications/31889

UN-HABITAT, Myanmar (N.D.) *How to build a Safer Shelter: A guide to household on how to build a shelter that is safer against natural forces*. Available at: http://unhabitat.org.mm/publications/how-to-build-a-safer-shelter-hh-guide/

UN-HABITAT, Myanmar (N.D.), *Earthquake Resistant Buildings – Build Back Safer (Posters)*. Available at: http://unhabitat.org.mm/publications/earthquake-resistant-buildings-build-back-safer-posters/

UN-HABITAT, Myanmar (N.D.), *A guide for Village Carpenters on How to build a Safer Shelter*. Available at: http://unhabitat.org.mm/wp-content/uploads/2015/03/How-To-Build-A-Safer-Shelter-Carpenter_Eng.pdf

UN-HABITAT & USAID, Myanmar (N.D.), *Village Shelter Committee Guide*. Available at: http://unhabitat.org.mm/publications/village-shelter-committee-guide/

UN-HABITAT, Myanmar (N.D.), *Guidelines on retrofitting of rural houses in Myanmar*. Available at: http://unhabitat.org.mm/publications/guidelines-on-retrofitting-of-rural-houses-in-myanmar/

UN-HABITAT, Myanmar (2016), *Guidelines for Urban Planning – Prepared for the Republic of the Union of Myanmar*. Available at: http://unhabitat.org.mm/publications/guideline-for-urban-planning-prepared-for-the-union-of-myanmar/

UN-HABITAT, Myanmar (2016), *Lessons Learned & Way Forward for Resilient Shelter Interventions in Rural Myanmar (Context: Post Nargis Shelter Intervention)*. Available at: http://unhabitat.org.mm/publications/lessons-learned-way-forward-for-resilient-shelter-interventions-in-rural-myanmar-context-post-nargis-shelter-intervention/

UN-HABITAT, Myanmar (N.D.) *Manual on Cyclone: Causes, Effects & Preparedness*, Yangon:UN-HABITAT. Available at: http://unhabitat.org.mm/publications/manual-on-cyclone-causes-effects-preparedness/

UN-HABITAT, Myanmar (N.D.) *Manual on Earthquake: Causes, Effects & Preparedness*, Yangon:UN-HABITAT. Available at: http://unhabitat.org.mm/publications/manual-on-earthquake-causes-effects-preparedness/

UN-HABITAT, Myanmar (N.D.) *Manual on Flood: Causes, Effects & Preparedness*, Yangon:UN-HABITAT. Available at: http://unhabitat.org.mm/publications/manual-on-flood-causes-effects-preparedness/

UNICEF (2009), *A Practical Guide for Developing Child Friendly Spaces*. Available at: https://www.unicef.org/protection/A_Practical_Guide_to_Developing_Child_Friendly_Spaces_-_UNICEF_(1).pdf

UNICEF (2009) *Manual: Child Friendly Schools*, New York: UNICEF. Available at: http://www.unicef.org/publications/files/Child_Friendly_Schools_Manual_EN_040809.pdf

UNICEF (2010), *Developing Standards for Quality Basic Education in Central and Eastern Europe and the Commonwealth of Independent States*. Available at: http://miskewitt.com/assets/4.-cee-cis-final-report_final_12.6.10.pdf

UNICEF (2015) *Myanmar Child-Centered Risk Assessment.* First Edition, Yangon: UNICEF. Available at: https://www.unicef.org/myanmar/Myanmar_Child-Centered_Risk_Assessment_(ENG).pdf

UNICEF (2015) *Child Friendly Schools - Manual,* New York: Available at: https://www.unicef.org/publications/files/Child_Friendly_Schools_Manual_EN_040809.pdf

UNDP, National Disaster Management Office, Ministry of Education, European Commission (2008), *Mainstreaming Disaster Risk Reduction in the Education Sector in Lao PDR*.

UNISDR (2015) *Worldwide Initiative for Safe Schools*, Geneva: UNISDR. Available at: http://www.unisdr.org/we/campaign/wiss

United Nations Centre for Regional Development (UNCRD) (2009) *Reducing Vulnerability of School Children to Earthquakes: School Earthquake Safety Initiative (SESI).* Hyogo: UNCRD. Available at: http://www.preventionweb.net/files/2951_SESIOutcomeallfinal.pdf

WaterAid Bangladesh (2006), *Step by Step Implementation Guidelines for Latrine Facility at Educational Institutions*, Dhaka. Available at: http://www.wateraid.org/~/media/Publications/guidelines-implementation-latrines-educational.pdf

World Bank, United Nations Office for Disaster Risk Reduction (UNISDR), Global Facility for Disaster Reduction and Recovery (GFDRR), Inter-Agency Network for Education in Emergencies (INEE) (2009), *Guidance notes on Safer School Construction,* Washington. Available at: http://www.unisdr.org/we/inform/publications/11599

World Bank (2010) *Safer Homes, Stronger Communities: A Handbook for Reconstructing after Natural Disasters*, Washington: World Bank. Available at: http://documents.worldbank.org/curated/en/290301468159328458/Safer-homes-stronger-communities-a-handbook-for-reconstructing-after-natural-disasters

World Vision (2016), Comprehensive School Safety Practices. Available at: http://www.wvi.org/asia-pacific/publication/comprehensive-school-safety-practices-asia

# နောက်ဆက်တွဲများ

ဤနောက်ဆက်တွဲများသည် လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြကျောင်း ဆောက်လုပ်ရေးလမ်းညွှန်စာအုပ်နှင့် တွဲလျက်ပါရှိသည့် အထောက်အကူပြု စာတမ်းများဖြစ်သည်။

| | |
|---|---|
| **နောက်ဆက်တွဲ (၁)** | **မြေပုံများ**<br>မြေလျောင်နှင့် ရာသီဥတုဆိုင်ရာ အချက်အလက်ပြ မြေပုံသည် မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ ဆောက်လုပ်ရန် ဒီဇိုင်းနှင့် စီမံကိန်းရေးဆွဲရာတွင် အထောက်အကူပြုစေသည်။ အခြားသောမြေပုံများအား Myanmar Information Management Unit (MIMU): http://www.themimu.info/ တွင် ရရှိနိုင်ပါသည်။ |
| **နောက်ဆက်တွဲ (၂)** | **အခြေခံပညာဦးစီးဌာန - ကျောင်းဆောက်လုပ်ရေး လျှောက်လွှာ စံပြပုံစံ (၁)**<br>ဤလျှောက်လွှာပုံစံ (၁) သည် ကျောင်းသစ်ဆောက်လုပ်ရန်၊ ကျောင်းဆောင် ဟောင်းအား အားဖြည့်ပြင်ဆင်ရန်၊ ပြုပြင်ရန် (သို့မဟုတ်) ပြင်ဆင်ထိန်းသိမ်းရန် အတွက် တင်သွင်းရသော လျှောက်လွှာဖြစ်သည်။ |
| **နောက်ဆက်တွဲ (၃)** | **လုပ်ငန်းခွင်နေရာ စိစစ်ရမည့် အချက်အလက်စာရင်း နှင့် အဓိကထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များ**<br>ဤစာရင်းအား လုပ်ငန်းခွင်နေရာရွေးချယ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းတို့တွင် အသုံးပြုရန်အတွက် ဖြစ်သည်။ သို့မှသာ ဘေးအန္တရာယ်များနှင့် ထိခိုက်နိုင်သည့် အကြောင်းအရာများအား ဆုံးဖြတ်ချက် ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ပေမည်။ |
| **နောက်ဆက်တွဲ (၄)** | **ယာယီခိုလှုံရာ အဆောက်အအုံ / စာသင်ကျောင်း ဒီဇိုင်းပုံစံများ**<br>ယာယီခိုလှုံရာ အဆောက်အအုံ / စာသင်ကျောင်း ဒီဇိုင်းပုံစံများအား ဘေးအန္တရာယ်များသည့် နေရာများ၊ မြေမျက်နှာသွင်ပြင်အနေအထားနှင့် ထိုသက်ဆိုင်ရာဒေသများတွင် သုံးစွဲရန် သင့်လျော်သော ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်မှုတို့ကို အခြေခံ၍ ပုံစံထုတ်ပေးထားပါသည်။<br>ပညာရေးဝန်ကြီးဌာန - အခြေခံပညာဦးစီးဌာနမှ လမ်းညွှန်ထားသည့် ကျောင်းဆောင်အနေအထား ပြပုံစံ<br>ပညာရေးဝန်ကြီးဌာန - အခြေခံပညာဦးစီးဌာနမှ လမ်းညွှန်ထားသည့် ကျောင်းပရိဘောဂများ ဆိုလာလျှပ်စစ်မီးနှင့် ပတ်သက်သည့် လမ်းညွှန်ချက်အားလည်း ဖော်ပြထားပါသည်။ |
| **နောက်ဆက်တွဲ (၅)** | **ကျောင်းဆောင်များ၏ ကြံ့ခိုင်မှုအခြေအနေအား ဆန်းစစ်သည့် ပုံစံ (အမြင်အားဖြင့်)**<br>ဤပုံစံသည် ကျောင်းဆောင်များ၏ ကြံ့ခိုင်မှုအခြေအနေကို ဆန်းစစ်သည့် ပုံစံဖြစ်သည်။ ထိုဆန်းစစ်ခြင်းမှ ကျောင်းဆောင်၏အခြေအနေ၊ ပျက်စီးထိခိုက်နိုင်ခြေအဆင့်နှင့်အားဖြည့်ပြင်ဆင်နိုင်သည့်အကောင်းဆုံးသော နည်းလမ်းများ ရှာဖွေရာတွင် အထောက်အကူဖြစ်စေသည်။ |
| **နောက်ဆက်တွဲ (၆)** | **ဆောက်လုပ်ရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ခြင်း - ယေဘုယျ စစ်ဆေးမည့် စာရင်း**<br>ဆောက်လုပ်ရေး လက်တွေ့လုပ်ငန်းစဉ်များအတွက် ယေဘုယျကြီးကြပ်ရမည့် အချက်အလက်များ အား စစ်ဆေးရမည့် စာရင်းဖြစ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းများအား တာဝန်ယူ ကြီးကြပ်ရသော ကျောင်းများအတွက်ရည်ရွယ်၍ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။ |
| **နောက်ဆက်တွဲ (၇)** | **ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်တွင် ပါဝင်မည့် အချက်အလက် ဥပမာများ**<br>ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်နှင့် လုပ်ငန်းစဉ်စာရင်းအား စာသင်ကျောင်းများ ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်များရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ပြင်ဆင်စရိတ်သတ်မှတ်ခြင်း တို့အတွက် အသုံးပြုသင့်သည်။ ထိုအစီအစဉ်တွင် ဥပမာအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်/ပုံစံများ ပါဝင်သင့်သည်။<br>(က) ပစ္စည်းများနှင့် ပတ်သက်သည့် စစ်ဆေးရေး အစီရင်ခံစာ<br>(ခ) သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အချိန်ဇယား<br>(ဂ) အရေးပေါ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ် |

# နောက်ဆက်တွဲ (၁)

မြေငလျင်နှင့် ရာသီဥတုဆိုင်ရာ အချက်အလက်ပြ မြေပုံ




Probabilistic Seismic Hazard Assessment Map (PSHA Map) of Myanmar showing expected peak ground acceleration (PGA) values with 100% probability in 500 years. (Note: 0.21 - 0.3 g zone in the northern part of Shan State is taken from the Seismic Zone Map of Myanmar by Dr. Maung Thein et al., 2005)

# Historical Monthly Data on Average Precipitation and Tropical Storms — MYANMAR

Average monthly precipitation and all tropical storms recorded for the month between 1956 and 2006

OCHA
Regional Office for Asia-Pacific




**Historical Average Monthly Precipitation: mm (WORLDCLIM)**

- Below 10
- 10 - 25
- 25 - 50
- 50 - 75
- 75 - 100
- 100 - 150
- 150 - 200
- 200 - 250
- 250 - 300
- Above 300

**All tropical storms recorded dring month: 1956 to 2006 (UNISYS)**

- Tropical Depression
- Tropical Storm
- Category 1
- Category 2
- Category 3
- Category 4
- Category 5

**Map Doc Name:**
OCHA_MYA_Monthly_Climate_v1_090710
**GLIDE Number:**
n/a
**Creation Date:**
10 July 2009
**Projection/Datum:**
Behrmann
**Web Resources:**
http://ochaonline.un.org/roap
**Nominal scale at A4**
1:40,000,000

0 700 1,400
Kilometers

**Map data source(s):**
WOLRDCLIM, UNISYS, UN Cartographic Section, Global Discovery

**Disclaimers:**
The designations employed and the presentation of material on this map do not imply the expression of any opinion whatsoever on the part of the Secretariat of the United Nations concerning the legal status of any country, territory, city or area or of its authorities, or concerning the delimitation of its frontiers or boundaries.



# နောက်ဆက်တွဲ (၂)

## အခြေခံပညာဦးစီးဌာန - ကျောင်းဆောက်လုပ်ရေး လျှောက်လွှာ စံပြပုံစံ (၁)

| စံပြ ပုံစံ (၁) |
|---|
| **အခြေခံပညာဦးစီးဌာန** |

( / ) စာသင်နှစ် – ပြည်နယ် / တိုင်းဒေသကြီး ၊ မြို့နယ် ဦးစားပေးအဆင့် - ကျောင်းသစ်ဆောက်လုပ်ခြင်း/ ကျောင်းဆောင်တိုးချဲ့ခြင်း/ ကျောင်းဆောင်ပြုပြင်ခြင်း

မြို့နယ် ဦးစားပေးအဆင့် ( )

ပြည်နယ် / တိုင်းဒေသကြီး ဦးစားပေးအဆင့် ( )

လျှောက်လွှာပုံစံ (ကျောင်းအုပ်ကြီးမှ ဖြည့်စွက်ရန်)

အခြေခံပညာ မူလတန်း/ အလယ်တန်း/ အထက်တန်း ကျောင်းများ၊ ရုံးခန်းများ ပြုပြင်ရန် လျှောက်လွှာပုံစံ

(၁) ကျောင်းအမည်:.......................................................................................

(၂) ကျောင်းတည်နေရာ:................................................................................

(၃) လက်ရှိကျောင်း ဖွဲ့စည်းပုံအပြင်အဆင် ( ) နှင့် အကျယ်အဝန်း ( ) ပေ/ ဧက

(၄) ကျောင်းမြေ ပိုင်ဆိုင်မှု အခြေအနေ:...........................................................

(၅) တောင်းခံသည့် ငွေပမာဏ (က) ပြုပြင်ရန်

(ခ) ကျောင်းဆောင်သစ်/ တိုးချဲ့ရန်

[မည်သည့်အပိုင်းအား ပြုပြင်လိုသည်ကို ဖော်ပြပေးပါ (အမိုး၊ အကာ၊ ကြမ်းခင်း၊ တိုင်)။] (ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းတို့အတွက် အကြောင်းပြချက်အသေးစိတ်အား ဖော်ပြပေးပါ။ ပညာရေးဝန်ကြီးဌာန၏ စံပြ အဆောက်အအုံပုံစံနှင့် တွဲလျက် တင်ပြပေးရမည်။ အင်ဂျင်နီယာမှ ပုံစံအသစ်ထပ်မံရေးဆွဲရန် မလိုချေ။)

(၆) တောင်းဆိုသည့် ကျောင်းဆောင် အရွယ်အစားနှင့် အမျိုးအစား:...................................

(၇) ခန့်မှန်းခြေ ကုန်ကျစရိတ်:........................................................................

(၈) မိဘ/ ရပ်ရွာဘက်မှ ကူညီပံ့ပိုးသည့် ငွေပမာဏ:.......................၊ ကူညီပံ့ပိုးပေးသည့်ပစ္စည်းများ၏ တန်ဖိုး:........................

(၉) အခြေခံပညာဦးစီးဌာနသို့ တောင်းခံသည့် ငွေပမာဏ:.......................................................

(၁၀) တောင်းခံထားခဲ့သည့် ကျောင်းဆောင်အတွက် လုပ်ဆောင်ရန်လိုအပ်နေသေးသော လုပ်ငန်းများအတွက် တောင်းခံလျှင်

(က) လုပ်ဆောင်ရန်လိုအပ်နေသေးသော လုပ်ငန်းများ:

(ခ) ယခင်က ခွင့်ပြုခဲ့သည့် ငွေပမာဏ/ ဘဏ္ဍာရေးနှစ် :

(ဂ) ထုတ်ယူရန် ကျန်ရှိသေးသည့် ငွေပမာဏ:

(ဃ) မည်သည့်အတွက်ကြောင့် လုပ်ငန်းပြီးစီးခြင်းမရှိသေးကြောင်း ရှင်းလင်းသည့်စာအား သီးခြားတင်ပြပေးရန် .

(၁၁) အခြေခံပညာဦးစီးဌာနမှ ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် ယခင်က ခွဲဝေချထားပေးခဲ့သည့် ငွေ ပမာဏများအား ဘဏ္ဍာရေးနှစ်များနှင့်တကွ ဖော်ပြပေးပါ။ (အကယ်၍ အချက်အလက်များအား ချန်လှပ်ထားခြင်း/ မေ့လျော့ခြင်းများ ရှိခဲ့ပါက လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်)

| ဘဏ္ဍာရေးနှစ် (လုပ်ငန်း အမျိုးအစားများ) | ခွဲဝေချထားသည့် ငွေပမာဏ |
|---|---|
| ______________<br>______________<br>______________<br>______________ | ______________<br>______________<br>______________<br>______________<br><br>(အမည်)<br>ကျောင်းအုပ်ကြီး |

**ပုံစံ (၁) – အပိုဒ် (က) စာသင်ဆောင်များ အခြေအနေ**

| ကျောင်းဆောင်အမည် | အမျိုးအစား | | | အတိုင်းအတာ | | | တစ်ထပ်/ နှစ်ထပ် | တန်ဖိုး | ဘဏ္ဍာငွေအမျိုးအစား (အခြေခံပညာ/ မိဘ/ အခြေခံပညာ+မိဘ/ တိုင်းပြည်နယ်) | စာသင်ခန်း အရေအတွက် | စာသင်ခန်း အရွယ်အစား နှင့် အခြားဆောင်ရွက်ချက်များအတွက် အသုံးပြုပုံ |
|---|---|---|---|---|---|---|---|---|---|---|---|
| | အမိုး | အကာ | ကြမ်းခင်း | အလျား | အနံ | အမြင့် | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

မှတ်ချက် ။ အဆောက်အအုံ၏ ဖွဲ့စည်းပုံ အပြင်အဆင်အား သီးခြားတင်ပြရန်။

(အမည်)
ကျောင်းအုပ်ကြီး

| ပုံစံ (၁) - အပိုဒ် (ခ) ကျောင်းသားအခြေအနေ - စာသင်ခန်း/ အတန်း၊ တန်းခွဲ | | | |
|---|---|---|---|
| အတန်း | တန်းခွဲပေါင်း | ကျောင်းသားအရေအတွက် | မှတ်ချက် |
| Grade (၁၀) | | | |
| Grade (၉) | | | |
| Grade (၈) | | | |
| Grade (၇) | | | |
| Grade (၆) | | | |
| Grade (၅) | | | |
| Grade (၄) | | | |
| Grade (၃) | | | |
| Grade (၂) | | | |
| Grade (၁) | | | |
| မူလတန်းကြို/ မူကြို | | | |
| စုစုပေါင်း | | | |

| ပုံစံ (၁) – အပိုဒ် (ဂ) ကျောင်းရှိ ကျောင်းသားနှင့် ဆရာ/ဆရာမ အရေအတွက် | | | |
|---|---|---|---|
| အတန်း | ကျောင်းသားအရေအတွက် | ဆရာ/ဆရာမ အရေအတွက် | မှတ်ချက် |
| အထက်တန်း | | | |
| အလယ်တန်း | | | |
| မူလတန်း | | | |
| စုစုပေါင်း | | | |

**ပုံစံ (၁) – အပိုဒ် (ဃ)** တစ်ဆိုင်း/ နှစ်ဆိုင်းကျောင်း

**ပုံစံ (၁) – အပိုဒ် (င)** အထက်တွင် ဖော်ပြထားရှိသည့် အချက်အလက်များမှန်ကန်ပါသည်။

အမည်:
ကျောင်း/ ရုံး:
မြို့နယ်:

**ပုံစံ (၁) – အပိုဒ် (စ)** မြို့နယ်ပညာရေးမှူးမှ ထောက်ခံချက်နှင့် ဦးစားပေးအဆင့် သတ်မှတ်ချက်

မြို့နယ်ပညာရေးမှူး

........................မြို့နယ်

**ပုံစံ (၁) – အပိုဒ် (ဆ)** ပြည်နယ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးမှ ထောက်ခံချက်နှင့် ဦးစားပေးအဆင့် သတ်မှတ်ချက်

ပြည်နယ်/ တိုင်းဒေသကြီးပညာရေးမှူး

................................ပြည်နယ်/ တိုင်းဒေသကြီး

**အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသည့် ပုံစံ (ကျောင်းသစ်ဆောက်လုပ်ခြင်း/ တိုးချဲ့ခြင်း နှင့် ပြုပြင်ခြင်း)**

***ကျောင်းသစ်ဆောက်လုပ်ခြင်း/ တိုးချဲ့ခြင်း***

(၁) ကျောင်းသစ်ဆောက်လုပ်ခြင်း/ တိုးချဲ့ခြင်းတို့အတွက် အဆိုပြုလွှာတင်သွင်းသည့်အခါတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့် တကွ တင်ပြရမည်။

(က) မြေပိုင်ဆိုင်မှု (ပုံစံ-၁၀၅ သို့မဟုတ် ပိုင်ဆိုင်မှုအထောက်အထား)

(ခ) ကျောင်းဝင်းဧရိယာ

(ဂ) ကျောင်းဝင်းပုံစံ၊ ဖွဲ့စည်းပုံ (စကေးဖြင့်)

(ဃ) အသစ်ဆောက်လုပ်မည့်/ တိုးချဲ့မည့်/ ပြုပြင်မည့် ကျောင်းဆောင်အား ဖော်ပြထားသည့် ကျောင်းဝင်းဖွဲ့စည်းပုံ (စကေးဖြင့်)

(င) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း/ တိုးချဲ့ခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် လိုအပ်သည့်အချက်အလက်များအား ပုံစံ (၁) တွင် ဖြည့်စွက်ပါ။

(စ) လက်ရှိအဆောက်အအုံများနှင့် ပတ်သက်သည့် အချက်အလက်များ (အတိုင်းအတာ၊ အမြင့်၊ အဆောက်အအုံအမျိုးအစား) တို့အား ပုံစံ (၁) - အပိုဒ် (က) တွင် ဖြည့်စွက်ပါ။

(ဆ) လက်ရှိကျောင်းသားစာရင်းအား အတန်းလိုက် ဖြည့်စွက်ပါ။ ပုံစံ (၁) - အပိုဒ် (ခ)

(ဇ) လက်ရှိ စာသင်ခန်းအရေအတွက်ကို ဖြည့်စွက်ပါ။ (စာသင်ခန်း၊ ရုံးခန်း၊ ဆရာ/ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ သိပ္ပံလက်တွေ့ခန်း စသည့်တို့ကို သီးခြားဖော်ပြပေးပါ)။ ထိုပြင်လိုအပ်မည့် စာသင်ခန်းအရေအတွက်အား ကျောင်းအုပ်ကြီးမှ တင်ပြပေးပါ။

(ဈ) အဆိုပြုထားသည့် အဆောက်အအုံပုံစံ မိတ္တူ (BP) (ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ စံပုံစံ) အား ကျောင်းအုပ်ကြီး၏ ထောက်ခံအတည်ပြုချက်ဖြင့် တင်ပြရမည်။

(ည) လက်ရှိကာလပေါက်ဈေးနှုန်းဖြင့် တွက်ချက်ထားရှိသည့် ပစ္စည်းစာရင်း နှင့် အရေအတွက် (BOQ) တို့အား ကျောင်းအုပ်ကြီး ၏ ထောက်ခံအတည်ပြုချက်၊ အင်ဂျင်နီယာ၏ အသေးစိတ်တွက်ချက်မှုတို့နှင့် တကွ တင်ပြရမည်။

(ဋ) မြို့နယ်ပညာရေးမှူးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် မြို့နယ်ဆောက်လုပ်ရေးကော်မတီမှ အဆိုပြုတင်ပြလွှာအားလုံးအား စိစစ်ပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဦးစားပေးအဆင့်များအနေဖြင့် ထောက်ခံချက်များပေးရမည်။ ပထမဦးစားပေး (က) အဆင့်၊ (ခ) အဆင့်၊ (ဂ) အဆင့် ဟူ၍ သတ်မှတ်ခွင့် မပြုချေ။

(ဌ) မြို့နယ်ပညာရေးမှူးရုံးမှ တင်ပြလာသည့် ဦးစားပေးစာရင်းအား ပြည်နယ်/ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ထပ်မံစိစစ်ကာ လိုအပ်ပါက ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဦးစားပေးအဆင့်များ သတ်မှတ်ပေးသွားမည်။ ပထမဦးစားပေး (က) အဆင့်၊ (ခ) အဆင့်၊ (ဂ) အဆင့် ဟူ၍ သတ်မှတ်ခွင့် မပြုချေ။

(ဍ) မြို့နယ်ပညာရေးမှူး/ ပြည်နယ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့မှ အထူးအခြေအနေတစ်ရပ်အနေဖြင့် "အရေးကြီးသည်" ဟု ထောက်ခံချက်ပေးနိုင်သည်။

***ပြုပြင်ခြင်း***

(၂) ကျောင်းဆောင်ပြုပြင်ရန်အတွက် လျှောက်လွှာတင်ပြသည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပြည့်စုံအောင် ဖြည့်စွက်ရမည်။

(က) အပိုဒ် (၁) တွင် ဖော်ပြခဲ့သည့် အချက်အလက်များနှင့် စာရွက်စာတမ်းများအား ဖြည့်စွက်တင်ပြရမည်။

(ခ) ကျောင်းဆောင်၏ မည့်သည့်အပိုင်းအား ပြုပြင်ရမည်ကို အသေးစိတ် ဖော်ပြပေးရမည်။ (အမိုး/ အကာ/ ကြမ်းခင်း စသဖြင့်)။ ပျက်စီးနေသည့် အပိုင်းအား ရှုထောင့်စုံမှ ရိုက်ထားသောဓာတ်ပုံများအား တင်ပြပေးရမည်။ (ရှေ့၊ နောက် နှင့် ဘေးဘက်)

(ဂ) သက်ဆိုင်ရာ အင်ဂျင်နီယာမှ တွက်ချက်ထားသော ပြုပြင်ရမည့်အပိုင်းများ၏ အသေးစိတ်အတိုင်းအတာနှင့်၊ ပြင်ဆင်စရိတ်၊ ရပ်ကွက်ကျေးရွာ၊ မိဘဆရာအသင်းမှ မျှဝင်ကုန်ကျခံမည့်စရိတ်၊ အခြေခံပညာဦးစီးဌာနသို့ တောင်းခံသည့် ငွေကြေးပမာဏ တို့နှင့် တကွ တင်ပြရမည်။

(၃) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်အား ပြုပြင်ရန်အတွက် တင်ပြရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပြည့်စုံအောင် ဖြည့်စွက်ရမည်။

(၁) အပိုဒ် (၁) တွင် ဖော်ပြထားရှိသည့် အချက်အလက်များနှင့် စာရွက်စာတမ်းများအား ဖြည့်စွက်တင်ပြရမည်။

## ကျောင်းဆောင်ဆောက်လုပ်ရန် လျှောက်ထားသည့်ပုံစံအတွက် လိုအပ်သည့် အချက်အလက်များ

(၁) ညွှန်ကြားရေးမှူး၊ ပြည်နယ်/ တိုင်းဒေသကြီး ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အား လိပ်မူ၍ တင်ပြတောင်းခံရမည့် အဆိုပြုလွှာအပေါ်စာ

(၂) မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာနရုံးအား လိပ်မူ၍ တင်ပြတောင်းခံရမည့် အဆိုပြုလွှာအပေါ်စာ

(၃) မြေနေရာအသုံးချခွင့်နှင့် ပတ်သက်သည့် ညွှန်ကြားချက်ပါစာ (မြေပိုင်ဆိုင်မှု အခြေအနေ)

(၄) ကျောင်းဝင်းပုံစံ/ ဖွဲ့စည်းပုံ

(၅) မြေစာရင်းဌာနမှ ထုတ်ပေးထားသည့် ပုံစံ (၁၀၅)

(၆) အခြေခံပညာဦးစီးဌာနမှ လျှောက်လွှာပုံစံ (၁)

(၇) ကုန်ကျစရိတ်အကျဉ်းချုပ်

(၈) အသေးစိတ်အတိုင်းအတာ

(၉) အဆိုပြုထားသည့် ကျောင်းဆောင်၏ ဗိသုကာပုံနှင့် အဆောက်အအုံပုံများ

# နောက်ဆက်တွဲ (၃)

## လုပ်ငန်းခွင်နေရာ စိစစ်ရမည့် အချက်အလက်စာရင်း

| မြေမျက်နှာသွင်ပြင် | စစ်ဆေးချက် ☑☒ |
|---|---|
| လက်ရှိနှင့် နောင်တိုးပွားလာမည့် အသက်အရွယ်အလိုက် ကျောင်းသားဦးရေ အပေါ်တွင် အခြေခံ၍ စာသင်ခန်းအရေအတွက် မည်မျှလိုအပ်ကြောင်းနှင့် မြေနေရာမည်မျှ လိုအပ်ကြောင်း တွက်ချက်ထားရှိခြင်း။ (ကျောင်းဆောင်သစ် (သို့မဟုတ်) လက်ရှိကျောင်းအတွက် တိုးချဲ့ကျောင်းဆောင်) | ☐ |
| ဆောက်လုပ်မည့် မြေနေရာအား ဒေသခံနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာလူထုမှ လက်ခံနိုင်ခြင်း ရှိ/ မရှိ စစ်ဆေးချက် | ☐ |
| မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စိစစ်ပြီး မြေပိုင်ရှင်အမည်အား မှန်ကန်ကြောင်း အတည်ပြုပြီး ဖြစ်ရမည်။ အဆိုပြုထားသည့် မြေနေရာအတွက် မြေပိုင်ဆိုင်မှု အထောက်အထား (သို့မဟုတ်) တရားဝင် မြေငှားရမ်းစာချုပ် စသည်တို့ ရရှိနိုင်ပါသလား။ | ☐ |
| **ဝင်ထွက်သွားလာနိုင်မှု -** ကျောင်းသား၊ ကျောင်းသူများ ကျောင်းသို့ရောက်ရှိရန် အဝေးပြေးလမ်းမကြီးများ (သို့မဟုတ်) အန္တရာယ်များသည့် ရေလမ်းကြောင်းများ အား ဖြတ်သန်းသွားရမည့် အခြေအနေမျိုးအား ရှောင်ကြဉ်ရမည်။ စာသင်ကျောင်းဆောင်သစ်သို့ အဝင်အထွက်လမ်းသည် လုံခြုံစိတ်ချရပြီး သွားလာရန်လွယ်ကူခြင်း၊ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါ က ဘေးကင်းရာသို့ ရွှေ့ပြောင်းလွယ်နိုင်သည့် အခြေအနေရှိ/ မရှိ စစ်ဆေးရမည်။ | ☐ |
| လိုအပ်သည့် ရေ၊ မိလ္လာ၊ အမှိုက်စွန့်ပစ်မှု နှင့် လျှပ်စစ် စသည်တို့ လိုအပ်မှုနှင့် ပံ့ပိုးပေးနိုင်ခြင်း ရှိ/ မရှိ စစ်ဆေးရမည်။ | ☐ |

| ဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး | စစ်ဆေးချက် ☑☒ |
|---|---|
| ဘေးအန္တရာယ် - မုန်တိုင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်းနှင့် ဆိုင်ကလုံးစသည့် သဘာဝဘေးအန္တရာယ်တို့ကြောင့် ထိခိုက်နိုင်သည့် ဆုံးရှုံးနိုင်ခြေ အကြောင်းအရာများအား ဆန်းစစ်ရမည်။ ဖြစ်နိုင်လျှင် ကျောင်းဆောင်အား ထိခိုက်ပျက်စီး နိုင်ချေမြင့်သည့် ဘေးအန္တရာယ်ကျရောက်သည့် ဇုံများတွင် ဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ရမည်။ လက်ရှိကျောင်းဆောင်သည် ထိုအခြေအနေ၌ ရောက်ရှိနေပါက ပြန်လည်နေရာချထားရန် စဉ်းစားရမည်။ စာသင်ကျောင်းရှိလူများနှင့် ရပ်ရွာလူထုတို့မှ မိမိတို့အရပ်ဒေသရှိ ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေအား သတိပြုမိပါသလား။ | ☐ |
| အကယ်၍ကျောင်းဝင်းသည် ရေလွှမ်းမိုးနိုင်ခြေရှိသည့် နေရာတွင်တည်ရှိပါက ကျောင်းဆောင်များအား မြင့်မားသောနေရာတွင် ဆောက်လုပ်သင့်သည်။ မြင့်မားသော နေရာ မရရှိပါက ကျောင်းဆောင်အား မြှင့်၍ ဆောက်လုပ် သင့်သည်။ | ☐ |
| လေပြင်းထန်သည့် အရပ်ဒေသတွင် ဆောက်လုပ်မည်ဆိုပါက လုပ်ငန်းခွင်နှင့် အနီးအနားတွင် လေတိုက်ခတ်မှုကြောင့် လွင့်စင်လာနိုင်သည့် အရာဝတ္ထုများ ရှင်းလင်းမှု ရှိ/ မရှိ သေချာစွာ ဆန်းစစ်ကြည့်ရှုထားရမည်။ (ဥပမာ - သေချာစွာ တပ်ဆင်ထားခြင်းမရှိသည့် ဆိုင်းဘုတ်များ၊ လျှပ်စစ်ဝါယာကြိုးများ၊ တယ်လီဖုန်းလိုင်းကြိုးများ၊ အဆောက်အအုံ အစိတ်အပိုင်းများ၊ သစ်ပင်များ)။ ယင်းတို့ လွင့်စင်လာပါက စာသင်ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စာသင်ကျောင်းရှိ ဝန်ထမ်းများအား ထိခိုက်ပျက်စီးခြင်း ဒဏ်ရာရစေခြင်း စသည်တို့ ဖြစ်ပေါ်စေနိုင်သည်။ | ☐ |
| တည်ငြိမ်မှုမရှိသော မြေကြီး - တောင်ကုန်းတောင်စောင်းဒေသများရှိ ဆင်ခြေလျှောအား တည်ငြိမ်မှု ရှိ/ မရှိ စစ်ဆေးရမည်။ အောက်ခံမြေကြီးသည် ကျောင်းဆောင်အား ကောင်းစွာ ထောက်မနိုင်သည့် အခြေအနေရှိရမည် | ☐ |
| အကယ်၍ စာသင်ကျောင်းသည် မြေငလျင်လှုပ်ခတ်နိုင်သည့် ဒေသတွင် ရှိပါက ကျောင်းဆောင်တစ်ခုနှင့် တစ်ခုကြား လုံလောက်သော အကွာအဝေး ရှိရမည်။ သို့မှသာ မြေငလျင်ကြောင့် တုန်ခါမှု၊ ယိမ်းယိုင်မှုများ ဖြစ်ပေါ်လာပါက တစ်ခုနှင့် တစ်ခု ထိကပ်မှု/ တွန်းတိုက်မှု မဖြစ်စေပါ။  | ☐ |

| | |
|---|---|
| ဆူနာမီဖြစ်နိုင်သည့် ကမ်းရိုးတမ်းဒေသများတွင် ကျောင်းဆောင်များ ဆောက်လုပ်ရန် လိုအပ်လာပါက ကျောင်းဝင်းသည် ဆူနာမီကြောင့်ဖြစ်ပေါ်မည့် ရေလွှမ်းမိုးနိုင်သည့် ဧရိယာပြင်ပတွင် ရှိ/ မရှိ စစ်ဆေးပါ။ အကယ်၍ ကျောင်းဝင်းမှာ ထိုဧရိယာပြင်ပသို့ ရွှေ့ပြောင်းဆောက်လုပ်ရန် မဖြစ်နိုင်ပါက ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများအား လွယ်ကူစွာ အချိန်မီ ရွှေ့ပြောင်းနိုင်သည့် မြင့်မားသောနေရာနှင့် အနီးဆုံးတည်ရှိစေရန် ရွေးချယ်ရမည်။ သို့တည်းမဟုတ် ကျောင်းဆောင်အပေါ်ထပ်များသည် ရေလွှမ်းမိုးနိုင်သည့် အမြင့်ထက်ပိုမြင့်အောင် မြှင့်၍ ဆောက်လုပ်ထားရှိပြီး အဆောက်အအုံသည် ဆူနာမီတိုက်ခတ်စဉ်အတွင်း ပြိုလဲမသွားဘဲ ကြံ့ကြံ့ခိုင်နိုင်အောင် တည်ဆောက်ထားရှိရမည်။ | ☐ |

| **ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| အရေးပေါ်ဝန်ဆောင်မှုများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေရှိသည့် အရေးပေါ် ထွက်ပေါက်လမ်းများအား ရွေးချယ်သတ်မှတ်ထားရမည်။ | ☐ |
| အဆောက်အအုံများအား ရေဝပ်သည့်နေရာများနှင့် ဝေးကွာနေစေရမည်။ ထိုနေရာများတွင်  ခြင်ကောင်များ ပေါက်ဖွားနိုင်သည့်အပြင်  အင်းဆက်ပိုးမွှားများမှ တစ်ဆင့် ရောဂါပိုးများ ပြန့်ပွားနိုင်သည်။  ရေခမ်းခြောက်နေသည့် မြစ်များ ၊  ရေကန်များ အစရှိသော ရာသီလိုက်ရေဝပ်နိုင်သော အရင်းအမြစ်များအား သတိပြုရမည်။ | ☐ |
| ပဋိပက္ခ ဖြစ်ပွားနေသည့်နေရာနှင့် ဖြစ်ပွားပြီး ဒေသများတွင် မိုင်းများ (သို့မဟုတ်) မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများရှိနေနိုင်သော နေရာများအား ရှောင်ရှားရမည်။ အကယ်၍ ထိုနေရာများတွင် ထိုသို့သော ပစ္စည်းများအား သံသယရှိပါက ပညာရှင်များ၏ အကြံဉာဏ်ကို ရယူရမည်။ | ☐ |
| ဆောက်လုပ်မည့်နေရာသည် ညစ်ညမ်းမှုများဖြစ်စေနိုင်သည့်  အရင်းအမြစ်များ ၊ အဆိပ်များ၊ ဘေးအန္တရာယ် ဖြစ်ပွားစေနိုင်သည့်  အရာများနှင့် ဝေးကွာသည့် နေရာ ဖြစ်သင့်သည်။ | ☐ |
| ဖြစ်နိုင်လျှင် လေယာဉ်၊ ကား၊ ရထား၊ ဥဩသံနှင့် စက်ရုံများမှ ထွက်ပေါ်လာသည့် ဆူညံသံများမှ ကျောင်းအား ဝေးကွာနေစေရမည်။ သို့မှသာ အသံဆူညံနှုန်းသည် ကလေးများအား မထိခိုက်နိုင်ပေ။ | ☐ |
| မီးဘေးနှင့် ပတ်သက်သည့် စီမံချက်နှင့် အရေးပေါ်ထွက်ပေါက်များအတွက် ထည့်သွင်းစဉ်းစား ရမည်။<br>▶ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (ယာယီပြဌာန်းချက် ၂၀၁၂) ၏ မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာလိုအပ်ချက်များအား ရည်ညွှန်းပါသည်။ | ☐ |

| **နည်းပညာပိုင်းဆိုင်ရာ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| စာသင်ကျောင်းအား အန္တရာယ်ဖြစ်စေနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ဖော်ထုတ်ပြီးပါပြီလား။ | ☐ |
| အဆောက်အအုံအား မြေပြိုခြင်း၊ ကျောက်တုံးများ ပြိုကျခြင်း၊ နှင်းထုရေခဲထုများ လျှောကျခြင်း (သို့မဟုတ်) ယင်းကဲ့သို့သော ဘေးအန္တရာယ်များ ဖြစ်စေနိုင်သည့် မတ်စောက်သော ဆင်ခြေလျှောနေရာများတွင် ဆောက်လုပ်ခြင်းအား   ရှောင်ကြဉ်ရမည်။ ယင်းတို့ကြောင့် လူများအား ဒဏ်ရာအနာတရဖြစ်စေခြင်း၊ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်း၊ စာသင်ကျောင်းအား ပျက်စီးထိခိုက်ခြင်းများကို ဖြစ်စေနိုင်သည်။ | ☐ |
| စာသင်ကျောင်းသည် တောင်ပေါ်ဒေသတွင်တည်ရှိပါက ဆင်ခြေလျှောမြေအနေအထား (အစောင်းဒီဂရီ၊မြေအမျိုးအစား၊ ရေမြောင်း စသဖြင့်) တည်ငြိမ်မှု ရှိ/မရှိ  နှင့် မြေကြီး၏ သွင်ပြင်လက္ခဏာအား စစ်ဆေးပါ။ ယင်းတို့မှ အခြားသောလိုအပ်သည့် အချက်အလက်များအား ရရှိနိုင်မည်။ မည်သို့သော အုတ်မြစ်အမျိုးအစား အသုံးပြုနိုင်မည် (အုတ်မြစ်အရှည်/ အုတ်မြစ်အပြား)၊ ရေတွင်းတူးရမည့် အနက်၊ မိလ္လာကန်အတွက် မြေတူးခြင်း (ကျောက်သားမြေသည် မသင့်လျော်ချေ)။ မြေကြီးနှင့် ပတ်သက်သည့်ဆန်းစစ် လေ့လာမှုကို  လုပ်ဆောင်သင့်သည်။ | ☐ |
| အဆောက်အအုံသစ်များအား  အမြင့်ဆုံးရေလွှမ်းမိုးနိုင်သည့် အမြင့်ထက် မြှင့်နိုင်ရန် အလို့ငှာ မြေဖို့ရန် လိုအပ်မှု ရှိ / မရှိ ကို ထည့်သွင်းစဉ်းစားပါ။ | ☐ |
| မြေအောက်ရေအနက်အား မှတ်သားထားရှိပါ။ ထိုအချက်အလက်သည် အုတ်မြစ် တည်ဆောက်ရာတွင် အနက်၊ အရွယ်အစားအား စဉ်းစားရာ၌ အရေးကြီးသည့် အချက်ဖြစ်သည်။ ထို့အပြင် ရေကန်နှင့် မိလ္လာကန် အိမ်သာတို့အကြား ရှိရမည့် အကွာအဝေးနှင့် အနက်အတွက် ပါ အရေးကြီးသော အချက်အလက်ဖြစ်သည်။ | ☐ |

| | |
|---|---|
| ဖြစ်နိုင်လျှင် အဆောက်အအုံအား ရေဝင်လွယ်ပြီး ခိုင်ခံ့မှုနည်းသည့် မြေနေရာတွင် ဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ရမည်။ မာကျစ်ခိုင်မာသော မြေနေရာရှိပါက ထိုနေရာအား ရွေးချယ်သင့်သည်။ | □ |
| ရေကန်ဖြစ်ထွန်းစေခြင်း၊ ရေလွှမ်းခြင်းများ မရှိစေရန် လုံလောက်သော ရေနုတ်မြောင်းအား ထားရှိစေရမည်။ ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် ကားများ၊ စက်ကိရိယာများနှင့် အလုပ်သမားများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည့် နေရာဖြစ်ပါသလား။ | □ |
| မြေ၏ ခံနိုင်ရည်စွမ်းအားကို စမ်းသပ်ခဲ့ပါသလား။ | □ |
| **လက်ရှိအဆောက်အအုံများနှင့် အားဖြည့်ပြင်ဆင်ရန် လိုအပ်သည့် အဆောက်အအုံများ -**<br>- စာသင်ကျောင်းအား အန္တရာယ်ဖြစ်စေနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ဖော်ထုတ်ပြီးပါပြီလား။<br>- စာသင်ကျောင်းရှိလူများနှင့် ရပ်ရွာလူထုတို့မှ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေအား သတိပြုမိပါသလား။ ထိုဆုံးရှုံးနိုင်ခြေများအား အကြိမ်မည်မျှ ပြန်လည်စိစစ်မှုများ ပြုလုပ်ပါသနည်း။<br>- စာသင်ကျောင်းဒီဇိုင်းသည် အဆောက်အအုံဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပါသလား။<br>- စာသင်ကျောင်းအား မဆောက်လုပ်မီ မြေ၏ခံနိုင်ရည်စွမ်းအားကို စမ်းသပ်ခဲ့ပါသလား။ | □ |

| **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| လက်ရှိသဘာဝ အနေအထားနှင့် သက်ရှိပတ်ဝန်းကျင် ဂေဟစနစ်အား ဖော်ထုတ်ပြီး ကာကွယ်ပါ။ | □ |
| ဆောက်လုပ်မည့်နေရာရှိ သစ်ပင်များ၊ ချုံနွယ်များအား မလိုအပ်ဘဲ ရှင်းလင်းခြင်းကို ရှောင်ကြဉ်ပါ။ (သို့မဟုတ်) သစ်ပင်များ ပြန်လည်စိုက်ပျိုးပါ။ (မျှတသည့် ရာသီဥတုအသေးစား ဖန်တီးခြင်း (သို့မဟုတ်) မြေလွှာကို တည်ငြိမ်စေခြင်း) | □ |
| သမိုင်းဝင်၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အရင်းအမြစ်များအား အလေးအနက်ထားရမည်။ | □ |

| **ဘဏ္ဍာရေးဆိုင်ရာ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| ဆောက်လုပ်မည့်နေရာတွင် ကုန်ကျစရိတ်ကြီးမားသည့် မြေရှင်းလင်းခြင်း၊ မြေညှိခြင်း (သို့မဟုတ်) မြေသိပ်သည်းမှုရစေခြင်း စသည့် လုပ်ငန်းများအား ရှောင်ကြဉ်ရမည်။ သို့မဟုတ်ပါက အဆောက်အအုံ ဆောက်လုပ်သည့် ကုန်ကျစရိတ်အား မြင့်တက်နိုင်သည်။ | □ |
| လိုအပ်သည့် လမ်းအဝင်အထွက်များ၊ ရေပိုက်လိုင်းသွယ်တန်းမှုများ၊ မိလ္လာလုပ်ငန်းများ၊ လျှပ်စစ်မီး သွယ်တန်းခြင်းနှင့် အခြားသော မြေထိန်းနံရံဆောက်လုပ်ခြင်း၊ မြေကြီးလုပ်ငန်းနှင့် လုပ်ငန်းခွင်မြေနေရာပြင်ဆင်ခြင်း စသည့် အင်ဂျင်နီယာလုပ်ငန်းများ အားလည်း ထည့်သွင်းစဉ်းစားရမည်။ | □ |
| လုပ်ငန်းခွင်နေရာရှိ လက်ရှိအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများအား စိစစ်ရမည်။ ဖြိုချရန်လိုအပ်မှုရှိ/မရှိ ဆုံးဖြတ်ရမည်။ | □ |

## ဘေးအန္တရာယ်ကျရောက်လွယ်နိုင်သည့် ဒေသအတွင်းရှိ ကျောင်းများအတွက် အဓိကမေးခွန်းများ

ကျောင်းများဘေးကင်းလုံခြုံရေးအား နားလည်နိုင်ခြင်းနှင့် တိုးတက်လာစေခြင်းသည် ရပ်ရွာလူထုရှိ ကိစ္စရပ်များ ပြဿနာများအား သေချာစွာနားလည်မှု ရှိခြင်းနှင့် ဘေးအန္တရာယ်ကြောင့်ဖြစ်လာမည့် ဆုံးရှုံးနိုင်ခြေအား လျှော့ချစေနိုင်ရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားခြင်းတို့အပေါ် အခြေခံသည်။

| **စာသင်ကျောင်းအားလုံးအတွက် အဓိကမေးခွန်းများ (ကျောင်းဆောင်သစ်နှင့် လက်ရှိကျောင်းဆောင်[7] )** | **စစ်ဆေးချက်** ☑☒ |
|---|---|
| စာသင်ကျောင်းအား အန္တရာယ်ဖြစ်စေနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ဖော်ထုတ်ပြီးပါပြီလား။ | ☐ |
| ထိုဆုံးရှုံးနိုင်ခြေများအား အကြိမ်မည်မျှ ပြန်လည်စိစစ်မှုများ ပြုလုပ်ပါသနည်း။ | ☐ |
| စာသင်ကျောင်းရှိ လူများနှင့် ရပ်ရွာလူထုတို့မှ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေအား သတိပြုမိပါသလား။ | ☐ |
| စာသင်ကျောင်းဒီဇိုင်းသည် အဆောက်အအုံဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပါသလား။ | ☐ |
| စာသင်ကျောင်းအား မည်သူဒီဇိုင်းရေးဆွဲပါသနည်း။ | ☐ |
| စာသင်ကျောင်းအား မဆောက်လုပ်မီ မြေ၏ခံနိုင်ရည်စွမ်းအားကို စမ်းသပ်ခဲ့ပါသလား။ | ☐ |
| ဆောက်လုပ်သူများသည် ဘေးအန္တရာယ်ခံနိုင်သည့် ဆောက်လုပ်ခြင်းနည်းပညာအား လက်တွေ့အသုံးချရန် လေ့ကျင့်ပြီး ဖြစ်ပါသလား။ | ☐ |
| ကျောင်းဆောက်လုပ်ခြင်းအား အရည်အချင်းပြည့်မီသည့် အင်ဂျင်နီယာမှ ကြီးကြပ်ကွပ်ကဲမှု ရှိပါသလား။ | ☐ |
| စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မည်သူမှ တာဝန်ယူထားပါသနည်း။ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ဘဏ္ဍာငွေနှင့် တာဝန်ယူလုပ်ကိုင်မှုတို့အတွက် လုပ်ထုံးလုပ်နည်းများ ထားရှိပါသလား။ | ☐ |
| ကျောင်းပရိဘောဂများနှင့် အခြားသော ကိရိယာများသည် စာသင်ခန်းအတွင်းရှိလူများအား ထိခိုက်စေနိုင်မှု အနည်းဆုံးဖြစ်စေရန် ဒီဇိုင်းရေးဆွဲပြီး စီမံထားရှိမှု ရှိပါသလား။ | ☐ |
| ဘေးအန္တရာယ်တစ်ခုခု မကျရောက်မီ၊ ကျရောက်နေစဉ် (သို့မဟုတ်) ကျရောက်ပြီးပါက ကျောင်းအတွင်းရှိ ကျောင်းသား/သူများ၊ ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းစီမံရေးရာဝန်ထမ်းများသည် မည်သို့ပြုမူပြီး မည်သို့ တုံ့ပြန်ရမည်ကို သိရှိနားလည်ပါသလား။ | ☐ |
| ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်မည့် ထိခိုက်ပျက်စီးမှုများသည် ၎င်းတို့အပေါ်တွင် ထိခိုက်လာနိုင်မှုအား မည်သို့လျှော့ချရမည်ကို စာသင်ကျောင်းရှိ လူများနှင့် ရပ်ရွာလူထုတို့မှ သိရှိနားလည်ပါသလား။ ထိုကဲ့သို့ ပြုလုပ်နိုင်ရန် ဂရုတစိုက် ရှိပါသလား။ | ☐ |

| **ရေလွှမ်းမိုးမှုဘေးမှ လုံခြုံစေရန်အတွက် အဓိကမေးခွန်းများ:** ထိုဒေသအတွင်းရှိ ရေလွှမ်းမိုးမှုသမိုင်းနှင့်ပတ်သက်သည့်အချက်အလက်များအား ကြိုတင်စုဆောင်း ထားရှိသင့်သည်။ ဆောက်လုပ်မည့်နေရာအနီးအနားတွင် ရာသီအလိုက် မြစ်ချောင်းများ၊ တောင်ကျချောင်းများ ရှိ/မရှိ စုံစမ်းစစ်ဆေးရမည်။ ဒေသခံလူထုထံမှလည်း အကြံဉာဏ်များ ရယူနိုင်သည်။ | **စစ်ဆေးချက်** ☑☒ |
|---|---|
| ကမ်းခြေဒေသများတွင် ပြင်းထန်သည့် မုန်တိုင်းဒီရေလှိုင်းများသည် ကုန်းတွင်းပိုင်း အကွာအဝေးအတော်အသင့်သို့ ရောက်ရှိနိုင်သည်။ ထို့ကြောင့် ကျောင်းဆောက်လုပ်မည့်နေရာသည် ထိုရေလွှမ်းနိုင်သည့် ဇုံအတွင်းကျရောက်နေမှု ရှိ/မရှိကို ယခင်သမိုင်းအချက်အလက်များမှ သိရှိနိုင်သည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့်လည်း ဆွေးနွေးတိုင်ပင်နိုင်သည်။ | ☐ |
| **အုတ်မြစ်များ:** ရေစီးကြောင်းသည် အဆောက်အအုံ၏ အောက်ဖက်မှ မြေကြီးများအား တိုက်စားပြီး အုတ်မြစ်များအား ပြိုလဲအောင် ပြုလုပ်နိုင်သည်။ အကယ်၍ ထိုရေလွှမ်းမိုးနိုင်မည့် နေရာမှတစ်ပါး အခြားရွေးချယ်စရာမရှိလျှင် အုတ်မြစ်ဒီဇိုင်းအားသင့်တော်သလိုပြုပြင်ပြီး သက်ရောက်နိုင်မှုကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် | ☐ |

[7] အရင်းအမြစ်: GFDRR & INEE အန္တရာယ်ကင်းသော စာသင်ကျောင်းဆောက်လုပ်ရေး လမ်းညွှန် မှတ်စုများ

| | |
|---|---|
| လျှော့ချပေးရမည်။ ဥပမာ - ပိုင်တိုင်များ၊ ထုနက်သည့် အုတ်မြစ်များ။ မြေညီကြမ်းခင်းခံအားလည်း ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်အောင် ဆောက်လုပ်ထားရှိရမည်။ | |
| အုတ်မြစ်များသည် ရေလွှမ်းမိုးမှုဖြစ်ပွားသည့်အခါ ရေနှင့်ထိတွေ့ပါက ခံနိုင်ရည်အား ကျဆင်းသွားနိုင်စေသည် ။ ရေများသည် နံရံများ၊ ဘောင်များ၊နှင့် အုတ်မြစ်များအတွင်းသို့ စိမ့်ဝင်ခြင်းဖြင့် အဆောက်အအုံအား ပြိုကျစေနိုင်သည်။ မျှော်မှန်းထားသည့် ရေလွှမ်းမိုးမည့်ကာလအတိုင်းအတာအတွင်း ဖြစ်ပေါ်လာနိုင်မည့် ပျက်စီးမှုပမာဏအား စစ်ဆေးထားရှိပါ။ လုပ်ဆောင်မှုများအား ကာကွယ်ထားရမည်။<br>အဆောက်အအုံများအား ပိုင်တိုင်များနှင့် တိုင်များပေါ် (သို့မဟုတ်) သိပ်သည်းထားသည့် မြေပေါ်တွင် မြှင့်တင်ထားခြင်းသည် ပျက်စီးမှုကိုဖြစ်စေသော ရေလွှမ်းမှုအမြင့်ထက် ကျော်လွန်အောင် မြှင့်တင်ခြင်းပင်ဖြစ်သည်။ | ☐ |
| **ရေဆိုး:** ရေစိမ့်ကန်မှ ဖုံးအုပ်ထားခြင်းမရှိသည့် ရေဆိုးများသည် ရေလွှမ်းမိုးမှုဖြစ်ပေါ်ပြီးနောက် အဓိကကျသော ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ကျောင်းရှိ ရေဆိုးစွန့်ပစ်သည့် စနစ်အား ရေလွှမ်းမိုးမှုမှ ကာကွယ်ထားခြင်း ရှိ/မရှိ ကို စစ်ဆေးပါ။ မိလ္လာကန်အဖုံးများ နှင့် လေပိုက်များအား မျှော်မှန်းထားသော ရေလွှမ်းမိုးမှု အမြင့်ထက် ကျော်လွန် ၍ မြှင့်ထားသင့်ပါသည်။ | ☐ |
| **ရေသန့် ပေးဝေခြင်း:** ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေစဉ် အတွင်း ကျောင်းအတွင်းရေရရှိနိုင်မှုသည် ဒေသတွင်း ရေပေးဝေမှုစနစ်အား ထိခိုက်နိုင်ခြေနှင့် ရေဖြန့်ဝေသည့်ဌာန၏ လုပ်ငန်းစဉ်ပေါ်တွင် များစွာ မူတည်သည်။ ရေတွင်းမှ ရေကို ရယူသုံးစွဲပါက ရေတွင်းဘောင်များအား သေချာစွာ ကာကွယ်ထားရှိရန် လိုအပ်သည်။ | ☐ |

| | | |
|---|---|---|
| **မြေလျှင်ဒဏ်ခံနိုင်သည့် ကျောင်းများအတွက် အဓိကမေးခွန်းများ -** ဘေးအန္တရာယ်ကြောင့် ဒေသအတွင်း ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် မြေလျှင်ဇုံဒေသရှိ မြေကြီး၏ အခြေအနေအရ တိကျသော ဆုံးရှုံးနိုင်ခြေတို့အား ကြိုတင်စုဆောင်း ထားရှိရမည်။ | | **စစ်ဆေးချက်**<br>☑☒ |
| မြေလျှင်နှင့် လေပြင်းတိုက်ခတ် နိုင်သည့် ဧရိယာများတွင် အဆောက်အအုံ ပုံစံအား ပုံမှန်ပုံစံ ဟုတ်/မဟုတ် စစ်ဆေးရမည်။ ဆိုလိုသည်မှာ အမြင့်တူသော အဆောင်များ အကြား တွင် အဟာများ ရှိနေခြင်း။ အဆောက်အအုံ၏ အစိတ်အပိုင်းများ ဖွဲ့စည်းပုံတွင် ဒေါင်လိုက်ပုံစံသည် ပုံမှန်မဟုတ်သော/ အချိုးမညီသော အခြေအနေများ ရှိနေပါသလား။ | <br>Two portions of the same building have different masses:vertical irregularity | ☐ |
| နံရံများနှင့် တိုင်များသည် ပန္နက် လိုင်းတိုင်းတွင် ရှိပါသလား။ | <br>Good example; Building Plan shows that the column are in grid lines in both directions | ☐ |

| | |
|---|---|
| အလျား/အနံ အချိုးနှင့် အမြင့်/အနံ အချိုးတို့သည် စံသတ်မှတ်ထားသည့်အတိုင်း ဘေးအန္တရာယ်ကင်းသည့် ဘောင်အတွင်း ရှိပါ သလား။   | ☐ |
| သစ်သားနှင့် သံဘောင် အဆောက်အအုံများတွင် လှုပ်ရှားမှု ဒဏ်နှင့် လေပြင်းဒဏ်အား ခံနိုင်မည့် ဒေါင့်ဖြတ်ထောင့်များ/ ချုပ်တန်းများ လုံလောက်စွာ ထည့်သွင်းထားခြင်း ရှိ/မရှိ စစ်ဆေးရမည်။ | ☐ |
| ဝန်အားလမ်းကြောင်းအား တစ်ဆက်တည်းထားရှိခြင်းဖြင့် အဆောက်အအုံအား မြေငလျင်လှုပ်ခတ်နေစဉ်အတွင်း တစ်စုတည်း/ တစ်ခုတည်းအနေဖြင့် တည်ရှိနေစေသည်။ နံရံမှ ကြမ်းခင်းနှင့် အမိုးများ၏ အဆက်များသည် ဝန်အားလမ်းကြောင်း၏ အစိတ်အပိုင်းဖြစ်သည်။ အဆောက်အအုံ၏ အစိတ်အပိုင်းများအားလုံးမှ အုတ်မြစ်အထိ တစ်ဆက်တည်းလမ်းကြောင်း ရှိ / မရှိစစ်ဆေးပါ။  section show that the load path of the building is discontinuous-this is not desirable | ☐ |
| **အုတ်အဆောက်အအုံ:** မြေညီကြမ်းခင်းအောက်ခံနှင့် တံခါးပြတင်းထုပ်တန်းတို့တွင် အားဖြည့်ကွင်း/တန်းများ ထည့်သွင်းထားခြင်းရှိ/မရှိစစ်ဆေးပါ။ ဒေါင်လိုက်အားဖြည့် သံကွင်းများအား နံရံအဆက်များ၊ တံခါးပြတင်းပေါက်ပေါ်နှင့် ဘေးဘက်တို့တွင် ထည့်သွင်းထားခြင်း ရှိ/ မရှိ စစ်ဆေးပါ။ | ☐ |
| အဆောက်အအုံဒီဇိုင်းတွက်ချက်စဉ်က မြေငလျင်အတွက် ထည့်သွင်းစဉ်းစားတွက်ချက်ခဲ့ပါသလား။ | ☐ |
| **အဖွင့်များ:** တံခါးပြတင်းပေါက်များသည် အဆောက်အအုံထောင့်မှ အနည်းဆုံး ၄ ပေ (၁.၂ မီတာ) အကွာတွင် ရှိ/မရှိ စစ်ဆေးပါ။ သို့မှသာ တံခါးပြတင်းပေါက်များတွင် အက်ကြောင်းများ ဖြစ်ပေါ်မှုကို လျှော့ချပြီး အဆောက်အအုံထောင့်များ ခံနိုင်ရည်လျော့ကျမှုမှ ကာကွယ်နိုင်မည်။<br>တံခါးပြတင်းပေါက်အကျယ်စုစုပေါင်းသည် နံရံအလျားစုစုပေါင်း၏ တစ်ဝက်ထက် နည်းပါသလား။ | ☐ |
| မြေငလျင်လှုပ်နေစဉ်အတွင်း အဆောက်အအုံ၏ အဓိကမကျသော အစိတ်အပိုင်းများကြောင့် အန္တရာယ်ဖြစ်စေနိုင်မှု ရှိ/ မရှိ သေချာစွာ စစ်ဆေးရမည်။ | ☐ |

| **လေပြင်းတိုက်ခတ်လေ့ရှိသည့် ဒေသများရှိ စာသင်ကျောင်းများအား မေးမြန်းရမည့် အဓိကမေးခွန်းများ** | **စစ်ဆေးချက်** ☑☒ |
|---|---|
| အင်ဂျင်နီယာအနေဖြင့် အဆောက်အအုံအမြင့်၊ အကျယ်နှင့် မြေမျက်နှာသွင်ပြင်အလိုက် ဒီဇိုင်းပြုလုပ်ရမည့် လေတိုက်နှုန်းအား ထည့်သွင်းစဉ်းစားခဲ့ပါသလား။ | ☐ |
| အဆောက်အအုံသည် အဇီဆွဲချထားခြင်းမရှိသည့် အုန်းလက်ခေါင်ရိုး ဟုတ်/မဟုတ် စစ်ဆေးပါ။ ပြတင်းပေါက်အကာများ ထည့်သွင်းခြင်းဖြင့် လေပြင်းကြောင့်အမိုးများလွင့်ထွက်သွားခြင်းကို ကာကွယ်ပေးနိုင်သည်။ | ☐ |
| အဆောက်အအုံ၏ အစိတ်အပိုင်းအားလုံးအား သေချာခိုင်မြဲစွာ ချိတ်ဆက်ထားရမည်။<br>အမိုးနှင့် တိုင်များ၊ နံရံများ၏ အဆက်များအား သေချာစွာ စစ်ဆေးရမည်။ | ☐ |
| လေပြင်းတိုက်ခတ်နေစဉ်အတွင်း အဆောက်အအုံ၏ အဓိကမကျသော အစိတ်အပိုင်းများကြောင့် အန္တရာယ်ဖြစ်စေနိုင်မှု ရှိ/ မရှိ သေချာစွာ စစ်ဆေးရမည်။ | ☐ |

# နောက်ဆက်တွဲ (၄)

**ယာယီနိုလှုံရာ အဆောက်အအုံ / စာသင်ကျောင်း ဒီဇိုင်းပုံစံများ**

SDC မှ ဆောက်လုပ်သည့် ယာယီခိုလှုံရာ အဆောက်အအုံ / စာသင်ကျောင်း ဒီဇိုင်းပုံစံများ

(ရခိုင်ပြည်နယ် - အဆင့်မြင့် စာသင်ကျောင်းဒီဇိုင်းပုံစံ)





စာသင်ခန်း (၃) ခန်းတွဲ - ၁၀၆ ပေ (၃၂.၃ မီတာ) × ၃၂ ပေ (၉.၇ မီတာ)





(၆) ခန်းတွဲ အိမ်သာ - ၃၄ ပေ (၁၀.၄ မီတာ) × ၁၄ ပေ (၄.၃ မီတာ)

# ပညာရေးဝန်ကြီးဌာန - အခြေခံပညာဦးစီးဌာနမှ လမ်းညွှန်ထားသည့် ကျောင်းဆောင်အနေအထားပြပုံစံ




အရှေ့ - အနောက်တန်း ကျောင်းဆောင်များသည် နေရောင်ထိ ဓရိယာနည်းပါးသည်။




တောင် - မြောက်တန်း ကျောင်းဆောင်များသည် နေရောင်ထိ ဓရိယာများပါသည်။

ရွာအဝင်လမ်း၊ မင်းလမ်း၊ ရေလမ်းကြောင်းများကို မျက်နှာပြုဆောက်ခြင်း၊ အပြိုင်ဆောက်ခြင်းမပြုဘဲ နေရောင်ထိ သက်သာစေရန်
ကျောင်းဆောင်များကို အရှေ့ - အနောက်ပြိုင်တန်းကာ ဆောက်လုပ်သင့်ပါသည်။
တစ်ဆောင်နှင့်တစ်ဆောင် ၃၀ ပေ၊ ၄၀ ပေခန့်ခြားကာ ဆောက်လုပ်နိုင်ပါသည်။
သဘာဝလေအေးဒဏ်၊ လေဒဏ်ခံနိုင်ရန်အတွက် ၁၂၀ ပေ၊ ၁၅၀ ပေထက် ပိုရှည်မဆောက်သင့်ပါ။
အဆောင်များခွဲပြီး တစ်ဆောင်နှင့်တစ်ဆောင် ၃၀ ပေ၊ ၄၀ ပေခန့်ခြားကာ ဆောက်လုပ်ရပါမည်။




Orientation-

| | | | | |
|---|---|---|---|---|
| MOE. School Design | BUILDING LAYOUT GUIDELINE | JUNE 2016 | A | 9 |

ပညာရေးဝန်ကြီးဌာန

အခြေခံပညာဦးစီးဌာန

အထက်တန်းအဆင့်၊ စာမျက်နှာ (၁၊ ၂၊ ၃)

နှင့်

စာမျက်နှာ (၄၊ ၅၊ ၆) မူလတန်းအထက်ဆင့်(Grade - 2, 3, 4, 5)

ကျောင်းသုံးစာရေးခုံ၊ ထိုင်ခုံ




| MOE. Furniture Design | LONG DESK & LONG BENCH | APRIL, 2016 | 1 |
|---|---|---|---|




အမြင့် ၁ပေ၆လက်မ အထက်တန်းအဆင့် ထိုင်ခုံ
အမြင့် ၂ပေ၆လက်မ၊ စာရေးခုံနှင့်တွဲသုံးရန်




Long Bench

MOE. Furniture Design | 6'x1' - 2"x1'-6" LONG BENCH | APRIL, 2016 | 2







အမြင့် ၂ပေ၆လက်မ အထက်တန်းအဆင့် စာရေးခုံ
အမြင့် ၁ပေ၆လက်မ ထိုင်ခုံနှင့်တွဲသုံးရန်

Long Desk

MOE. Furniture Design | 6'x1' - 6"x2'-6" LONG DESK | APRIL, 2016 | 3







Note - All wood must be used Hard wood.

မူလတန်းအထက်ဆင့် စာရေးခုံနှင့် ထိုင်ခုံ

(Grade 2,3,4,5 အတွက်)




| | | | |
|---|---|---|---|
| MOE. Furniture Design | LONG DESK & LONG BENCH | APRIL, 2016 | 4 |




မူလတန်းအထက်ဆင့်အတွက်ထိုင်ခုံ

၁ပေ ၁၀လက်မ အမြင့် စာရေးခုံနှင့်တွဲသုံးရန်







Long Bench

| | | | |
|---|---|---|---|
| MOE. Furniture Design | 4'-6"x14"x12" LONG BENCH | APRIL, 2016 | 5 |




မူလတန်းအထက်ဆင့်အတွက်စာရေးခုံ

၁၆ပေ အမြင့် ထိုင်ခုံနှင့်တွဲသုံးရန်

Long Desk

| | | | |
|---|---|---|---|
| MOE. Furniture Design | 4'-6"x16"x22" LONG DESK | APRIL, 2016 | 6 |

## နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စနစ် (ဆိုလာ)

နေရောင်ခြည်စွမ်းအင်သုံးစနစ်သည် ယင်းကို မှန်မှန်ကန်ကန် အသုံးချနိုင်ပါက ဘေးအန္တရာယ် ကင်းရှင်းသည်။ သို့ရာတွင် ယင်းစနစ်တွင် ပါဝင်သည့် အချို့သော အစိတ်အပိုင်းများကြောင့် စိုးရိမ်ဖွယ်ရာ ဘေးအန္တရာယ်ကို ဖြစ်နိုင်ချေရှိသည်။ နေရောင်ခြည်စွမ်းအင်သုံးစနစ်သည် စာသင်ကျောင်းများပေါ်တွင် မူတည်၍ အမျိုးမျိုးကွဲပြားနိုင်သည်။ ထို့ကြောင့် စနစ်တိုင်းအတွက် မည်ကဲ့သို့ အသုံးပြုရမည်၊ မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းရမည်ကို လမ်းညွှန်ရေးသားထားရမည်။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နည်းပညာပိုင်း ဆိုင်ရာ အထောက်အကူရစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးများ မပြုလုပ်မီ ထိုလမ်းညွှန်ချက်များအား ဖတ်ရှုလေ့လာ၍ သော်လည်းကောင်း၊ နည်းပညာရှင်များ၏ အကြံပြုချက်များကို ရယူ၍ သော်လည်းကောင်း အစဉ်အမြဲ လုပ်ကိုင်ဆောင်ရွက်ရမည်။

နေရောင်ခြည်စွမ်းအင်သုံးစနစ်များကို သုံးစွဲရာ၊ ပြုပြင်ထိန်းသိမ်းရာတွင် လိုက်နာရမည့် ယေဘုယျလမ်းညွှန်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

## ပြုပြင်ထိန်းသိမ်းရေးလုပ်ဆောင်သည့် မှတ်တမ်းစာအုပ်ထားရှိခြင်း

နေရောင်ခြည်စွမ်းအင်သုံးစနစ်များအတွက် လက်စွဲစာအုပ်များသည် ရှင်းလင်းလွယ်ကူသည့် လမ်းညွှန်ချက်များဖြင့် ဖော်ပြထားရှိရမည်။ ပြုပြင်ထိန်းသိမ်းရေးအချိန်ဇယားအား စနစ်၏ မှတ်တမ်းစာအုပ်နှင့်အတူ စာသင်ကျောင်းများတွင် ထားရှိပေးရမည်။ မှတ်တမ်းစာအုပ်တွင် ပြုပြင်ထိန်းသိမ်းသည့် အမျိုးအစားနှင့် ဘယ်နှစ်ကြိမ်ပြုပြင်ထားပြီး မည်သူမှ တာဝန်ယူ ဆောင်ရွက်ထားသည်များကို မှတ်သားထားရမည်။ အကယ်၍ ယင်းမှတ်တမ်းစာအုပ်အား အစဉ်အမြဲ မှတ်တမ်းတင်ထားမည်ဆိုပါက ထိုဆိုလာစနစ်နှင့် ပတ်သက်သည့် ပြင်ဆင်မှုများ၊ ထိန်းသိမ်းထားရှိမှု များအား အလွယ်တကူ သိရှိနိုင်သဖြင့် မှားယွင်းပျက်စီးမှုများ ရှာဖွေရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

## ဆိုလာပြားများ

ညစ်ပေသော ဆိုလာပြားများသည် ယင်းမှ လျှပ်စစ်စွမ်းအင်ထုတ်လွှတ်နိုင်မှုကို လျော့နည်းစေသည်။ ယင်းတို့အား သန့်ရှင်းပြီး လုံခြုံအောင် ထိန်းသိမ်းထားပါ။ မိုးရာသီကဲ့သို့ မိုးရေဖြင့် သဘာဝအတိုင်း သန့်ရှင်းရေး မပြုလုပ်နိုင်သော ခြောက်သွေ့ရာသီတွင် ဆိုလာပြားများအား ပုံမှန်သန့်ရှင်းရေး ပြုလုပ်ပေးရမည်။ ဆိုလာပြားများအား ရေ၊ ရေမြှုပ် စသည်တို့ကို အသုံးပြု၍ ဆေးကြောပေးရမည်။ ချေးချွတ်ဆေးများ အသုံးမပြုရ။ သန့်ရှင်းရေးကို ပူပြင်း သောအချိန်တွင် မပြုလုပ်ရ။ စာသင်ကျောင်းရှိ လျှပ်စစ်စနစ် မှတစ်ပါး အခြားမည်သည့်အရာနှင့် ဆက်သွယ် ထားခြင်းမရှိရ။ အကယ်၍ ဆိုလာပြားများအား စာသင်ဆောင်၏ အမိုးပေါ်တွင် (သို့မဟုတ်) မြင့်သောတစ်နေရာတွင် တပ်ဆင်ထားရှိပါက ယင်းသို့သွားရောက်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရန် အထူးသတိပြု ဆောင်ရွက်ရမည်။

## ဘက်ထရီများ

ဘက်ထရီများအား အပတ်စဉ် ၁၀၀% ပြည့်မီအောင် အားဖြည့်ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ (နေ့စဉ်ပြုလုပ်နိုင်လျှင် ပိုမို၍ ကောင်းမွန်သည်။) အားနည်းနေသည့် ဘက်ထရီအနေအထားဖြင့် အသုံးပြုပါက ၎င်း၏ သက်တမ်းကို လျော့စေသည်။ ဘက်ထရီများအား သင့်တင့်သည့် အပူချိန်တွင် ထားရှိခြင်းသည် (၂၅ ဒီဂရီစင်တီဂရိတ်သည် အကောင်းဆုံးဖြစ်သည်။) ဘက်ထရီသက်တမ်း ကြာရှည်ခံနိုင်ခြင်းအတွက် အလွန်အရေးပါပေသည်။ ဘက်ထရီအား နေရောင်တိုက်ရိုက်မကျသည့် အေးပြီး လေဝင်လေထွက် ကောင်းမွန်သည့်နေရာတွင် ထားရှိရမည်။ ဘက်ထရီ အပေါ်ပိုင်းနှင့် အငုတ်စွန်းများအား သံချေးတက် အက်စစ်စားပျက်စီးခြင်း၊ ညစ်ပေခြင်းမှ ကင်းဝေးစေရမည်။ ဘက်ထရီနှင့် ဝါယာကြိုးများ ဆက်သွယ်ထားရှိမှုကို အခါအားလျော်စွာ စစ်ဆေးပေးရမည်။ အချို့သောဝါယာကြိုးများ ဟောင်းနွမ်းပြီး လျှပ်ကာပစ္စည်းများ ပျက်စီးလာမှုကို အထူး သတိပြုထားရှိရမည်။ ဆိုလာပြားများနှင့် ဆက်သွယ်ထားရှိသည့် ပုံးများကိုလည်း ခိုင်ခံ့ပြီး စိတ်ချရသည့် အခြေအနေ ရှိ/ မရှိကိုလည်း စစ်ဆေးပေးရမည်။

## လျှပ်စစ် သွယ်တန်းခြင်း

နေရောင်ခြည်စွမ်းအင်သုံးစနစ်၏ အစိတ်အပိုင်းများဖြစ်သည့် ဘက်ထရီများ၊ ထိန်းချုပ်စနစ်များ စသည်တို့အား ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ခြောက်သွေ့သန့်ရှင်းပြီး လေဝင်လေထွက်ကောင်းမွန်အောင် ထားရှိပေးရမည်။ ပျက်စီးမှုများ၊ ယိုယွင်းလာခြင်း (သို့မဟုတ်) သံချေးတက်အက်စစ်စားပျက်စီးနိုင်သည့် အခြေအနေမျိုးများ ရှိ/ မရှိကို အခါအားလျော်စွာ စစ်ဆေးကြည့်ရှုပေးရမည်။
နေရောင်ခြည်စွမ်းအင်သုံးစနစ် ချွတ်ယွင်းလာမှုကို အခြေခံပြုပြင်ထိန်းသိမ်းခြင်းဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ခြင်း မရှိပါက ကျွမ်းကျင်သည့် အတတ်ပညာရှင်များဖြင့် ပြုပြင်ပေးရမည်။

# နောက်ဆက်တွဲ (၅)

| စာသင်ကျောင်း အခြေအနေ အကဲအဖြတ်ပုံစံ (အမြင်အားဖြင့်) | |
|---|---|
| **(က) ယေဘုယျ အချက်အလက်** | |
| ကျောင်းအမည် | |
| ကျေးရွာ - | ကျေးရွာအုပ်စု - |
| မြို့နယ် - | ခရိုင် - |
| ပြည်နယ် / တိုင်းဒေသကြီး - | |
| **(ခ) ကျောင်း အချက်အလက်** | |
| ကျောင်းဖွင့်လှစ်ခဲ့သည့် ခုနစ် | |
| စာသင်ကျောင်းဆောင် အရေအတွက်<br>(အားကစားရုံ၊ စုဝေးခန်းမ၊ လက်တွေ့စမ်းသပ်ခန်း စသည်တို့ အပါအဝင်) | |
| ဝန်ထမ်းအိမ်ယာ (ဥပမာ - ကျောင်းအုပ်ကြီး နေအိမ်) | ☐ ရှိ ☐ မရှိ<br>အကယ်၍ ရှိခဲ့လျှင် မည်မျှရှိသနည်း။ |
| စာကြည့်တိုက် | ☐ ရှိ ☐ မရှိ |
| ရေလောင်းအိမ်သာ/ တွင်းအိမ်သာ | ☐ ရှိ ☐ မရှိ<br>ကျား/မ တွဲလျက် -<br>ကျား/မ သီးခြား - (ကျား) (မ)<br>အကယ်၍ ရှိခဲ့လျှင် ရေလောင်းအိမ်သာ၊ ဆီးသွားခန်း၊ တွင်းအိမ်သာ အရေအတွက်အား သီးခြားဖော်ပြပေးပါ။ |
| သောက်ရေရရှိနိုင်မှု | ☐ ရှိ ☐ မရှိ |
| လျှပ်စစ်မီး | ☐ ရှိ ☐ မရှိ |
| တယ်လီဖုန်း၊ ကြေးနန်း ဆက်သွယ်ရေး | ☐ ရှိ ☐ မရှိ<br>အကယ်၍ ရှိခဲ့လျှင် ၊ ☐ အထိုင်တယ်လီဖုန်း၊ ☐ မိုဘိုင်း၊ ☐ အင်တာနက် |
| အဓိက ရာသီဥတု | ဖော်ပြချက် -<br>*ဥပမာ - အပူပိုင်း၊ မုတ်သုန်၊ အပူအအေးမျှတ၊ ကုန်းမြင့်မြေ* |
| မြေမျက်နှာသွင်ပြင် | ☐ တောင်ကုန်း၊ ☐ မြေပြန့်၊ ☐ ကမ်းရိုးတန်း၊ ☐ မြစ်ဝကျွန်းပေါ် |

| စာသင်ကျောင်းနှင့် အနီးပတ်ဝန်းကျင်တွင် မည်သို့သော ဘေးအန္တရာယ်များ ကျရောက်လေ့ရှိသနည်း : | | | |
|---|---|---|---|
| ☐ ရေကြီး၊ ရေလျှံ | ☐ မြေပြို | ☐ ဆိုင်ကလုံး | ☐ မြေငလျင် |
| ☐ ဆူနာမီ | ☐ မိုးခေါင်ရေရှား | ☐ အခြား (ဖော်ပြပါ) | |

| **(ဂ) စာသင်ကျောင်းဆောင်များ (အိမ်သာများ အပါအဝင်)** | | | | |
|---|---|---|---|---|
| စာသင်ကျောင်းဆောင်များတွင် အသုံးပြုထားသည့် ပစ္စည်းများ - | | | | |
| တိုင်များ | ☐ ကွန်ကရစ် | ☐ အုတ် | ☐ သစ်သား | ☐ အခြား (ဖော်ပြပါ) |
| နံရံ၊ အကာ | ☐ အုတ် | ☐ သစ်သား | ☐ ဝါး | ☐ အခြား (ဖော်ပြပါ) |

| | | | | |
|---|---|---|---|---|
| ကြမ်းခင်း | ☐ ကွန်ကရစ် | ☐ အုတ် | ☐ သစ်သား | ☐ အခြား (ဖော်ပြပါ) |
| အမိုး | ☐ အုတ်ကြွပ် | ☐ မီးခံပြား | ☐ C.G.I/ အရောင်သွပ် | ☐ အခြား (ဖော်ပြပါ) |
| အထပ်အမြင့် - | ☐ တစ်ထပ် | ☐ နှစ်ထပ် | ☐ သုံးထပ် | ☐ အခြား (ဖော်ပြပါ) |
| ဆောက်လုပ်ခဲ့သည့် ခုနှစ် - | | | | |
| ကျောင်းဆောင်အရွယ်အစား (ပေဖြင့်) (အလျား) x (အနံ) x (အမြင့်) | | | | |

ကျောင်းဆောင်၏ ကြံ့ခိုင်မှု အခြေအနေ

| တိုင် | နံရံ၊ အကာ | ကြမ်းခင်း | အမိုး | တံခါးနှင့် ပြတင်းပေါက် |
|---|---|---|---|---|
| ☐ အကြီးစား အက်ကွဲကြောင်းများ | ☐ အကြီးစား အက်ကွဲကြောင်းများ | ☐ အပေါက်များ | ☐ အမိုးများ လွင့်ထွက်သွား | ☐ ပြတင်းမှန်များ ကွဲ/ တံခါးများ ပေါက်နေ |
| ☐ အသေးစား အက်ကွဲကြောင်းများ | ☐ အသေးစား အက်ကွဲကြောင်းများ | ☐ အက်ကွဲကြောင်း များ / မျက်နှာပြင် မညီညာ | ☐ အပေါက်များ/ သံချေးစား | ☐ လက်ကိုင်ကွင်းများ၊ ပတ္တာများ ပျက်စီး |
| ☐ ယိုင်နေ | ☐ နံရံဘောင်များ ပျက်စီး/ ရွေ့စောင်း | ☐ ကြမ်းခင်း ကျွံဝင် | ☐ အမိုးဒိုင်း၊ ဘောင်များ ပျက်စီး၊ နိမ့်ဆင်း | ☐ ဘောင်များ ပျက်စီး၊ တွန့်လိမ်နေ |
| ☐ အဆက်များ ချောင်နေ | ☐ အဆက်များ ချောင်နေ | ☐ အဆက်များ ချောင်နေ | ☐ အမိုးဒိုင်းခွေများ စောင်း | ☐ ဘောင်များ သံချေးတက်ပျက်စီး |
| ☐ ပိုးမွှားများ ဖျက်ဆီး | ☐ ပိုးမွှားများ ဖျက်ဆီး | ☐ ပိုးမွှားများ ဖျက်ဆီး | ☐ ပိုးမွှားများ ဖျက်ဆီး | ☐ ပိုးမွှားများ ဖျက်ဆီး |
| ☐ မပျက်စီး | ☐ မပျက်စီး | ☐ မပျက်စီး | ☐ မပျက်စီး | ☐ မပျက်စီး |

**အိမ်သာများနှင့် ပတ်သက်၍ အချက်အလက်များ**

အိမ်သာများ - ကောင်း/ သင့်တင့်/ ညံ့/ မှတ်ချက်............................................................................................................

လက်ဆေး အသုံးအဆောင်များ -ကောင်း/ သင့်တင့်/ ညံ့/ မှတ်ချက်..............................................................................

ပိုက်များ - ကောင်း/ သင့်တင့်/ ညံ့/ မှတ်ချက် .................................................................................................................

မိလ္လာကန် - ကောင်း/ သင့်တင့်/ ညံ့/ မှတ်ချက် ............................................................................................................

ရေစုပ်ကန်၊ ရေစစ်ကန် - ကောင်း/ သင့်တင့်/ ညံ့/ မှတ်ချက်..............................................................................................

အခြား - ကောင်း/ သင့်တင့်/ ညံ့/ မှတ်ချက် .....................................................................................................................

**(ဂ)တွင် ပါဝင်သကဲ့သို့ အခြားသောကျောင်းဆောင်များအတွက် အချက်အလက်များ ဖြည့်သွင်းရန်**

**(ဃ) ကျောင်းပတ်ဝန်းကျင်**

| | |
|---|---|
| လျှပ်စစ်စွမ်းအင်အရင်းအမြစ် | ☐ အစိုးရ လျှပ်စစ်လိုင်း |

| | |
|---|---|
| | ☐ ကျေးရွာအခြေပြု<br>☐ ဆိုလာစွမ်းအင်စနစ်<br>☐ အခြား (ဖော်ပြပါ) |
| ရေအရင်းအမြစ် | ☐ ရေကန်၊ ရေလှောင်ကန်၊ ဆည်<br>☐ မြစ်၊ ချောင်း၊ စမ်းရေ<br>☐ မိုးရေလှောင်ကန်<br>☐ အဝီစိတွင်း၊ ရေတွင်း<br>☐ ရေပိုက်သွယ်<br>☐ အခြား (ဖော်ပြပါ) |
| ကျောင်းဝန်းပရဝုဏ် ခြံခတ်ထားခြင်း | ☐ ရှိ ☐ မရှိ<br>အကယ်၍ ရှိခဲ့လျှင် အမျိုးအစား (ဥပမာ - သစ်သား/ သံဇကာ) |
| အလံတိုင် | ☐ ရှိ ☐ မရှိ |
| မုန့်စားတန်း/ စားသောက်တန်း | ☐ ရှိ ☐ မရှိ<br>အကယ်၍ ရှိခဲ့လျှင် ☐ လဟာပြင် ☐ အမိုးအကာအောက် |

## နောက်ဆက်တွဲ (၆)

### ဆောက်လုပ်ရေး လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲခြင်း - ယေဘုယျ စစ်ဆေးရမည့်စာရင်း

စာသင်ကျောင်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများအား နေ့စဉ်ကြီးကြပ်ကွပ်ကဲရန်လိုအပ်ပါက အသုံးပြုနိုင်ရန်အတွက် ဤနောက်ဆက်တွဲအား ရေးသားထားခြင်းဖြစ်သည်။ စာသင်ကျောင်းအနေဖြင့် ဆောက်လုပ်ရေးကုမ္ပဏီနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုသောအခါတွင်လည်းကောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီ၏ လုပ်ငန်းများအားကြီးကြပ်ရန် အခြေခံပညာဦးစီးဌာနမှ စာသင်ကျောင်းအား တာဝန်ပေးအပ်ခံရသည့်အခါတွင်လည်းကောင်း အလွယ်တကူ အသုံးပြုနိုင်သည်။

အခြေခံပညာဦးစီးဌာနအနေဖြင့် အဆောက်အအုံ၏ ဒီဇိုင်းဖွဲ့စည်းပုံများနှင့် ပတ်သက်၍ တိုက်ရိုက်ကြီးကြပ်ခြင်းများ မပြုလုပ်သင့်ပေ။ စာသင်ကျောင်းအနေဖြင့် မှတ်ပုံတင်ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာအား ထိုလုပ်ငန်းများအတွက် ခန့်အပ်ထားရှိပေးရမည်။

### ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပြင်ဆင်ခြင်း

| | |
|---|---|
| **နိဒါန်း** - ယေဘုယျလမ်းညွှန်ချက်အနေဖြင့် သာမန်အသိရှိမှုကို အမြဲတမ်းထားရှိရမည်။ အသေးစိတ်ကို ဂရုပြုခြင်း၊ မကြာခဏ ကြည့်ရှုလေ့လာခြင်း၊ ကန်ထရိုက်တာများနှင့် ဆက်သွယ်ခြင်း စသည်တို့သည် အဓိက လုပ်ဆောင်ရမည်များ ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း အရာရာတိုင်းအား မှန်ကန်နေမည်ဟု မယူဆသင့်ပေ။ အမြဲတမ်း စစ်ဆေးနေရမည်။ | **စစ်ဆေးချက်**<br>☑☒ |
| **ကျေးရွာလူထုအား အသိပေးခြင်း** - ဆောက်လုပ်ရေးနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များအား ကျောင်း၊ ကျေးရွာအဖွဲ့အစည်း၊ ကျေးရွာ၊မြို့နယ်ရုံးများရှိ အသိပေးဆိုင်းဘုတ်များ စသည့် အများမြင်သာသောနေရာတွင် ပြသထားရမည်။ | ☐ |
| **အစည်းအဝေးမှတ်တမ်းများအား စစ်ဆေးခြင်း** - အစည်းအဝေးမှတ်တမ်းများကို ရေးမှတ်ထားရန် အစည်းအဝေးမှတ်တမ်းစာအုပ် ထားရှိရမည်။ လုပ်ငန်းခွင် ကြည့်ရှုလေ့လာခြင်းနှင့် ကြီးကြပ်ခြင်းတို့တွင် တွေ့ရှိချက်များနှင့် ဆွေးနွေးအကြံပြုချက်များကို ထည့်သွင်းရေးသားနိုင်ရန် ဧည့်စာရင်းမှတ်တမ်းစာအုပ်လည်း ထားရှိရမည်။<br>**လုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာခြင်းများအား မှတ်တမ်းတင်ထားရှိခြင်း** - ကျောင်းဆောက်လုပ် ရေး လုပ်ငန်းခွင်မှ မထွက်ခွာခင် ဧည့်စာရင်းမှတ်တမ်းစာအုပ်တွင် တွေ့ရှိချက်များ နှင့် အကြံပြုချက်များအား ထည့်သွင်းရေးသားခဲ့ရမည်။ ပြီးလျှင် ကျောင်းစစ်ဆေးရေး ကော်မတီသို့ အကြောင်းကြားပေးရမည်။ | ☐ |
| **အဆောက်အအုံပုံများနှင့် စံသတ်မှတ်ချက်များ** - ဆောက်လုပ်ရေးကုမ္ပဏီ (ကန်ထရိုက်တာ) အနေဖြင့် ဆောက်လုပ်မည့် အဆောက်အအုံပုံများနှင့် စံသတ်မှတ်ချက်များ အား လုပ်ငန်းခွင်အတွင်း၌ ထားရှိရမည်။ ကျောင်းတွင်လည်း အကိုးအကားအနေဖြင့် မိတ္တူတစ်စုံ ထားရှိရမည်။ | ☐ |
| ကျောင်းအနေဖြင့် ကျောင်းဆောက်လုပ်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းသဘာဝနှင့်တာဝန်များကို သိရှိ နားလည်ထားရမည်။ မည်သို့သောလုပ်ငန်းများအား ဆောက်လုပ်ရန် သဘောတူညီထားရှိခဲ့သည်ကို နားလည်ထားရမည်။ မည်သည့်ဆောက်လုပ်ရေးလုပ်ငန်းများ မည်သည့်အချိန်တွင်ဆောင်ရွက်မည်ကို ဖော်ပြထားသော စီမံကိန်းလုပ်ငန်းအစီအစဉ် မှတ်တမ်းမိတ္တူတစ်စုံ ထားရှိရမည်။<br>ခွင့်ပြုချက်ရရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင် ပုံစံနှင့် အဆောက်အအုံပုံများ (အထက်ဖော်ပြပါ) အား ကျောင်းအနေဖြင့် မိတ္တူတစ်စုံ ထားရှိရမည်။<br>အောက်ဖော်ပြပါ အချက်အလက်များအား ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ မှတ်တမ်းဆိုင်းဘုတ်တွင် ဖော်ပြထားရှိရမည်။<br>(က) ကျောင်းအမည်<br>(ခ) ကျောင်းဆောင်အမျိုးအစား<br>(ဂ) ဆောက်လုပ်မည့် ဆောက်လုပ်ရေးကုမ္ပဏီ/ အဖွဲ့<br>(ဃ) တာဝန်ခံ၏ အမည် | ☐ |

| | |
|---|---|
| (င) တာဝန်ခံ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်<br>(စ) ဆောက်လုပ်ရေးလုပ်ငန်းအတွက် တာဝန်ခံ ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာ<br>(ဆ) တာဝန်ခံ ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်<br>(ဇ) ဆောက်လုပ်ရေးကုမ္ပဏီ/ အဖွဲ့၏ ဒေသတွင်း ဆက်သွယ်ရန် လိပ်စာ<br>(ဈ) ဆောက်လုပ်ရေးကုမ္ပဏီ/ အဖွဲ့၏ ရုံးချုပ်လိပ်စာ<br>(ည) ဆောက်လုပ်ရေးကုမ္ပဏီ/ အဖွဲ့၏ ဆက်သွယ်ရန် ဖုန်းနံပါတ်<br>(ဋ) ဆောက်လုပ်ရေးကုမ္ပဏီ/ အဖွဲ့၏ အရေးပေါ်ဆက်သွယ်ရမည့် တာဝန်ခံ၏ ဖုန်းနံပါတ်<br>အကယ်၍ ဆောက်လုပ်ရေးကုမ္ပဏီ၏ လုပ်ဆောင်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိပါက ကျောင်းအုပ်အနေဖြင့် အခြေခံပညာဦးစီးဌာန- မြို့နယ်ပညာရေးမှူး (သို့မဟုတ်) ၎င်းတို့၏ ဗိသုကာ၊ အင်ဂျင်နီယာတို့ ထံသို့ တင်ပြပြီး အကြံပြုဆွေးနွေးချက်များ ရယူနိုင်ပါသည်။ | |
| ဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းခွင်အတွင်း လုပ်သားအင်အား မည်မျှ လုပ်ကိုင်နေသည်ကို မှတ်တမ်းတင်ထား ရမည်။ | ☐ |

| **ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| သစ်ပင်များ၊ ချုံနွယ်များအား ကာကွယ်ရမည်။ လုပ်ငန်းခွင်အား အမြဲရှင်းလင်းနေရမည်။ မြေများ၊ ရေများအား ညစ်ညမ်းမှု မဖြစ်စေရန် ကာကွယ်ရမည်။ | ☐ |
| ကလေးလုပ်သား - ဆောက်လုပ်ရေးကုမ္ပဏီ၊ ဆောက်လုပ်ရေးပစ္စည်းသွင်းသူနှင့် ဆောက်လုပ်ရေး လုပ်ငန်းခွဲများတွင် အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား အလုပ်ခန့်အပ်ထားခြင်း မရှိရ။ | ☐ |

| **ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး** - ဆောက်လုပ်ရေးလုပ်ငန်းများသည် အန္တရာယ်ရှိသည့် လုပ်ငန်းများဖြစ်သည်။ ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အန္တရာယ်ရှိသည့် လုပ်ငန်းခွင် လုပ်ဆောင်မှုများ ကို မပြုမိစေရန် သတိပြုရှောင်ရှားရမည်။ | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| ဆိုးရွားစွာ ဆောက်လုပ်ထားသည့် ယာယီငြမ်းများ၊ အန္တရာယ်ရှိသည့် ယာယီငြမ်းများ၊ အရည်အသွေးမမှီသည့် လှေကားများအား လုပ်ငန်းခွင်တွင် အသုံးမပြုသင့်ချေ။ | ☐ |
| ကျောင်းဝင်းအတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်ဧရိယာအား ယာယီဝင်းထရံ ပြုလုပ်ထားရှိရမည်။ မြေတူးလုပ်ငန်း နေရာများအား ကာကွယ်ထားရှိရမည်။ လုပ်ငန်းချိန် ပြင်ပတွင်လည်း ကာရံထားခြင်း၊ ဖုံးအုပ်ထားခြင်း ရှိရမည်။ | ☐ |
| မြေကြီးပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများအား ထားရှိခြင်း မရှိစေရ။ ဥပမာ - သံနှတ်ထားခြင်းမရှိသည့် သစ်သားချောင်းများ။ | ☐ |
| ကျောင်းသား၊ကျောင်းသူများအား ဆောက်လုပ်ရေးလုပ်ငန်းခွင်ဧရိယာနှင့် ပစ္စည်းများပို့သည့် မော်တော်ယဉ်များရှိသည့် နေရာများသို့ ဝင်ရောက်သွားလာခွင့် မပြုသင့်ချေ။ | ☐ |
| အလုပ်သမားများသည် လုပ်ငန်းခွင်နှင့် သင့်လျော်သည့် ကာကွယ်ရေးအဝတ်အစားများ ဝတ်ဆင်ထားရှိရမည်။ ဥပမာ - ဦးထုပ်မာ၊ ဘွတ်ဖိနပ်၊ လက်အိပ်၊ မျက်နှာဖုံး | ☐ |
| လုပ်ငန်းခွင်ရှိ ဆောက်လုပ်ရေးကုမ္ပဏီ အလုပ်သမားများနှင့် ဝန်ထမ်းများသည် ကျောင်းအိမ်သာအား သုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည်။ | ☐ |
| မှတ်တမ်းယူခြင်း/ မတော်တဆမှုများ အစီရင်ခံစာတင်ပြခြင်း - လုပ်ငန်းခွင်အတွင်း မတော်တဆ အန္တရာယ် တစ်စုံတစ်ရာ ဖြစ်ခဲ့ပါက ဆောက်လုပ်ရေးကုမ္ပဏီမှ မှတ်တမ်းမှတ်ရာများ ပြုလုပ်ထားရှိပြီး အခြေခံပညာဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းဆောက်လုပ်ရေး စစ်ဆေးရေးကော်မတီအား အဆောတလျင် တင်ပြအစီရင်ခံရမည်။ | ☐ |
| လုပ်ငန်းခွင်အတွင်းသန့်ရှင်းသပ်ရပ်နေပြီး ဆောက်လုပ်ရေးပစ္စည်းများအား စနစ်တကျသိုလှောင်သိမ်းဆည်းထားရမည်။ | ☐ |

| ဆောက်လုပ်ရေးလုပ်ငန်းများ မစတင်မီ | စစ်ဆေးချက် ☑☒ |
|---|---|
| ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် မြေတူးလုပ်ငန်းများ မစတင်မီ လျှပ်စစ်လိုင်း၊ ရေလိုင်း စသည့် မြေပေါ်၊မြေအောက် စစ်ဆေးပေးရမည်။ | ☐ |
| ဆောက်လုပ်မည့်လုပ်ငန်းခွင်တွင် ကျောင်းဆောင်အား အနှောင့်အယှက်ဖြစ်စေနိုင်မည့် သစ်ပင်များ (အကယ်၍ မခုတ်လှဲဘဲနေ၍မရသည့်အခါ)၊ သစ်မြစ်များ၊ ချုံနွယ်များနှင့် ပေါင်းပင်များအား ရှင်းလင်းပစ်ရမည်။ ကျောင်းဆောင်ဆောက်လုပ်မည့်နေရာနှင့် ယင်းနေရာပတ်လည် ၉.၈ ပေ (၃ မီတာ) ရှိ မြက်များနှင့် အပေါ်ယံမြေသား ၅.၉ လက်မ (၁၅၀ စင်တီမီတာ) ခန့်အား ဖယ်ရှားပေးရပြီး မြေသားအား ရေပြင်ညီဖြစ်အောင် ညှိပေးရမည်။ ဖယ်ရှားထားသည့် အပေါ်ယံမြေသားများအား တာဝန်ခံကသတ်မှတ်ပေးထားသည့်နေရာတွင် စုပုံထားသင့်သည်။ | ☐ |
| သတ်မှတ်ထားသည့် ဒီဇိုင်းပုံများ၊ စံနှုန်းများအတိုင်း ပန္နက်တန်းများ လုပ်ဆောင်ပေးရမည်။ အခြေခံအုတ်မြစ်များ မစတင်မီနှင့် လုပ်ဆောင်ပြီး၊ နှင့် နံရံများအား စတင်ချိန်တွင် သတ်မှတ်ထားသည့် ကြမ်းခင်းအမြင့်နှင့် အခန်းဖွဲ့များအား မှန်/မမှန် စစ်ဆေးပေးရမည်။<br><br>***အမြန် စစ်ဆေးခြင်း*** *- အတွင်းထောင့်မှန်အတိုင်းအတာများ (အလျားတူညီရမည်) အား တိုင်းတာခြင်းဖြင့် ကျောင်းဆောင်၏ အတိုင်းအတာကို စစ်ဆေးပေးရမည်။ တင်းမာသည့် ကြိုးကို အသုံးပြုနိုင်သည်။ ထောင့်အားလုံးသည် ထောင့်မှန် ၉၀ ဒီဂရီ ရှိရမည်။ အခြေခံအုတ်မြစ်ထိ အတိုင်းအတာများ နှင့် နံရံများ စတင်၍ လုပ်ဆောင်သည့်အခါတွင် အတိုင်းအတာများအား ထပ်မံစစ်ဆေးရမည်။* | ☐ |

## ဆောက်လုပ်ရေးပစ္စည်းများ

| ဆောက်လုပ်ရေး ပစ္စည်းများ သိုလှောင်ထားရှိခြင်း | စစ်ဆေးချက် ☑☒ |
|---|---|
| ညံ့ဖျင်းသော ဆောက်လုပ်ရေး ပစ္စည်းများ အသုံးချခြင်းနှင့် ဆိုးရွားစွာ သိုလှောင်ထားရှိသည့် နည်းလမ်းများကြောင့် ဆောက်လုပ်ရေးလုပ်ငန်း၏ နောက်ဆုံးအရည်အသွေးအား သိသာ ထင်ရှားစွာ ထိခိုက်နိုင်ပါသည်။<br>**ပစ္စည်းများအား မြေကြီးနှင့် လွတ်အောင် သေချာစီစဉ်ထားရှိရမည်။** အပေါ်မှ ဖုံးထားပြီး ခြောက်သွေ့ အောင်၊ (နေရောင်၊ မိုးရေ တို့နှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရမည်) ထားရှိရမည်၊ ခိုးယူခြင်း၊ အဝင်အထွက်လမ်းများမှ လုံခြုံအောင်လည်း ထားရှိထားရမည်။ ဥပမာ - သစ်သားများအား ကောက်ကွေးခြင်းမရှိစေရန် စည်းနှောင်ထားခြင်းမပြုရ။ ဘိလပ်မြေအိတ် များအား ခြောက်သွေ့သောနေရာတွင် မြေကြီးမှ လွတ်အောင်ထားရမည်။ | ☐ |

| ဆောက်လုပ်ရေးပစ္စည်းများ၏ အရည်အသွေး | စစ်ဆေးချက် ☑☒ |
|---|---|
| **အုတ် -** မီးဖုတ်အုတ်များအား အသုံးပြုသင့်သည်။ ရွှံ့အုတ်များအား အသုံးမပြုသင့်ချေ။<br><br>***အမြန် စစ်ဆေးခြင်း -*** *အုတ်နှင့် ဘိလပ်မြေအုတ်များသည် ပဲ့ပြီး ညံ့ဖျင်းသော အုတ်များ မဖြစ်စေရ။ မျက်နှာပြင်အား မာသောအရာဖြင့် ခြစ်ကြည့်ခြင်းဖြင့် စမ်းသပ်နိုင်သည်။ ညံ့ဖျင်းသော အုတ်များအား ဖယ်ရှားပစ်ရမည်။ အုတ်အချင်းချင်းကို ရိုက်ခတ်ကြည့်ပါက သတ္တုသံထွက်နေရမည်။ ထိုသို့ အသံမထွက်ပါက ယင်းတို့အား ဖယ်ရှားပစ်ရမည်။* | ☐ |
| နံရံလုပ်ငန်းများ၌ သရွတ်နှင့်ကောင်းစွာတွဲစေရန်အတွက် အုတ်များအား အသုံးမပြုမီ ရေလောင်း ပေးရမည်။ | ☐ |
| ဘိလပ်မြေ - Ordinary Portland Cement (OPC) သာမန်ဘိလပ်မြေသည် ပုံမှန်အားဖြင့် အကောင်းဆုံးနှင့် အမာဆုံးဘိလပ်မြေ အမျိုးအစားဖြစ်သည်။ | ☐ |
| ခွင့်ပြုချက်ရရှိထားပြီးသော ဘိလပ်မြေတံဆိပ်ကို အသုံးပြုရမည်။ ပျက်စီးနေသော အိတ်များ မဖြစ်စေရ၊ အိတ်အတွင်းရှိ ဘိလပ်မြေသည် ခဲနေခြင်းမရှိစေရ။ | ☐ |

| | |
|---|---|
| ဘီလပ်မြေအိတ်အား ဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း အသုံးပြုပေးရမည်။ ဖွင့်ထားပြီး လျင်မြန်စွာ အသုံးမပြုပါကငင်း၏ အရည်အသွေးအား လျော့ကျစေနိုင်သည်။ | ☐ |
| ဘီလပ်မြေတစ်အိတ်၏ အလေးချိန်အား စစ်ဆေးရမည်။ (ပုံမှန်အားဖြင့် ၅၀ ကီလိုဂရမ် ရှိသည်။) | ☐ |

| **ကျောက်စရစ် (ခွဲကျောက်)** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| မြစ်ကျောက်စရစ် (သို့မဟုတ်) ခွဲကျောက် (ကျောက်ခွဲစက် သို့မဟုတ် ကျောက်တုံးအသေးများရရှိအောင် တစ်ပိုင်တစ်နိုင်ကျောက်ခွဲစက်) စသည်တို့အား ယေဘုယျအနေဖြင့် ရောစာအကြမ်း အဖြစ် အသုံးပြုရန် ခွင့်ပြုထားသည်။ အလွန်မှုန့်သော ခွဲကျောက်နှင့် မြစ်သဲများအား ရောစာအနအဖြစ် အသုံးပြုရန် ခွင့်ပြုထားသည်။ အလွန်ချောမွေ့သော ကျောက်တုံး/ အာလူးကျောက်များအား ကွန်ကရစ်ဖျော်စပ်ရာတွင် အသုံးမပြုသင့်ချေ။ | ☐ |
| အရွယ်အစားအမျိုးမျိုးအား အသုံးပြုနိုင်ပါသည်။ အကြံပြုသည့် ကျောက်အရွယ်အစားမှာ<br>ရောစာအကြမ်း - ၀.၄ လက်မ (၁ စင်တီမီတာ) မှ ၀.၈ လက်မ (၂ စင်တီမီတာ) - အကြီးဆုံးအရွယ်အစား ၁ လက်မ (၂.၅ စင်တီမီတာ)<br>ရောစာအန - ၀.၂ လက်မ (၀.၅ စင်တီမီတာ) အောက်ငယ်သော | ☐ |

| **သဲ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ရွံ့၊ နွံ၊ ဖုန်မှုန့်ကင်းသည့် သန့်ရှင်းသော သဲအား အသုံးပြုရမည်။ | ☐ |

| **ရေ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် ရေသည် ရွံ့၊ နွံ၊ အမှုန်၊ အမှိုက်ကင်းသော ရေဖြစ်ရမည်။ | ☐ |

| **သံကူဘား (သံချောင်း)** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| သံကူကွန်ကရစ်အတွက် အသုံးပြုမည့် သံကူဘား (သံချောင်း) များသည် အသစ်များဖြစ်ရမည်။ အမဲဆီများစွန်းပေခြင်း၊ ညစ်ပတ်နေခြင်း သံချေးတက်ခြင်းမရှိစေရ။ ပျက်စီးထားသော အဆောက်အအုံဟောင်းမှ သံချောင်းများအား ပြန်လည်အသုံးပြုခြင်းကို ခွင့်မပြုရ။ | ☐ |
| အနည်းငယ်သံချေးတက်နေသည်များကို ဖယ်ရှားပါ။ | ☐ |
| သံကူဘားများသည် ယေဘုယျအားဖြင့် ဖြောင့်ပြီး အမြောင်းများဖော်ထားသည်။ ပြောင်ချောနေသော သံချောင်းများအား အမြောင်းပါသည့်သံချောင်းများချုပ်နှောင်သည့် ချုပ်ကွင်းများအနေဖြင့် အသုံးပြုသည်။ အင်ဂျင်နီယာ သို့မဟုတ် ဗိသုကာမှ ထိုပစ္စည်းများအား စစ်ဆေးပေးရမည်။ | ☐ |
| သံချောင်းများအား လုပ်ငန်းခွင်အတွင်းသို့ မပို့ဆောင်မီ ဒီဇိုင်းတွင် ပါရှိသည့် သံချောင်းအမျိုးအစား ဟုတ်/ မဟုတ် စစ်ဆေးရမည်။ စက်ရုံမှ ထုတ်လုပ်သည့် ထုတ်ကုန်အမှတ်အသားအား စစ်ဆေးပေးရမည်။ (ယေဘုယျအနေဖြင့် အနည်းဆုံးခံနိုင်စွမ်းရှိသည့် သံချောင်းသည် Grade 40 အမျိုးအစားဖြစ်သည်။) | ☐ |
| သံချောင်းများ၏ စမ်းသပ်ချက်အဖြေအား ပစ္စည်းတင်သွင်းသူထံမှ ရယူထားရမည်။ | ☐ |

| **ရိုက်သံ၊ ဝက်အူ၊ သတ္တုတပ်ဆင်သည့်ကိရိယာများနှင့် သွပ်ရည်သုတ်လှိုင်းတွန့်သွပ်မိုး (C.G.I)** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| သံချေးတက်နေသော၊ ကွေးနေသော ရိုက်သံအဟောင်းများအား ပြန်လည်မသုံးစွဲသင့်ပေ။ | ☐ |

| | |
|---|---|
| သွပ်ရည် သို့မဟုတ် ဇင့် သုတ်ထားသည့် ရိုက်သံများ၊ ဝက်အူများအား အမိုးမိုးခြင်းအတွက် အသုံးပြုသင့်သည်။ သို့မှသာ သံချေးတက်ခြင်းမှ ကာကွယ်နိုင်မည်။ | □ |
| CGI သွပ်မိုးများအတွက် အနည်းဆုံး ၀.၀၂ လက်မ (၀.၅ မီလီမီတာ) အထူရှိသည့် SWG 26 အား သုံးစွဲသင့်သည်။ | □ |

| **ကွန်ကရစ်ဖျော်စပ်ခြင်း** | **စစ်ဆေးချက်** ☑☒ |
|---|---|
| ကွန်ကရစ်အား တစ်နာရီအတွင်း အသုံးပြုနိုင်မည့် ပမာဏသာ ဖျော်စပ်သင့်သည်။ | □ |
| ကွန်ကရစ်ဖျော်စပ်ရာတွင် သန့်ရှင်းပြီး မာကျောပြောင်ချောသည့် သတ္တုပြား၊ သစ်သားပြား၊ သို့မဟုတ် ကွန်ကရစ်ကြမ်းပြင်ပေါ်တွင် ဖျော်စပ်ရမည်။ ကွန်ကရစ်ဖျော်စက်ဖြင့် ဖျော်စပ်ခြင်းကို ပို၍ အားပေးပါသည်။ | □ |
| ဦးစွာ အခြောက်ဖျော်စပ်ပြီး ရေအား တဖြည်းဖြည်းချင်း ထည့်ပေးရမည်။ ရေများလျှင် ကွန်ကရစ်၏ ခံနိုင်ရည်စွမ်းအားကို လျော့ကျစေသည်။ ရေ-ဘိလပ်မြေအချိုးသည် အရေးကြီးဆုံးဖြစ်ပြီး ၅၀ ကီလိုဂရမ်ရှိသည့် ဘိလပ်မြေ တစ်အိတ်အတွက် ရေ ၂၇.၅ လီတာ (၂၇.၅ ကီလိုဂရမ်) (အကြမ်းဖျင်း) ကို ထည့်သင့်သည်။ သို့သော်လည်း သဲနှင့် ကျောက်ရေစာတို့တွင် ပါဝင်နေသော ရေဓာတ်က ရေပမာဏ မည်မျှထည့်ရမည်ကို သက်ရောက်မှု ဖြစ်စေသည်။ | □ |

| **သရွတ်နှင့် ပလာစတာ ဖျော်စပ်ခြင်း** | **စစ်ဆေးချက်** ☑☒ |
|---|---|
| အကြံပြုထားသည့် သရွတ်အချိုးအစားအား အသုံးပြုသင့်သည်။ သရွတ်ကိုင်ထားသော နံရံများသည် အလွန်ခိုင်ခံ့သော်လည်း အရည်အသွေးညံ့သော အုတ် (သို့မဟုတ်) ဘလောက်တုံးများနှင့် တွဲသုံးပါက ပူပြင်းသော ရာသီဥတုတွင် အက်ကြောင်းများပေါ်လာစေနိုင်သည်။ ထိုအခါ ပြုပြင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ကိစ္စရပ်များ ဖြစ်စေနိုင်သည်။ | □ |
| သရွတ်များအား သုံးမိနစ်ထက် ပို၍ကြာရှည်စွာ မဖျော်စပ်သင့်ချေ။ ပြန်လည်၍ ဖျော်စပ်ခြင်းကိုလည်း မပြုသင့်ပါ။ | □ |
| တစ်နာရီအတွင်း အသုံးပြုနိုင်မည့် ပမာဏကိုသာ ဖျော်စပ်သင့်သည်။ | □ |

| **ဘိလပ်မြေဖြင့်အသုံးပြုထားသည့် ပစ္စည်းများအား အစိုထိန်းခြင်း** | **စစ်ဆေးချက်** ☑☒ |
|---|---|
| လတ်တလော လောင်းထားသည့် ကွန်ကရစ် (သို့မဟုတ်) ဘိလပ်မြေသရွတ် တို့အား နေရောင်နှင့် လေ တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်ပေးရမည်။ ဘိလပ်မြေအိတ်ခွံများ၊ တာပေါ်လင်များ၊ သဲအစိုများဖြင့် ဖုံးအုပ်ကာကွယ်ပေးထားရမည်။ တစ်နေ့လျှင် သုံးကြိမ်နှုန်းဖြင့် ပထမသုံးရက်ခန့် ရေဖြန်းပေးရမည်။ | □ |
| ကွန်ကရစ်အစိုအား အနည်းဆုံး (၇)ရက်ခန့်ထားရှိပေးရမည်။ သံကူကွန်ကရစ်အား ခံနိုင်ရည်စွမ်းအား အပြည့်ရရှိစေရန် ဖြစ်နိုင်ပါက ထို့ထက်ပိုမိုကြာမြင့်အောင် ထားရှိပေးရမည်။<br>***အမြန် စမ်းသပ်ခြင်း:*** *အစိုထိန်းထားသော ကွန်ကရစ်မျက်နှာပြင်အား ရိုက်သံကဲ့သို့သော ချွန်သောအရာဖြင့် ခြစ်ကြည့်ပါ။ ချိုင့်သွားခြင်း၊ ပွဲသွားခြင်းများဖြစ်သွားပါက ထိုကွန်ကရစ်သည် အချိုးအစားမှန်ကန်စွာဖြင့် ဖျော်စပ်ထားခြင်း၊ အစိုထိန်းခြင်း မရှိခဲ့ပေ။ ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာ (သို့မဟုတ်) မြို့နယ်ပညာရေးမှူးအား ချက်ချင်းဆက်သွယ်အကြောင်းကြားပါ။* | □ |
| အေးမြသောရာသီဥတုတွင် ကွန်ကရစ်အား အေးခဲသွားခြင်း၊ လွန်စွာအေးမြစေခြင်း မဖြစ်စေရ။ အအေးဒဏ်ကာ ပစ္စည်းများဖြင့် ဖုံးအုပ်ထားပြီး ရေနွေးအားအသုံးပြုဖျော်စပ်ခြင်းဖြင့် ကွန်ကရစ် အစိုထိန်းချိန်ကို တိုးမြှင့်ပေးနိုင်သည်။ | □ |

## အုတ်မြစ်များ

| အုတ်မြစ်များ | စစ်ဆေးချက် ☑☒ |
|---|---|
| မြေလိုင်းကျင်းများအတွင်းသို့ ကျောင်းသားများ မတော်တဆပြုတ်ကျခြင်းမှ ကာကွယ်နိုင်ရန် အကာအရံများ ပြုလုပ်ပေးထားရမည်။ | ☐ |
| မြေလိုင်းကျင်းများအား သိပ်သည်း ကျစ်လစ်သောမြေရောက်သည်အထိ တူးရမည်။ ရွှံ့ဆန်သောမြေသည် ပို၍နက်သော အုတ်မြစ်လိုအပ်သည်။ | ☐ |
| အစောင်းလိုက် (လျှောစောက်) အတိုင်းတည်ဆောက်သော အုတ်မြစ်အား လုံး၀ ပြုလုပ်ခွင့် မပေးသင့်ချေ။ မြေ အား ပြန့်သွားအောင် ညှိပါ။ (သို့မဟုတ်) ဆင်ခြေလျှောမြေတွင် လှေကားထစ်ပုံစံ အုတ်မြစ်ကို အသုံးပြုသင့်သည်။ | ☐ |
| အုတ်မြစ်အတွက် မြေလိုင်းကျင်း အကျယ်သည် နံရံအထူ၏ သုံးဆရှိရမည်။ သို့မှသာ ထိုနံရံအား ထောက်မနိုင်မည်။ ၉ လက်မ (၃၀ စင်တီမီတာ) နံရံအတွက် ၂၇ လက်မ (၆၈.၅ စင်တီမီတာ) ကျယ်သော အုတ်မြစ်ဖြစ်ရမည်။ | ☐ |
| အုတ်မြစ်မြေလိုင်းကျင်း အောက်ခြေအား ပြင်ညီဖြစ်နေစေရန် ညှိပါ (သို့မဟုတ်) သံကူကွန်ကရစ် အုတ်မြစ် တည်ဆောက်မည် ဆိုပါက ၁ လက်မ - ၃ လက်မ (၂.၅ စင်တီမီတာ - ၇.၆ စင်တီမီတာ) အထူရှိသည့် ကွန်ကရစ်သား/ ကွန်ကရစ် ပါးပါး ခင်းပေးရမည်။ | ☐ |
| ကွန်ကရစ်မလောင်းမီ မြေလိုင်းကျင်းသည် သန့်ရှင်းနေရမည်။ ရေဝင်နေခြင်းမရှိရ။ | ☐ |
| အုတ်မြစ်၏ အတိုင်းအတာနှင့် အနေအထားကို စစ်ဆေးရမည်။ | ☐ |
| ရေလွှမ်းမိုးနိုင်သည့် နေရာများတွင် အထူးသတိပြုရမည်။ ပိုမိုခံနိုင်စွမ်းရှိပြီး ရေနှင့်ထိတွေ့မှုကို ခံနိုင်သော အုတ်မြစ်များ လိုအပ်သည်။ | ☐ |
| ဆောက်လုပ်ရေးကုမ္ပဏီ မှ ကွန်ကရစ်ဖျော်စပ်ခြင်း၊ ကွန်ကရစ်လောင်းခြင်းနှင့် သိပ်သည်းအောင်ပြုလုပ်ခြင်း စသည်တို့ လုပ်ဆောင်နေစဉ်အတွင်း ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာ တစ်ယောက် ကြီးကြပ်နေသင့်သည်။ | ☐ |

## အဆောက်အအုံ အစိတ်အပိုင်းများ

| ကြမ်းခင်းများ | စစ်ဆေးချက် ☑☒ |
|---|---|
| **ကြမ်းခင်းအောက်ခြေရှိ ပြန်လည်ဖြည့်ထားသည့် မြေကြီးအား ကောင်းစွာသိပ်သည်းစေရမည်။** | ☐ |
| လေးလံသောပစ္စည်းထားရှိရန်အတွက် အသုံးပြုမည့် ကြမ်းခင်းများအား အက်ကြောင်းများပေါ်ပေါက်ခြင်းမှ ကာကွယ်ရန် သံဇကာများ ထည့်သွင်းပေးရမည်။ | ☐ |
| ကြမ်းခင်းများ ကွန်ကရစ်လောင်းရာတွင် အပိုင်းလိုက်ခွဲ၍ လောင်းပေးသင့်သည်။၁၂ ပေ (၃.၆ မီတာ) အကျယ်ထက်ပို၍ မလောင်းသင့်ပေ။ အပိုင်းတစ်ခုနှင့် တစ်ခုအကြားတွင် ပြန့်ကားအဆက်များ ထားရှိရမည်။ သို့မှသာ အက်ကွဲကြောင်းများ ပေါ်ပေါက်ခြင်းကို ကာကွယ် နိုင်မည်။ | ☐ |
| ကြမ်းခင်းသည် ရေပြင်ညီနေစေပြီး ကောင်းမွန်စွာ လက်စသတ်ထားရမည်။ ကွန်ကရစ်ကြမ်းခင်းပေါ်တွင် ရေပြင်ညီညှိထားသည့် အလွှာတစ်ခု ထပ်မံပြုလုပ်သင့်သည်။ | ☐ |

| သံကူအားဖြည့်ကွန်ကရစ် | စစ်ဆေးချက် ☑☒ |
|---|---|
| သံချောင်းများအားကာကွယ်ရန်အတွက် သံချောင်းအပြင်ဘက်ရှိ ကွန်ကရစ်အထူသည် ယေဘုယျအားဖြင့် ထုပ်နှင့် တိုင်များတွင် ၁.၅ လက်မ (၃.၈ စင်တီမီတာ) ရှိသင့်ပြီး အုတ်ဖိနပ်နှင့် အုတ်မြစ်များတွင် ၂ လက်မ (၅.၁ စင်တီမီတာ) ရှိသင့်သည်။ | ☐ |
| ကွန်ကရစ်များသည် သိပ်သည်းပြီး အညီအမျှ ဖြန့်ကျက်တည်ရှိနေရမည်။ အထူးသဖြင့် သံချောင်းများပတ်ပတ်လည်၊ အခင်းများနှင့် ခြင်းများတွင် တုန်ခါတံအား ၁ ပေ (၀.၃ မီတာ) ခြား တစ်ခါ နေရာရွှေ့ပြီး ကောင်းစွာအသုံးပြုသွားရမည်။ | ☐ |

| | |
|---|---|
| တစ်နည်းအားဖြင့် အလုပ်သမားများသည် ကွန်ကရစ်အား သံချောင်းဖြင့် ထုခြင်း၊ ဂေါ်ပြားဖြင့် ဖိခြင်း စသည်တို့ကို (သို့မဟုတ်) ကွန်ကရစ်ကျောက်ပုံးအား သံချောင်း/ တူတို့ဖြင့် ပုံမှန်ခြားပြီး ခေါက်ပေးခြင်း ပြုလုပ်နိုင်သည်။ သို့သော် ဘေးအန္တရာယ် ရှိသည့် နေရာ/ ဇုံများတွင် ထိုကဲ့သို့ မပြုလုပ်သင့်ချေ။ | |
| ဝါယာအား သံကူသံချောင်းများအား သံကွင်းများနှင့် တွဲကာ ချည်နှောင်ရာတွင် အသုံးပြုသည်။ သံကွင်းများ၏ အကွေးများသည် ၁၃၅ ဒီဂရီ (သို့မဟုတ်) ၁၈၀ ဒီဂရီရှိသင့်သည်။ မြေငလျင်သက်ရောက်နိုင်သည့် နေရာများတွင် ၉၀ ဒီဂရီ အကွေးများ မပြုလုပ်သင့်ချေ။<br><br>90° hooks ☒ 135° hooks ☑ | ☐ |
| ရေပြင်ညီသံချောင်းများနှင့် ဒေါင်လိုက်သံချောင်းများအား လိုအပ်သည့် ဝါရာများ၊ ခုတုံးများ ထည့်သွင်းကာ သေချာစွာချည်နှောင်ထားသင့်သည်။ ကွန်ကရစ် မလောင်းမီ သံကူသံချောင်းများ တပ်ဆင်ချည်နှောင်နေစဉ်အတွင်း ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာတစ်ယောက် ကြီးကြပ် နေသင့်သည်။ | ☐ |

| **နံရံများ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| သရွတ်အဆက်များ အထူသည် အများဆုံး ၀.၆ လက်မ (၁.၅ စင်တီမီတာ)သာ ရှိသင့်သည်။ | ☐ |
| အုတ်ဆက်ကြောင်း(နာကြောင်း)များသည် ဒေါင်လိုက်တစ်ဆက်တည်း ဆက်ကြောင်းမဖြစ်စေရ။ (နံရံ၏ ခံနိုင်ရည်အားကို ကျစေသည်။) | ☐ |
| နံရံများသည် ထောင့်မတ်ကျရမည်။ ထို့ကြောင့် ချိန်သီးအား မကြာခဏ အသုံးပြုပြီး ဆောက်လုပ်ရမည်။ ချိန်သီးအလေးသည် ဒေါင်လိုက်တစ်ဖြောင့်တည်း ကျနေပါသလား။ | ☐ |
| နံရံများကို ဆောက်လုပ်ရာတွင် တစ်ဆက်တည်း လုပ်ဆောင်သွားပါသလား။ | ☐ |
| ဆောက်လုပ်ပြီးသည့် နံရံများ အမြင့်သည် ၎င်းတို့၏အထူ ၁၂ ဆထက်ပို၍ မမြင့်သင့်ပေ။ ဥပမာ - ၉ လက်မ (၂၂ စင်တီမီတာ) အထူရှိသော နံရံသည် အမြင့် ၉ ပေ (၂.၇၄ မီတာ) ထက် ပို၍ မမြင့်ရ။ | ☐ |
| နံရံများသည် ကွေးကောက်နေခြင်းမရှိစေရ။ အုတ်မြစ်ရှိ အက်ကြောင်းများ/ နံရံထောင့်ရှိ အက်ကြောင်းများသည် နံရံ၏ ခံနိုင်ရည်စွမ်းအားကို ကျစေသည်။ | ☐ |
| အုတ်နံရံမျက်နှာပြင်တွင် ပိုနေသော သရွတ်အပိုများအား ရှင်းလင်းထားပါသလား။ | ☐ |
| အုတ်နံရံများအား စိုစွတ်စေပြီး ၇ ရက်ကြာမျှ ဖုံးအုပ်ကာကွယ်ထားပါသလား။ | ☐ |
| အချောကိုင်ခြင်းအား အုတ်နံရံကောင်းစွာ ခြောက်သွေ့ပြီးချိန်မှသာလျှင် စတင် လုပ်ဆောင် သင့်သည်။ | ☐ |
| အချောကိုင်သရွတ်အား ၂ လွှာမှ ၃ လွှာ လုပ်ဆောင်သင့်သည်။ အလွှာတိုင်းသည် အကြမ်းဖျင်း ၀.၄လက်မ (၁ စင်တီမီတာ) ထက် ပို၍ မထူစေရ။ အပေါ်ဆုံးအလွှာသည် အပါးဆုံးဖြစ်ရမည်။ | ☐ |

| **အမိုးများ** | **စစ်ဆေးချက်**<br>☑☒ |
|---|---|
| ဗိသုကာ (သို့မဟုတ်) အင်ဂျင်နီယာသည် အမိုးဒိုင်းခွေများအား မတပ်ဆင်မီ သေချာစွာ စစ်ဆေးရမည်။<br>- အသုံးပြုသည့် သစ်သားအမျိုးအစားနှင့် အရည်အသွေး<br>- လိုအပ်သည့် အစိတ်အပိုင်းအားလုံး ပါဝင်ရမည်။<br>- အမိုးဒိုင်းခွေ အစိတ်အပိုင်းအားလုံး၏ အရွယ်အစားများ (ပုံစံတွင် ပါရှိသည့် အရွယ်အစားနှင့် ကိုက်ညီမှု ရှိပါသလား။) | ☐ |

| | |
|---|---|
| - မူလီများ၏ အရွယ်အစားနှင့် အရေအတွက်<br>- ရိုက်သံများ၏ အရွယ်အစားနှင့် အရေအတွက်<br>- အက်ကြောင်းများ (ခံနိုင်ရည်အားကျစေမည့် အက်ကွဲကြောင်းများအား ခွင့်မပြု)<br>- ဒိုင်းခွေများ တပ်ဆင်ထားရှိမှု<br>- ခြဒဏ်ကာကွယ်နိုင်ရန် ပြင်ဆင်ထားရှိမှု (ခြကာကွယ်သည့် သုတ်ဆေး) | |
| အမိုးအစောင်းသည် အနည်းဆုံး ၃၀ ဒီဂရီရှိပါသလား။ လေပြင်းတိုက်ခတ်သည့် အရပ်ဒေသများတွင် ၃၀ မှ ၄၅ ဒီဂရီ ရှိသင့်သည်။ | □ |
| အမိုးဒိုင်းများအား နံရံပေါ်တွင် တိုက်ရိုက်တပ်ဆင်ပါသလား။ သို့မဟုတ် နံရံထုပ်တန်းပေါ်တွင် တပ်ဆင်ထားသော မူလီ၊ သံကွင်းများအား အသုံးပြုပြီး သံပြားများဖြင့် တပ်ဆင်ထားပါသလား။ သို့မဟုတ် ပိုမိုခိုင်မာသည့် အခြားသော တပ်ဆင်နည်းကို အသုံးပြုပါသလား။ | □ |
| CGI အမိုးသွပ်များအား ဘေးတိုက် လှိုင်းတွန့်တစ်ခုစီထပ်ပြီး ဒေါင်လိုက်ဝင်ရိုးအတိုင်း အပေါ်အောက် အနည်းဆုံး ၆ လက်မ (၁၅ စင်တီမီတာ) စီ ထပ်ပြီး တပ်ဆင်ထားရှိပါသလား။ (မိုးဒဏ်လေဒဏ်ပို၍ခံရသော အမိုးတွင် အထပ်များကို ပို၍ထပ်ပြီး တပ်ဆင်ပါ။) | □ |
| ခေါင်အုပ်ပါရှိပါသလား။ ခေါင်မိုးစွန်းများအား လေဝင်လေထွက်ရရှိနိုင်သည့် အကြားအဟ/ ကွက်လပ်ထားရှိကာ တပ်ဆင်ထားပါသလား။ | □ |

| တံခါးနှင့် ပြတင်းပေါက်များ | စစ်ဆေးချက် ☑☒ |
|---|---|
| တံခါးနှင့် ပြတင်းပေါက်များအား လွယ်ကူစွာ ဖွင့်နိုင် ပိတ်နိုင်စေရမည်။ ဖွင့်ထားရာတွင်လည်း မည်သည့် အထောက်အကူပစ္စည်းမှ ပံ့ပိုးခြင်းမရှိဘဲ ဖွင့်ထားနိုင်စေရမည်။ တံခါးမင်းတုန်းများအား အင်အားအထူး စိုက်ထုတ်ခြင်းမရှိဘဲ အသုံးပြုနိုင်ရမည်။ | □ |
| ပတ္တာများ၊ သော့ခလောက်များ စသည်တို့အား လွယ်ကူစွာ အသုံးပြုနိုင်သည့် အမြင့်တွင် တပ်ဆင်ထားရှိရမည်။ ဘိလပ်မြေများ ပေကျံနေခြင်းမရှိရ။ ကန်ထရိုက်တာများ လုပ်ငန်းခွင်မှ ထွက်ခွာမသွားမီ လိုအပ်သည့် နေရာများတွင် ချောဆီများ ထည့်ပေးထားရမည်။ မှန်တံခါးချပ်များတွင်လည်း ဆေးပတ်တီးများ၊ သုတ်ဆေးများ ပေကျံနေခြင်းမရှိစေရ။ တံခါးပြတင်းထုပ်တန်းများအားတံခါးနှင့် ပြတင်းပေါက်အားလုံးတွင် ထည့်သွင်းပေးရမည်။ | □ |
| အခြေခံပညာဦးစီးဌာနမှ ခွင့်ပြုထားသည့် ဒီဇိုင်းမှအပ အရောင်ပါသည့် မှန်ချပ်များအား အသုံးမပြုသင့်ပေ။ | □ |
| ပြတင်းပေါက်မှန်တွင် မှတ်သားထားသည့်အရာများနှင့် ပေကျံနေသည်များအား သန့်ရှင်းပေးထားရမည်။ | □ |

| ဆေးသုတ်ခြင်းနှင့် အတွင်းခန်းပြင်ဆင်မှု | စစ်ဆေးချက် ☑☒ |
|---|---|
| မျက်နှာပြင်အားလုံးတို့သည် ဆေးသုတ်လုပ်ငန်းမစတင်မီခြောက်သွေ့ပြီးသန့်ရှင်းနေရမည်။အချို့သော မျက်နှာပြင်များအား ဆေးမသုတ်မီ ကော်ပတ်စားရန် လိုအပ်သည်။ | □ |
| ဆေးသုတ်လုပ်ငန်းအား အခြားသော ပြင်ဆင်မှု အစိတ်အပိုင်းများ မထည့်မီ၊ မတပ်ဆင်မီ ပြီးစီးထားရမည်။ | □ |
| သုတ်ဆေးများသည် မှန်ကန်သည့် အမျိုးအစား၊ အရောင်၊ အရည်အသွေး ရှိပါသလား။ | □ |

| စာသင်ခန်းပရိဘောဂများ/ အသုံးအဆောင်များ | စစ်ဆေးချက် ☑☒ |
|---|---|
| ပရိဘောဂ အမျိုးအစား၊ အရည်အသွေးသည် သတ်မှတ်ထားသည့် အရေအတွက်နှင့် ကိုက်ညီမှုရှိပါသလား။ | □ |
| မှန်ကန်စွာ တပ်ဆင်ထားပါသလား။ စာအုပ်စင်များအားလည်း သေချာစွာ တပ်ဆင်ထားပါသလား။ | □ |
| ကျောက်သင်ပုန်းများသည် အမြင့်နှင့် အရွယ်အစား မှန်ကန်ပါသလား။ | □ |
| လိုအပ်သည့် ဆင်ခြေလျှောနှင့် လက်ရမ်းများ ရှိပါသလား။ | □ |

| **လျှပ်စစ်မီး၊ မီးခလုတ်များနှင့် မီးချောင်းများ** | **စစ်ဆေးချက်** ☑☒ |
|---|---|
| **ယခုစစ်ဆေးချက်များအား အရည်အချင်းပြည့်မှီသည့် လျှပ်စစ်အင်ဂျင်နီယာမှ စစ်ဆေးသင့်သည်။** လျှပ်စစ်သွယ်တန်းထားသည့် စနစ်သည် စံသတ်မှတ်ချက်များအတိုင်း တပ်ဆင်ထားပါသလား။ | ☐ |
| အခြားသောပြင်ပအဖွဲ့အစည်းမှ လျှပ်စစ်သွယ်တန်းထားသည့်စနစ်အား စစ်ဆေးပြီး အတည်ပြုထားပါသလား။ | ☐ |
| လျှပ်စစ်ပစ္စည်းများ၊ မီးခွက်များ၊ မီးကြိုးများအား နံရံတွင် မှန်ကန်သပ်ရပ်စွာ တပ်ဆင်ထားပါသလား။ | ☐ |
| လွတ်နေသော (အကာအကွယ်မရှိသော) မီးကြိုးများ ရှိနေပါသလား။ | ☐ |
| မီးသီး၊ မီးချောင်းများအား သေချာစွာ တပ်ဆင်ထားပါသလား။ | ☐ |
| မီးခလုတ်များအား စစ်ဆေးကြည့်ပါ။ မီးချောင်းများ၊ ပန်ကာများ ကောင်းမွန်စွာအလုပ်လုပ်ခြင်းရှိ/ မရှိ စစ်ဆေးပါ။ မီးခလုတ်များသည် အောက်သို့နှိပ်လျှင် ဖွင့်ပြီး အပေါ်သို့နှိပ်လျှင် ပိတ်သည်။ ထိုအချက် မှန်/ မမှန် စစ်ဆေးကြည့်ပါ။ | ☐ |
| မီးကြိုးများအား ပြတ်ရှလွယ်သည့်အရာများအပေါ်မှ မသွယ်တန်းဘဲ သေချာသပ်ရပ်စွာ တပ်ဆင်ထားခြင်း ရှိ/ မရှိ စစ်ဆေးပါ။ | ☐ |
| မှန်ကန်သည့် လျှပ်စီးဖြတ်ခလုတ်များ တပ်ဆင်ထားပါသလား။ | ☐ |
| လျှပ်စစ်ဆားကစ်ပြားအား သေချာစွာတပ်ဆင်ပြီး ကျောင်းသားများ မမှီနိုင်သည့် နေရာတွင် တပ်ဆင်ထားပါသလား။ | ☐ |
| အကယ်၍ ဆိုလာမီးကို အသုံးပြုပါက ဘက်ထရီများအား သေချာစွာသိမ်းဆည်းပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ထားရှိပါသလား။ | ☐ |
| သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံတွင် မိုးကြိုးလွှဲအား မဖြစ်မနေတပ်ဆင်ရမည်။ | ☐ |

| **အိမ်သာများ** | **စစ်ဆေးချက်** ☑☒ |
|---|---|
| အိမ်သာတိုင်းအား ရေဆွဲချခြင်း၊ ရေပိုက်ခေါင်းဖွင့်ကြည့်ခြင်းဖြင့် ရေစွန့်ပိုက်လိုင်းတွင် ရေစိမ့်ယိုခြင်းရှိ/မရှိကို သေချာစွာ စစ်ဆေးရမည်။ | ☐ |
| ရေပိုက်များအား နံရံများတွင် ကျင်တွယ်/ ဘရက်ကက်များဖြင့် သေချာစွာတပ်ဆင်ထားပြီး ကာကွယ်မှု ပြုလုပ်ထားပါသလား။ | ☐ |

## နောက်ဆုံးစစ်ဆေးချက်

| ဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းအားလုံးပြီးစီးသွားသည့်အခါ နောက်ဆုံးစစ်ဆေးချက်အား ပြုလုပ်ရမည်။ ဆောက်လုပ်ရေးကုမ္ပဏီအား နောက်ဆုံးငွေချေခြင်းအတည်မပြုမီ နောက်ဆုံးလုပ်ငန်းပြီးစီးမှုအား စစ်ဆေးရမည်။<br><br>လုပ်ငန်းခွင်ပြီးစီးသောအခါ ဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းခွင်အား သန့်ရှင်းရေးပြုလုပ်ပြီး မိလ္လာများအား သန့်ရှင်းလျက်ရှိနေစေရမည်။ အသုံးမလိုတော့သောပစ္စည်းများအားလုံးအား ဖယ်ရှားပြီး သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ထား ရှိရမည်။ | **စစ်ဆေးချက်** ☑☒ |
|---|---|
| အိမ်သာများ ပြီးစီးပြီး သုံးစွဲ၍ ရသည်။ | ☐ |
| စာသင်ခန်းများ သန့်ရှင်းပြီး | ☐ |
| လုပ်ငန်းခွင်အား သန့်ရှင်းပြီး (စွန့်ပစ်ပစ္စည်းများအား ဖယ်ရှားပြီး) | ☐ |
| ဗီဒိုများနှင့် တံခါးများ၏ သော့များအား ကျောင်းအုပ်ကြီးထံသို့ လွှဲပြောင်းပေးပြီး | ☐ |

# နောက်ဆက်တွဲ (၇)

## ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်တွင် ပါဝင်ရမည့် အချက်အလက် ဥပမာများ

အစီအစဉ်ရေးဆွဲရာတွင် စဉ်းစားရမည့် အခြေခံမှု (၄) ချက်ရှိသည်။

**(၁) မည်သည်တို့အား ပြီးစီးအောင် ဆောင်ရွက်ရမည်နည်း။** ကျောင်းအဆောက်အအုံတွင် ပြင်ဆင်ရန်လိုအပ်သည့် အချက်များအား စစ်ဆေးအတည်ပြုရမည်။

**(၂) မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်သင့်သနည်း။** အစီအစဉ်ရေးဆွဲခြင်းနှင့် ဦးစားပေး လုပ်ငန်းစဉ်များအား တတ်အားသရွေ့ ဆောင်ရွက်ရမည်။ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးဆုံးအချက်ဖြစ်သည်။

**(၃) မည်သူတို့ လုပ်ဆောင်ရမည်နည်း။** ပြုပြင်ထိန်းသိမ်းရေးအတွက် မည်သူ့တွင် တာဝန်ရှိသနည်းကို ဖော်ထုတ်ရွေးချယ်ရမည်။

**(၄) မည်မျှကုန်ကျမည်နည်း။** ကုန်ကျစရိတ်အား မျက်ခြေမပြတ်စောင့်ကြည့်လေ့လာရမည်။ သို့မှသာ မည်မျှအကုန်အကျခံနိုင်မည်ကို သိရှိနိုင်မည်။

နမူနာ ပုံစံ -

**(က) ပစ္စည်းကိရိယာများအား စစ်ဆေးထားသည့် အစီရင်ခံစာ**

**(ခ) သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အချိန်ဇယား**

**(ဂ) အရေးပေါ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်**

| **(က) ပစ္စည်းကိရိယာများအား စစ်ဆေးထားသည့် အစီရင်ခံစာ** | | |
|---|---|---|
| **ကျောင်းအမည် -**<br><br>**စစ်ဆေးသူအမည် -** **နေ့စွဲ -** | | |
| **စာသင်ကျောင်းရှိ ပစ္စည်းများ** | **အသေးစိတ် ဖော်ပြချက်** | **အခြေအနေနှင့် မှတ်ချက် (ပစ္စည်းအမျိုးအစား ဖော်ပြရန်) P =** ညံ့ - ပျက်စီး၊ များစွာပျက်စီး၊ ချက်ချင်းပြုပြင်ရန် သို့မဟုတ် မကြာမီပြုပြင်ရန်<br>**S = သင့်/ ကျေနပ်ဖွယ် -** အချို့ကောင်းပြီး အချို့ပျက်စီး၊ သို့သော်လည်း သုံးစွဲနိုင်သေး<br>**G = ကောင်း -** ပြုပြင်ရန်/ လဲလှယ်ရန် မလိုအပ်သေး |
| **အဆောင်များ** | ***စာသင်ခန်းအမည် သို့မဟုတ် နံပါတ် - အပြင်ဘက်*** | |
| | *အမိုးနှင့် ပန်းဆွဲများ* | *S. အချို့အစွန်းပိုင်းတွင် ယိုယွင်းနေ* |
| | *အုတ်နံရံများ* | *G* |
| | *တံခါးများ၊ ပြတင်းပေါက်များနှင့် ကျည်းဘောင်များ* | *G* |
| | *ရေတံလျှောက်နှင့် ရေဆင်းပိုက်များ* | *G* |
| | *ဝရံတာ၊ ဆင်ခြေလျှောနှင့် လက်ရမ်းများ* | |
| | ***စာသင်ခန်းတွင်း*** | |

| | | |
|---|---|---|
| | အချောကိုင်ထားသည့် နံရံများ | G |
| | မျက်နှာကျက်ပြားများ | P. စာသင်ခန်း (၁)ရှိ ဘယ်ဘက်ထောင့်တွင် အနည်းငယ်လျှော့ကျနေသည်။ အမြန်ဆုံးပြုပြင်ရန် လိုအပ်သည်။ |
| | ကွန်ကရစ်ကြမ်းခင်းများ | S. ကြမ်းပြင်အား ချောမွေ့စေရန် ကွန်ကရစ်မျက်နှာပြင်အား အသေးစားပြုပြင်ရန် လိုအပ်သည်။ |
| | ၄၀ သတ္တုနှင့် သစ်သား ကုလားထိုင်များ | S. ကုလားထိုင် (၄) လုံး ပျက်စီးစပြုနေ။ |
| | ၂၀ သစ်သားစားပွဲခုံများ | G |
| | မီးခလုတ်များနှင့် ပလပ်ခုံများ | G |
| | သစ်သားစာအုပ်စင်များ | G |
| | ၂ သစ်သားတံခါးများ | G |
| | ၄ မှန်ပြတင်းပေါက်များနှင့် သံကျည်းဘောင်များ | G |
| | ၄ သစ်သားဗီဒိုများ | G |
| | ၂ ကွန်ကရစ် ကျောက်သင်ပုန်းများ | G |
| **အိမ်သာများ** | အုတ်နံရံနှင့် အချောကိုင်နံရံများ | G |
| | တံခါးများ | G |
| | ရေပြင်ညီအမိုးများ | G |
| | ပလပ်စတစ်ရေလှောင်ကန်များ | G |
| | အိမ်သာနှင့် မိလ္လာကန်များ | P. မိလ္လာကန်၏ အုတ်နံရံများအား ပြုပြင်ရန် လိုအပ်။ |
| | လက်ဆေးရေပိုက်ခေါင်း | G |
| **ကျောင်းဝင်း** | ကွန်ကရစ်လျှောက်လမ်း | G |
| | ကျောင်းဝင်း သံဝင်းထရံနှင့် တိုင်များ | G |
| | ကစားရန် မြက်ခင်းဧရိယာ | G |
| **ကျောင်းသန့်ရှင်းရေးနှင့် ပြုပြင်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ** | ၁ x တံမြက်စည်း<br>၄ x အမှိုက်ပုံးနှင့် ဂေါ်များ<br>၁ x လှေကား<br>၁ x ရေပုံး<br>၄ x သန့်ရှင်းရန် အဝတ်<br>၁ x ဓား | S. မကြာမီ တံမြက်စည်းအသစ်လဲလှယ်ရန် လိုအပ်။ |

| | | | |
|---|---|---|---|
| **(ခ) သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အချိန်ဇယား** | | | |
| **ကျောင်းအမည် -**<br><br>**စစ်ဆေးသူ၏ အမည် -**<br><br>**နေ့စွဲ -** | | | |
| **ပြုလုပ်ရန် -** | | **ပြီးစီး** ☑☒ | **မှတ်ချက်** |
| **နေ့စဉ် -** | | | |
| **စစ်ဆေးချက်** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ** | | |
| | စာသင်ခန်းအတွင်း တံမြက်စည်းလှည်းရန် | ☐ | |
| | အိမ်သာနှင့် အတွင်းဝန်းကျင် သန့်ရှင်းရေးလုပ်ရန်<br><br>ပိတ်ဆို့မှုများရှိလျှင် အကြောင်းကြားရန် | ☐ | |
| စာသင်ခန်းများနှင့် အိမ်သာများ သန့်ရှင်းမှု ရှိ / မရှိ နေ့စဉ် စစ်ဆေးခြင်း။ ပျက်စီးမှုအား အကြောင်းကြားခြင်း ။ | ကျောင်းပတ်ဝန်းကျင် အမှိုက်ပုံးများရှိ အမှိုက်များအား သွန်ပစ်ပါ။ | ☐ | |
| | အိမ်သာအတွင်းရှိ စွန့်ပစ်ပစ္စည်းများအား ဖယ်ရှားပါ။ လက်ဆေးစင်အား ဆေးကြောပါ။ ကြမ်းခင်းရေဆင်းမြောင်းများအား ရေစီးစေပါ။ | ☐ | |
| | လက်ဆေးစင်/ လက်ဆေးရန် နေရာများအား သန့်ရှင်းစွာထားပါ။ လက်ဆေးရန် ဆပ်ပြာကုန်လျှင် အသစ်တစ်ခု ထပ်မံထားရှိပေးပါ။ | ☐ | |
| **အပတ်စဉ်** | | | |
| **စစ်ဆေးချက်** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ** | | |
| | ကျောင်းပရိဘောဂများအား ဖယ်ရှားပြီး စာသင်ခန်း ကြမ်းခင်းအား အပတ်စဉ် ဆေးကြောပေးပါ။ | ☐ | |
| စာသင်ခန်းများနှင့် အိမ်သာများ သန့်ရှင်းမှု ရှိ / မရှိ နေ့စဉ် စစ်ဆေးသလို စစ်ဆေးပါ။ | ပြတင်းပေါက်နှင့် ပြတင်းပေါက် အောက်ခြေတန်းများအား သန့်ရှင်းပေးပါ။ | ☐ | |
| | စာသင်ခန်းနံရံများပေါ်ရှိ အညစ်အကြေး၊ အစွန်းအထင်း များအား သန့်ရှင်းပေးပါ။ | ☐ | |

| | | | |
|---|---|---|---|
| ကျောင်းဝင်းအား သန့်ရှင်းသပ်ရပ်မှု ရှိ / မရှိ စစ်ဆေးပါ။<br>လမ်းများအား ရှင်းလင်း သန့်ရှင်းမှု ရှိ / မရှိ စစ်ဆေးပါ။ | ကျောင်းဝင်းအတွင်းရှိ မြက်များ၊ ပေါင်းပင် များအား ရှင်းလင်းပေးပါ။ အထူးသဖြင့် စာသင်ဆောင် ပတ်ပတ်လည်များတွင် လုပ်ဆောင် ပေးရမည်။ | □ | |
| | ကျောင်းဝင်းပတ်လည်ရှိ ရေမြောင်း များအား သန့်ရှင်းပေးရမည်။ အမှိုက်များ၊ ပိတ်ဆို့ခြင်းများ ရှိပါက ရှင်းလင်း ပေးရမည်။ | □ | |
| ကလေးကစားကွင်းအတွင်းရှိ ကိရိယာများအား စစ်ဆေးခြင်း | မူလီတိုင်များနှင့် မူလီခေါင်း များအား တင်းကြပ်ပေးရမည်။ | □ | |
| **လစဉ် -** | | | |
| **စစ်ဆေးချက်** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ** | | |
| မျက်နှာကျက်၏ ရေစိုနေသောနေရာနှင့် စိုထိုင်းနေသော နေရာများအား စစ်ဆေးရမည် | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | □ | |
| အမိုး ရေတံလျှောက်အတွင်း သစ်ရွက်များ ၊ အညစ်အကြေးများ ရှိ/ မရှိ စစ်ဆေးပါ။ | မိုးရေခံ ရေတံလျှောက်အတွင်း သစ်ရွက်များ၊ အညစ်အကြေးများ၊ အမှိုက်များ မရှိစေရန် သန့်ရှင်းပေးရမည်။ | □ | |
| ကျောင်းဝင်းထရံများနှင့် ဝင်ပေါက်တံခါးများ လုံခြုံမှု ရှိ/ မရှိ စစ်ဆေးပါ။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | □ | |
| ရေစုပ်ကန်၊ ရေစစ်ကန်များ ကို စစ်ဆေးပါ။ | ကန်များတွင် ရေပြည့်နေလျှင် ခပ်ထုတ်ပေးပါ။ | □ | |
| ရေလှောင်ကန်နှင့် ရေဘားများ အဖွင့်/အပိတ် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်မှု ရှိ / မရှိ စစ်ဆေးပါ။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | □ | |
| ပြတင်းပေါက်များ ကောင်းစွာ ဖွင့် ၊ပိတ် ရ/ မရ စစ်ဆေးပါ။ သော့များ ကောင်းစွာ ပိတ်၍ ရ/ မရ စစ်ဆေးပါ။ | ပတ္တာ များအား ချောဆီထည့်ပေးပါ။ | □ | |

| | | | |
|---|---|---|---|
| **သုံးလတစ်ကြိမ် -** | | | |
| **စစ်ဆေးချက်** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ** | ☐ | |
| စာသင်ဆောင် နံရံများ၊ ကြမ်းခင်းများ နှင့် အုတ်ရိုးများတွင် အက်ကြောင်းများ၊ ပျက်စီးမှုများ ရှိ/ မရှိ စစ်ဆေးပေးရမည်။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | ☐ | |
| စာသင်ဆောင်၏ သစ်သား အစိတ်အပိုင်းများ အား စစ်ဆေးပေးရမည်။ အထူးသဖြင့် တံခါးပြတင်းပေါက်များ အား ပျက်စီးဆွေးမြေ့မှု ရှိ / မရှိ စစ်ဆေးပါ။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ သစ်သားအစိတ်အပိုင်းများသည် မှိုများနှင့် အင်းဆက်အိမ်များ ဖွဲ့တည်နိုင်ခြင်မရှိစေရန် သန့်ရှင်းအောင် ထားရမည်။ ဆွေးမြေ့နေသည့် သစ်သားအစိတ်အပိုင်း များကို တွေ့ရှိပါက အသစ်လဲလှယ် ပေးရမည်။ ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ သစ်သားလုပ်ငန်းများအား (၄) နှစ်တစ်ကြိမ် သုတ်ဆေးများ ထပ်မံသုတ်ပေးရမည်။ | ☐ | |
| အမိုးသွပ်များ ပျက်စီးခြင်းရှိ/ မရှိ၊ အပေါက်များ ရှိ/ မရှိ၊ သွပ်မှိုများ လျော့ရဲမှု ရှိ/ မရှိ စစ်ဆေးပေးရမည်။ | ဆွေးမြေ့ သံချေးတက်နေသည့် သွပ်များ ရှိပါက အသစ် လဲလှယ်ပေးရမည်။ သွပ်မှိုဖြင့် ကောင်းမွန်စွာ ရိုက်ဆွဲထား ရမည်။ | ☐ | |
| မိုးရေဆင်းပိုက်များ ရေစိမ့်ယိုခြင်းရှိ/ မရှိနှင့် သံချေး၊ ပျက်စီးမှု ရှိ/ မရှိ စစ်ဆေးရမည်။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | ☐ | |
| လက်ရန်းများနှင့် လက်ကိုင်များ အားလုံး စိတ်ချရမှု ရှိ/ မရှိ စစ်ဆေးရမည်။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | ☐ | |
| စာအုပ်စင်များအား ခိုင်ခန့်မှု ရှိ/ မရှိ စစ်ဆေးရမည်။ | ပျက်စီးမှုများ ရှိလျှင် ပြင်ဆင်ပါ။ | ☐ | |
| **ပုံမှန် နှင့် နှစ်စဉ်** | | | |
| **စစ်ဆေးချက်** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ** | | |
| ကျောင်းပရိဘောဂများအား စစ်ဆေးပါ။ | ပြင်ဆင်၍ ရလျှင် ပြင်ဆင်ပါ၊ မရလျှင် အသစ်အစားထိုးပါ။ | ☐ | |
| စစ်ဆေးပေါက်များနှင့် မိလ္လာကန်များအား စစ်ဆေးပါ။ | မိလ္လာကန်ပြည့်ပါက စုပ်ထုတ်ရမည်။ | ☐ | |
| ကျောင်းဝင်းအတွင်းရှိ ရေနုတ်မြောင်းများအား မှတ်သုန်ရာသီနှင့် မိုးရာသီမတိုင်မီ စစ်ဆေးရမည်။ | ရေနုတ်မြောင်းများအား သန့်ရှင်းပေးရမည်။ | ☐ | |

(ဂ) အရေးပေါ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်

| **ဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာမည့် သက်ရောက်မှုများအား လျှော့ချရန် ထည့်သွင်းစဉ်းစားရမည့် အချက်များ** |
|---|
| ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များအား ကြိုတင်ပြင်ဆင်ထားရှိသည့် အစီအစဉ် (သို့မဟုတ်) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များနှင့် လျော်ညီစွာ လုပ်ဆောင်သွားရမည်။ [8]<br>• သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် ကျောင်းရာသီအား ပုံမှန်ထိခိုက်မှုဖြစ်စေပါသလား။ ကျောင်းလုပ်ငန်းစဉ်အား အဆက်မပြတ်လုပ်ကိုင်နိုင်စေမည့် အခြားသော အရန်အစီအစဉ်များ ရေးဆွဲထားခြင်း ရှိပါသလား။<br>• စာသင်ကျောင်းအတွင်းနေထိုင်သူ/ အသုံးပြုသူများအား ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စာသင်ကျောင်းရှိ ပရိဘောဂများ၊ စက်ကိရိယာပစ္စည်းများ သေချာစွာ ဒီဇိုင်းရေးဆွဲပြီး တပ်ဆင်ထားခြင်း ရှိပါသလား။<br>• ဘေးအန္တရာယ်ကျရောက်နေစဉ်အတွင်း စာသင်ကျောင်းအား ယာယီခိုလှုံရာ နေရာအဖြစ် သတ်မှတ်ပါသလား။ ထို့အတွက် ဒီဇိုင်းရေးဆွဲထားပါသလား။<br>• ဘေးအန္တရာယ်ကျရောက်မှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုအား ကျောင်းတွင်းရှိ လူများနှင့် ကျေးရွာလူထုမှ မည်သို့ လျှော့ချစေနိုင်သည်ကို သတိပြုမိပါသလား။ ယင်းသို့ ပြုလုပ်ရန် ဂရုတစိုက် ရှိပါသလား။ |
| ဆိုင်ကလုန်း၊ ရေလွှမ်းမိုးမှုနှင့် မြေငလျင် စသည်တို့အား ခုခံကာကွယ်နိုင်စေရန် ကျောင်းအဆောက်အအုံများအား ပြုပြင်ထားရမည်။ |
| စာသင်ကျောင်းရှိ ပစ္စည်းကိရိယာများ၏ စာရင်းကို ဘေးအန္တရာယ် မကျရောက်မီကတည်းက ပြုစုထားရှိရမည်။ သို့မှသာ မည်သည့် ပစ္စည်းများ ပျောက်ဆုံးနေသည်၊ မည်သည့်ပစ္စည်းများအရေးပေါ်လိုအပ်နေသည်ကို ဘေးအန္တရာယ် (ဥပမာ လေပြင်း တိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေငလျင်လှုပ်ခြင်း) ကျရောက်ပြီးချိန်တွင် လျင်မြန်စွာ သိရှိနိုင်မည်။ |
| သန့်ရှင်းရေးနှင့်ပတ်သက်သည့် ပစ္စည်းကိရိယာများအား သိမ်းဆည်းထားရမည်။ သို့မှသာ စာသင်ကျောင်းအား ဘေးအန္တရာယ် ကျရောက်ပြီးနောက် အလွယ်တကူသန့်ရှင်းရေး ပြုလုပ်နိုင်မည်။ |
| တံခါးများ၊ ပြတင်းပေါက်များအား ကျောင်းချိန်အတွင်း ဖွင့်လှစ်ထားရှိပြီး ကောင်းမွန်စွာ အဖွင့်အပိတ်ပြုလုပ်နိုင်ရမည်။ |
| မြေငလျင် လှုပ်သောအခါ၊ လေပြင်းတိုက်ခိုက်သောအခါတွင် ပြုတ်ကျလွင့်စင်ခြင်းဖြင့် လူများ ထိခိုက်ဒဏ်ရာ ရရှိမှု မဖြစ်စေရန် စာသင်ခန်းတွင်းရှိ စာအုပ်စင်များ၊ စာအုပ်ပုံးများ၊ ဗီဒိုများအား ခိုင်မြဲအောင် သေချာစွာ တပ်ဆင် ထားရှိရမည်။ |
| ကွက်လပ် (နေရာလွတ်) များနှင့် ကျောင်းသို့ဝင်ရောက်မည့်လမ်းများအား အရေးပေါ်စွန့်ခွာသည့်အခြေအနေတွင် ကောင်းမွန်စွာ ထွက်ခွာနိုင်ရန် အမြဲတမ်းရှင်းလင်းထားရှိစေရမည်။ |
| စာသင်ကျောင်းရှိ သတိပေးခေါင်းလောင်းသည် ကောင်းမွန်စွာ လုပ်ကိုင်နိုင်စွမ်းရှိနေရမည့်အပြင် ၎င်းအား ပုံမှန်စစ်ဆေးပေးရမည်။ |
| ရေတံလျှောက်၊ ရေမြောင်းများ၊ ချောင်းများ၊ နှင့် စမ်းချောင်းများအတွင်းရှိ အမှိုက်များအား ရှင်းလင်းပေးခြင်းဖြင့် မိုးရေများအား လွယ်ကူစွာ စီးဆင်းစေပြီး ရေလွှမ်းမိုးမှု ဘေးအား လျှော့ချနိုင်သည်။ |
| သစ်ပင်မှ ဖြာထွက်နေသော သစ်ကိုင်းများအား ဖယ်ရှားပေးရမည်။ သို့မဟုတ်ပါက ယင်းတို့သည် ဆိုင်ကလုန်း ကျရောက်သည့်အခါ (သို့မဟုတ်) လေပြင်းတိုက်ခတ်သည့်အခါတွင် အဆောက်အအုံများအား ထိခိုက်နိုင်စေသည်။ |
| **ဘေးအန္တရာယ်ကျရောက်ပြီးနောက်** |
| ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကျောင်းအား ပုံမှန်အတိုင်းပြန်လည်မလည်ပတ်မီ ကျောင်းဝန်းကျင်၌ အခြားသောအန္တရာယ်များရှိ/ မရှိ သေချာစွာ စစ်ဆေးကြည့်ရှုရမည်။ အဆောက်အအုံ၏ ကြံ့ခိုင်မှုအခြေအနေကိုလည်း သက်ဆိုင်ရာ ပညာရှင်များ သေချာစွာစိစစ်ပြီးမှသာ စာသင်ခန်းများအား ပြန်လည်ဖွင့်လှစ်ရမည်။ |

[8] Adapted from: MoSWRR & MoE, (N.D) *Guidance on Mainstreaming Disaster Risk Reduction in the Education Sector, Myanmar – Rural Settings*, ADPC, Yangon.



Education

ယခု လမ်းညွှန်စာအုပ်အား
ဆောက်လုပ်ရေးဝန်ကြီးဌာန၊
စာသင်ကျောင်း ဆောက်လုပ်ရေး လုပ်ငန်း
အဖွဲ့ခွဲ၊ စာသင်ကျောင်း ဆောက်လုပ်ရေး
ဆိုင်ရာ အင်အားစုများ နှင့်စာသင်ကျောင်း
ဆောက်လုပ်ရေး နည်းပညာပိုင်းဆိုင်ရာ
လုပ်ငန်းအဖွဲ့ တို့၏ ပံ့ပိုးကူညီမှုတို့ဖြင့်
ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာန မှ
အကောင်အထည်ဖော် ဆောင်ရွက်ထား
ပါသည်။

SDC မှ ပံ့ပိုးပေးထားသည့် ကနဦး
လမ်းညွှန်စာအုပ် မူကြမ်းပေါ်တွင်
အခြေခံကာ IMCWorldwide မှ
နောက်ဆုံးအဆင့် စာအုပ်ပုံစံအား
တာဝန်ယူ ရေးဆွဲထားပါသည်။

iMC worldwide
www.imcworldwide.com